# မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး အယူအဆအား နားလည်သဘောပေါက်ကြပုံ








ဒေးဗစ်ဟုတ်၊ တင်မောင်သန်း နှင့် ကင်(မ်)နင်

ဇွန် ၂၀၁၅

MDRI
CESD

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအယူအဆအား နားလည်သဘောပေါက်ကြပုံ

ဒေးဗစ်ဟုလ်၊ တင်မောင်သန်း နှင့် ကင်(မ်)နင်

ဇွန် ၂၀၁၅

**ဒေးဗစ်ဟုခ်** သည် ကမ္ဘာ့ဘဏ်၊ နှစ်နိုင်ငံ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးနှင့် ငွေတိုက်ဌာနများတွင် တာဝန်ယူခဲ့သော အကြီးတန်း ပြည်သူ့ရေးရာကဏ္ဍ စီမံအုပ်ချုပ်မှုရေးရာ ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသရှိ အစိုးရအဖွဲ့များအတွက် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေး၊ ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေး နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များအတွက် အကြံပေးခဲ့ပါသည်။ **ဦးတင်မောင်သန်း** သည် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ် အဖွဲ့အစည်း၏ စီးပွားရေး နှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုအဖွဲ့မှ အကြီးတန်းသုတေသီနှင့် သင်ကြားရေးနှင့် ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး ဖြစ်ပါသည်။ **ကင်(မ်) အန်၊ ဘီ၊ နင်** သည် အာရှဖောင်ဒေးရှင်းအဖွဲ့ မြန်မာပြည်ဌာနေကိုယ်စားလှယ် တစ်ဦးဖြစ်ပါသည်။ သူမသည် အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲရေး၊ ဗဟို-ဒေသန္တရ ဆက်ဆံရေး နှင့် နိုင်ငံရေးဓလေ့များ ကို အထူးပြုသည့် စီမံအုပ်ချုပ်မှုရေးရာ ကျွမ်းကျင်သူ တစ်ဦးဖြစ်ပါသည်။

**မြန်မာ့ ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၏ စီးပွားရေး နှင့် လူမှု ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (CESD)** သည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအသွင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်နေသော လွတ်လပ်သည့် သုတေသနအဖွဲ့အစည်း တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ ကောင်းမွန်သော စီမံခန့်ခွဲမှုတို့နှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အဓိကပါဝင်သည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအတွက်လည်း လိုအပ်သည့် သင်တန်းနှင့် လေ့ကျင့်မှုများ ပံ့ပိုးပေးလျက် ရှိပါသည်။

**အာရှဖောင်ဒေးရှင်း (The Asia Foundation)** သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိ လူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ဆယ်စုနှစ် ခြောက်နှစ်ကြာကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများတို့အပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီး စွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို လုပ်ဆောင်လျက် ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတကာ ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည်ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန်၊ ဒီစီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးသည် အစိုးရဌာနဆိုင်ရာ နှင့် ပုဂ္ဂလိက မိတ်ဖက်များဖြင့် လုပ်ငန်းများတွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများ နှင့် တစ်သီးပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

MDRI CESD

The Asia Foundation

## ကျေးဇူးတင်လွှာ

သုတေသနအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးကဲ့သို့သော ကျယ်ပြန့်ရှုပ်ထွေးပြီး၊ ထိရှလွယ်သည့် ကိစ္စရပ်နှင့်ပတ်သက်ပြီး မိမိတို့၏ အတွေ့အကြုံ၊ သဘောထားအမြင်များကို အချိန်ပေး ဆွေးနွေး ဖြေကြားပေးခဲ့သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ အဆင့်မြင့်အစိုးရအရာရှိကြီးများ၊ အငြိမ်းစားနှင့် လက်ရှိ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးပါတီ ခေါင်းဆောင်များမှသည် ဂျာနယ်လစ်များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများရှိ တက်ကြွလှုပ်ရှားသူများထံမှ အတိတ်ကာလ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများနှင့် ယင်းအတွေ့အကြုံများက ယနေ့အထိ မည်သို့ ဆက်လက် ပဲ့တင်ထပ်ရိုက်ခတ်နေသေးသည် ဆိုသည်ကို လည်း လေ့လာသိရှိခွင့်ရခဲ့ပါသည်။ ပွင့်လင်းမြင်သာမှု မရှိသော၊ အာဏာရှင်ဆန်သည့် အုပ်ချုပ်ရေး ပုံစံတစ်ခုမှ အားလုံးပါဝင် ခွင့်ရှိပြီး ပွင့်လင်းမြင်သာသည့်စနစ်တစ်ခုသို့ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ၏ ကျယ်ပြန့်နက်ရှိုင်းမှုကို စဉ်းစားတွေးခေါ်ကြည့်မည် ဆိုလျှင် စိန်ခေါ်မှုများမှာ သိသာထင်ရှားလှပါသည်။ နိုင်ငံရေးအရ ကွဲပြားမှုများ ရှိနေသော်လည်း၊ နိုင်ငံရေးအမြင်နှင့် နောက်ခံသမိုင်းဖြတ်သန်းမှု မတူကြသူများအကြား၊ နိုင်ငံသားများအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး၊ တာဝန်ခံမှုရှိသော စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံတစ်ခု ဖြစ်လာစေနိုင်ရန် ပြောင်းလဲမှုကို အခြေခံမှစ၍ ဖြစ်စေလိုသော ပြင်းပြသောဆန္ဒရှိမှုတွင်မူ တူညီနေသည်ကို တွေ့ရှိရသည့်အတွက်လည်း ကျေနပ်ဝမ်းမြောက်မိရပါသည်။

မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး အကျိုးဖြစ်ထွန်းစေနိုင်သည့် လူထုဆွေးနွေးပွဲများ ဆက်လက်ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် ယခုစာတမ်းတွင် ယင်းသဘောထားအမြင်များကို ထင်ဟပ်နိုင်စေရန် အကောင်းဆုံး ကြိုးစားတင်ပြထားပါသည်။ ဒေးဗစ်စတိုင်းဘတ်ခ် (David Steinberg)၊ အီယန် ပေါ်တာ (Ian Porter) ဆိုရမ် ဒေးဗစ်ဆန် (Soren Davidsen)၊ ဂရေဟမ် တက်စကီ (Graham Tesky) နှင့် မက်သူးအာနိုးလ် (Matthew Arnold) တို့မှ ယခုသုတေသနစာတမ်း၏ ကနဦးမူကြမ်းများအား သေချာစွာဖတ်ရှု၍ ဝေဖန်အကြံဉာဏ်ပေးခဲ့ကြပါသည်။ အာရှဖောင်ဒေးရှင်းမှ ရဲသူအောင်နှင့် သီဒါနွဲ့၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုး တိုးတက်မှုအဖွဲ့မှ ကြည်ပြာချစ်စောနှင့် ဝင်းပိုပိုအောင်တို့မှ သုတေသနလုပ်ရာတွင် ထိရောက်စွာ ပံ့ပိုးကူညီပေးခဲ့ပါသည်။ နောက်ဆုံးအနေဖြင့်၊ ယခုသုတေသနပြုလုပ်နိုင်ရန်အတွက် ငွေကြေးပံ့ပိုးကူညီခဲ့သော ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်မှုဌာန (Australian Department of Foreign Affairs and Trade )နှင့် ဗြိတိန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန (UK department for International Development) တို့အားလည်း ကျေးဇူးတင်ရှိပါသည်။

ယခုစာတမ်းတွင် ဖော်ပြပါရှိသည့် သဘောထားအမြင်များအားလုံးသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အမြင်အယူအဆများ ဖြစ်ပြီး အကြောင်းအရာအားဖြင့်ဖြစ်စေ၊ လေ့လာသုံးသပ်ချက်တွင်ဖြစ်စေ အားနည်းချက် တစုံတရာရှိခဲ့ပါက စာရေးသူများ၏ တာဝန်သာဖြစ်ပါသည်။

ဒေးဗစ်ဟာ့ခ်
တင်မောင်သန်း
ကင်(မ်)နင်

## မာတိကာ


**အတိုကောက်ဝေါဟာရများ** ........ i

**ခက်ဆစ်အသုံးအနှုန်းများ** ........ ii

**သမိုင်းကြောင်း ဖြစ်စဉ်** ........ v

**အစီရင်ခံစာ အကျဉ်းချုပ်** ........ viii

**မိတ်ဆက်** ........ 1

**အခန်း - ၁ မြန်မာနိုင်ငံ ပြည်သူ့ရေးရာကဏ္ဍ သမိုင်းအကျဉ်း** ........ 6

အပိုင်း - ၁ ဒီမိုကရေစီအစိုးရများ (၁၉၄၈ - ၁၉၆၂) ........ 7

အပိုင်း - ၂ တော်လှန်ရေးကောင်စီ (၁၉၆၂ - ၁၉၇၄) ........ 10

အပိုင်း - ၃ မြန်မာ့ဆိုရှယ်လစ်စနစ် စီမံခန့်ခွဲခြင်း ........ 12

အပိုင်း - ၄ တပ်မတော်အစိုးရ (၁၉၈၈ - ၂၀၁၁) ........ 14

**အခန်း - ၂ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ ကဏ္ဍ၏ ဖွဲ့စည်းပုံ** ........ 16

အပိုင်း - ၁ မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ၏ ဖွဲ့စည်းပုံ ........ 16

အပိုင်း - ၂ မူဝါဒလုပ်ငန်းစဉ်ကို စီမံခန့်ခွဲခြင်း ........ 21

အပိုင်း - ၃ ပြည်သူ့ဘဏ္ဍာငွေကြေးများ စီမံခန့်ခွဲခြင်း ........ 24

အပိုင်း - ၄ နိုင်ငံ့ဝန်ထမ်းများကို စီမံခန့်ခွဲခြင်း ........ 27

**အခန်း - ၃ ပြည်သူ့ရေးရာကဏ္ဍကို ပြုပြင်ပြောင်းလဲခြင်း** ........ 32

အပိုင်း - ၁ သမ္မတ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပန့်ကြားချက် ........ 32

အပိုင်း - ၂ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သော အသံများ ........ 33

အပိုင်း - ၃ ပြည်သူ့ရေးရာကဏ္ဍ စံညွှန်းကိန်းများ ........ 36

အပိုင်း - ၄ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲရေး၏ အားသာချက်များ ........ 41

**အခန်း - ၄ မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့် ရွေးချယ်စရာ နည်းလမ်းများ** .... 44

အပိုင်း - ၁ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ........ 44

အပိုင်း - ၂ ပြုပြင်ပြောင်းလဲမှုများကို အဆင့်ဆင့်လုပ်ဆောင်ခြင်း ........ 46

အပိုင်း - ၃ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် ရွေးချယ်စရာလမ်းများ ........ 50

**နိဂုံး** ........ 58

## ပုံစံ၊ ပုံစံကွက်နှင့် ဇယားများ စာရင်း


| | | |
|---|---|---|
| ပုံစံကွက် - ၁ | မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေး ယန္တရား)နှင့် ပတ်သက်ပြီး အချိန်တိုအတွင်း သိရှိရန် အချက် (၁၂)ချက် | ix |
| ပုံစံကွက် - ၂ | ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ရည်မှန်းချက်ပန်းတိုင်များ | x |
| ဇယား - ၁ | အစိုးရ၏ လုပ်ဆောင်ချက်ကို ရလဒ်နှင့်ဖြစ်စဉ် ရည်ညွှန်းကိန်းများအသုံးပြုတိုင်းတာခြင်း | x |
| ပုံစံကွက် - ၃ | မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) ပြုပြင်ပြောင်းလဲရေး သမိုင်းမှ လေ့လာသင်ယူခြင်း | xiii |
| ဇယား - ၂ | မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ရွေးချယ်စရာ နည်းလမ်းများ | xv |
| ပုံစံကွက် - ၄ | အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများမှာ အစစ်အမှန်လား၊ အတုအယောင်လား ဆိုသည့် ခေါင်းစဉ်ဖြင့် (ဒီဗွီဘီ) ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သည့် စကားရည်လုပွဲ | 2 |
| ပုံစံကွက် - ၅ | နိုင်ငံ့ဝန်ထမ်းအဖွဲ့တွင် အမြဲတမ်းအတွင်းဝန်များနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ၏ အတွေ့အကြုံ | 8 |
| ပုံစံကွက် - ၆ | နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းကို စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ၏ အတွေ့အကြုံ | 11 |
| ပုံစံကွက် - ၇ | ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချသည့် မြန်မာနိုင်ငံ၏ အတွေ့အကြုံ | 13 |
| ပုံ - ၁ | နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံစနစ် | 16 |
| ပုံစံကွက် - ၈ | မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာ မူဝါဒပြုပြင်ပြောင်းလဲရေးကို မည်သို့လုပ်ဆောင်နိုင်သည်နှင့် ပတ်သက်သည့် နမူနာအဖြစ်အပျက်လေ့လာချက် | 22 |
| ပုံစံကွက် - ၉ | အစိုးရ၏ ဗဟိုချက် - အစိုးရ ဝန်ကြီးအဖွဲ့နှင့် သမ္မတရုံး | 23 |
| ပုံစံကွက် - ၁၀ | ပြည်သူ့ဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ဆောင်ချက် အစီရင်ခံစာ | 25 |
| ဇယား - ၃ | ပြည်ထောင်စု မြန်မာ အသုံးစရိတ် ၂၀၁၁ - ၂၀၁၅ | 25 |
| ဇယား - ၄ | မြန်မာနိုင်ငံအစိုးရ၏ ဝင်ငွေ ၂၀၁၁ - ၂၀၁၅ | 26 |
| ပုံစံကွက် - ၁၁ | သယံဇာတ ကျိန်စာ | 26 |
| ပုံစံကွက် - ၁၂ | ရာထူးဝန်အဖွဲ့ (Public Service Commission) မှ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ (Union Civil Service Board) | 27 |
| ပုံ - ၂ | ကဏ္ဍအလိုက် နိုင်ငံ့ဝန်ထမ်းများ | 28 |
| ဇယား - ၅ | နိုင်ငံ့ဝန်ထမ်းများ၏ လစာဖွဲ့စည်းပုံ | 30 |
| ပုံစံကွက် - ၁၃ | မြို့နယ်အုပ်ချုပ်ရေးတွင် ပြုပြင်ပြောင်းလဲမှုများ | 33 |
| ပုံစံကွက် - ၁၄ | မြန်မာနိုင်ငံ ၂၀၁၄ - ပြောင်းလဲနေသည့် လူ့အဖွဲ့အစည်းအတွင်းတွင် နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ | 35 |
| ပုံစံကွက် - ၁၅ | မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍနှင့် ပတ်သက်သည် နိုင်ငံတကာ အစီရင်ခံစာများ | 36 |
| ဇယား - ၆ | အစိုးရ၏ လုပ်ဆောင်ချက်ကို ရလဒ်ညွှန်းကိန်းများအသုံးပြုတိုင်းတာခြင်း | 37 |
| ဇယား - ၇ | အုပ်ချုပ်စီမံမှု တစေ့တစောင်း၊ ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့အုပ်ချုပ်စီမံမှု သတင်းအချက်အလက်များ စုစည်းမှု | 38 |
| ဇယား - ၈ | မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍစီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းများ၏ အရည်အသွေး | 39 |
| ပုံစံကွက် - ၁၆ | မြန်မာနိုင်ငံ၏ ဝိရောဓိ - အင်အားကြီး နိုင်ငံတော်လား သို့မဟုတ် ထိရှပျက်စီးလွယ် နိုင်ငံတော်လား | 41 |

| | | |
|---|---|---|
| ပုံစံကွက် - ၁၇ | ပြုပြင်ပြောင်းလဲမှု၏ နိုင်ငံရေး၊ ဆက်သွယ်ရေးလုပ်ငန်းများကို ဖြေလျှော့ပေးခြင်း ........................... | 42 |
| ပုံစံကွက် - ၁၈ | ဈေးကွက် စီးပွားရေး၏ အားနည်းချက်များ (သို့) ဈေးကွက်ပျက်ပြားမှု ....................................... | 45 |
| ပုံစံကွက် - ၁၉ | ပဋိပက္ခအတွက် ပေးဆပ်ရမှုနှင့် နိုင်ငံရေးဆွေးနွေးအဖြေရှာမှုတစ်ခုလိုအပ်ခြင်း ............................. | 47 |
| ပုံစံကွက် - ၂၀ | ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲမှု မြန်မာ့သမိုင်းမှ လေ့လာတွေ့ရှိချက် .................................... | 49 |
| ပုံစံကွက် - ၂၁ | အသွင်ကူးပြောင်းရေးမှ ရရှိသည့် သင်ခန်းစာများ - `ယခင် ပြည်သူ့ဒီမိုကရေစီ နိုင်ငံများ` ................ | 49 |
| ပုံစံကွက်- ၂၂ | ကိုရီးယားနိုင်ငံတွင် သမ္မတရုံးမှ ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲမှုများကို မည်သို့<br>ဦးဆောင်ခဲ့သနည်း ........................................................................................................ | 51 |
| ပုံစံကွက် - ၂၃ | ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်) ပွင့်လင်းမြင်သာမှုရှိရေး လုပ်ဆောင်ချက် ................................. | 52 |
| ပုံစံကွက် - ၂၄ | အာရှနိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်း စီမံခန့်ခွဲမှု အဖွဲ့အစည်းများ ..................................................... | 53 |
| ပုံစံကွက် - ၂၅ | မလေးရှားနိုင်ငံ၏ ပြည်သူများ၏ မကျေနပ်မှုတိုင်ကြားသည့်ဗျူရို ............................................. | 55 |
| ပုံစံကွက် - ၂၆ | ဟောင်ကောင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ................................................. | 56 |
| ပုံစံကွက် - ၂၇ | စင်္ကာပူနိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ .................................................................... | 57 |
| ဇယား - ၉ | မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ရွေးချယ်စရာနည်းလမ်းများ ........ | 59 |

## အတိုကောက်ဝေါဟာရများ

အေဒီဘီ - အာရှဖွံ့ဖြိုးရေးဘဏ်

အေအက်(ဖ်)ပီအက်(ဖ်)အယ်(လ်)-ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်

အာစီယံ - အရှေ့တောင်အာရှနိုင်ငံများ အသင်း

ဘီအက်(စ်)ပီပီ - မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

စီပီအိုင်အေ - နိုင်ငံမူဝါဒနှင့် အဖွဲ့အစည်းအကဲဖြတ်ချက်

ဂျီဒီပီ - ပြည်တွင်းအသားတင် ထုတ်လုပ်မှု

အိုင်အယ်(လ်)ဒီ - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

အိုအီးစီဒီ - စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့

နဝတ - နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

ယူစီအက်(စ်)ဘီ - မြန်မာနိုင်ငံရာထူးဝန်အဖွဲ့

ယူအန် - ကမ္ဘာ့ကုလသမဂ္ဂ

ယူအန်ဒီပီ - ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်

ယူအက်(စ်)ဒီပီ - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

## ခက်ဆစ်အသုံးအနှုန်းများ[1]

| | | |
|---|---|---|
| ၁. | **အက်ဥပဒေ** | လွှတ်တော်မှ လက်ခံပြဋ္ဌာန်းပေးခဲ့သည့် ဥပဒေ။ |
| ၂. | **တာဝန်ယူမှု၊ တာဝန်ခံမှု** | ဝန်ကြီးများ၊ အစိုးရအရာရှိကြီးများအနေဖြင့် မိမိတို့လုပ်ဆောင်ချက် များနှင့် ပတ်သက်၍ တာဝန်ယူမှု ရှိရမည်ဖြစ်ပြီး၊ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားရန် လိုအပ်ပါသည်။ |
| ၃. | **အာဏာရှင်စနစ်** | အုပ်ချုပ်ခံရသူများက အုပ်ချုပ်သူများ၏ အမိန့်အာဏာများကို ပြန်လှန်မေးခွန်းထုတ် ခွင့်မရှိဘဲ လေးစားလိုက်နာရသည့် အစိုးရ စနစ်တစ်ခု။ ဖိနှိပ်ချုပ်ချယ်မှုကို အသုံးများသည့် စစ်အစိုးရမျိုး ကိုလည်း တခါတရံတွင် ရည်ညွှန်းပါသည်။<br>'ဒီမိုကရေစီ' တွင်ကြည့်ရန်၊ |
| ၄. | **ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)** | အစိုးရ၏ ဝင်ငွေနှင့်ထွက်ငွေများကို နှစ်စဉ်လျာထားချက်။<br>'ဘဏ္ဍာရေးဆိုင်ရာမူဝါဒ' တွင်ကြည့်ရန်၊ |
| ၅. | **ဗျူရိုကရေစီ အုပ်ချုပ်ရေး ယန္တရား** | ဗဟိုအစိုးရကို အုပ်ချုပ်သည့် အရာရှိများ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း များအဖွဲ့။<br>'နိုင်ငံ့ဝန်ထမ်းအဖွဲ့' တွင်ကြည့်ရန်၊ |
| ၆. | **ဝန်ကြီးအဖွဲ့** | အစိုးရဝန်ကြီးဌာနများကို ဦးဆောင်ရန် သမ္မတမှခန့်အပ်ထားသည့် ဝန်ကြီး များအဖွဲ့။ |
| ၇. | **ဗဟိုဝန်ကြီးဌာနများ** | အစိုးရအတွင်း မူဝါဒနှင့် စီမံကိန်းများပေါင်းစပ်ညှိနှိုင်းရန် တာဝန် ရှိသော ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတွင် သမ္မတရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ဘဏ္ဍာရေး ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာနတို့ ပါဝင်သည်။<br>'သက်ဆိုင်ရာ ဝန်ကြီးဌာနများ' တွင်ကြည့်ရန်၊ |
| ၈. | **နိုင်ငံ့ဝန်ထမ်း** | ပုံမှန်အားဖြင့် အုပ်ချုပ်ရေး သို့မဟုတ် စာရေးစာချီ တာဝန်ဝတ္တရား များဖြင့် နိုင်ငံ့ဝန်ထမ်း အက်ဥပဒေအတိုင်း အစိုးရဝန်ကြီးဌာနတစ်ခု၏ ဝန်ထမ်း၊ အချို့ နိုင်ငံများတွင် ပြည်သူ့ ဝန်ထမ်းဆိုသည့် အသုံးအနှုန်းကို အစားထိုး အသုံးပြုပါသည်။ မြန်မာနိုင်ငံတွင် အခြား အစိုးရဝန်ထမ်းများဖြစ်သည့် ရဲတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ၊ဆရာမများ သည်လည်း နိုင်ငံ့ဝန်ထမ်း အက်ဥပဒေတွင် အကျုံးဝင်ပါသည်။<br>'အစိုးရဝန်ထမ်း' တွင်ကြည့်ရန်၊ |
| ၉. | **နိုင်ငံ့ဝန်ထမ်းအဖွဲ့** | နိုင်ငံကို အုပ်ချုပ်သည့် အစိုးရဝန်ကြီးဌာနများ၊ အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းအဖွဲ့ သည် မြန်မာနိုင်ငံ ရာထူးဝန်အဖွဲ့ မတိုင်မီ ကရှိခဲ့ပြီး ကမ္ဘာတွင် ပထမဦးဆုံး ပေါ်ပေါက်ခဲ့သည့် ခေတ်မီဝန်ထမ်းအဖွဲ့များအနက် တစ်ခုဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်း အလုပ်ကို အသက်မွေး ဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ်၊ ယှဉ်ပြိုင် သည့်စနစ်ဖြင့် ဖြေရသည့် ဝင်ခွင့်စာမေးပွဲများ၊ အရည်အချင်းပေါ်အခြေခံပြီး ရာထူးတိုးပေးခြင်း စသည့် လက္ခဏာများ ရှိခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းများကို မူဝါဒရေးရာနှင့် စီမံအုပ်ချုပ်မှုနေရာများတွင် ခန့်ထားရန် အုပ်ချုပ်ရေး နှင့် ဆိုင်သောအုပ်စုနှင့် ပုံမှန်ရုံးအထောက်အကူလုပ်ငန်းများ လုပ်ကိုင်ရန် စာရေး ဝန်ထမ်း အုပ်စုဟူ၍ ခွဲခြားထားပါသည်။ နိုင်ငံ့ဝန်ထမ်းအဖွဲ့သည် အစိုးရ၏ အမြဲတမ်းအဖွဲ့အစည်း တစ်ခု ဖြစ်သည့်အားလျော်စွာ၊ နိုင်ငံရေးတွင် ဘက်လိုက် မှုကင်းရန်နှင့် အစိုးရများအား ယင်းတို့၏ ပေါ်လစီမူဝါဒများကို အကောင် အထည်ဖော်ရန် လုပ်ကိုင်ပေးနိုင်သူများအဖြစ် မျှော်လင့်ကြပါသည်။ အချို့ နိုင်ငံများတွင် နိုင်ငံ့ဝန်ထမ်းအစား ပြည်သူ့ဝန်ထမ်း ဆိုသည့် အသုံးအနှုန်း ကို သုံးစွဲကြပါသည်။<br>'ဗျူရိုကရေစီ အုပ်ချုပ်ရေး ယန္တရား' တွင်ကြည့်ရန်၊ |

[1] ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) နှင့် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့တို့သည် ဒီမိုကရေစီနှင့် ပတ်သက်သည့် အသုံးဝင်သည့်ခက်ဆစ်များကို မြန်မာဘာသာသို့ ပြန်ဆိုထားပြီးဖြစ်ပါသည်။ www.democraticglossary.org.mm တွင်သွားရောက်လေ့လာနိုင်ပါသည်။

| | | |
|---|---|---|
| ၁၀. | **ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ** | နိုင်ငံသားများ၏ အခွင့်အရေးများ၊ အစိုးရ၏ဖွဲ့စည်းပုံ၊ အာဏာခွဲဝေပုံများနှင့် တာဝန်ဝတ္တရားများကို ချမှတ်ပေးသည့် နိုင်ငံတော်၏ ဥပဒေ ရေးရာအုတ်မြစ်။ |
| ၁၁. | **အဂတိလိုက်စားခြင်း** | ရာထူးအာဏာများကို မိမိကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်း။ |
| ၁၂. | **ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း** | အစိုးရ လုပ်ငန်းဆောင်တာများကို ဗဟိုအဆင့်မှ ဒေသန္တရအဆင့်သို့ လွှဲပြောင်း ပေးအပ်ခြင်း။ ကွဲပြားချက်အဖြစ် တစ်ခါတစ်ရံတွင် 'ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (decentralization)' ကို လုပ်ငန်း တာဝန်များအား အစိုးရအဆင့်တစ်ခုမှ အခြားတစ်ခုသို့ လွှဲပြောင်း ပေးအပ်ခြင်း (ဥပမာ - ပြည်ထောင်စုအစိုးရထံမှ ပြည်နယ်အစိုးရ တစ်ခုသို့ လွှဲပြောင်းပေးခြင်း) အတွက်သုံးပြီး၊ 'အောက်ခြေအဆင့်သို့ လုပ်ပိုင်ခွင့်ချပေးခြင်း (deconcentration)' ကို ဝန်ကြီးဌာနတစ်ခုအတွင်း လုပ်ငန်း တာဝန်များကို ခွဲဝေချထား ပေးခြင်း (ဥပမာ - နေပြည်တော်ရှိ ပညာရေး ဝန်ကြီးဌာနမှ၏ ပြည်နယ်နှင့်တိုင်းဒေသကြီး များရှိ ရုံးများသို့ တာဝန်ခွဲဝေချထား ပေးခြင်း) အတွက်သုံးသည်ကို တွေ့ရပါသည်။ |
| ၁၃. | **လုပ်ငန်းတာဝန်ခွဲဝေလွှဲအပ်ခြင်း** | လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် လုပ်ငန်းတာဝန်ကို လူတစ်ဦး (သို့မဟုတ်) အဖွဲ့အစည်း တစ်ခုအား ထမ်းဆောင်လုပ်ကိုင်ရန် လွှဲအပ်ခြင်း (သို့မဟုတ်) တာဝန်ယူစေခြင်း။ |
| ၁၄. | **ဒီမိုကရေစီ** | ပြည်သူများ သို့မဟုတ် ပြည်သူ ရွေးကောက် တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် အစိုးရစနစ် တစ်မျိုး။<br>'အာဏာရှင်စနစ်' တွင်ကြည့်ရန်၊ |
| ၁၅. | **အီလက်ထရွန်နစ်နည်းပညာအသုံးချသည့် အစိုးရ (e-Government)** | အင်တာနက်ကဲ့သို့ အီလက်ထရွန်နစ် နည်းပညာကို အသုံးချပြီး ပြည်သူလူထုအား အစိုးရ၏ဝန်ဆောင်မှုများကို ရရှိစေခြင်း။ |
| ၁၆. | **အုပ်ချုပ်ရေး** | လွှတ်တော်မှ ချမှတ်သည့် ဥပဒေများကို အကောင်အထည် ဖော်သည့် အစိုးရ၏ အစိတ်အပိုင်း။<br>'ဥပဒေပြုလွှတ်တော်၊ တရားစီရင်ရေး' တွင်ကြည့်ရန်၊ |
| ၁၇. | **ဖက်ဒရယ်စနစ်** | နိုင်ငံတစ်နိုင်ငံအတွင်း အစိုးရအဆင့်ဆင့်အကြား အချုပ်အခြာ အာဏာနှင့် လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေသုံးစွဲသည့် အစိုးရစနစ် တစ်မျိုး။ |
| ၁၈. | **ဘဏ္ဍာရေးဆိုင်ရာ မူဝါဒ** | စီးပွားရေးကို စီမံခန့်ခွဲရန်အတွက် အစိုးရ၏ အခွန်ဘဏ္ဍာများနှင့် အသုံးစရိတ်များ အသုံးပြုပုံနှင့် ပတ်သက်သည့် အစိုးရ၏ မူဝါဒ။<br>'ဘတ်ဂျက်' တွင်ကြည့်ရန်၊ |
| ၁၉. | **ပြန်တမ်းဝင်အရာရှိ** | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ပြည်သူ့ဝန်ထမ်းအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုသည့် ပြန်တမ်းဝင်နိုင်ငံ့ဝန်ထမ်း။ |
| ၂၀. | **စီမံအုပ်ချုပ်မှု** | စီမံအုပ်ချုပ်ရေးနှင့်ဆိုင်သော သီအိုရီ သို့မဟုတ် လက်တွေ့ကျင့်သုံး မှု။ |
| ၂၁. | **အစိုးရဝန်ထမ်း** | ဆရာ/ဆရာမ၊ ကျန်းမာရေးဝန်ထမ်း၊ ရဲအရာရှိ သို့မဟုတ် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းမှ ဝန်ထမ်းအဖြစ် လုပ်ကိုင်သည့် အစိုးရဝန်ထမ်း တစ်ဦး။ အစိုးရဝန်ကြီးဌာနများတွင် စာရေးစာချီနှင့် အုပ်ချုပ်ရေး ဝန်ထမ်းများကို ရည်ညွှန်းလေ့ရှိသည့် နိုင်ငံ့ဝန်ထမ်းထက် ပိုမိုကျယ်ပြန့် သည့် နယ်ပယ်တစ်ခု ဖြစ်ပါသည်။<br>'နိုင်ငံ့ဝန်ထမ်း' တွင်ကြည့်ရန်၊ |
| ၂၂. | **ဥပဒေပြုခြင်း** | ဥပဒေပြုမှု ဖြစ်စဉ်၊ ဥပဒေပြုသည့် အဖွဲ့အစည်း။ |
| ၂၃. | **တရားစီရင်ရေး** | တရားရေးစနစ်နှင့် ပတ်သက်သည့် အစိုးရ၏ အစိတ်အပိုင်း တစ်ခု။<br>'ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေး' တွင်ကြည့်ရန်၊ |
| ၂၄. | **ဥပဒေပြုအဖွဲ့** | ဥပဒေများ ပြဋ္ဌာန်းသည့် လွှတ်တော်ကဲ့သို့သော အစိုးရ၏ အစိတ်အပိုင်းတစ်ခု။<br>'အုပ်ချုပ်ရေး၊ တရားစီရင်ရေး' တွင်ကြည့်ရန်၊ |
| ၂၅. | **သက်ဆိုင်ရာဦးစီးဌာန** | အစိုးရအုပ်ချုပ်ရေးပိုင်း၏ကိုယ်စား ဝန်ဆောင်မှုများပေးရန် တာဝန်ယူရသည့် အစိုးရဌာနတစ်ခု<br>'ဗဟိုအစိုးရ' တွင်ကြည့်ရန်၊ |

| | | |
|---|---|---|
| ၂၆. | **အရည်အချင်းအပေါ် အခြေခံသည့်စနစ်** | အရာရှိများအား ခန့်အပ်ရန်နှင့် ရာထူးတိုးပေးရာတွင် ဩဇာ အာဏာသုံးခြင်း သို့မဟုတ် လူမျိုး၊ ကျား/မကွဲပြားမှု သို့မဟုတ် လူမှုအဆင့်အတန်းအပေါ် မူမတည်ဘဲ၊ စွမ်းဆောင်နိုင်ရည်အပေါ် အဓိကအခြေခံသည့် အစိုးရစနစ် တစ်ခု။ |
| ၂၇. | **ပြည်သူပိုင်သိမ်းခြင်း** | ပုဂ္ဂလိကပိုင်လုပ်ငန်း သို့မဟုတ် စက်ရုံတစ်ခုကို နိုင်ငံတော်မှ ထိန်းချုပ်ခြင်း။ |
| ၂၈. | **လွှတ်တော်ကော်မတီ** | သီးခြားကိစ္စရပ်တစ်ခုနှင့်ပတ်သက်ပြီး လွှတ်တော်သို့ အစီရင်ခံရန် တာဝန်ပေးအပ်ခြင်း ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အုပ်စု။ |
| ၂၉. | **မူဝါဒ လေ့လာဆန်းစစ်သုံးသပ်ခြင်း** | ပြဿနာ၏သဘောသဘာဝကို ဖော်ပြ၍ ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ဦးတည်စေသော မူဝါဒပြဿနာဆိုင်ရာ လေ့လာသုံးသပ် ခြင်း။ |
| ၃၀. | **မူဝါဒစာတမ်း** | ကိစ္စရပ်တစ်ခုတွင် အစိုးရ၏ မူဝါဒရည်မှန်းချက်နှင့် ပတ်သက်ပြီး ဖော်ပြချက်။ |
| ၃၁. | **ပစ္စည်းဝယ်ယူရေး** | အစိုးရ ဝယ်ယူမည့် ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး လိုအပ်ချက်များကို ဆန်းစစ်ဖေါ်ထုတ်သည့်အဆင့် မှစတင်ပြီး သဘောတူစာချုပ် ပြီးဆုံးသည်အထိ လုပ်ငန်းစဉ်။ |
| ၃၂. | **ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း** | အစိုးရပိုင် လုပ်ငန်းတစ်ခုကို ပုဂ္ဂလိကပိုင်ဆိုင်မှုသို့ လွှဲပြောင်း ပေးအပ်ခြင်း။<br>'ပြည်သူပိုင်သိမ်းခြင်း' တွင်ကြည့်ရန်၊ |
| ၃၃. | **ပြည်သူ့ဘဏ္ဍာ** | ပြည်သူ့အခွန်ဘဏ္ဍာနှင့် ပြည်သူ့ရေးရာအသုံးစရိတ်များကို အစိုးရမှ စီမံခန့်ခွဲခြင်း။ |
| ၃၄. | **ပြည်သူ့အကျိုးစီးပွား** | လူတစ်ဦးချင်း၏ ကိုယ်ကျိုးစီးပွား၊ သီးခြားအကျိုးစီးပွားများနှင့် ဆန့်ကျင်လျက် လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် သက်ဆိုင်သည့် ကောင်းကျိုး။ |
| ၃၅. | **ပြည်သူ့ရေးရာ မူဝါဒ** | ပြည်သူ့ရေးရာမူဝါဒဆိုသည်မှာ နိုင်ငံရေးဆိုင်ရာ ရွေးချယ်မှုများ ပါဝင်သည့် မျှော်မှန်း အကျိုးရလဒ်များ ရရှိဖြစ်ထွန်းစေရန်အတွက် အစိုးရမှ ဆုံးဖြတ်ချက် ချမှတ်လုပ်ဆောင်သည့် ဖြစ်စဉ်ပင် ဖြစ်သည်။ အစိုးရများသည် ဝန်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အခြား(သက်ဆိုင်)သူများ အဆင့်ဆင့် ပါဝင်စေလျှက် မူဝါဒများ ချမှတ်လေ့ရှိသည်။ |
| ၃၆. | **ပြည်သူ့ရေးရာကဏ္ဍ** | ပြည်သူ့ရေးရာကဏ္ဍတွင် အကြမ်းအားဖြင့် အစိုးရ၊ ဘဏ်များနှင့် နိုင်ငံတော်မှ အများဆုံး ပိုင်ဆိုင်သည့် နိုင်ငံပိုင် လုပ်ငန်းများကဲ့သို့သော ဘဏ္ဍာ ရေးဆိုင်ရာနှင့် ဘဏ္ဍာရေးနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများ ပါဝင်သည်။ |
| ၃၇. | **တရားဥပဒေစိုးမိုးရေး** | မည်သူမျှ တရားဥပဒေအထက်တွင် မရှိဘဲ၊ လူတိုင်းကို တရားဥပဒေ ရှေ့မှောက်တွင် တန်းတူညီမျှစွာ ဆက်ဆံသည့်မူ။ ဝန်ကြီးများနှင့် နိုင်ငံ့ဝန်ထမ်း များအပါအဝင် အစိုးရသည်လည်း တရားဥပဒေ နှင့်အညီ အုပ်ချုပ်ရမည်ဟု ဆိုလိုသည်။ |
| ၃၈. | **အာဏာ ခွဲဝေကျင့်သုံးခြင်း** | အစိုးရ၏ မည်သည့်အစိတ်အပိုင်းတစ်ခုကိုမှ လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ ပေးထားခြင်း မျိုးမရှိဘဲ၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးအပိုင်းများအားလုံးအကြားတွင် အာဏာကို ခွဲဝေ ကျင့်သုံးသည့်မူ။ |
| ၃၉. | **ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်းသည့် အဖွဲ့အစည်း** | ဥပဒေဖြင့် ပြဋ္ဌာန်းတည်ထောင်ထားသည့် အစိုးရအဖွဲ့အစည်း။ |
| ၄၀။ | **မဟာဗျူဟာ** | ရေရှည် လုပ်ငန်းစဉ်များသို့ ဦးတည်သည့် မူဝါဒရည်မှန်းချက် (သို့မဟုတ်) ဖြစ်လိုသည့် ရည်မှန်းချက် အိပ်မက်တစ်ခုကို အကောင်အထည်ဖော်ရန် ပိုမိုကျယ်ပြန့်သည့် ချဉ်းကပ်မှုတစ်ခု။ |

## သမိုင်းကြောင်း ဖြစ်စဉ်

၁၈၈၆ **ဗြိတိသျှ အိန္ဒိယ -** ဗြိတိသျှ-အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ်ဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ဤခေတ်ကာလမှ ဥပဒေအများအပြားသည် ကိုလိုနီခေတ်လွန်ကာလ ပြည်သူ့ရေးရာအုပ်ချုပ်ရေးတွင် အရေးပါသော သြဇာသက်ရောက်မှု ဆက်လက်ရှိနေခဲ့သည်။ ဥပမာ - ၁၉၀၇ခုနှစ် မြန်မာနိုင်ငံ ကျေးရွာ အက်ဥပဒေ

၁၉၃၅ **မြန်မာအစိုးရ အက်ဥပဒေ -** မြန်မာနိုင်ငံရာထူးဝန်အဖွဲ့နှင့် ရာထူးဝန်အဖွဲ့ကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၁၉၃၇ **ကိုယ်ပိုင်အုပ်ချုပ်ရေး -** မြန်မာနိုင်ငံသည် ဗြိတိသျှအင်ပါယာ လက်အောက်တွင် အကန့်အသတ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးရခဲ့သည်။ ဒေါက်တာဘမော်သည် ပထမဆုံး မြန်မာနိုင်ငံဝန်ကြီးချုပ် ဖြစ်လာသည်။

၁၉၄၂ **ဂျပန်သိမ်းယူခြင်း** - ၁၉၄၂ မှ ၁၉၄၅အထိ ဂျပန်က မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ခဲ့ပါသည်။ ၁၉၄၃ခုနှစ် တွင် ဂျပန်က မြန်မာကို လွတ်လပ်ရေးပေးပြီး ဒေါက်တာဘမော်ကို အုပ်ချုပ်စေခဲ့သည်။ မြို့များနှင့် အခြေခံ အဆောက်အအုံများသည် စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည်။

၁၉၄၄ **ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် -** မဟာမိတ်တပ်များ မြန်မာနိုင်ငံသို့ ပြန်လည် သိမ်းပိုက်ခြင်းမှ ကြိုတင်ပြင်ဆင်ရန်အတွက် ဖဆပလကို ဖွဲ့စည်းခဲ့သည်။

၁၉၄၅ **ဗြိတိသျှ စစ်အုပ်ချုပ်ရေး -** ဗြိတိသျှစစ်တပ်မှ မြန်မာနိုင်ငံကို ၁၉၄၅ ခုနှစ် မေလမှ အောက်တိုဘာလအထိ ပြန်လည် သိမ်းယူ အုပ်ချုပ်ခဲ့သည်။

၁၉၄၇ **ပင်လုံညီလာခံ** - ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသား ခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြားသော ကြားဖြတ်အစိုးရ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရေးနှင့် လွတ်လပ်ရေးရပြီးနောက် နိုင်ငံ၏ အနာဂတ်နှင့်ပတ်သက်သည့်ကိစ္စများအတွက် တွေ့ဆုံခဲ့ကြသည်။

**ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ -** ပထမဦးဆုံး အမျိုးသားရွေးကောက်ပွဲများ။ တိုင်းပြုပြည်ပြုလွှတ်တော်မှ ဖယ်ဒရယ်ဖွဲ့စည်းပုံဖြင့် ပါလီမန်ဒီမိုကရေစီစနစ်တစ်ခုကို ချမှတ်လျက် လွတ်လပ်သော မြန်မာနိုင်ငံတော်အတွက် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ရပ်အား အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံ သတ်ဖြတ်ခံရသည်။

၁၉၄၈ **လွတ်လပ်ရေး -** ပြည်ထောင်စု မြန်မာနိုင်ငံသည် လွတ်လပ်သည့် သမ္မတနိုင်ငံတစ်ခု ဖြစ်လာသည်။ ဦးနုသည် ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ဧလအကြာတွင် ပြည်တွင်းစစ်စတင်ဖြစ်ပွားသည်။ ၁၉၄၈ မှ ၁၉၅၁ အထိ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သည်။

၁၉၅၁ **နိုင်ငံတော်မှ ပြည်သူလူထု၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များ တာဝန်ယူဆောင်ရွက်ပေးသည့် စနစ် -** လွတ်လပ်ရေးရပြီး ပထမဆုံးအကြိမ် ရွေးကောက်ပွဲကျင်းပခဲ့သည်။ ဝန်ကြီးချုပ်ဦးနုက ပြည်တော်သာစီမံကိန်းဖြင့် အနိုင်ရခဲ့သည်။ ၁၉၅၁ - ၁၉၅၈ အထိ ဒီမိုကရေစီအစိုးရများသည် ပြည်သူ့ရေးရာကဏ္ဍကို အကြိမ်ကြိမ် လေ့လာ သုံးသပ်ခဲ့ကြသည်။

၁၉၅၆ **ရွေးကောက်ပွဲများ -** လွတ်လပ်ရေးရခဲ့ပြီး ဒုတိယအကြိမ် ရွေးကောက်ပွဲကျင်းပခဲ့ပါသည်။ ဦးဗဆွေ ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။

၁၉၅၈ **အိမ်စောင့်အစိုးရ -** ဖဆပလအတွင်း အကွဲအပြဲများအကြား ပဋိပက္ခပိုမိုကြီးထွားလာသည့်အတွက် ဗိုလ်ချုပ်နေဝင်း သည် အိမ်စောင့်အစိုးရအဖြစ်ကြေညာပြီး ၁၉၅၈မှ ၁၉၆၀ အထိ ဝန်ကြီးချုပ် အဖြစ် တာဝန်ယူခဲ့သည်။

၁၉၆၀ **ရွေးကောက်ပွဲများ -** လွတ်လပ်ရေးရပြီးနောက် တတိယအကြိမ် ရွေးကောက်ပွဲကျင်းပပေးခဲ့သည်။ ဦးနု ဝန်ကြီးချုပ် ရာထူး ပြန်လည်ရရှိခဲ့သည်။

၁၉၆၂ **တော်လှန်ရေးကောင်စီ -** ဗိုလ်ချုပ်နေဝင်းမှ အာဏာသိမ်းခဲ့ပြီး တော်လှန်ရေးကောင်စီကို အဆင့်မြင့် တပ်မတော် အရာရှိကြီးများဖြင့် အသစ်ဖွဲ့စည်းကာ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အဖြစ် ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။ တော်လှန်ရေး

ကောင်စီ၏ လမ်းပြမှုဘောင်မှာ `မြန်မာ့ဆိုရှယ်လစ်စနစ်’ ပေါ်တွင် အခြေခံပြီး မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ တစ်ခုတည်းကိုသာ တရားဝင်နိုင်ငံရေးပါတီအဖြစ် ခွင့်ပြုခဲ့သည်။

၁၉၇၁ **မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ ညီလာခံ** - မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ပထမဆုံး ညီလာခံကို ကျင်းပခဲ့ပြီး လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုသည့် ပါတီအဖြစ် အသွင်ကူးပြောင်းခဲ့သည်။

၁၉၇၂ **အတွင်းဝန်ရာထူးကို ဖျက်သိမ်းခြင်း** - တော်လှန်ရေးကောင်စီသည် အရပ်ဘက်အုပ်ချုပ်ရေး၏ အတွင်းဝန်များဖြင့် အုပ်ချုပ်သည့်ပုံစံကို အဆုံးသတ်ခဲ့သည်။

၁၉၇၄ **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ** - နိုင်ငံတော်မှ ဗဟိုဦးစီးချုပ်ကိုင်မှုမြင့်မားသော `ပြည်သူ့ဒီမိုကရေစီ’ ပုံစံဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တစ်ခုကို ရေးဆွဲခဲ့သည်။

၁၉၈၈ **နဝတ** - လူထုဆန္ဒပြပွဲများကြောင့် မဆလအစိုးရ ပြုတ်ကျခဲ့သည်။ ဗိုလ်ချုပ်စောမောင် ဦးဆောင်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ အာဏာယူခဲ့ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖျက်သိမ်းလိုက်သည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်** ကိုစတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

၁၉၉၀ **ရွေးကောက်ပွဲ** - လူထုဆန္ဒပြပွဲများကြောင့်၊ စစ်အစိုးရသည် လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရခဲ့သည်။ ရွေးကောက်ပွဲရလဒ်များကို နဝတမှ လစ်လျူ ရှုခဲ့သည်။

၁၉၉၁ **ငြိမ်းချမ်းရေးနိုဘယ်ဆု** - ဒေါ်အောင်ဆန်းစုကြည်အား ငြိမ်းချမ်းရေး နိုဘယ်ဆုချီးမြှင့်ခဲ့သည်။

၁၉၉၂ **နဝတခေါင်းဆောင်သစ်** - နဝတဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်စောမောင်နေရာကို ဗိုလ်ချုပ်သန်းရွှေမှ တာဝန်လွှဲပြောင်း ယူခဲ့သည်။

၁၉၉၃ **ကြံ့ခိုင်ရေးအသင်း** - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို စတင်တည်ထောင်ခဲ့သည်။

၁၉၉၇ **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**ကို နဝတ နေရာတွင်အစားထိုးခဲ့သည်။

၂၀၀၅ **နေပြည်တော်** - နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမြို့တော်ကို ရန်ကုန်မှ နေပြည်တော်သို့ ရွှေ့ပြောင်းခဲ့သည်။

၂၀၀၇ **ရွှေဝါရောင်တော်လှန်ရေး** - မြန်မာနိုင်ငံနေရာအနှံ့အပြားရှိ မြို့ကြီးများနှင့် မြို့ငယ်များတွင် လူထုဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီး နေရာအတော်များများတွင် သံဃာတော်များက ဦးဆောင်ခဲ့သည်။

၂၀၀၈ **ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ** - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရေးဆွဲခဲ့သည့် အခြေခံ ဥပဒေအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။

နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများ ပျက်စီးခဲ့သည်။

၂၀၁၀ **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်** - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ် အကျယ်ချုပ်မှ လွှတ်ပေးခဲ့သည်။

၂၀၁၁ **ရွေးကောက်ပွဲ** - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အခြားပါတီများမှ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အရပ်သားတပိုင်းအစိုးရကို သမ္မတဦးသိန်းစိန် ဦးဆောင်ဖွဲ့စည်းခဲ့သည်။ NLD မှ သပိတ် မှောက်ခဲ့သည်။

၂၀၁၂ **ကြားဖြတ်ရွေးကောက်ပွဲ** - ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များတွင် လစ်လပ်နေသည့် နေရာများအတွက် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ NLD မှပါဝင်ယှဉ်ပြိုင်ပြီး ၄၄ နေရာ ယှဉ်ပြိုင်ရာတွင် ၄၃နေရာ အတွက် အနိုင်ရခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်လာခဲ့သည်။

၂၀၁၃ **ပြုပြင်ပြောင်းလဲမှုများ** - Chatham House တွင် သမ္မတဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီအစိုးရသို့ အသွင်ကူးပြောင်းလျက်ရှိကြောင်း ကြေညာခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခဲ့သည်။ သတင်းမီဒီယာများကို လွတ်လပ်စွာရေးသားထုတ်ဝေခွင့် ပြုခဲ့သည်။

၂၀၁၅ **ရွေးကောက်ပွဲများ** - အမျိုးသားရွေးကောက်ပွဲများကို ၂၀၁၅ခုနှစ်နှောင်းပိုင်းတွင် ကျင်းပရန် ပြင်ဆင်ထားသည်။

**အမြဲတမ်းအတွင်းဝန်များ** - အဆင့်အမြင့်ဆုံး နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝန်ကြီးဌာနများတွင် အမြဲတမ်း အတွင်းဝန်များကို ပြန်လည်ခန့်အပ်ခဲ့သည်။

## အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံသည် စစ်အာဏာရှင်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့အသွင်ကူးပြောင်းမှုဖြင့် တစ်ကမ္ဘာလုံး၏ အာရုံစိုက်မှုကို ရရှိခဲ့ပါသည်။ ၂၀၁၁ခုနှစ်မှစ၍ ဖိနှိပ်ချုပ်ချယ်သည့် နိုင်ငံရေးစနစ်မှ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည့် စနစ်သို့၊ နိုင်ငံတော်က လွှမ်းမိုးချုပ်ကိုင်ထားသည့်စနစ်မှ ဈေးကွက်အခြေပြု စီးပွားရေးစနစ်သို့၊ ဆယ်စုနှစ်များစွာဖြစ်ပွားနေခဲ့သည့် တိုင်းရင်းသားပဋိပက္ခမှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲသို့၊ ဒေသတွင်းသီးခြားနေထိုင်သည့်ပုံစံမှ တစ်ကမ္ဘာလုံးဆိုင်ရာ အရေးအရာကိစ္စများတွင် ပြန်လည်ဆက်စပ်မှုရှိလာခြင်းစသည့် အဓိက အပြောင်းအလဲများစွာကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံရေးနှင့် စီးပွားရေးအသွင်ကူးပြောင်းမှု ဖြစ်စဉ်များနှင့်အတူ နေရာများစွာမှလည်း ပြည်သူ့ရေးရာကဏ္ဍ ဗျူရိုကရေစီယန္တရား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်တောင်းဆိုမှုများလည်း တဆက်တည်း ရှိလာခဲ့ပါသည်။ နိုင်ငံရေးပါတီများက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လမ်းပေါ်ထွက် ဆန္ဒပြခဲ့သည်။ ကျောင်းသားများက အမျိုးသား ပညာရေးဥပဒေ ပြုပြင်ပြောင်း လဲရေးအတွက် တောင်းဆိုခဲ့သည်။ လယ်သမားများက လယ်ယာမြေ အခွင့်အရေးများအတွက် ဆန္ဒပြတောင်းဆိုခဲ့သကဲ့သို့ပင် မြို့နေပြည်သူများကလည်း လျှပ်စစ်မီး မှန်မှန်မလာသည့်အတွက် တိုင်ကြားပြောဆိုခဲ့ကြသည်။ အစိုးရ၏ လုပ်ဆောင်နိုင်စွမ်းအပေါ် ပြည်သူလူထု၏ မျှော်လင့်ချက်များ မြင့်မားလာပြီး လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း ပြည်သူလူထုအနေဖြင့် ဆန္ဒထုတ်ဖော်နိုင် ခွင့်ရရှိခဲ့သဖြင့် အများပြည်သူ၏ တောင်းဆိုမှုများမှာလည်း ပိုမို မြင်သာထင်သာရှိလာပါသည်။

သို့ရာတွင် ပြည်သူ့ရေးရာကဏ္ဍအပေါ် ပွင့်ပွင့်လင်းလင်းဝေဖန်ပြောဆိုမှုများကိုလည်း မျှော်လင့်မထားသည့်နေရာများမှလည်း ကြားခဲ့ရသည်။ သမ္မတဦးသိန်းစိန်နှင့် သူ၏အဆင့်မြင့်ဝန်ကြီးများက အစိုးရအရာရှိများ၏ တွေးခေါ်လုပ်ကိုင်ပုံများကို ပြုပြင် ပြောင်းလဲကြရန် အလေးအနက်ထား ပြောကြားသည့် မိန့်ခွန်းများကို အကြိမ်ကြိမ်မိန့်ကြားခဲ့ပါသည်။

၂၀၁၃ခုနှစ် ဇူလိုင်၌ လန်ဒန်မြို့တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အစိုးရ၏ ရည်မှန်းချက် မြင့်မားလှသည့် ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းစဉ်များကို ချမှတ်ပြောကြားသည့် သမိုင်းဝင်မိန့်ခွန်းတစ်ခုကို ပြောကြားခဲ့ပါသည်။ ထိုမိန့်ခွန်းတွင် "မြန်မာနိုင်ငံသမိုင်းမှာ အလွန်အရေးပါတဲ့ကာလ တစ်ခုကို ရောက်နေတယ်လို့ ပြောကြားလိုပါတယ်။ ရာစုနှစ်တဝက်ကြာ စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ် ခဲ့တဲ့အခြေအနေကနေ ဒီမိုကရေစီစနစ်ကို ပြောင်းလဲတယ်ဆိုတာထက်မလျော့တဲ့ အခြေအနေတစ်ခုကို ကျွန်တော်တို့ ရည်ရွယ် ထားပါတယ်။" ဟုပြောကြားခဲ့သည်။ ၂၀၁၄ခုနှစ်တွင် အဆင့်မြင့် အစိုးရ အရာရှိကြီးများနှင့် တွေ့ဆုံသည့်အစည်းအဝေးများ တွင်လည်း အစိုးရဝန်ထမ်းဌာနများ၌ ကာလကြာမြင့်စွာရှိနေသည့် အကျင့်ပျက်ခြစားမှုများမှာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် တွေးခေါ်လုပ်ကိုင်ပုံတို့ကို ပြောင်းလဲရန်လိုအပ်ကြောင်းကို အလေးထားပြောကြားခဲ့ပါသည်။

ဤအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်တွင် အာရှဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ် အဖွဲ့အစည်း၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့တို့မှ ပြည်သူ့ရေးရာကဏ္ဍနှင့်ပတ်သက်သည့် သုတေသနတစ်ခုကို စတင်ခဲ့ပါသည်။ တိုင်းပြည်၏ နိုင်ငံရေးနှင့်စီးပွားရေး အသွင်ကူးပြောင်းမှုအတွက် အလွန်အရေးကြီးသည့် ကိစ္စရပ်တစ်ခုနှင့် ပတ်သက်ပြီး သတင်း အချက်အလက်များအပေါ် ပိုမိုအခြေခံသည့် ပြည်သူနှင့် ဆွေးနွေးညှိနှိုင်းမှုတစ်ခု ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။ သုတေသန အဖွဲ့သည် အစီရင်ခံစာကို ရေးသားရာ၌ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သော ရန်ကုန်နှင့် နေပြည်တော်တို့မှ အစိုးရအရာရှိများ၊ လွှတ်တော်အမတ်များ၊ မူဝါဒရေးရာအကြံပေးများ၊ အစိုးရဝန်ထမ်းများ၊ သတင်းစာအယ်ဒီတာများ၊ လယ်သမား၊ အလုပ်သမား သမဂ္ဂများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ တက်ကြွလှုပ်ရှားသူများ အားလုံးက ၎င်းတို့၏ ထင်မြင်ချက်များကို ပွင့်ပွင့်လင်း လင်း ဆွေးနွေးမျှဝေပေးခဲ့ပါသည်။

စင်စစ်တွင် သဘောထားအမြင် အစွန်းရောက်နေကြသည့် နိုင်ငံရေးဆိုင်ရာ အငြင်းအခုန်များနှင့် သတင်းဆောင်းပါးများတွင် ဖေါ်ပြနေကြသကဲ့သို့မဟုတ်ဘဲ၊ နိုင်ငံရေး သဘောထားအမြင် မတူညီကြသော်လည်း ပြုပြင်ပြောင်းလဲလိုစိတ်ရှိကြသူများ အကြား တွင် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) ပြုပြင်ပြောင်းလဲရေးအပေါ်တွင်မူ တူညီသည် ဘုံသဘောထား အမြင်များ ရှိနေကြသည်ကို ပိုမိုတွေ့ရှိရပါသည်။ သို့ရာတွင် နိုင်ငံရေးယုံကြည်မှုသည် တန်ဖိုးကြီးသည့်အရာတစ်ခုဖြစ်ပြီး၊ နိုင်ငံတော်နှင့် ပြည်သူ လူထုအကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်မှာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် အကြီးမားဆုံး စိန်ခေါ်မှုများ အနက်မှ တစ်ခုပင် ဖြစ်သည်။

ယခု သုတေသနစာတမ်း၌ မြန်မာနိုင်ငံတွင် ဗျူရိုကရေစီယန္တရားဆိုသည်မှာ မည်သည့်အခန်းကဏ္ဍကို အဓိကပါဝင်ဆောင်ရွက်သည်ကို ရှင်းလင်းခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်မှစတင်ကာ ဗျူရိုကရေစီ ယန္တရားပြုပြင်ပြောင်းလဲမှုသမိုင်းကြောင်းမှ လေ့လာချက်များကို ဆန်းစစ် ခြင်း၊ မြန်မာနိုင်ငံတွင် ဗျူရိုကရေစီယန္တရား၏ အားနည်းချက်များနှင့် အားသာချက်အချို့ကို စဉ်းစားခြင်းနှင့် ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ စဉ်းစားရာတွင် ရွေးချယ်စရာနည်းလမ်းအချို့နှင့် မူဘောင်တစ်ခု စသည်တို့ကို တင်ပြထားပါသည်။

## ပြည်သူ့ရေးရာကဏ္ဍ

မြန်မာနိုင်ငံ၏ **ပြည်သူ့ရေးရာကဏ္ဍ** ဟုဆိုရာတွင်၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ၊ ပြည်ထောင်စု နယ်နမိတ်များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကို ရည်ညွှန်းပါသည်။ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ နိုင်ငံတော်တွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူ၍ မဏ္ဍိုင်ကြီး သုံးရပ်ခွဲခြားထားပါသည်။ ကျွန်ုပ်တို့၏ သုတေသနသည် အုပ်ချုပ်ရေးမဏ္ဍိုင်ကို အဓိကဦးစားပေး ပြုလုပ်ထားပါသည်။

မြန်မာနိုင်ငံသည် ဖယ်ဒရယ်စနစ်ကျင့်သုံးသည့် အစိုးရစနစ်တစ်ခု၌ ပြဌာန်းပါရှိသည့် စရိုက်လက္ခဏာအသွင်အပြင်များရှိပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်ထောင်စုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို ထည့်သွင်း ဖော်ပြထားပါသည်။ သို့ရာတွင် လက်ရှိအချိန်၌၊ လုပ်ပိုင်ခွင့်အာဏာအများစုသည် ပြည်ထောင်စုအစိုးရလက်ထဲတွင်သာ ဆက်လက် တည်ရှိနေဆဲ ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများတွင် လုပ်ပိုင်ခွင့်အာဏာများ မရှိသလောက်ပင် နည်းပါးပြီး ဒေသတွင်း အခြေခံအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များကိုသာ အဓိက ဆုံးဖြတ်လုပ်ကိုင်ခွင့် ပြုထားပါသည်။ နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဖော်ပြထားသည်။ ပြည်ထောင်စုတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ခု ပါဝင်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအားလုံးသည် တန်းတူအခွင့်အရေးရှိပါသည်။ "ပြည်နယ်"ဆိုသည်မှာ ယေဘုယျအားဖြင့် တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့်နေရာကို ရည်ညွှန်းခြင်းဖြစ်ပြီး "တိုင်းဒေသကြီး"ဆိုသည်မှာ လူများစုဖြစ်သည့် ဗမာလူမျိုးများ နေထိုင်နေသည့်နေရာဒေသများကို ရည်ညွှန်း ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပျမ်းမျှ ခရိုင် ၄ ခုမှ ၅ ခုအထိရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်မူ စုစုပေါင်းခရိုင် ၇၄ ခရိုင်ရှိပါသည်။ ခရိုင်များတွင် ပျမ်းမျှအားဖြင့် မြို့နယ် ၄ မြို့နယ် သို့မဟုတ် ၅ မြို့နယ်ပါရှိပြီး စုစုပေါင်း မြို့နယ် ၃၃၀ ရှိပါသည်။ မြို့နယ်များတွင် မြို့ပြဒေသများ၌ ရပ်ကွက်များနှင့် ကျေးလက်ဒေသများတွင် ကျေးရွာ အုပ်စုများပါရှိပါသည်။

ပြည်သူ့ရေးရာကဏ္ဍသည် စီးပွားရေးစီမံခန့်ခွဲမှု၊ အများပြည်သူနှင့်သက်ဆိုင်သည့် အခြေခံ အဆောက်အအုံများ၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ဝန်ဆောင်မှုများကဲ့သို့သော အစိုးရ၏ အဓိကလုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင် ရွက်ပါသည်။ အစိုးရ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းကဲ့သို့သော လုပ်ငန်းများလည်း ပါဝင်ပါသည်။ အောက်ပါ ပုံစံကွက်-၁ တွင် ယနေ့ခေတ် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) နှင့် ပတ်သက်ပြီး အချိန်တို အတွင်း လေ့လာနိုင်သည့် အချက်အလက် ၁၂ ချက်ကို စာရင်းပြုစုဖော်ပြထားပါသည်။

နိုင်ငံများစွာတွင် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား)အောက်မှ ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းများနှင့် အခြားအစိုးရဝန်ထမ်း များဟူ၍ ခွဲခြားထားပါသည်။ နိုင်ငံဝန်ထမ်းများသည် ပြည်သူ့အုပ်ချုပ်ရေးတွင် အစိုးရဝန်ကြီးဌာနများအတွက် အလုပ်လုပ်ကိုင် ပါသည်။ အခြားအစိုးရဝန်ထမ်းများမှာ နိုင်ငံတော် စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်သည့်အလုပ်သမားများနှင့် ဆရာ၊ဆရာမများ၊ ကျန်းမာရေးလုပ်သားများနှင့် ရဲကဲ့သို့သော ဝန်ထမ်းများလည်း ထည့်သွင်းထားပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာ ကဏ္ဍ (အုပ်ချုပ်ရေးယန္တရား)ရှိ ဝန်ထမ်းများအားလုံးကို နိုင်ငံ့ဝန်ထမ်း အက် ဥပဒေအောက်တွင် ထည့်သွင်းထားသည်။

**ပုံစံကွက် - ၁ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ(အုပ်ချုပ်ရေး ယန္တရား)နှင့် ပတ်သက်ပြီး အချိန်တိုအတွင်း သိရှိရန် အချက် (၁၂) ချက်**

၁။ ပြည်သူ့ရေးရာကဏ္ဍ(အုပ်ချုပ်ရေးယန္တရား)တွင် ဝန်ထမ်းဦးရေ ၁ သန်းနီးပါးရှိပါသည်။

၂။ ပညာရေးဝန်ကြီးဌာနတွင် ဝန်ထမ်းအများဆုံး (၃၈%)နှင့် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနများတွင် (ပေါင်း ၁၂%) ရှိကြပြီး ပြည်ထဲရေးဝန်ကြီးဌာန (၁၁%)နှင့် ကျန်းမာရေးဝန်ကြီးဌာန (၇%)ရှိကြပါသည်။

၃။ အခြားအရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သမိုင်းကြောင်းတစ်လျှောက်တွင် မြန်မာနိုင်ငံ၏ ဗျူရိုကရေစီ အုပ်ချုပ်ရေး ယန္တရားသည် သေးငယ်နေပါသေးသည်။

၄။ မကြာသေးမီအချိန်က အဓိက လောင်စာဆီမှရရှိသည့်ငွေကြေးများကြောင့် ပြည်သူ့ဘဏ္ဍာငွေသည် နှစ်ဆတိုးခဲ့ပြီး ဂျီဒီပီ၏ ၂၃%ဖြစ်ခဲ့ ပါသည်။

၅။ ပြည်သူ့အသုံးစရိတ်ကိုနှစ်ဆတိုးမြှင့်ခဲ့သော်လည်း ကျန်းမာရေးနှင့်ပညာရေးအသုံးစရိတ်မှာ ရသုံးမှန်းခြေ ငွေစာရင်း ဘတ်ဂျက်များအရ ၅.၄% သာရှိနေပါသေးသည်။

၆။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်း ၄၄ ခုမှရရှိငွေမှာ ဂျီဒီပီ၏ ၇% သာရှိပြီး နိုင်ငံတကာတွင်ပျမ်းမျှရရှိနှုန်း ၁၁% ထက်နည်းပါသည်။

၇။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများမှ ပြည်သူ့ဘဏ္ဍာငွေ၏ သုံးပုံ နှစ်ပုံကိုရှာဖွေပေးပါသည်။

၈။ မြန်မာနိုင်ငံ၏ ဂျီဒီပီနှင့် အခွန်ကောက်ခံရရှိငွေအချိုးအစားမှာ ၃.၃ မှ ၇.၄%အတွင်းသာရှိပြီး အာရှတိုက်တွင် အနိမ့်ဆုံးများအနက် တစ်နိုင်ငံဖြစ်သည်။

၉။ မြန်မာနိုင်ငံသည် ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများဖြင့် ဖက်ဒရယ်ပုံစံစနစ်ဖြင့် အစိုးရတစ်ရပ်ရှိပါသည်။

၁၀။ မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဗဟိုဦးစီးချုပ်ကိုင်မှုပိုမိုအားကောင်းသည့် နိုင်ငံများအနက်တစ်နိုင်ငံဖြစ်ပြီး ၂၀၁၄ခုနှစ် တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသို့ ပြည်ထောင်စုအစိုးရမှ ချပေးသည့်ငွေကြေးပမာဏမှာ ပြည်သူ့အသုံးစရိတ်၏ ၁၂%သာရှိပါသည်။

၁၁။ ယခုအချိန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများတွင် ယင်းတို့၏ အသုံးစရိတ်များကို အုပ်ချုပ်စီမံပေးရန် ပြည်သူ့ဝန်ဆောင်မှုများ မရှိချေ။

၁၂။ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအောက်တွင် တတိယအဆင့်ရွေးကောက်တင်မြှောက်ပေးသည့် အစိုးရတစ်ရပ်မရှိချေ။ အချို့နိုင်ငံများတွင် ယင်းကဲ့သို့သောအစိုးရများကို 'ဒေသအစိုးရ'ဟုခေါ်သည်။

## ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေး

ဤသုတေသနစာတမ်းတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးဟုဆိုရာ၌ ပြည်သူ့ရေးရာအုပ်ချုပ်ရေးတွင် စနစ်တကျ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်အောင် တွန်းအားပေးသည့် လုပ်ငန်းဆောင်ရွက်မှုများကို ဆိုလိုပါသည်။ ပြည်သူ့ရေးရာ ကဏ္ဍ စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းများ (အင်စတီကျူးရှင်းများ) ၏ အရည်အသွေး၊ ထိရောက်မှုနှင့် လူ့အဖွဲ့အစည်းတွင် နိုင်ငံတော်၏ ဆီလျော်သည့်အခန်းကဏ္ဍအပေါ် အဓိကအလေးထားတင်ပြထားပါသည်။ အောက်ပါပုံစံကွက်တွင် တွေ့ရလေ့ရှိသည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအနက် အချို့ကို စာရင်းပြုစု တင်ပြပေးထားပါသည်။

### ပုံစံကွက် - ၂ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ရည်မှန်းချက်ပန်းတိုင်များ

ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများစွာတွင်၊ အစိုးရများသည် ပြည်သူ့ရေးရာကဏ္ဍများ ပိုမိုထိရောက်စွာလုပ်ဆောင်နိုင်မှုရှိစေရန် နည်းလမ်းများကို ရှာဖွေလျက်ရှိပါသည်။ ထိုသို့ရှာဖွေရာ၌တွေ့ရလေ့ရှိသည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအနက် အချို့မှာ -

- ပြည်သူ့ကဏ္ဍ အသုံးစရိတ်များကို လျော့ညီအောင် သုံးစွဲရန်။
- ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်ကောင်းမွန်လာစေရန်။
- အချိန်တိုအကျိုးများခြင်းနှင့် သုံးစွဲရသည့်ငွေကြေးပမာဏနှင့် ကိုက်ညီသည့်ရလဒ်ရရှိနိုင်မှုကို မြှင့်တင်ပေးရန်
- ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု မြှင့်တင်ရန်။
- အစိုးရ၏ နည်းဗျူဟာကျသည့် စီမံခန့်ခွဲမှုအရည်အသွေးများတိုးမြှင့်ရန်။
- ဒေသဆိုင်ရာအစိုးရများအား တာဝန်ဝတ္တရားများ ခွဲဝေပေးရန်။
- ပြည်သူ့ရေးရာကဏ္ဍ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရန်။
- ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရန်။
- နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများရှိ ကော်ပိုရေးရှင်းများကျင့်သုံးသည့် အုပ်ချုပ်မှုစနစ်ပုံစံများ (Corporate Governance) တိုးတက်ကောင်းမွန်ရန်။

အစိုးရများထံမှ လူအများ၏ အဓိကမျှော်လင့်ချက်များအနက် တစ်ခုမှာ လူနေမှုအဆင့်အတန်းများ တိုးတက်ကောင်းမွန် လာစေရန်ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဇယား (Human Development Index) ကဲ့သို့သော ရလဒ်ရည်ညွှန်းကိန်းများကို အသုံးပြုပြီး အစိုးရ၏ လုပ်ဆောင်ချက်များကို တိုင်းတာရာတွင်၊ မြန်မာနိုင်ငံ၏အဆင့်မှာ အတော်လေး နိမ့်ကျနေပါသည်။ ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှု အရည်အသွေးကို ကမ္ဘာ့ဘဏ်၏ နိုင်ငံမူဝါဒနှင့် အဖွဲ့အစည်း ဆန်းစစ်မှု (World Bank's Country Policy and Institutional Assessment (PCIA)) ရည်ညွှန်းကိန်းတစ်ခုဖြင့် အသုံးပြုတိုင်းတာသည့်အခါ၊ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများထက် အဆင့်နိမ့်နေပါသေးသည်(ဇယား ၁ ကို ကြည့်ပါ)။

### ဇယား - ၁ အစိုးရ၏ လုပ်ဆောင်ချက်ကို ရလဒ်နှင့် ဖြစ်စဉ် ရည်ညွှန်းကိန်းများ အသုံးပြုတိုင်းတာခြင်း

| ရည်ညွှန်းကိန်း | မြန်မာ | အိမ်နီးချင်းနိုင်ငံများ |
|---|---|---|
| **ဝင်ငွေ**<br>လူတစ်ဦးချင်းစီ၏ အသားတင်ဝင်ငွေ<br>(အမေရိကန်ဒေါ်လာဖြင့် ဝယ်လိုအားမျှခြေ)<br>Gross national income per capita/ GNI (US$ Purchasing Power Parity) | ၃၉၉၈ | ထိုင်းနိုင်ငံ ၁၃၃၆၄<br>ဗီယက်နမ်နိုင်ငံ ၄၈၉၂<br>လာအိုနိုင်ငံ ၄၃၅၁<br>ကမ္ဘောဒီးယား ၂၈၀၅<br>ဘင်္ဂလားဒေ့ရှ် ၂၇၁၃ |

| | | |
|---|---|---|
| **လူသားဖွံ့ဖြိုးတိုးတက်မှု**<br>UNDP လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဇယား ၂၀၁၄ (Human Development Index 2014) (၁၈၇နိုင်ငံကို အဆင့်သတ်မှတ် ရာတွင် ) | ၁၅၀ | ထိုင်းနိုင်ငံ ၈၉<br>ဗီယက်နမ်နိုင်ငံ ၁၂၁<br>ကမ္ဘောဒီးယား ၁၃၆<br>လာအိုနိုင်ငံ ၁၃၉<br>ဘင်္ဂလားဒေ့ရှ် ၁၄၂ |
| **ပြည်သူ့ရေးရာကဏ္ဍစီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းများ (Institutions) ၏ အရည်အသွေး**<br>ကမ္ဘာ့ဘဏ်မှပြုလုပ်သော နိုင်ငံပေါ်လစီမူဝါဒနှင့် အဖွဲ့အစည်းများအား သုံးသပ်ချက် ၂၀၁၃ (World Bank 2013 Country Policy and Institutional Assessment)<br>(အနိမ့်ဆုံး = ၁၊ အမြင့်ဆုံး = ၆) | ၂.၇ | ဗီယက်နမ်နိုင်ငံ ၃.၅<br>လာအိုနိုင်ငံ ၃.၁<br>ဘင်္ဂလားဒေ့ရှ် ၂.၉<br>ကမ္ဘောဒီးယား ၂.၈ |

မြန်မာနိုင်ငံတွင် သမ္မတဦးသိန်းစိန်အစိုးရသည် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို စတင်လုပ်ဆောင်နေခဲ့ပြီး ဖြစ်ပါသည်။ ယင်း၏ 'လူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှု' အစီအစဉ်၏ တစ်စိတ်တစ်ဒေသအနေဖြင့်၊ အစိုးရသည် နေပြည်တော်အဆင့်မှ ပြည်နယ်/တိုင်းဒေသကြီးများ၊ ခရိုင်များနှင့် မြို့နယ်အဆင့်ဆင့်သို့ ဆုံးဖြတ်ပိုင်ခွင့်များ ချမှတ်လုပ်ဆောင်ခွင့်ပေးထားပါသည်။ အချို့ဝန်ကြီးဌာနများ အနေဖြင့် လုပ်ဆောင်ရန် ဝန်လေးမှုများရှိနေသော်လည်း၊ အရပ်ဘက်အဖွဲ့အစည်းများမှ ခေါင်းဆောင်အချို့ ပါဝင်သည့် မြို့နယ်ကော်မတီများကို ဖွဲ့စည်းပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူလူထု၏ အသံများ ပါဝင်လာစေခဲ့ပါသည်။

အစိုးရအနေဖြင့် မိုဘိုင်းဖုန်းခေါ်ဆိုမှုဈေးနှုန်းကို လျှော့ချပြီး လူပေါင်းများစွာကို မိုဘိုင်းဖုန်းအသုံးပြုနိုင်စေရန် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ကြီးဌာနမှ တစ်ဦးတည်း ချုပ်ကိုင်လုပ်ဆောင်ထားရာမှ နိုင်ငံတကာ တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီအသစ်နှစ်ခုကို ဈေးကွက်တွင်း ဝင်ရောက်လုပ်ကိုင်ခွင့်ပေးခဲ့ပါသည်။

အချို့ဝန်ကြီးဌာနများတွင် မလိုအပ်သည့် "လုပ်ငန်းစဉ်များ" ကို လျှော့ချလိုက်ခြင်းဖြင့် စီးပွားရေးနှင့် နိုင်ငံသားများအတွက် "ကြိုးနီစနစ်များ" ကိုလည်း အောင်မြင်စွာ ပယ်ဖျက်ပေးနိုင်ခဲ့ပါသည်။ ဥပမာ - ၂၀၁၄ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးရာ၌ စောင့်ဆိုင်းချိန်ကာလကို ၂၁ ရက်မှ ၁၀ ရက်သို့ လျှော့ချပေးခဲ့ပြီး ဗီဇာကြေးကိုလည်း ထက်ဝက်လျှော့ချခဲ့သည်။ ရန်ကုန်နှင့် မန္တလေးမြို့များရှိ လက်ရှိရုံးနှစ်ရုံးအပြင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် နိုင်ငံကူး လက်မှတ်ထုတ်ပေးသည့် ရုံးပေါင်း ၁၅ ရုံးကိုလည်း ထပ်မံဖွင့်လှစ်ပေးခဲ့ပါသည်။ ဆယ်စုနှစ်များစွာ မြန်မာနိုင်ငံသားများ၏ လွတ်လပ်စွာ ခရီးသွားလာခွင့်ကို တင်းကျပ်စွာကန့်သတ်ခဲ့သည့်အခြေအနေမှ ယခုအခါ ၎င်းတို့ ပြည်ပသို့သွားရောက် အလုပ်လုပ် ကိုင်ရန် သို့မဟုတ် စာသင်ကြားရန်အတွက် အခွင့်အလမ်းများစွာ ဖွင့်ပေးနိုင်ခဲ့သဖြင့် ထိုပြုပြင်ပြောင်းလဲမှုသည်လည်း အရေးပါ လှပါသည်။

အစိုးရသည် ပြည်သူ့ရေးရာ အုပ်ချုပ်စီမံရေး တိုးတက်ကောင်းမွန်လာစေရန် အရေးကြီးသော်လည်း ပြည်သူလူထုအာရုံစိုက်မှု အထူးတလည်မရရှိခဲ့သည့် ၎င်းတို့ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲမှု အချို့ကိုလည်း အလေးပေးတင်ပြလိုသည့် သဘော ရှိသည်။ ယင်းတို့မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အက်ဥပဒေ၊ ပြည်သူဘဏ္ဍာစီမံခန့်ခွဲမှု မဟာဗျူဟာအသစ်၊ ဘဏ္ဍာရေး ကော်မရှင် အသစ်၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအက်ဥပဒေအသစ်၊ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအက်ဥပဒေအသစ်၊ အစိုးရအဖွဲ့ လုပ်ငန်းစဉ်သစ်များပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းသည့်အခြေအနေတွင်၊ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲ မှုကို ကြည့်ရှုလေ့လာမည်ဆိုပါက၊ နိုင်ငံ၏ပြည်သူ့ရေးရာကဏ္ဍမှ အောက်ပါအချက်အလက်များသည် အထူး စိတ်ဝင်စားစရာ ကောင်းလှပါသည်။

- ၁၉၄၈ မှ ၂၀၀၈ ခုနှစ်အတွင်း၏ အချိန်ကာလတစ်ဝက်ကျော်မျှသည် စစ်အုပ်ချုပ်ရေးအောက်တွင် တည်ရှိခဲ့ပြီး အကျိုး ဆက်အဖြစ် ပြည်သူ့ရေးရာ အုပ်ချုပ်စီမံသည့် ဥပဒေနှင့် အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများနှင့် လုပ်ကိုင်သည့်အလေ့အကျင့် အစား အမိန့်များ၊ ညွှန်ကြားချက်များဖြင့် အုပ်ချုပ်သည့် အမွေတစ်ခုကို ချန်ရစ်ခဲ့ပါသည်။

- ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ချမှတ်ခဲ့သည့် "စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီ" စနစ်အရ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာများကဲ့သို့ အရေးကြီးသည့်ဝန်ကြီးဌာနများကို ကိုင်တွယ်လုပ်ဆောင်ရန် အရပ်သားအစိုးရအစား တပ်မတော်ကို တာဝန်ချထားပေးသည်။
- ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အစိုးရ၏ "ခိုင်မာသည့်ကျောရိုး"ကဲ့သို့ တည်ရှိနေပြီး အစိတ်စိတ်အမွှာမွှာရှိနေသည့် ဝန်ကြီးဌာနများအကြား ပြည်သူ့ရေးရာစီမံအုပ်ချုပ်ရေးတွင် အဓိကပေါင်းစည်းပေးသည့် အခန်းကဏ္ဍတွင် လုပ်ကိုင် ဆောင်ရွက်နေပါသည်။
- ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဇယား ၂ နှင့် ၅ အရ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများတွင် ဥပဒေပြုရေး သို့မဟုတ် အခွန်အခကောက်ခံရေးဆိုင်ရာ အာဏာများမှာ မရှိသလောက်နည်းပါး ပါသည်။ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအကြား လုပ်ငန်းဆောင်တာများကို မည်သို့အကောင်းဆုံး ခွဲဝေလုပ်ကိုင်မည်နည်းဆိုသည်မှာ မြန်မာနိုင်ငံ၏ အနာဂတ်ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အရေးအကြီးဆုံး မေးခွန်းများအနက် တစ်ခုဖြစ် လေသည်။
- လက်ရှိရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)လုပ်ငန်းစဉ်တွင် လွှတ်တော်နှင့် ပြည်သူလူထုတို့အား ပြည်သူ့ဘဏ္ဍာငွေများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ အသိပေးမှုမှာ အလွန်နည်းပါးပြီး ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)ဆိုင်ရာ ရလဒ်များအပေါ် ပြည်သူလူထု၏ လွှမ်းမိုးနိုင်မှုအခွင့်အလမ်းမှာလည်း အကန့်အသတ်ရှိပါသည်။ ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) အား အရေးပါဆုံး ပြည်သူ့ရေးရာမူဝါဒနှင့် ပြည်သူအားတာဝန်ခံမှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်ဟူသည့် အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။
- ပြည်သူ့အသုံးစရိတ်ဆိုင်ရာ နှစ်အလိုက်သုံးစွဲမှုပုံစံများသည် အာဏာရှင်အစိုးရအဆက်ဆက် လက်အောက်တွင် ယိုယွင်းခဲ့သည်။ လက်ရှိအစိုးရအနေဖြင့် အပြုသဘောဆောင်သည့် အပြောင်းအလဲများ လုပ်ကိုင်နေခဲ့သော်လည်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် ပညာရေး အသုံးစရိတ်များမှာ နည်းပါးနေပြီး စစ်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များမှာမူ ဆက်လက်မြင့်မားလျှက် ရှိနေပါသေးသည်။
- အစိုးရ၏ အခွန်အခကောက်ခံရရှိမှု နည်းပါးနေခြင်းသည် ၎င်းတို့လုပ်ဆောင်နိုင်စွမ်းရည်၏ အထွေထွေအားနည်းချက် တစ်ခုကို ညွှန်ပြနေပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ မြန်မာနိုင်ငံကို အာရှတိုက်တွင် ဂျီဒီပီနှင့် အခွန်အခ အချိုးအစားတွင် အနိမ့်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်နေပြီး ၃.၃ မှ ၇.၄ ရာခိုင်နှုန်းမျှသာရှိသည်။ ယင်းအချက်က အခွန်အခပိုင်းဆိုင်ရာ အုပ်ချုပ်စီမံမှုတွင် စွမ်းဆောင်နိုင်မှုမရှိခြင်းနှင့် အကျင့်ပျက် ခြစားမှုပြဿနာများကို ဖော်ပြနေပြီး၊ အချို့နိုင်ငံများတွင် နိုင်ငံသားများအနေဖြင့် အစိုးရအပေါ် ယုံကြည်မှုနည်းပါးသည့် အဓိပ္ပါယ်ကိုလည်း ဆောင်နေပါသည်။
- ယခင်က ပြည်သူ့ဝန်ထမ်း ရွေးချယ်ခန့်ထားရာတွင် အရည်အချင်းအပေါ် အခြေခံခန့်ထားခြင်း မဟုတ်ဟု ပြည်သူလူထုအနေဖြင့် ယေဘုယျအားဖြင့် ထင်မြင်ယူဆကြပါသည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော် အရာရှိဟောင်းများက ဝန်ကြီးဌာနများစွာရှိ အဆင့်မြင့်ပြည်သူ့ဝန်ထမ်းအရာရှိရာထူး အားလုံးနီးပါးကို ရယူထားခဲ့သောကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အလွှာအသီးသီးနှင့် တိုင်းရင်းသား လူမျိုးများအားလုံးကို ကိုယ်စားပြုသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း တစ်ခုရှိလာမည်ဆိုပါက ပြည်သူလူထု၏ ယုံကြည်မှုကို ပြန်လည် ရရှိစေနိုင်မည် ဖြစ်ပါသည်။
- နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း၏ မူဝါဒပိုင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုမှာလည်း အားနည်းလှပါသည်။ အာဏာရှင်အစိုးရများ၏ လက်အောက်တွင် မူဝါဒများကို ပြည်သူ့ကောင်စီခေတ်က ပါတီမှ ချမှတ်ပြီး ၁၉၈၈ခုနှစ်အာဏာသိမ်းပြီးနောက်တွင် တပ်မတော်မှ ချမှတ်ခဲ့ပါသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်းတွင် ဝန်ကြီးဌာနများအနေဖြင့် မူဝါဒချမှတ်သည့်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်မှု နည်းပါးသည်။
- နိုင်ငံပိုင် လုပ်ငန်းများကို တိုးတက်ပြောင်းလဲလာသည့် ကော်ပိုရေးရှင်းများတွင် ကျင့်သုံးသည့် အုပ်ချုပ်မှုစနစ်ပုံစံ (Corporate Governance) မှ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာစေနိုင်ပါသည်။ ပိုမိုကောင်းမွန်လာသည့် စီမံခန့်ခွဲမှု၊ စာရင်းစစ်ခြင်းနှင့် အစီရင်ခံပုံအဆင့်ဆင့်က နိုင်ငံပိုင်လုပ်ငန်းများနှင့် တပ်မတော်မှ ချုပ်ကိုင်ထားသည့် ကုမ္ပဏီများကို ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်စေရန် အထောက်အကူပေးနိုင် မည်ဖြစ်သည်။ ထိုသို့ တိုးတက်ကောင်းမွန်လာခြင်းအားဖြင့် "ခရိုနီ အရင်းရှင်စနစ်"ကိုလည်း လျော့ကျစေနိုင်ပြီး ယခင်အာဏာရှင်အစိုးရများလက်ထက်တွင် များစွာတွေ့ခဲ့ရသည့် အကျင့်ပျက်ခြစားမှု အမျိုးမျိုးကိုလည်း နည်းပါးသွားစေနိုင်ပါသည်။
- မြန်မာနိုင်ငံအတွက် ရေနံနှင့်ဓါတ်ငွေ့ကဏ္ဍသည် မကြာသေးမီ ကာလများမှစတင်ပြီး အရေးကြီးလာခဲ့ပါသည်။ ၂၀၁၁ခုနှစ်မှစတင်ပြီး ရေနံနှင့်ဓါတ်ငွေ့ထုတ်လုပ်မှုမှရရှိသည့် ပြည်သူ့ဘဏ္ဍာငွေများသည် ဂျီဒီပီ၏ ၂၃% အထိ နှစ်ဆမျှ မြင့်တက်ခဲ့ပါသည်။ သဘာဝအရင်းအမြစ်ကဏ္ဍတွင် အုပ်ချုပ်စီမံမှုစနစ်များ ပိုမိုအားကောင်းလာအောင်လုပ်ဆောင်ခြင်းဖြင့် ရေနံနှင့်ဓါတ်ငွေ့ထုတ်လုပ်မှုကို မညီမျှမှု၊ အကျင့်ပျက်ခြစားမှုများစွာ ပေါ်ပေါက်စေသည့် "သယံဇာတကျိန်စာ" ဖြစ်ပေါ်လာခြင်းမှ ယခုအခါ တားဆီးနိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့အသွင်ကူးပြောင်းသည့်ရှုထောင့်မှ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို ကြည့်မည်ဆိုပါက၊ နိုင်ငံရေးအယူအဆကွဲပြားခြားနားကြသူများအကြား ပြုပြင်ပြောင်းလဲလိုစိတ်ရှိသူအားလုံးတွင် တူညီသည့် ဆန္ဒ

သဘောထားကို တွေ့မြင်ရပါသည်။ အောက်ဖော်ပြပါအပိုင်းတွင် ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး ရွေးချယ်စရာနည်းလမ်း များကို စဉ်းစားနိုင်ရန် ပြည်သူ့ရေးရာကဏ္ဍ၏ သွင်ပြင်လက္ခဏာအချို့ကို တင်ပြထားပါသည်။

## ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သင်ခန်းစာများ

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး မည်သည့်နေရာမှ စတင်သင့်သနည်း။ ဤသည်မှာ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်း လဲရေး လုပ်ဆောင်နေသည့် မည်သည့်အစိုးရမဆို ကြုံတွေ့ရမည့် စိန်ခေါ်မှုဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အရေးတကြီး ဆောင် ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ အများအပြားရှိနေခြင်းအတွက် မည်သည့်နေရာမှ စတင်သင့်သနည်း ဆိုသည့် မေးခွန်းမှာ ပိုမိုပင် အရေးကြီးလာသည်။

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ လေ့လာ စရာများ အများအပြားရှိသည်။ ဒေသတွင်းနိုင်ငံအချို့ဖြစ်သည့် တောင်ကိုရီးယား နှင့် အင်ဒိုနီးရှားတို့သည် အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ အောင်မြင်စွာ အသွင်ကူးပြောင်းခဲ့ကြသကဲ့သို့ မလေးရှားနှင့် စင်္ကာပူကဲ့သို့သော မြန်မာနိုင်ငံနှင့် တူညီသည့် ပြည်သူ့ ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) အစဉ်အလာရှိသည့် နိုင်ငံများသည်လည်း လူမှုစီးပွားဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ် အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်ရေးယန္တရား ပြုပြင်ပြောင်းလဲရေးကို မည်သို့ အဆင့်ဆင့် ဆောင်ရွက်သင့်ကြောင်း ကမ္ဘာတစ်ဝှမ်းရှိ ပညာရှင်များထံမှ မြန်မာနိုင်ငံအတွက် အသုံးဝင်မည့် အကြံပြုချက်များရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၁၃ခုနှစ်က ထုတ်ပြန်ခဲ့သည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမူဘောင် (Framework for Economic and Social Reform) ထဲတွင် ထိုအကြံပြုချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဥရောပတိုက်မှ ယခင်ပြည်သူ့ဒီမိုကရေစီနိုင်ငံများ အသွင်ကူးပြောင်းခြင်းမှ ရရှိခဲ့သည့် သင်ခန်းစာများသည် မြန်မာနိုင်ငံအတွက် ဆက်စပ်မှု ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် အရှေ့ ဥရောပနှင့် ချက်ကိုစလိုဗက်ကီးယား နိုင်ငံများ၏ ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်ရေးယန္တရား ပုံစံကို ၁၉၇၀ ခုနှစ်များနှင့် ၁၉၈၀ ခုနှစ်များအတွင်းက အတုယူခဲ့ခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် မကြာခဏ သတိရရန်မေ့လျော့နေတတ်သည့် နိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသမိုင်းကြောင်းသည် မြန်မာနိုင်ငံအတွက် လေ့လာစရာများစွာ ရှိပေးနိုင်သည်ဟုလည်း ကျွန်ုပ်တို့ အလေးအနက်ယုံကြည်ပါသည် (ပုံစံကွက်-၃ကို ကြည့်ပါ)။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဝန်ကြီးချုပ် ဦးနုသည် ကိုလိုနီအာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရန် ကြိုးပမ်းမှုကို ဦးဆောင်ဦးရွက် ပြုခဲ့သည်။ ကိုလိုနီ အုပ်ချုပ်ရေးသည် ဗဟိုဦးစီးချုပ်ကိုင်မှု အလွန်အမင်း များပြားပြီး၊ တည်ငြိမ်မှုကို ထိန်းသိမ်းရန် အထူးလိုလားအလေးထားခဲ့သည်။ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများတွင်မူ ဘဏ္ဍာငွေကြေးသုံးစွဲမှု နည်းသည်။ ထို့ပြင် စီးပွားရေးကဏ္ဍကိုလည်း လူနည်းစု အကျိုးအမြတ် ရရှိရန်သာ တည်ဆောက်ထားခဲ့ပြီး၊ နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုကို ကျယ် ကျယ်ပြန့်ပြန့်မျှဝေခြင်း မရှိခဲ့ချေ။

မြန်မာနိုင်ငံ၏ ကြွယ်ဝလှသည့် ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်ရေး ယန္တရား ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေ့အကြုံများကို ခေတ် လေးခေတ် ခွဲခြားလေ့လာနိုင်သည်။ လွတ်လပ်ရေးရပြီး ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်ထိ ဒီမိုကရေစီ အစိုးရများအုပ်ချုပ်ခဲ့သည့် ပါလီမန် ဒီမိုကရေစီခေတ်၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ တော်လှန်ရေးကောင်စီခေတ်၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီအစိုးရခေတ် နှင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ စစ်အစိုးရအုပ်ချုပ်သည့်ခေတ်ဟု ပိုင်းခြား လေ့လာနိုင်သည်။ ထိုကာလများအတွင်း ပြောင်းလဲမှုအများအပြားရှိခဲ့သော်လည်း၊ အုပ်ချုပ်ရေးစနစ် အများအပြားသည်လည်း ဆက်လက်ရှင်သန်ခဲ့ သည်။ ဥပမာဆိုရလျှင် အမြဲတမ်း အတွင်းဝန်ရာထူးနေရာကို ၁၉၇၂ခုနှစ်ရောက်မှသာ ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

### ပုံစံကွက် - ၃ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ(အုပ်ချုပ်ရေး ယန္တရား) ပြုပြင်ပြောင်းလဲရေး သမိုင်းမှ လေ့လာသင်ယူခြင်း

ပြည်သူ့ရေးရာကဏ္ဍတွင် ၁၉၄၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှု အများအပြားသည် ယနေ့တိုင်အောင် သက်ဆိုင် ဆီလျော်မှု ရှိနေဆဲဖြစ်သည်။ ၎င်းတို့မှာ ထိရောက်သော နိုင်ငံတော် အဖွဲ့အစည်းများကို မည်သို့ ဖွဲ့စည်းတည်ထောင်ရမည်၊ နေပြည်တော် မှသည် မြို့နယ်အဆင့်သို့ ဆုံးဖြတ်ခွင့်အာဏာများ မည်သို့ ခွဲဝေပေးရမည်၊ မည်သည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတာဝန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ခွဲဝေပေးသင့်သနည်း၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကို မည်သို့ စီမံခန့်ခွဲသင့်သနည်း၊ စသည်ဖြင့်ဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းကို လေ့လာကြည့်မည်ဆိုလျှင်၊ အောက်ပါအတွေ့အကြုံများမှ ကျွန်ုပ်တို့ အများအပြား လေ့လာသင် ယူနိုင်မည် ဖြစ်သည်။

- ၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်ထိ အမြဲတမ်း အတွင်းဝန်များဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ဝန်ထမ်း အတွင်းဝန်ချုပ်ရုံး
- ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ တည်ရှိခဲ့သည့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်နယ်အစိုးရများ

- ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ထိ တည်ရှိခဲ့သည့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း ဘုတ်အဖွဲ့များ
- ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်အာဏာကို အောက်ခြေအဆင့်ဆင့်သို့ ခွဲဝေပေးခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများ
- ပြည်သူ့ဝန်ထမ်း ကော်မရှင်မှသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖြစ်သို့ ၁၉၄၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အသွင်ကူးပြောင်းမှု

မြန်မာနိုင်ငံသမိုင်းမှ ရရှိခဲ့သည့် ဝမ်းနည်းကြေကွဲဖွယ် သင်ခန်းစာတစ်ခုမှာ နှစ်ပေါင်း ၆၀ ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်သည် မြန်မာ့လူ့အဖွဲ့အစည်းနှင့် စီးပွားရေးအပေါ် ကြီးမားသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေခဲ့သည်ဆိုသည့် အချက်ဖြစ်သည်။ မြန်မာနိုင်ငံ သည် ၂၀ ရာစုကို အာရှတိုက်တွင် အချမ်းသာဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် ဝင်ရောက်ခဲ့သော်လည်း၊ ၂၁ရာစုတွင်မူ အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံအနေဖြင့် ဝင်ရောက်ခဲ့ရပါသည်။ အဖန်တလဲလဲ ဖြစ်ပွားနေသည့် ပဋိပက္ခများသည် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ ကဏ္ဍအုပ်ချုပ်ရေးယန္တရား ကို ပုံစံမမှန်ဖြစ်စေခဲ့ပြီး၊ အာဏာရှင်အစိုးရများကိုလည်း ပေါ်ထွန်းလာစေခဲ့ပါသည်။

ထိုအကြောင်းများကြောင့် အာဏာရှင်စနစ်မှ ဒီမိုကရေစီနည်းလမ်းများအတိုင်း ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်စီမံမှုသို့ အောင်မြင်စွာ အသွင်ကူးပြောင်းရန် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး သဘောတူညီချက်သည် မရှိမဖြစ်လိုအပ်ချက်တခုအဖြစ် ကျွန်ုပ်တို့ လက်ခံယုံကြည်ထားပါသည်။ တချိန်တည်းမှာပင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် အစိုးရအပေါ် ပြည်သူများ ထားရှိသော ယုံကြည်မှုကို ပြန်လည်ရရှိစေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော်၊ နိုင်ငံအတွင်းရှိ စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး များနှင့် ဗမာလူမျိုးများနှင့် အခြားတိုင်းရင်းသားများနှင့် ဘာသာဝင်များအကြား ဆက်ဆံရေးများကိုလည်း ပြောင်းလဲစေနိုင် သောကြောင့်ဖြစ်ပါသည်။

## မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရန် ရွေးချယ်နိုင်သည့် နည်းလမ်းများ

မြန်မာ့သမိုင်းနှင့် မကြာသေးမီက ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံမှ သင်ခန်းစာများကို အခြေခံပြီး ပြည်သူ့ရေးရာကဏ္ဍ ပြုပြင် ပြောင်းလဲရေးအတွက် ရွေးချယ်နိုင်သည့်နည်းလမ်းများကို ဖော်ပြသည့် ဇယားတစ်ခု (ဇယား ၂)ကို ရေးဆွဲခဲ့ပါသည်။ ယခုတင်ပြ ထားသည့် ရွေးချယ်စရာများကို အနာဂတ်တွင် အသုံးပြုနိုင်သည့် ပြည့်စုံသည့် အစီအစဉ်တစ်ရပ်အနေဖြင့် ဖော်ပြထားခြင်းမျိုး မဟုတ်ပါ။ ပြီးပြည့်စုံသည့် အစီအစဉ်တစ်ခုဖြစ်လာစေရန်အတွက် ထပ်မံလုပ်ဆောင်စရာများစွာနှင့် အချိန်ပေးရန် လိုအပ်ပါ သေးသည်။ အချို့သော ပြုပြင်ပြောင်းလဲမှုများမှာ အရေးတကြီးလိုအပ်လျက်ရှိပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သင့် သည်ဟု လက်တွေ့ကျကျလည်း ရှုမြင်ကြည့်လိုပါသည်။ ထိုကဲ့သို့ ချက်ချင်းကိုင်တွယ်ဖြေရှင်းနိုင်သည့် အရေးကြီးပြဿနာများကို မီးမောင်းထိုးပြပေးထားခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကို အချိန်နှင့်အမျှ နက်နဲစွာ ချဲ့ထွင်လုပ်ကိုင်သွားနိုင်ပါသည်။

နောက်ဆုံးအနေဖြင့် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှု ဟူသည့်ကိစ္စရပ်ကို ဆက်လက် ဆွေးနွေးမည်ဖြစ်ပါသည်။ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံရှိ ပြည်သူများအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စတစ်ရပ်ဖြစ်သည်ဟု ကျွန်ုပ်တို့အနေဖြင့် အလေးအနက် ယုံကြည်ပါသည်။ မြန်မာနိုင်ငံရှိ ဆက်စပ်ပတ်သက်နေသူများဖြစ်သည့် အစိုးရ၊ လွှတ်တော်၊ နိုင်ငံ ရေးပါတီများ၊ သတင်းမီဒီယာ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် စတင်နေပြီဖြစ်သည့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်း လဲရေးနှင့်ပတ်သက်သည့် ဆွေးနွေးမှုကို ဆက်လက်လုပ်ဆောင်ရာ၌ ယခုစာတမ်းသည် အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါသည်။ အလားတူပင် နိုင်ငံတကာဖွံ့ဖြိုးရေး အသိုင်းအဝိုင်းအနေဖြင့်လည်း ကျွန်ုပ်တို့၏ သုတေသန တွေ့ရှိချက်များသည် စီမံကိန်းများစဉ်းစားရန်အတွက် အသုံးဝင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

ဇယား - ၂   မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ရွေးချယ်စရာ နည်းလမ်းများ

| # | ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေး | အကြောင်းပြချက် | နမူနာ(လုပ်ဆောင်ချက်)များ |
|---|---|---|---|
| ၁ | အစိုးရ၏ ဗဟိုချက်ကို အားကောင်းလာစေရန် လုပ်ဆောင်ပေးခြင်း | ခေါင်းဆောင်ကောင်းများ၏ဦးဆောင်မှုသည် ပြုပြင်ပြောင်းလဲမှု အောင်မြင်ရေးအတွက် လိုအပ်ပါသည်။ သမ္မတရုံးသည် နိုင်ငံရေးဆိုင်ရာ ဦးဆောင်မှု၊ မဟာဗျူဟာလမ်းညွှန် ချက်၊ မူဝါဒ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့ ဆက်ဆံရေးနှင့် အစိုးရတစ်ခုလုံးတွင် ပြုပြင်ပြောင်းလဲရေးကို ခြေရာခံခြင်းတို့ကို ပြုလုပ်ပါသည်။ | သမ္မတရုံးတွင် ပြုပြင်ပြောင်းလဲမှု မူဝါဒဌာနတစ်ခုကို တည်ထောင်ပြီး ပြည်သူ့ဝန်ထမ်းများ၏ မူဝါဒပိုင်း ဆိုင်ရာ စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ပေးရန်။<br><br>ပြုပြင်ပြောင်းလဲရေး၏ တိုးတက်မှုဖြစ် စဉ်ကို ပြည်သူလူထုအနေဖြင့် သတင်းအချက်အလက်များပိုမိုရရှိစေရန် သမ္မတရုံး၏ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကို ချဲ့ထွင်ရန်။ |
| ၂ | ပြည်သူ့ဘဏ္ဍာဆိုင်ရာအရေးကိစ္စများ ပြုပြင်ပြောင်းလဲရေး ဆက်လက်ဖြစ်ပေါ်စေခြင်း | အစိုးရသည် ပြည်သူ့ဘဏ္ဍာဆိုင်ရာအရေးကိစ္စများကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊ အလိုအပ်ဆုံးနေရာများသို့ ငွေကြေးဖြည့်ဆည်းပေးခြင်း နှင့် အခွန်ကောက်ခံမှုကို တိုးတက်စေခြင်းတို့ဖြင့် လျင်မြန်စွာအောင်မြင်မှုကို ဖြစ်ထွန်းစေနိုင်ပါသည်။ | ဘတ်ဂျက်လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်စေခြင်း ဖြင့် လွှတ်တော်နှင့် ပြည်သူလူထုသည် သတင်းအချက်အလက်များ ရရှိနိုင်ပြီး ပြည်သူ့ဘဏ္ဍာငွေနှင့် အသုံးစရိတ်များအပေါ်တွင် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်စေသည်။<br><br>ရသုံးမှန်းခြေငွေစာရင်းများ(ဘတ်ဂျက်များ) နှင့်ပတ်သက်သည့် မူဝါဒဦးတည်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအား ချမှတ်ပေး ခြင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။ |
| ၃ | ကျွမ်းကျင်တတ်မြောက်သည့် ပြည်သူ့ဝန်ထမ်းများဖြစ်လာအောင် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း | တိုင်းရင်းသားမျိုးစုံနှင့် ကိုးကွယ်သည့် ဘာသာပေါင်းစုံကို ကိုယ်စားပြုသည့် ခေတ်မီ၊ ကျွမ်းကျင်တတ်မြောက်ပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့သည် အစိုးရတစ်ရပ်အတွက် လူထုယုံကြည်မှုပြန်လည်ရရှိနိုင်စေရန် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်။ | အရည်အချင်းအပေါ်အခြေခံပြီး အလုပ်ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ပေးသည့်အလေ့အကျင့်များ တိုးတက်ကျင့်သုံးလာခြင်းဖြင့် မြန်မာနိုင်ငံသားများအားလုံးကို နိုင်ငံ့ဝန်ထမ်း ရာထူးများအတွက် လမ်းဖွင့်ပေးရန်။<br>ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဒီမိုကရေစီတန်ဖိုးထားမှုများကို ထင်ဟပ်စေပြီး တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးသည့် သင်တန်းများကို ပြည်သူ့ဝန်ထမ်းများအား ပို့ချပေးရန်။<br><br>နိုင်ငံ့ဝန်ထမ်းများ၏လစာများနှင့် ရာထူးအဆင့် သတ်မှတ်ချက်များကို ပြန်လည် သုံးသပ်ရန်။ |

| | | | |
|---|---|---|---|
| ၄ | ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများကို ပေါင်းစည်းပေးခြင်း။ | ထိရောက်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများကို ဖွဲ့စည်း တည်ထောင်ခြင်းသည် ထိရောက်မှုရှိပြီး လိုအပ်ချက်များကို တုံ့ပြန်ပေးသည့် အုပ်ချုပ်မှုစနစ်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးဖြေရှင်းမှုဖြစ်ထွန်းစေ ရန် အရေးကြီးသည့် လုပ်ဆောင်ချက်တစ်ခုဖြစ် သည်။ | ပညာရေးကဲ့သို့သော ကဏ္ဍများတွင် ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်ပြီး အချိန်နှင့်တပြေးညီ အလျင်အမြန်အကောင်အထည်ဖေါ်နိုင်ရန် သမ္မတရုံးတွင် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်။<br><br>လွှတ်တော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ကော်မတီအနေဖြင့် ထည့်သွင်းစဉ်းစားနိုင်ရန် ဗဟိုတစ်နှင့် နှစ်ပြင်ဆင်သည့်မူကြမ်းကို ရေးဆွဲရန် |
| ၅ | ဝန်ဆောင်မှုလုပ်ငန်းများကို ကောင်းမွန်အောင်ပြုလုပ်ခြင်း | အစိုးရအနေဖြင့်ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သည်ဆိုရာတွင် ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် သန့်ရှင်းရေး၊ ဆည်မြောင်းနှင့် လမ်းများကဲ့သောကဏ္ဍများရှိ ပြည်သူ့ဝန်ဆောင်မှုများအား ယခုထက်ပိုမိုကောင်းမွန်အောင်လုပ်ပေးနိုင်သည်ဟု သက်သေပြနိုင်ရန် လိုအပ်ပါသည်။ | နိုင်ငံသားများအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးအဆင့်တွင် မကျေနပ်ချက်များအား အများပြည်သူအားလုံးတိုင်ကြားနိုင်သည့်စနစ်တစ်ခုကို မိတ်ဆက်ပေးရန်။<br><br>ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှုကို ဝန်ကြီးအဖွဲ့အနေဖြင့် စောင့်ကြပ်ကြည့်ရှုနိုင်သည့် အခြေခံလုပ်ဆောင်ချက်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိနိုင်သည့်စနစ်တစ်ခုကို ဖန်တီးပေးထားရန် |
| ၆ | သန့်ရှင်းသောအစိုးရတစ်ခုကို ပံ့ပိုးကူညီပေးခြင်း | နေရာတိုင်းတွင် ဖြစ်နေသည့် အကျင့်ပျက်ခြစားမှုများကို ကျော်လွှားတိုက်ဖျက်နိုင်ခြင်းက ပြည်သူလူထု ၏အစိုးရအပေါ်ယုံကြည်မှုနှင့် ဝန်ဆောင်မှု တိုးတက်ကောင်းမွန်လာစေရန်အတွက် အထောက်အကူဖြစ်စေပါသည်။ | အကျင့်ပျက်ခြစားမှုနှင့် အခွန်ရှောင်ရန်ကြိုးပမ်းမှုများအားလုံးကို ဖယ်ရှားနိုင်ရန်အတွက် အခွန်စည်းကြပ်မှုအလေ့အကျင့်များ ကျင့်သုံးရန်<br><br>အပြိုင်အဆိုင်စနစ်ဖြင့် ဝယ်ယူသည့်၊ လုပ်ကိုင်သည့် အလေ့အကျင့်များကို ဝန်ကြီးဌာနများတွင် ကျင့်သုံးခြင်းဖြင့် အလေ့အလွင့်များကို လျှော့ကျစေရန် |
| ၇ | နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်း | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေပါသည်။ | ပိုမိုထိရောက်ပြီး တာဝန်ခံမှုရှိလာစေရန်အတွက် ရေနံနှင့် ဓါတ်ငွေ့ ကဏ္ဍ၊ စစ်တပ် မှ ထိန်းချုပ်ထားသည့် ကုမ္ပဏီများအပါ အဝင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများတွင် ကော်ပိုရေးရှင်းများတွင်ကျင့်သုံးသည့် အုပ်ချုပ်စီမံမှုအလေ့အကျင့် (Corporate Governance) များတိုးတက် ပြောင်းလဲကျင့်သုံးရန်။ |

## မိတ်ဆက်

၂၀၁၃ ခုနှစ် ဇူလိုင်လက သမ္မတဦးသိန်းစိန်သည် မိမိတိုင်းပြည် အနာဂတ်အတွက် သမိုင်းဝင်မိန့်ခွန်းတစ်ရပ်ကို စိတ်အားထက်သန်နေသောနိုင်ငံတကာပရိသတ်များအား ချတ်ဟမ်ဟောက်စ်တွင် ပြောကြားပေးရန် လန်ဒန်မြို့သို့ သွားရောက်ခဲ့ပါသည်။ ဤမိန့်ခွန်းသည် စောင့်ကြည့်လေ့လာနေသူ ပရိသတ်များကို စိတ်မပျက်စေခဲ့ပါ။

'မြန်မာနိုင်ငံသမိုင်းမှာ အလွန်အရေးပါတဲ့ကာလ တစ်ခုကို ရောက်နေတယ်လို့ ပြောကြားလိုပါတယ်။ ယနေ့ခေတ်မှာ နှိုင်းယှဉ်စရာမရှိဘူးလို့ ကျွန်တော်ယုံကြည်တဲ့ ပြုပြင်ပြောင်းလဲရေးတစ်ခုရဲ့လမ်းပေါ်မှာ ကျွန်တော်တို့ သွားနေပါတယ်။ ရာစုနှစ်တဝက်ကြာ စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့တဲ့ အခြေအနေကနေ ဒီမိုကရေစီစနစ်ကို ပြောင်းလဲတယ်ဆိုတာ ထက်မလျော့တဲ့ အခြေအနေ တစ်ခုကို ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုကို ဘယ်လိုနည်းနဲ့မှ အပျက်မခံနိုင်ပါဘူး။' ဟု သမ္မတက ပြောကြားခဲ့ပါသည်။

ကမ္ဘာ့သမိုင်းတွင် မည်သည့်အချိန်ကမှမပေါ်ပေါက်ဖူးသည့် နှိုင်းယှဉ်ဖော်ပြစရာမရှိသည့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သော ကြီးမားကျယ်ပြောလှသည့် ရည်မှန်းချက်အပေါ် လွတ်လပ်သည့် စောင့်ကြည့်လေ့လာသူများ အနေဖြင့်လည်း အံ့အားသင့်ခဲ့ကြရပါသည်။ မြန်မာနိုင်ငံတွင် ယခုလက်ရှိအချိန်အထိ လုပ်ကိုင်ဆောင်ရွက်ပြီးသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှာ ကျယ်ကျယ်ပြန့်ပြန့်နှင့် အထင်ကြီးစရာကောင်းပါသည်။ ၂၀၁၅ ခုနှစ် ဒီမိုကရေစီ ရွေးကောက်ပွဲများအပါအဝင် များစွာသော ကတိကဝတ်များကလည်း မျှော်လင့်ချက်များကို ပို၍ ဖြစ်ထွန်းစေခဲ့ပါသည်။

ယခင်စစ်အစိုးရလက်ထက်ကကျင့်သုံးခဲ့သည့် ဖိနှိပ်ချုပ်ချယ်မှုများသည့် မူဝါဒများကို ပြင်ဆင်ပြောင်းလဲခဲ့ပြီး နိုင်ငံရေး အကျဉ်းသားထောင်ပေါင်းများစွာကိုလည်း လွှတ်ပေးခဲ့သည်။ သတင်းမီဒီယာနှင့် အင်တာနက် အသုံးပြုမှုအပေါ် တင်းကြပ်မှုများ ဖြေလျှော့ပေးခဲ့ယုံသာမက၊ ဆန္ဒထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့် များကိုပါခွင့်ပြုပေးပါသည်။ ပြည်ပတွင် ထွက်ပြေးတိမ်းရှောင်နေခဲ့သည့် နိုင်ငံရေးသမားများအားလည်း မြန်မာနိုင်ငံကို ပြန်လာရန် ဖိတ်ခေါ်ခဲ့ပြီး၊ အစိုးရအပေါ် ယခင်က ဆန့်ကျင်ဝေဖန်ခဲ့သူများမှာလည်း ယခုအခါ လူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များအဖြစ် လုပ်ကိုင်နေကြပါသည်။ ယင်းဥပဒေများနှင့် မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ထွက်ရှိလာသည့် အောင်မြင်မှုရလဒ်များမှာ ရောထွေးနေသော်လည်း ဒေသတွင်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ လျင်မြန်မှုနှင့် အတိုင်းအတာကို သတိပြုကြရန် အရေးကြီးပါသည်။

အဓိက အတိုက်အခံပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၁၀ ခုနှစ်တွင် နေအိမ်အကျယ်ချုပ်ထားရာမှ လွှတ်ပေးခဲ့ပါသည်။ ယခင် ရွေးကောက်ပွဲဆိုင်ရာဥပဒေများအရ ပြစ်ဒဏ်ကျခံခဲ့ဖူးသည့် ပါတီဝင်များအား ရွေးကောက်ပွဲဝင်ရောက်မှုကို ပိတ်ပင်တားမြစ်ထားခြင်းအား ပယ်ဖျက်ပေးခဲ့ပြီး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား နိုင်ငံရေးပါတီတစ်ခုအဖြစ် ပြန်လည်မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီလ လွှတ်တော်ကြားဖြတ် ရွေးကောက်ပွဲများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၄ နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၄၃ နေရာတွင်အနိုင်ရခဲ့ပါ သည်။

သမ္မတဦးသိန်းစိန်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း ကြိုးစားအားထုတ်မှု များစွာပြုလုပ်ခဲ့ပါသည်။ ၂၀၁၃ခုနှစ် ဩဂုတ်လအထိ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ အစိုးရအား တော်လှန်ခဲ့သည့် လက်နက်ကိုင်အဖွဲ့အစည်း ၁၄ဖွဲ့နှင့် အောင်မြင်စွာ အပစ်အခတ်ရပ်စဲနိုင်ခဲ့ပါသည်။ ၂၀၁၅ခုနှစ် မတ်လတွင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်သားကိုယ်စားလှယ်များအားလုံးပါဝင်သည့် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မူကြမ်းအပေါ် ယာယီသဘောတူညီလက်ခံမှုရရှိခဲ့ပါသည်။ နောက်ဆုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်မထိုးနိုင်သေးသော်ငြားလည်း၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မူကြမ်းအပေါ် ယာယီသဘောတူညီမှုရရှိခဲ့ခြင်းသည် ထင်ရှားသည့် အောင်မြင်မှု တစ်ရပ်ဖြစ်ပြီး အရေးတကြီးလိုအပ်နေသည့် နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်မြောက်လာစေရန်အတွက် လမ်းခင်းပေးနိုင်မည်ဟုလည်း မျှော်လင့်မိပါသည်။

စီးပွားရေးနယ်ပယ်တွင်လည်း ငွေလဲစနစ်ကို တည်ငြိမ်အောင် ထိန်းညှိနိုင်ခဲ့ပြီး နိုင်ငံတကာကြွေးမြီများကိုလည်း ပြန်လည် ညှိနှိုင်းခဲ့ပါသည်။ စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့် မူဝါဒများကိုလည်း လျှော့ချပေးခဲ့ပါသည်။ ဆက်သွယ်ရေးကဏ္ဍများတွင်လည်း ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ တစ်ဦးတည်းချုပ်ကိုင် လုပ်ဆောင်ထားခြင်းကို ပြုပြင်ပြောင်းလဲခဲ့ပါသည်။ နိုင်ငံတကာမှ တင်ဒါများခေါ်ယူခဲ့ပြီး၊ ယခုအခါ နော်ဝေးနိုင်ငံမှ တယ်လီနောနှင့် ကာတာနိုင်ငံအခြေစိုက် အော်ရီဒူးတို့သည် ဈေးပြိုင်စနစ်ဖြင့် မိုဘိုင်းဖုန်း ဝန်ဆောင်မှုများအား ပြည်သူလူထုအား ပေးနေပြီဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အကုန်အကျများကို လျှော့ချပေးနိုင်ပြီး လူများစွာကို သတင်း

အချက်အလက်များ ပိုမိုရရှိလာစေနိုင်ရန် ဆောင်ကျဉ်းပေးနိုင်ခဲ့ပါသည်။

ထိုပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတကာစောင့်ကြည့်သူများအတွက် အထင်ကြီးစရာဖြစ်သော်လည်း အစိုးရကို စောင့်ကြည့်ဝေဖန်ကြသူများကမူ အမှတ်မပေးလိုလှချေ။ ထိုသို့သံသယဖြစ်ကြသည့် အကြောင်းရင်းအမျိုးမျိုးရှိကြပါသည်။ သို့သော် မယုံကြည်မှု၏ အခြေခံအကြောင်းရင်းတစ်ခုမှာ အဓိကကျသည့် ဝန်ကြီးဌာနသုံးခုဖြစ်သည့် (ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ)တို့ကို တပ်မတော် (မြန်မာ့တပ်မတော်) မှ တိုက်ရိုက် ထိန်းချုပ်ထားဆဲ ဖြစ်နေခြင်းနှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လွှတ်တော်နေရာ၏ ၂၅%ကို ရယူထားသဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးတို့တွင် ထိရောက်သည့် ဗီတိုအာဏာ သုံးနိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရာတွင် ရောထွေးသည့်ရလဒ်များ ဖြစ်နေရခြင်းမှာလည်း ပြည်သူလူထုအနေဖြင့် စိတ်ကျေနပ်မှု မရှိခြင်းကြောင့်ဖြစ်ပါသည်။

အပြုသဘောဘက်မှကြည့်မည်ဆိုလျှင်၊ ပြုပြင်ပြောင်းလဲမှုများမှာ `အစစ်အမှန်လား'၊ `အတုအယောင်လား' ဆိုသည်နှင့်ပတ်သက်ပြီး ကွဲပြားခြားနားလွန်းနိုင်သည့် အမြင်အမျိုးမျိုးကို အမျိုးသား သတင်းမီဒီယာတစ်ခုတွင် ပွင့်လင်းစွာ ငြင်းခုန်ဆွေးနွေးလာခဲ့ခြင်းမျိုးကို လွန်ခဲ့သည့် ၃နှစ်ခန့်က စဉ်းစားတွေးတောရှုပင် ရခဲ့မည်မဟုတ်ပါ။ (တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် ငြင်းခုန်ခဲ့ကြသည့် လူထုစကားရည်လုပွဲ နမူနာတစ်ခုကို ပုံစံကွက် - ၄ တွင်ကြည့်ပါ။)

**ပုံစံကွက် - ၄ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများမှာ `အစစ်အမှန်လား`၊ `အတုအယောင်လား` ဆိုသည့် ခေါင်းစဉ်ဖြင့် (ဒီဗွီဘီ) ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သည့် စကားရည်လုပွဲ**

၂၀၁၄ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံတွင် လူအများ ဆွေးနွေးငြင်းခုန်မှုအများဆုံး မေးခွန်းများအနက် တစ်ခုဖြစ်သည့် `မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ဘယ်လောက်စစ်မှန်၊ မှန်ကန်သလဲ။`ဆိုသည့် ခေါင်းစဉ်ဖြင့် နှစ်ပေါင်းများစွာ ပြည်ပတွင်အခြေစိုက်ပြီး မြန်မာနိုင်ငံ သတင်းများကို လွှင့်ထုတ်ပေးနေခဲ့သည့် မီဒီယာအဖွဲ့အစည်း ဖြစ်သည့် ဒီမိုကရက်တစ်မြန်မာ့အသံမှ စကားရည်လုပွဲတစ်ခုကို နိုင်ငံတဝှမ်းလုံးသို့ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါသည်။

သမ္မတရုံးမှ ဦးဇော်ဌေးနှင့် မြန်မာဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုအဖွဲ့မှ ဦးတင်မောင်သန်း တို့သည် ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှာ စစ်မှန်မှုရှိပြီး၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်သည့် အလားအလာရှိကြောင်း အဆိုတင်သွင်း ပြောဆိုကြပါသည်။ အခြားတစ်ဘက်တွင် အမျိုးသားလွှတ်တော်မှ ဦးအောင်ကြည်ညွန့်နှင့် ဦးဖေသန်းတို့မှ ပြုပြင် ပြောင်းလဲမှုများမှာ ခရီးမတွင်လှဘဲ၊ ပုဒ်မ ၄၃၆က ပိတ်ဆို့ထားကြောင်း၊ တပ်မတော်သားများအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကို ဗီတို အာဏာပေးထားကြောင်း ပြန်လည် ချေပပြောဆိုကြပါသည်။

ဦးဇော်ဌေးက အစိုးရပြုပြင်ပြောင်းမှုမှ `မြန်မာနွေဦး`ကို ဖြစ်စေခဲ့ကြောင်းနှင့် ဈေးကွက်စီးပွားရေး ပြုပြင်ပြောင်းလဲမှုမှ အသီးအပွင့်များ စတင်သီးပွင့်နေပြီဖြစ်ကြောင်း မြန်မာအစိုးရကို စီးပွားရေးပိတ်ဆို့မှုများ အဆုံးသတ်ခဲ့ပြီး၊ နိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းမှ ကင်းကွာဖယ်ကြဉ်ခံရခြင်းမျိုး မရှိတော့ချေ။`ဟုပြောကြားပြီး စကားရည်လုပွဲကို ဖွင့်လှစ်ခဲ့ပါသည်။

ထိုအပြုသဘောအမြင်အပေါ် ဦးဖေသန်းမှ ပြုပြင်ပြောင်းလဲမှုများက သာမန်ပြည်သူလူထုအပေါ် မည်သို့အကျိုးသက်ရောက်စေသနည်းဟု ပြန်လည် ချေပမေးမြန်းခဲ့သည်။ လယ်သမားများ၊ အလုပ်သမားများ၏ ဘဝအခြေအနေများ တိုးတက်မှုမရှိဟုလည်း ဆိုပါသည်။ `အကယ်၍ ပြုပြင်ပြောင်းလဲမှုဟုဆိုလျှင်၊ အစမှာဘဲရှိနေသေးပါတယ်။ လူတွေဟာ ဆင်းရဲနေကြသေးတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုမြန်မြန် ပြောင်းလဲဖို့လိုတယ်`လို့လည်း ဦးအောင်ကြည်ညွန့်က ထောက်ခံပြောကြားခဲ့သည်။

ဦးတင်မောင်သန်းက ပြောင်းလဲခြင်း၏ လျင်မြန်မှုနဲ့ပတ်သက်ပြီး ပြည်သူတွေအနေနဲ့ ပိုပြီးလက်တွေ့ကျကျ စဉ်းစားစေလိုကြောင်း ပြောကြားခဲ့ပါသည်။ နိုင်ငံတကာပညာရှင်များကမူ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုသည် တိုင်းပြည်မှာရှိသည့် စွမ်းရည်ထက် ပိုပြီးလျင်မြန်၊ မြန်ဆန်လွန်းနေသည်ဟု ပြောဆိုကြကြောင်း ပြန်လည်ပြောဆိုပါသည်။ ငြိမ်းချမ်းရေး ဖြစ်စဉ်ကဲ့သို့သော ကြီးမားသည့် အပြောင်းအလဲများမှာ အချိန်ယူရပါမည်ဟုဆိုသည်။

ဦးအောင်ကြည်ညွန့်က အခြားနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လည်း တောင်းဆိုခဲ့ပါသည်။ သူက ပြုပြင်ပြောင်းလဲမှုများကို တပ်မတော်အား ဟန့်တားခွင့်ပြုထားသည့် ပုဒ်မ ၄၃၆ကိုလည်း ဝေဖန်ပြောဆိုပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ဖက်ဒရယ်ဝါဒကို ရောက်ရှိရန် အလှမ်းကွာဝေးနေသေးကြောင်းလည်း သူကပြောဆိုပါသည်။ ဦးဖေသန်းက ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဝန်ကြီးချုပ်များကို သမ္မတမှ တိုက်ရိုက်ခန့်ထားခြင်းအား မေးခွန်းထုတ်၍ (ဦးအောင်ကြည်ညွန့်အဆိုကို) ထောက်ခံပြောဆိုပါသည်။ `ရခိုင်ပါတီအနိုင်ရပေမဲ့ ဝန်ကြီးချုပ်ခန့်တဲ့အခါကျတော့ ရခိုင်ပါတီကမဟုတ်ဘဲ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဖြစ်နေပါတယ်` ဟုလည်း သူက ပြောကြားပါသည်။

`ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုက ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရများ၊ လွှတ်တော်များနဲ့ ဖက်ဒရယ်စနစ် တစ်မျိုးပေးထားပြီးသားပါဘဲ။`ဟု ဦးဇော်ဌေးမှ ယင်းဝေဖန်ဆွေးနွေးချက်များကို ပြန်လည်ချေပပြောကြားပါသည်။ ပြဿနာမှာ ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏

လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေချမှတ်ပေးသည့် ဇယား (၁) နှင့် (၂) ပင်ဖြစ်ကြောင်းနှင့် တပ်မတော်အနေဖြင့်လည်း အဖွဲ့အစည်းအတွင်း ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပါသည်။

ဦးဖေသန်းက `မြေပုံပေါင်းများကို သုံးပြီးတော့ လယ်သမားတွေ နှစ်ချီထွန်ယက် စိုက်ပျိုးလုပ်ကိုင်နေပြီးတဲ့မြေတွေကို `မြေလွတ်၊မြေရိုင်း` တွေပါ ဆိုပြီး စီးပွားရေးလုပ်ငန်းတွေကိုချပေးတယ်။`ဟု မြေယာသိမ်းဆည်းမှု ပြဿနာကြီးမားပုံကို ထောက်ပြပြော ဆိုပါသည်။ ဦးဇော်ဌေးက ပြဿနာကို အသိအမှတ်ပြုပြောဆိုပြီး အစိုးရအနေဖြင့် မြေအသုံးချမှု မူဝါဒအသစ်တစ်ခုကို ချမှတ်ပြီး ယင်းကဲ့သို့သော မတရားမှုများကို အဆုံးသတ်နိုင်စေရန် လုပ်ကိုင်လျက် ရှိကြောင်းလည်း ပြောပြပါသည်။

ဦးဇော်ဌေးက `ကျွန်တော်တို့နဲ့ ခင်ဗျားတို့`ဟု အမြဲတမ်းတွေးတောနေတတ်ကျင့်ကို ကျော်လွန်ဖြတ်သန်းစဉ်းစားပေးကြပါရန် လေးလေးနက်နက် ပန်ကြားပြောဆိုခဲ့ပါသည်။ အစိုးရသည် အမျိုးသားပညာရေးဥပဒေ မူကြမ်းအပေါ် ကန့်ကွက်ဆန္ဒပြနေသည့် ကျောင်းသားများနှင့် ပွင့်လင်းစွာ ဆွေးနွေးရန် ရွေးချယ်ခဲ့ကြပါသည်။ ယခင်အစိုးရလက်ထက်တွင် ထိုကဲ့သို့လုပ်ရပ်မျိုး လုပ်ကိုင်မည် မဟုတ်သည်ကို ပြည်သူများအနေဖြင့် သိရှိပြီး ဖြစ်ကြောင်းနှင့် ယင်းအချက်က အစိုးရ၏ ချဉ်းကပ်လုပ်ကိုင်ပုံများ မည်မျှပြောင်းလဲခဲ့ပြီ ဆိုသည်ကိုလည်း ညွှန်ပြနေကြောင်း ပြောဆိုခဲ့ပါ သည်။

ကိုးကား - ဒီမိုကရက်တစ်မြန်မာ့အသံမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်လွှင့်ချက်မှ

မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး အမြင်ယူဆချက်အပေါ်တွင် အရေးကြီးသည့် အမျိုးသားရေး ကိစ္စရပ်များအပေါ် သဘောထားရပ်တည်ချက်က သြဇာလွှမ်းမိုးနိုင်ပါသည်။ ပြုပြင်ပြောင်းလဲမှုများကို အတုအယောင်ဟု ယုံကြည်ကြသူများသည် တပ်မတော်အနေဖြင့် နိုင်ငံရေးမှမစွန့်ခွာသွားဘဲ၊ ထင်ရှားသိသာသည့် ပြုပြင်ပြောင်းလဲမှု ဖြစ်လာလိမ့်မည်မဟုတ်ဟုလည်း ယုံကြည်ကြပါသည်။ ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) ရှိ ပြဿနာအများစုမှာ နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးဘဝတွင် တပ်မတော်၏ လွှမ်းမိုးမှုမှ မြစ်ဖျားခံသည်ဟုလည်း ယုံကြည်ကြပါသည်။ ဆန့်ကျင်ဘက်အနေဖြင့်မူ ပြုပြင် ပြောင်းလဲမှုများကို ယုံကြည်သက်ဝင်သူများက ၂၀၁၅ ရွေးကောက်ပွဲတွင် မည်သည့်ပါတီအနိုင်ရစေကာမူ၊ ပြည်သူ့ရေးရာကဏ္ဍ၏ ပြဿနာများအတွက် အဖြေရှာရန်လိုအပ်မည်ဟု အလေးအနက် ရှုမြင်ကြပါသည်။

မြန်မာနိုင်ငံတွင် လုပ်ဆောင်လျက်ရှိသည့်  ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး၏ နက်ရှိုင်းမှုနှင့် နိုင်ငံ၏ သမိုင်းအမွေကို ပြန်လည်ကြည့်လျှင် သဘောထားရှုထောင့် အမျိုးမျိုးရှိနေသည်မှာ အံ့သြစရာမကောင်းလှပါ။  မြန်မာနိုင်ငံအတွက် အရေးကြီးသည့် ဖြေရှင်းချက်များ ရရှိလာနိုင်စေရန် ဝိုင်းဝန်းအဖြေရှာ စဉ်းစားဆွေးနွေးသဘောတူညီမှုများ ရရှိနိုင်ရန်အတွက် အဟန့်အတား ဖြစ်စေသောကြောင့် နိုင်ငံရေး သဘောတရားဆိုင်ရာ အစွန်းရောက်မှုကို ကိုင်တွယ်ဖြေရှင်းကြရန်မှာလည်း အရေးတကြီး လိုအပ်လှပေသည်။

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်အချို့ကို စတင်ရန်၊ ထိုအရေးကြီးသည့် အကြောင်းအရာကို ဆွေးနွေးရာတွင် အားလုံးပါဝင်နိုင်သည့်အခြေအနေတစ်ခုကို ဖန်တီးရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ဖြစ်ပါသည်။ စာတမ်းသည် အာဏာရှင်စနစ်တစ်မျိုးမှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရာတွင် ပြည်သူ့ရေးရာကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုသည် မပါမဖြစ်အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်ကို ရှင်းပြရန်နှင့် လွှတ်တော်၊ သတင်းမီဒီယာနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို မည်သို့ရှေ့ဆက်လုပ်ဆောင်သွားကြမည် ဆိုသည်ကို ဆွေးနွေးမှု ပိုမိုများပြားလာနိုင်စေရေးအတွက် အထောက်အကူပေးနိုင်ရန် ကြိုးပမ်းထားပါသည်။

အခန်း - ၁ တွင် ၁၉၄၈ခုနှစ် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရလာချိန်မှစတင်ကာ ၂၀၁၁ ခုနှစ် လက်ရှိအုပ်ချုပ်ရေး၏ အစအထိ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) ပြုပြင်ပြောင်းလဲမှုသမိုင်းကို လေ့လာကြည့်ရှုပါသည်။ မကြာခဏဆိုသလိုပင် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများတွင် မိမိနိုင်ငံ၏ ပြည်သူ့ရေးရာအုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ကြွယ်ဝသည့်သမိုင်းကြောင်းကို လေ့လာခြင်းမပြုဘဲ၊ အာရှတိုက်နှင့် အခြားကမ္ဘာပေါ်ရှိ နိုင်ငံများမှ လိုက်လံ အဖြေရှာမိတတ်ကြပါသည်။ သမ္မတဦးသိန်းစိန်အစိုးရ ကြုံတွေ့ရသည့် ပြဿနာများစွာကို ၁၉၅၀ခုနှစ်များက ဝန်ကြီးချုပ်ဦးနုအစိုးရလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ၏ ခေတ်အဆက်ဆက် အဆင့်ဆင့် ပြောင်းလဲလာမှုနှင့် ပတ်သက်ပြီး သိရှိခြင်းက လက်ရှိစနစ်၏ အရေးကြီးသည့် သွင်ပြင်လက္ခဏာများကို နားလည်သဘောပေါက်ကာ၊ မြန်မာနိုင်ငံ၏ သီးခြားဆန်သည့် အခြေအနေအတွက် အထိရောက်ဆုံး အဖြေမျိုးလည်း ရလာစေနိုင်ပါသည်။

အခန်း - ၂ တွင် ယနေ့ခေတ် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) ကို ဆန်းစစ် လေ့လာထားပါသည်။ ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) ဆိုသည့် အဓိပ္ပါယ်ကိုရှင်းပြခြင်း၊ `ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ သင့်အတွက် မည်သို့အဓိပ္ပါယ်ဆောင်ပါသလဲ။` ဆိုသည့်မေးခွန်းအပေါ် မြန်မာနိုင်ငံသူ၊နိုင်ငံသားများစွာ၏ ဖြေကြားချက်များကို

အကျဉ်းချုပ်တင်ပြခြင်း၊ ပြည်သူ့ရေးရာအုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဖော်ပြထားချက်ကို ဆွေးနွေးတင်ပြခြင်း၊ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများနှင့် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍကို လေ့လာဆန်းစစ်ခြင်းနှင့် ပြည်သူ့ရေးရာမူဝါဒ၊ ပြည်သူ့ဘဏ္ဍာငွေနှင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့များကို မည်သို့စီမံခန့်ခွဲသည်ကို ကြည့်ရှုလေ့လာခြင်းတို့ ပါဝင်ပါသည်။

အခန်း - ၃ တွင် မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍကို ပြုပြင်ပြောင်းလဲရန် ဖိတ်ခေါ်ချက်များကို ကြည့်ရှုပါသည်။ သမ္မတ ဦးသိန်းစိန်က နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု ပထမနှင့် ဒုတိယလှိုင်းအသီးသီး၏ နောက်ဆက်တွဲအနေဖြင့်၊ ပြုပြင်ပြောင်း လဲမှုများ၏`တတိယလှိုင်း` အစိတ်အပိုင်းအဖြစ် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ကြရန် နှိုးဆော်ခဲ့ပါသည်။ အတိုက်အခံပါတီများ၊ တိုင်းရင်းသားလူနည်းစုများနှင့် တက်ကြွလှုပ်ရှားသည့်အုပ်စုများကလည်း ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ရေး အတွက် အကြိမ်ကြိမ် တိုက်တွန်းခဲ့ကြပါသည်။ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများက ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) စီမံခန့်ခွဲမှု၏ အရည်အသွေးကို လေ့လာဆန်းစစ်ခြင်း ဖြင့် ပြုပြင်ပြောင်းလဲမှုလိုအပ်ကြောင်းကို ပြသခဲ့ပါသည်။ ဤအခန်းတွင် နောက်(အာဏာရလာမည့်) အစိုးရအနေဖြင့် ဆက်လက်လုပ်ဆောင်နိုင်သည့် စတင်လုပ်ဆောင်ပြီးဖြစ်သည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်း အချို့ကို ဆွေးနွေးချက်ဖြင့် နိဂုံးချုပ် ထားပါသည်။

အခန်း - ၄ တွင် မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး တွေးတော စဉ်းစားရန်အတွက် မူဘောင်တစ်ခုကို တင်ပြပေးထားပါသည်။ အစိုးရနှင့် အတိုက်အခံနစ်ဘက်စလုံးသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် အောင်မြင်မှုရရှိသည်ကို တွေ့မြင်လိုကြသည်ဆိုသည့် အခြေခံအချက်ပေါ်မှ စတင်ထားပါသည်။ ဤအသွင်ကူးပြောင်းမှုကို အထောက်အကူဖြစ်စေနိုင်သည့် ပြည်သူ့ရေးရာကဏ္ဍအတွက် ဦးစားပေး လုပ်ဆောင်နိုင်သည့် ကိစ္စရပ် အချို့ကိုလည်း ဆွေးနွေးတင်ပြထားပါသည်။ နှိုင်းယှဉ်နိုင်ရန်အတွက် အရှေ့အာရှနှင့် ကမ္ဘာ့အဝှမ်း နိုင်ငံအချို့မှ ပြုပြင်ပြောင်း လဲရေးနှင့် ပတ်သက်၍ စိတ်ဝင်စားစရာကောင်းပြီး ဆီလျော်မှုရှိသည့် နမူနာများကိုလည်း တင်ပြပေးထားပါသည်။

ယခုစာတမ်းကို ရေးသားရာတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို စိတ်ဝင်စားမှုဖြင့် မြန်မာပြည်သူလူထု အားလုံးအတွက် ရေးသားခဲ့ခြင်းဖြစ်သောကြောင့် နိုင်ငံသားတစ်ယောက်ချင်းစီနှင့်လည်း ပတ်သက်သက်ဆိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍ၊ သတင်း မီဒီယာနှင့် အစိုးရအဖွဲ့များအတွက်လည်း မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို နားလည်သဘောပေါက်စေရန် ဤစာတမ်းမှ အထောက်အကူဖြစ်စေနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။[2]

ဤစာတမ်းကို ရေးသားပြုစုရန်အတွက်၊ ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်နှင့် နေပြည်တော်မြို့များတွင် အစိုးရ အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ဝါရင့်မူဝါဒရေးရာအကြံပေးပုဂ္ဂိုလ်များ၊ ယခင်နှင့် အမှုထမ်းဆဲ နိုင်ငံ့ဝန်ထမ်းများ၊ သတင်းစာအယ်ဒီတာများ၊ လယ်သမား၊အလုပ်သမားနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စသဖြင့် လူထုလူတန်းစား အမျိုးမျိုးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မိမိတို့၏အမြင် ရှုထောင့်များကို ပွင့်ပွင့်လင်းလင်းနှင့် အချိန်ပေး ဖြေကြားပေးခဲ့သူများ အားလုံးကိုလည်း ကျွန်ုပ်တို့အနေဖြင့် အထူးကျေးဇူးတင်ရှိပါသည်။ စိတ်ပါလက်ပါ အလေးအနက် ပြောဆို ဆွေးနွေးချက်များကို ကြည့်လျှင် အာဏာရှင်စနစ်တစ်ခုမှ ဒီမိုကရေစီနည်းကျကျ လုပ်ကိုင်ဆောင်ရွက်သော မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး ရရှိခံစားနိုင်မည့် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား)ဆီသို့ အောင်မြင်သည့် အသွင်ကူးပြောင်းရေး ဖြစ်ပေါ်လာနိုင်သည်ဆိုသည့်  မျှော်လင့်ချက်ကို ပေးခဲ့ပါသည်။ ဤသုတေသနက သဘောထားအမြင် အစွန်းရောက်နေကြသည့် နိုင်ငံရေးဆိုင်ရာ အငြင်းအခုန်များနှင့် သတင်းဆောင်းပါးများတွင် ဖော်ပြနေကြသကဲ့သို့မဟုတ်ဘဲ၊  နိုင်ငံရေးသဘောထားအမြင် မတူညီကြသော်လည်း ပြုပြင်ပြောင်းလဲလိုစိတ် ရှိကြသူများအကြားတွင် ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) ပြုပြင် ပြောင်းလဲရေးအပေါ်တွင်မူ တူညီသည့် ဘုံသဘောထားအမြင်များ ရှိနေကြသည်ကို ညွှန်ပြနေပါသည်။ ယခုစာတမ်းတွင် သူတို့၏ သဘောထား အမြင်ရှုထောင့်များကို တိတိကျကျ ထင်ဟပ် ပေါ်လွင်စေနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

---

၂ မြန်မာနိုင်ငံအစိုးရ၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာရှဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုအဖွဲ့တို့သည် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ရှုထောင့်အမျိုးမျိုးမှ စာတမ်းပြုစုခဲ့ကြပါသည်။ ယင်းစာတမ်းများမှာ ကျွမ်းကျင်ပညာရှင်များအတွက် ရည်ရွယ် ရေးသားခဲ့ခြင်းဖြစ်သည်။ ဥပမာ ကမ္ဘာ့ဘဏ်၏ အကူအညီ ဖြင့် ရေးသားပြုစုခဲ့သော မြန်မာနိုင်ငံအစိုးရ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု လုပ်ဆောင်ချက် အစီရင်ခံစာသည် ပြည်သူ့ဘဏ္ဍာ နှင့်ပတ်သက်ပြီး ကျွမ်းကျင်ပညာရှင်များ လက်ခံနစ်သက်မည်ဖြစ်သော ဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို သေချာကျနကောင်းမွန်စွာ ဆန်းစစ် သုံးသပ်တင်ပြထားပါသည်။

ဤစာတမ်းတွင် တင်ပြထားသောကိန်းဂဏန်းအချက်အလက်များနှင့် စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းလိုပါသည်။ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍနှင့် ပတ်သက်သော စရိုက်လက္ခဏာများကို စာဖတ်သူများအတွက် ပိုမိုခိုင်မာစွာ တင်ပြနိုင်ရန် ဌာန အရင်းအမြစ်မျိုးစုံမှ သတင်းအချက်အလက်များကို စုဆောင်းရယူခဲ့ပါသည်။ သို့သော် ထိုသို့အချက်အလက်များရယူရာ၌ အခက်အခဲများတွေ့ရှိရသလို အလျင်အမြန်ပြောင်းလဲနေသည့် ကာလများအတွင်း အချက်အလက်များကို အချိန်နှင့်တပြေးညီ ထိရောက်စွာပြင်ဆင်ထည့်သွင်းနိုင်ခြင်းလည်း မရှိသေးပါ။ ထို့ကြောင့် စာဖတ်သူများအနေဖြင့် ဤစာတမ်းကို ဆန်းစစ်ရာတွင် အထက်ပါကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစား ပေးစေလိုပါသည်။

## အခန်း - ၁   မြန်မာနိုင်ငံ ပြည်သူ့ရေးရာကဏ္ဍ သမိုင်းအကျဉ်း

ဤအခန်းတွင် ခေတ်လေးခေတ် မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား)၏ သမိုင်းကြောင်းကို အကျဉ်းချုံး ဖော်ပြထားပါသည်။[3] လွတ်လပ်ရေးရပြီးနောက်၊ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဒီမိုကရေစီအစိုးရအုပ်ချုပ်မှုအောက် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ပထမပိုင်း၊ တော်လှန်ရေးကောင်စီလက်အောက် ၁၉၆၂မှ ၁၉၇၄ အထိ ဒုတိယပိုင်း၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီလက်အောက် ၁၉၇၄မှ ၁၉၈၈အထိ တတိယပိုင်းနှင့် စစ်အစိုးရလက်အောက်ရှိ ၁၉၈၈မှ ၂၀၁၁အထိ စတုတ္ထပိုင်းတို့ဖြစ်ပါသည်။

ခေတ်လေးခေတ်အတွင်း အပြောင်းအလဲများစွာ ရှိခဲ့သော်လည်း ဆက်စပ်မှုလည်း  များစွာရှိနေပါသည်။ အစောပိုင်း အစိုးရများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ကိစ္စရပ်များသည် ယနေ့ခေတ်အစိုးရများနှင့်လည်း သက်ဆိုင်နေပါသေးသည်။ လက်ရှိပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင်၊ သမိုင်းသင်ခန်းစာများမှ  များစွာလေ့လာရရှိနိုင်ပါသည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဦးနုသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုကို ကြိုးပမ်းခဲ့ရသည့်နိုင်ငံကို ဦးဆောင်ခဲ့ပါသည်။ ကိုလိုနီစနစ်သည် ဗဟိုဦးစီးချုပ်ကိုင်မှုမြင့်မားလှပြီး၊ အမိန့်အာဏာ တည်မြဲရေးအတွက်သာ အာရုံစိုက်အလေးထားခဲ့ပါသည်။ ဗြိတိသျှအုပ်ချုပ်ရေး၏ ခိုင်မာသောကျောရိုးမှာ ဌာနတိုင်းကို ကြီးကြပ်ကွပ်ကဲရန် အိန္ဒိယပင်္ဂျည ဝန်ထမ်း(အိုင်စီအက်စ်) ကော်မရှင်နာတစ်ဦးပါရှိသည့် အထွေထွေအုပ်ချုပ်ရေးပင် ဖြစ်သည်။ ဦးနုသည် ပြည်သူ့ရေးရာအုပ်ချုပ်ရေးတွင် နိုင်ငံသူ၊နိုင်ငံသားများပါဝင်စေသည့် မြို့နယ်ပြည်တော်သာ ကော်မတီများကို ဖွဲ့စည်းပြီး ခိုင်မာသည့်ကျောရိုးများကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။

ထို့နောက် တော်လှန်ရေးကောင်စီမှ ပြည်နယ်နှင့်တိုင်းများ၊ ခရိုင်နှင့်မြို့နယ်များအားလုံးတွင် လုံခြုံရေးနှင့် အုပ်ချုပ်ရေး ကော်မတီများခန့်ထားပြီး အထွေထွေအုပ်ချုပ်ရေး၏ ခိုင်မာသောကျောရိုးကို အောင်မြင်စွာ အားဖြည့်ပေးရန် ကြိုးစားခဲ့ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ မြန်မာ့အုပ်ချုပ်ရေးစနစ်၏ ဗဟိုအာရုံကြော သို့မဟုတ် ပင်မကျောရိုးနှင့်အလားသဏ္ဍာန်တူသော ခိုင်မာအားကောင်းသည့် အထွေထွေအုပ်ချုပ်ရေးဌာနသည် ယနေ့ခေတ်တွင် နိုင်ငံ့ဝန်ထမ်းအဖွဲ့၏ ထင်ရှားသိသာသော သွင်ပြင်လက္ခဏာများအနက် တစ်ခုဖြစ်စေခဲ့ပါသည်။ အရပ်ဘက် အာဏာပိုင်အဖွဲ့အစည်းများကို တာဝန်ခံမည့်အစား၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အစီရင်ခံရသည့် ပြည်ထဲရေး ဝန်ကြီးလက်အောက်တွင် အထွေထွေအုပ်ချုပ်ရေးဌာနရှိနေပါသည်။

မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာအုပ်ချုပ်မှု သမိုင်းကြောင်းကို လေ့လာကြည့်လျှင် ဆောင်ရန်ရှောင်ရန် သင်ခန်းစာများစွာလည်း ရရှိနိုင်ပါသည်။ ဥပမာအားဖြင့် ၂၀၁၄ ခုနှစ်တွင် အစိုးရအကြံပေးပုဂ္ဂိုလ်များက လုပ်ငန်းအတွေ့အကြုံ၊ ကျွမ်းကျင်မှု၊ ပညာအရည်အချင်းတို့ဖြင့် ရာထူးရရှိလာသည့် အဆင့်မြင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍနှင့် နိုင်ငံရေးအရခန့်အပ်ခံရသည့် ဝန်ကြီးများ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းကွဲပြားစေရန်အလို့ငှာ၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အတွက် အမြဲတမ်းအတွင်းဝန်ရာထူးကို ပြန်လည်ခန့်ထားရန် စတင်ဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအစိုးရများလက်ထက်တွင် ခန့်ထားခဲ့သည့် ဘက်မလိုက်ဘဲ၊ လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည်ဟု သတ်မှတ်ထားသည့် အမြဲတမ်းအတွင်းဝန်ရာထူးပုံစံပင်ဖြစ်ပါသည်။ အစိုးရအတွင်းမှသာမက၊ ပြင်ပမှ ပြုပြင်ပြောင်းလဲလိုသူများအားလုံးက ပေါ်လစီမူဝါဒများချမှတ်ခြင်း၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ဆန်းစစ်ခြင်း၊ သတင်းအချက်အလက်များ ကောက်ယူခြင်း၊ လုပ်ငန်းကြီးကြပ် စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ ဘဏ္ဍာငွေနှင့် လူ့အရင်းအမြစ်များ စီမံခန့်ခွဲခြင်းတို့အပြင် လူထုနှင့် တိုးတက်လာသည့် အပြန်အလှန်ဆက်ဆံရေးတို့ကဲ့သို့သော ဗျူရိုကရေစီ အုပ်ချုပ်ရေးယန္တရား၏ အဓိကလုပ်ငန်းတာဝန်များတွင် အလွန်အမင်းအားနည်းလျက်ရှိပြီး အခြေအနေတိုးတက် ကောင်းမွန်လာအောင် လုပ်ဆောင်ရန် လိုအပ်နေသည်ဟု ယုံကြည်ကြပါသည်။

လွှတ်တော်အမတ်များအပါအဝင် မြန်မာနိုင်ငံရှိလူအများအပြားသည် အမြဲတမ်း အတွင်းဝန်ရာထူးများအတွက် အဆင့်မြင့် တပ်မတော်အရာရှိများကို ခန့်ထားပါက  စစ်တပ်၏ချုပ်ကိုင်မှုကို တာရှည်စေနိုင်သည်ဟုလည်း စိုးရိမ်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ ၂၀၁၅ခုနှစ် ဧပြီလတွင် အစိုးရသည် ဝန်ထမ်း ၁၆၀ကျော်မျှရှိမည့် ရုံးတစ်ရုံး တိုးချဲ့ဖွင့်လှစ်ပြီး ဝန်ကြီးများအတွက် အမြဲတမ်းအတွင်းဝန်များကို ခန့်အပ်ရန် လိုအပ်သော လွှတ်တော်အမတ်များ၏ ထောက်ခံချက်ကို စုစည်းနိုင်ခဲ့ပါသည်။ ဤရဲရင့်လှသော အစပျိုးခြေလှမ်းက ခေတ်မီပြီး၊ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးနိုင်သော အစိုးရတစ်ခု၏ အချိန်ပေးအားစိုက်လုပ်ဆောင်ရန် လိုအပ်သည့် လုပ်ငန်းဆောင်တာသစ်များကို လုပ်ဆောင်ပေးနိုင်ရန်အတွက် အုပ်ချုပ်ရေးယန္တရားကို

[3] နောက်ခံသမိုင်းကြောင်းအတွက်၊ ယခုအခန်းကို M.W. Charney ၏ *A History of Modern Burma*နှင့် R.H Taylor ၏ *The State in Myanmar* တို့မှကောက်နှုတ်ခဲ့ပါသည်။ J.S. Furnivall ၏  *The Governance of Modern Burma* က မြန်မာနိုင်ငံ၏ ပုံစံနှင့် ၁၉၄၈မှ ၁၉၅၂ခုနှစ်အတွင်း ပြည်သူ့ရေးရာအုပ်ချုပ်မှုပုံစံတို့ကို ခြုံငုံသုံးသပ်ပေးထားပါသည်။

ပြန်လည်ပြင်ဆင်ဖွဲ့စည်း အားဖြည့်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ဤကြိုးပမ်းလုပ်ဆောင်ချက်မှာ အဓိကကျ အရေးကြီး လှသော်လည်း လိုအပ်သည့် ပံ့ပိုးမှုနှင့် ထပ်မံပြင်ဆင်ဖွဲ့စည်းမှုများ၊ အမြဲတမ်းအတွင်းဝန်ခန့်အပ်သည့် လုပ်ဆောင်ချက် ရေရှည်တွင် တည်တံ့အောင်မြင်စေရန်အတွက် ကြီးကြပ်ကွပ်ကဲပေးခြင်းနှင့် တာဝန်ခံမှုစနစ်များရှိစေရန်အတွက် နောင်တက်လာမည့်အစိုးရ၏ အလေးပေးဂရုစိုက်မှုလည်း လိုအပ်ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် ကော်ပိုရေးရှင်းများတွင်ကျင့်သုံးသည့် အုပ်ချုပ်စီမံမှုအလေ့အကျင့်များ တိုးတက် လုပ်ဆောင် လာစေရန်အတွက် အစိုးရဝန်ကြီးများကလည်း တွေးတောကြံဆလျက်ရှိကြပါသည်။ ဤစနစ်မှာလည်း ပြီးခဲ့သည့် ဒီမိုကရေစီ အစိုးရများ ကျင့်သုံးခဲ့ကြသည့်ဥပဒေဖြင့် ပြဋ္ဌာန်းသော နိုင်ငံတော်ပိုင်လုပ်ငန်း ဘုတ်အဖွဲ့များ အသုံးပြုခဲ့သည့်ပုံစံမျိုးပင်ဖြစ်ပါသည်။ ယင်းဘုတ်အဖွဲ့များက နိုင်ငံတော်ပိုင်လုပ်ငန်းများကို နိုင်ငံရေးသမားများ၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့များနှင့် လက်တကမ်းအကွာတွင် ထား ထားပြီး ဘုတ်အဖွဲ့ဒါရိုက်တာများအတွက် တာဝန်နှင့်ဝတ္တရားများကို ရှင်းရှင်းလင်းလင်း ချမှတ်ထားပါသည်။

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုသမိုင်းကို လေ့လာကြည့်လျှင်၊ မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာ အုပ်ချုပ်မှုကို ပုံဖော်ခဲ့သည့် ကြီးမားသည့်အင်အားစုအချို့ကိုလည်း တွေ့ရှိရနိုင်ပါသည်။ နိုင်ငံတော်အုပ်ချုပ်ရေးတွင် အရေးအကြီးဆုံး အခြေခံအကြောင်းရင်း တစ်ခုမှာ ၁၉၄၈မှ စတင်ပြီး ဆက်တိုက်နီးပါးဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ပင်ဖြစ်သည်။

ပြည်တွင်းစစ်က နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေရုံသာမက၊ နိုင်ငံတော်နှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား ဆက်ဆံ ရေးတွင် စစ်ရေးအမြင်ဖြင့် ရှုမြင်မှုကို ကြီးထွားစေခဲ့သည်။ လေ့လာဆန်းစစ်သူတစ်ဦးကမူ `၂၀ရာစု မြန်မာနိုင်ငံသည် စစ်ရေးအရ တည်ထောင်ထားသည့် နိုင်ငံတော် အဖွဲ့အစည်းများအနေဖြင့် အခြေအနေများစွာတွင် နိုင်ငံတော်ရန်သူများနှင့် နိုင်ငံသားများ အကြား ဝေခွဲပိုင်းခြားနိုင်စွမ်း မရှိခဲ့ချေ။`ဆိုသည့်အထိပင် သုံးသပ်ခဲ့ပါသည် (Callahan 2005, p.3)။ ထိုသို့သောအခြေအနေတွင် ငြိမ်းချမ်းရေးမရှိဘဲ ပြည်သူ့ရေးရာကဏ္ဍတွင် အာဏာရှင်စနစ်မှ ဒီမိုကရေစီပုံစံသို့ အသွင်ကူးပြောင်း၍မဖြစ်နိုင်ဟုလည်း ငြင်းချက် ထုတ်နိုင်ပါသည်။

## အပိုင်း - ၁ ဒီမိုကရေစီအစိုးရများ (၁၉၄၈ - ၁၉၆၂)

ပြည်တွင်းစစ်နှင့် နိုင်ငံရေးမတည်ငြိမ်မှုများရှိသော်လည်း မြန်မာနိုင်ငံရှိ လူအများအပြားက ဒီမိုကရေစီအစိုးရလက်ထက်အား နိုင်ငံ ၏ ပြည်သူ့ရေးရာ အုပ်ချုပ်ရေးသမိုင်းတွင် `ရွှေခေတ်`ဟု တင်စားပြောဆိုလျက် ရှိနေပါသေးသည်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ဒီမိုကရေစီအစိုးရအတွက် ခိုင်မာသည့် ဥပဒေပိုင်းဆိုင်ရာ မူဘောင်တစ်ခု ချမှတ်ပေးထားပြီး နိုင်ငံ၏ ဥပဒေ ရေးရာနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း အတန်အသင့် ခိုင်မာစွာ ချမှတ်ပေးထားပါသည်။

နိုင်ငံ၏ ပထမဦးဆုံးဝန်ကြီးချုပ် ဦးနုက အာဏာရှင်စနစ်မှ ဒီမိုကရေစီပုံစံသို့ အသွင်ကူးပြောင်းရန် ကြိုးပမ်းခဲ့ပါသည်။ ကိုလိုနီခေတ် အစိုးရသည် ဗဟိုဦးစီးချုပ်ကိုင်မှု မြင့်မားလှပြီး အမိန့်အာဏာ တည်မြဲရေးကို ဦးစားပေးလွန်းသဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအတွက် ငွေကြေးသုံးစွဲမှုမှာ နည်းပါးလွန်းခဲ့ပါသည်။ စီးပွားရေးမှာလည်း လူနည်းစုကိုသာ အကျိုးဖြစ်ထွန်းစေပြီး နိုင်ငံ့ဘဏ္ဍာများကို လူအများစု ရရှိခံစားနိုင်စေရန် ပြုလုပ်ပေးနိုင်သည့်စနစ်မျိုးလည်း မရှိသလောက် နည်းပါးလွန်းလှသည်။ ထိုအခြေအနေကို ဦးနုက ပြည်တော်သာစီမံကိန်း ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံတော်က ဦးဆောင်သည့် စီးပွားရေးမူဝါဒများဖြင့် ပြောင်းလဲလုပ်ဆောင်ရန် ကြိုးပမ်းခဲ့ပါသည်။

ကံအကြောင်းမလှစွာပင် မြန်မာနိုင်ငံသည် ပဋိပက္ခများနှင့် စတင်ရင်ဆိုင်ကြုံတွေ့နေခဲ့ရပြီဖြစ်ပြီး နိုင်ငံ၏ ပြည်သူ့ရေးရာအုပ်ချုပ်ရေး အဆင့်ဆင့် ပြောင်းလဲမှုဖြစ်စဉ်ကို များစွာထိခိုက်စေခဲ့ပါသည်။ လွတ်လပ်ရေးရပြီး မကြာမီကာလမှာပင် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ၊ ကွန်မြူနစ်ပါတီများနှင့် ပြည်တွင်းစစ်စတင်ခဲ့လေသည်။ ဦးနုပါတီဖြစ်သည့် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ် မြောက်ရေးအဖွဲ့ချုပ်၏ နိုင်ငံရေးမှာလည်း ပါတီတွင်း အုပ်စုကွဲပြားမှုများ၊ အုပ်စုတစ်ခုနှင့်တစ်ခုအကြား ပြိုင်ဆိုင်တိုက်ခိုက်မှုများ ကြောင့် အယူအဆအစွန်းရောက်ကွဲပြားမှုများနှင့် ခါးသီးမှုများ ကြီးထွားလာခဲ့သည်။ ကျဉ်းမြောင်းပြီး ဘာသာရေးအပေါ် အခြေခံ သည့် အမျိုးသားရေးဝါဒက ဗိုလ်ချုပ်အောင်ဆန်း၏ အားလုံးပါဝင်ခွင့် ပိုမိုရရှိနိုင်သည့် မြန်မာ့အမျိုးသားရေး စိတ်ဓါတ်နေရာကို အစားထိုးဝင်ရောက်လာခဲ့သည်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ဗြိတိန်နိုင်ငံ၏ ပုံစံကိုအတုယူထားသည့် ပါလီမန်ဒီမိုကရေစီစနစ်ပေါ်တွင် အခြေခံ သည့် ဥပဒေမူဘောင်တစ်ခုကို ချမှတ်ပေးခဲ့သည်။ လွှတ်တော်နှစ်ရပ်ရှိပြီး၊ အရွယ်ရောက်သူတိုင်း မဲပေးဆုံးဖြတ်သည့် လွှတ်တော် တစ်ရပ်နှင့် ပင်လုံညီလာခံတွင် သဘောတူညီထားရှိခဲ့သည့်အတိုင်း၊ တိုင်းရင်းသား လူနည်းစုများ၏ `တောင်တန်းဒေသများ’ မှ

ကိုယ်စားလှယ်များ ကိုယ်စားပြုပါဝင်နိုင်စေရန်အတွက် အမျိုးသား လွှတ်တော်တစ်ရပ် တို့ဖြစ်ပါသည်။ ဝန်ကြီးချုပ်က ဝန်ကြီးဌာန တစ်ခုစီကို ဦးဆောင်ရန် ဝန်ကြီးများကို ခန့်အပ်ပြီး ဝန်ကြီးချုပ်၏ အစိုးရအဖွဲ့ကို ယင်းဝန်ကြီးများဖြင့် ဖွဲ့စည်းထားပါသည်။

မြန်မာနိုင်ငံ၏ ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းများနှင့် အုပ်ချုပ်ရေးပုံစံများသည် ဗြိတိသျှကိုလိုနီခေတ် ပုံစံများမှ မြစ်ဖျားခံခဲ့သည်။ ၁၈၈၅ခုနှစ်မှစ၍ ဗြိတိသျှအုပ်ချုပ်ရေးကာလအတွင်း၊ အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ထို့နောက် ၁၉၃၇ခုနှစ် မြန်မာအစိုးရအက်ဥပဒေအရ မြန်မာနိုင်ငံသည် သီးခြားအုပ်ချုပ်ရေးရခဲ့ပါသည်။ ၁၉၀၇ခုနှစ် မြန်မာ့ကျေးရွာအက်ဥပဒေနှင့် ၁၈၉၈ခုနှစ် မြူနီစပယ်အက်ဥပဒေကဲ့သို့သော ဥပဒေများသည် ပြည်သူ့ရေးရာအုပ်ချုပ်ရေး၏ ဥပဒေဆိုင်ရာ အခြေခံပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဥပဒေ ၈၀၀ခန့်မျှ၏ တဝက်ကျော်ကျော်မှာ ဤကာလတွင်ပင် ရှိနေဆဲဖြစ်သည်။

မြန်မာနိုင်ငံရာထူးဝန်အဖွဲ့သည် လူအများ လေးစားအထင်ကြီးရသည့် ပင်္ဂိုလ်ဝန်ထမ်း (Indian Civil Service) မှ တိုက်ရိုက် ပေါက်ဖွားလာခြင်းဖြစ်ပြီး၊ အစပိုင်းတွင် ပြည်သူ့ရေးရာအုပ်ချုပ်ရေးအတွက် မြင့်မားသည့် အရည်အသွေး အဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ပြည်သူ့ဝန်ထမ်းအဖွဲ့ ကော်မရှင်သည် ဝန်ထမ်းခန့်ထားရေးတွင် အရေးပါသည့် အခန်း ကဏ္ဍတွင် ဆက်လက်ရှိနေခဲ့ပါသည်။ အစိုးရအတွင်းဝန်ရုံးဖွဲ့စည်းပုံက အဆင့်မြင့် ပြည်သူ့ဝန်ထမ်းများအား ဝန်ကြီးများနှင့် သူတို့၏ ဌာနများအကြား ဆက်ဆံရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ဆက်လက်တည်ရှိနေစေလေသည်။ (ပုံစံကွက်-၅ ကို ကြည့်ပါ။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်က ရှမ်း၊ကချင်၊ကရင်နှင့် ကယားပြည်နယ်လေးခု၊ ဗမာလူမျိုး အများစုနေထိုင်သည့် တိုင်း ၇ တိုင်းနှင့် မွန်တိုင်းနှင့် ချင်းအထူးတိုင်းဒေသများတွင် အစိုးရများ နှင့် (ဥပဒေပြုမှု)ကောင်စီများကို ဖွဲ့စည်းပေးခဲ့သည်။ ကျန်သည့် `တောင်တန်းဒေသများ'ကို တောင်တန်းဒေသများ အုပ်ချုပ်ရေးဌာနမှ အုပ်ချုပ်ခဲ့သည်။ ပြည်နယ်နှင့်တိုင်းကောင်စီ (၁၃)ခု သည် ဥပဒေပြုပိုင်ခွင့်အာဏာရှိပါသည်။ ပြည်နယ်နှင့်တိုင်းအစိုးရများတွင် ကိုယ်ပိုင် အတွင်းဝန်ရုံးများရှိပြီး အခြေခံအုပ်ချုပ်ရေးပိုင်းကို စီမံခန့်ခွဲရန် ပြည်သူ့ဝန်ထမ်းအဖွဲ့တစ်ခုရှိပါသည်။ ဝန်ကြီးချုပ်သည် ကောင်စီနှင့် ဆွေးနွေးတိုင်ပင်ပြီး၊ ပြည်နယ်နှင့်တိုင်းအသီးသီး၏ အမှုဆောင်ချုပ်ကို ခန့်အပ်ပါသည်။

**ပုံစံကွက် - ၅ နိုင်ငံ့ဝန်ထမ်းအဖွဲ့တွင် အမြဲတမ်းအတွင်းဝန်များနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ၏ အတွေ့အကြုံ**

ဂျေအက်စ် ဖာနီဘောလ်က သူ၏ ဂန္ထဝင်မြောက်လက်ရာ `*The Governance of Mordern Burma'* စာအုပ်တွင် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဒီမိုကရေစီအစိုးရများလက်ထက် အမြဲတမ်းအတွင်းဝန်များ၏ အခန်းကဏ္ဍကို ဆွေးနွေးတင်ပြ ထားပါသည်။ ဤစနစ်အောက်တွင် အတွင်းဝန်ချုပ် သည် ပြည်ထဲရေး၏ အတွင်းဝန်လည်း ဖြစ်သဖြင့် အလွန်ပင်ဩဇာ အာဏာရှိပါသည်။

`ဝန်ကြီးဌာနအသီးသီးတွင် အစိုးရကိုယ်စားအမိန့်များနှင့် အခြားစာရွက်စာတမ်းများကိုလက်မှတ်ထိုးခွင့်နှင့် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ကိစ္စများအားလုံးအတွက် တာဝန်လွှဲအပ်ထားသည့် ပြည်ထောင်စုအစိုးရ အတွင်းဝန်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည့် အဆင့်မြင့် အရာရှိ တစ်ဦးစီ ရှိကြသည်။ အကယ်၍ ဝန်ကြီးတစ်ဦးသည် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသည့် ဌာနများကို တာဝန်ယူရလျှင်၊ ဌာနတစ်ခုစီ အတွက် အစိုးရ အတွင်းဝန်တစ်ဦးစီ ရှိကြသည်။ ဥပမာ - ယခင်အစိုးရလက်ထက်က အစိုးရအဖွဲ့ဝင်တစ်ဦးသည် အမျိုးသားစီမံကိန်း၊ သာသနာရေးနှင့် ပြည်ထောင်စု ယဉ်ကျေးမှု ဝန်ကြီးဌာနများကို ကိုင်တွယ်ခဲ့ပြီး၊ သီးခြားလုပ်ငန်းတာဝန် သုံးခုအတွက် တစ်ခုစီတွင် လက်အောက်ဝန်ထမ်းတစ်ဦးနှင့် သီးခြား အစိုးရ အတွင်းဝန် တစ်ယောက်စီရှိပါသည်။

ဗြိတိသျှအစိုးရလက်ထက်က အတွင်းဝန်များအားလုံးကို တပေါင်းတည်း အတွင်းဝန်များအဖြစ်ဖြင့်သာ လူသိများခဲ့သည်။ ဤအမည်ဖြင့်ပင် အတွင်းဝန်များရုံးထိုင်သည့် အဆောက်အအုံကို အတွင်းဝန်များရုံးဟု ခေါ်ခဲ့ကြသည်။ ဗြိတိသျှ အုပ်စိုးစဉ်က အတွင်းဝန်များအားလုံးအတွက် နေရာများစွာပေးခဲ့သည်။ သို့သော် အခြားဝန်ကြီးဌာနများအတွက် နေရာများလည်း လိုအပ်လာသဖြင့် နေရာနှင့်ပတ်သက်ပြီး ဖိအားပေးမှု များလာခဲ့ပါသည်။

ပြည်ထဲရေးအတွင်းဝန်သည် အတွင်းဝန်ချုပ်အဖြစ်ဖြင့် အရေးကြီးဆုံးနေရာတွင်ရှိနေပြီး၊ နိုင်ငံခြားရေးအတွင်းဝန်နှင့် ကာကွယ်ရေးအတွင်း ဝန်တို့ကို အမြဲတမ်းအတွင်းဝန်များအဖြစ် ခွဲခြားသတ်မှတ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအတွင်းဝန်များသည် မိမိတို့လုပ်ငန်း နယ်ပယ်တွင် အမြဲတမ်း အထူးပြုလေ့လာနေစေရန်အတွက် ရည်ရွယ်ပါသည်။ ယခင်က အခြားအတွင်းဝန်များမှာ မကြာခဏဆိုသကဲ့ သို့ပင် ဝန်ကြီးဌာနတစ်ခုမှ တစ်ခုသို့ အချိန်တိုအတွင်း ရွှေ့ပြောင်း ခဲ့ကြရသော်လည်း ယခုအခါ ထိုသို့ မကြာခဏပြောင်းရွှေ့ရခြင်းမျိုးမှာ ဖြစ်ခဲလှပါသည်။

မည်သည့်ဝန်ကြီးဌာနတွင်မဆို အစိုးရအတွင်းဝန်သည် ဝန်ကြီး၏ မိမိတို့ပြည်နယ်အတွင်း ကိစ္စရပ်များ အားလုံးနှင့် ပတ်သက်ပြီး အကြံဉာဏ် တောင်းခံရန်၊ မူဝါဒချမှတ်ရာတွင် တရားဝင် လုပ်ထုံးလုပ်နည်းပုံစံများနှင့်အညီဖြစ်စေရန် လိုအပ်သည့်ပံ့ပိုးကူညီမှုရရှိရန်၊ သူ၏ ဝန်ကြီးဌာနအတွင်း ထိရောက်သည့် အုပ်ချုပ်မှုဖြစ်စေရန် အဓိကပံ့ပိုးပေးရသူပင်ဖြစ်သည်။ မိမိဝန်ကြီးဌာနနှင့်ပတ်သက်ပြီး ဆွေးနွေး မည်ဆိုပါက အတွင်းဝန်ကို ပုံမှန်အားဖြင့် အစိုးရအဖွဲ့သို့ ဖိတ်ခေါ်ကြသည်။

ဝန်ကြီးဌာနများစွာတွင် သီးခြားတာဝန်ဝတ္တရားများနှင့် ဌာနများအတွက် တာဝန်ပေးထားသည့် တွဲဘက်အတွင်းဝန်များ ခန့်ထားသည်လည်း ရှိပါသည်။ ယင်းတို့လက်အောက်တွင် အတွင်းဝန် သို့မဟုတ် တွဲဘက်အတွင်းဝန်၏ ကိုယ်ရေးလက်ထောက် သို့မဟုတ် ဝန်ထမ်း အရာရှိ ရာထူးများဖြင့် အထူးတာဝန်ဝတ္တရားများကို ပေးထားသော ဒုတိယ အတွင်းဝန် များရှိကြပါသည်။ ဒုအတွင်းဝန်လက်အောက်တွင် လက်ထောက် အတွင်းဝန်ရှိပြီး ပုံမှန်အားဖြင့် အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး နေ့စဉ်လုပ်ငန်း အသေးစိတ်ကို တာဝန်ယူရပါသည်။ ယင်းအရာရှိ များအားလုံးကို အထွေထွေအုပ်ချုပ်ရေးနှင့်ဆိုင်သော နိုင်ငံ့ဝန်ထမ်းအဖွဲ့မှ ခေါ်ယူခန့်ထားခြင်းဖြစ်ပြီး အချိန်မရွေး မိခင်ဌာနသို့ ပြန်လည် အပ်နှံနိုင်သည်’ (Furnivall 1960, p.62)။

၁၉၀၈ခုနှစ် မြန်မာနိုင်ငံအတွင်းဝန်ရုံး အက်ဥပဒေအပေါ် အခြေခံရေးသားသည့် အတွင်းဝန်များ ရုံးလက်စွဲစာအုပ်သည် မြန်မာနိုင်ငံတွင် အစိုးရနှင့်ပတ်သက်သည့် ကိစ္စရပ်များအတွက် အားလုံးလိုက်နာရသည့် ရည်ညွှန်း လက်စွဲစာအုပ်တစ်အုပ် ဖြစ်ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်း အလုပ်ကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်သူများဟု အသိအမှတ်ပြုခံရသည့် ပြန်တမ်းဝင်အရာရှိများ အားလုံးနှင့် သက်ဆိုင်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းဖော်ပြထားပါသည်။

၁၉၇၇ခုနှစ်အစောပိုင်းကာလအထိ အတွင်းဝန်ရာထူးကိုထားရှိခဲ့ပြီး နောက်ဆုံး တော်လှန်ရေးကောင်စီလက်ထက်တွင်မှ ဖျက်သိမ်းခဲ့သည်။

ဝန်ကြီးချုပ်ဦးနုသည် အုပ်ချုပ်စီမံမှုတွင် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ နိုင်ငံတော်အား အသွင်ပြောင်းရန် သီးခြား ရှုထောင့်များမှ ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။ ၁၉၅၇ခုနှစ်တွင် နိုင်ငံတော်မှ ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် **ပြည်သူလူထု၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်များကို နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်ပေးသည့် စနစ်**အတွက် ပြည်တော်သာစီမံကိန်းကို တင်ပြခဲ့သည်။ ဖာနီဘောလ်၏ အဆိုအရ၊ နောင် ၁၀နှစ်တာကာလအထိ ပြည်သူ့ဝန်ထမ်းများကို လျင်မြန်စွာ တိုးချဲ့ ခန့်ထားခဲ့ပါသည်။ ၁၉၆၀ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိ ၄၀၀၀ခန့်နှင့် ပြန်တမ်းဝင်မဟုတ်သည့် ဝန်ထမ်း ၁၇၀၀၀၀ တို့အား ဝန်ကြီးဌာနများတွင် ခန့်ထားခဲ့ပြီး အစိုးရဝန်ထမ်းအင်အားကို သုံးဆမျှတိုးချဲ့ခဲ့သည်။ အစိုးရသည် စီးပွားရေးနှင့် လူမှုဖူလုံရေးကိစ္စရပ်များအတွက်ပါ ချဲ့ထွင်လုပ်ဆောင်လာခဲ့ပြီး ဝန်ကြီးဌာန အသစ်များ၊ ဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများကိုလည်း တည်ထောင်ခဲ့သည်။

ဦးနုသည် အစိုးရ၏ အသက်သွေးကြောဟု သတ်မှတ်သဘောထားသည့် `လွတ်လပ်အမှီခိုကင်း၊ စွမ်းဆောင်နိုင်ပြီး ဂုဏ်သိက္ခာရှိသည့်’ ပြည်သူ့ဝန်ဆောင်မှု ဖြစ်ထွန်းစေရန်အလို့ငှာ၊ ပြုပြင်ပြောင်းလဲမှု အမျိုးမျိုးကို လုပ်ကိုင်ခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများသည် ၁၉၅၁ခုနှစ်တွင် အုပ်ချုပ်ရေး ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေး ကော်မတီ၊ ၁၉၅၅ခုနှစ် စစ်ဆေးရေးကော်မရှင်နှင့် ၁၉၆၀ခုနှစ်တွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း စစ်ဆေးရေးကော်မရှင်တို့မှ တင်ပြသည့်အစီရင်ခံစာများအပေါ် အခြေခံပါသည်။ ပြည်သူ့ဝန်ထမ်း အက်ဥပဒေသစ်၊ ရာထူးအဆင့်များ ပြန်လည်သတ်မှတ်ဖွဲ့စည်းခြင်း၊ စီမံခန့်ခွဲမှုစနစ်သစ်များကို အဆိုပြုတင်ပြခဲ့ပြီး ဝန်ကြီးများနှင့် အမြဲတမ်းအတွင်းဝန်များအကြား ဆက်ဆံရေးများကို ပြန်လည်သုံးသပ်ခဲ့သည်။ ပြည်သူ့အုပ်ချုပ်ရေး ပညာ့ဗိမာန် (The Institute of Public Administration) ကို ဝန်ထမ်းအသစ်များ လေ့ကျင့်သင်ကြားရန်အတွက် ပြည်ထဲရေးဝန်ကြီး ဌာနလက်အောက်တွင် တည်ထောင်ခဲ့သည်။

အစိုးရက စီးပွားရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ စတင်ပါဝင်လာခဲ့သည်။ နိုင်ငံတော် သစ်လုပ်ငန်း ဘုတ်အဖွဲ့၊ နိုင်ငံတော် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဘုတ်အဖွဲ့နှင့် နိုင်ငံတော် လယ်ယာစိုက်ပျိုးရေးထွက်ကုန် ရောင်းဝယ်ရေးဘုတ်အဖွဲ့ ကဲ့သို့သော နိုင်ငံတော် ဘုတ်အဖွဲ့များက ပြည်သူပိုင်သိမ်းခဲ့သည့် စီးပွားရေးလုပ်ငန်းသစ်များကို စီမံခန့်ခွဲခဲ့သည်။ ရေနံလုပ်ငန်း အပါအဝင် ကဏ္ဍများစွာတွင် ဖက်စပ်ကုမ္ပဏီများကို တည်ထောင်ခဲ့သည်။ စစ်တပ်မှ တည်ထောင်ခဲ့သည့် ကာကွယ်ရေးသိပ္ပံသည် နိုင်ငံ၏အကြီးဆုံးလုပ်ငန်းတစ်ခုအဖြစ် လျင်မြန်စွာ ကြီးထွားခဲ့ပြီး မြန်မာ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကော်ပိုရေးရှင်းအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ဖာနီဘောလ်၏ အဆို အရ၊ ၁၉၆၀ခုနှစ်အထိ၊ လူဦးရေ ၁၀၀၀၀၀ ခန့်ကို ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများတွင် ခန့်ထားခဲ့သည်။

၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်အထိ ဒီမိုကရေစီအစိုးရများသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည့် အမွေအနှစ်တစ်ခုကို ချန်ထားရစ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ လူကြီးပိုင်းနှင့် ပြည်သူ့ရေးရာအုပ်ချုပ်ရေး ပညာရှင်များက ဤခေတ်ကို `ရွှေခေတ်`ဟု သတ်မှတ်ထားကြပါသည်။ အနာဂတ်ကာလ ပြုပြင်ပြောင်းလဲမှုများအတွက် ဤအချိန်မှ အရေးကြီးသည့်သင်ခန်းစာများကို လေ့လာရရှိစေခဲ့ပါသည်။ အတွင်းဝန်များ၏ အခန်းကဏ္ဍမှစတင်ပြီး၊ နိုင်ငံတော် စီးပွားရေးဘုတ်အဖွဲ့များ၏ ကော်ပိုရေးရှင်းများတွင် ကျင့်သုံးသည့် အုပ်ချုပ်စီမံမှုစနစ်၊ ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချရန် ကြိုးပမ်းချက်များအထိ စုံလင်စွာပါရှိသည်။

သို့သော်လည်း ဤအချိန်ကပင်ရှိခဲ့သည့် အကွဲအပြဲဖြစ်တတ်သည့်သဘောများ စတင်နေခဲ့ပြီဖြစ်ပြီး နောင် နှစ် ၅၀ ခန့်အထိ အစိုးရများတွင် ဆက်လက်ဒုက္ခပေးလျက်ရှိနေသေးသည်ကို သတိချပ်ကြရန်လည်း အရေးကြီးလှပါသည်။ ပြည်တွင်းစစ် ဖြစ်ပွားနေခြင်းကလည်း ပျက်စီးယိုယွင်းလျက်ရှိသော ပြည်သူ့ရေးရာအုပ်ချုပ်ရေး၏ ခရီးရှည်ကို စတင်စေခဲ့ပါသည်။ အချိန်ကြာလှသည်

နှင့်အမျှ နိုင်ငံတော်အစိုးရနှင့် လူ့အဖွဲ့အစည်း၏ ဆက်ဆံရေးတွင် တဖြည်းဖြည်းဖြင့် စစ်တပ်အုပ်ချုပ်ရေးပုံစံဖြစ်ခဲ့သည်မှာ ဗိုလ်ချုပ်သန်းရွှေလက်ထက် ၁၉၉၂ တွင် အထွဋ်အထိပ်သို့ ရောက်ရှိခဲ့လေသည်။

ပြည်တွင်းစစ်သည် ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့သည့် ပွင့်လင်းသည့် မြန်မာ့အမျိုးသားရေးဝါဒမှ ပိုမိုကျဉ်းမြောင်းသည့် ဗမာဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒဆီသို့ စတင်ရွေ့လျားစေခဲ့ပြီး၊ ရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း အခြားအကြောင်းများ ကြောင့်သော်လည်းကောင်း ဗုဒ္ဓဘာသာ မဟုတ်သည့် တိုင်းရင်းသား လူနည်းစုများကို ဖယ်ကြဉ်မှုများ ရှိခဲ့ပါသည်။ ၁၉၆၁ခုနှစ် နိုင်ငံတော်ဘာသာ မြှင့်တင်ရေး အက်ဥပဒေကဲ့သို့သော ဥပဒေများကို အတည်ပြုပေးခဲ့ခြင်းက နိုင်ငံ့ဝန်ထမ်းများ အပါအဝင် နိုင်ငံတော်အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံသားအားလုံး တန်းတူညီမျှ ကိုယ်စားပြုမှုမရှိဟု မြန်မာနိုင်ငံသားများအများစုကို အတွေး ပေါက်စေခဲ့ပါသည်။

ရဲဝန်ထမ်းများနှင့် တပ်မတော်အပါအဝင် နိုင်ငံ့ဝန်ထမ်းအဖွဲ့များတွင်လည်း နိုင်ငံရေးရောယှက်မှု ပိုမိုများပြားလာသည်။ ဖက်ဆစ် ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ) အတွင်း အုပ်စုကွဲများက နိုင်ငံတော်အဖွဲ့အစည်းများကို ထိန်းချုပ်ရန် အပြိုင်အဆိုင်ကြိုးပမ်းကြသည့် ၁၉၅၈ ခုနှစ်တွင် ပဋိပက္ခကို ပိုမိုပြင်းထန်စေခဲ့သည်။ နိုင်ငံရေးရောယှက်မှုသည် ပါတီနှင့် အစိုးရအဖွဲ့ အတူတူ ဖြစ်ခဲ့သည့် ဗိုလ်ချုပ်နေဝင်းလက်ထက်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပါလိမ့်မည်။

`နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း၏ လွတ်လပ်အနှောင်အဖွဲ့ကင်းမှုအပေါ် ထိခိုက်ပျက်ပြားစေခဲ့သည့် အမူအကျင့်များကို မွေးမြူပေးခဲ့ပြီး၊ အကျိုးဆက်အနေဖြင့် ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကိုပါ ထိခိုက်စေခဲ့ပါသည်`ဟု ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် နိုင်ငံ့ဝန်ထမ်း အဖွဲ့များ စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ ဝန်ခံခဲ့ပါသည်။ (မြန်မာ့အစိုးရ ၁၉၆၁၊ စာမျက်နှာ-၄).

## အပိုင်း - ၂ တော်လှန်ရေးကောင်စီ (၁၉၆၂ - ၁၉၇၄ )

တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့ပါသည်။ ဤဖြစ်ရပ်က ပါတီနှင့် အစိုးရအဖွဲ့ ထပ်တူဖြစ်သည့် အဆင့် တွင် အဆုံးသတ်သွားခဲ့သော နိုင်ငံတော် အစိုးရအုပ်ချုပ်ရေး၏ အလွန်ကွဲပြားခြားနားသည့် အုပ်ချုပ်မှုပုံစံသို့ အသွင်ကူးပြောင်း ခြင်း၏ ဇာတ်လမ်းအစပင်ဖြစ်သည်။ သို့ရာတွင် တော်လှန်ရေးကောင်စီခေတ် တစ်လျှောက်လုံး ဒီမိုကရေစီခေတ်မှ ပြည်သူ့ရေးရာ အုပ်ချုပ်ရေး၏ အရေးကြီးသည့် စရိုက်လက္ခဏာအများအပြား ဆက်လက်တည်ရှိနေသည်မှာ သိသာထင်ရှား လှပါသည်။ ၁၉၇၂ ခုနှစ်တွင် အစိုးရအုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး အဓိက ပြောင်းလဲဖွဲ့စည်းမှုတစ်ခု စတင်ခဲ့သည့်အချိန်ရောက်မှ ယင်းလက္ခဏာ များ ပျောက်ပျက်သွားခဲ့သည်။

ယင်းနှစ်များအတွင်း ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို စတင်ခဲ့သည့် အရေးကြီးသည့် လုပ်ဆောင်ချက်များတွင် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ချီတက်မည့် ဆိုရှယ်လစ်ပါတီကို တည်ထောင်ခြင်း၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီများ ဖွဲ့စည်းခြင်း၊ စီးပွားရေးလုပ်ငန်းအများစုကို ပြည်သူပိုင်သိမ်းခြင်းနှင့် လူမှုဘဝမျိုးစုံတွင် နိုင်ငံတော်အစိုးရမှ ထိုးဖေါက် ဝင်ရောက်ခြင်းတို့ ပါဝင်ပါသည်။

တော်လှန်ရေးကောင်စီ၏ ပထမဆုံးလုပ်ငန်းဆောင်များအနက်တစ်ခုမှာ ဒီမိုကရေစီနည်းကျသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ တော်လှန်ရေးကောင်စီသည် တပ်မတော်အရာရှိများ အဓိကပါဝင်သည့် အစိုးရအဖွဲ့တစ်ခုကို ဖွဲ့ခဲ့ပါသည်။ `မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ချီတက်မည့် ဆိုရှယ်လစ်စနစ်`မှ ချမှတ်ထားသည့် နိုင်ငံရေးသဘောထား ရပ်တည်ချက် အသစ်ကို အခြေခံသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟု ခေါ်တွင်သည့် နိုင်ငံရေးပါတီအသစ်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အာဏာသိမ်းပြီး နှစ်နှစ်အကြာတွင် ဗိုလ်ချုပ်နေဝင်းသည် အခြားနိုင်ငံရေး ပါတီများအားလုံးကို ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။ နောက်၁၂ နှစ်တာကာလအထိ၊ ၁၉၆၂ မှ ၁၉၇၄ ခုနှစ်အထိ၊ မြန်မာနိုင်ငံသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမရှိဘဲ အုပ်ချုပ်သည့် ပုံစံတစ်မျိုးဖြင့် တွေ့ကြုံခဲ့ကြရပါသည်။

တော်လှန်ရေးကောင်စီသည် ပြည်နယ်နှင့်တိုင်းအသီးသီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာစုတို့တွင် ခန့်ထားသည့် အောက်ခြေအဆင့် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကော်မတီများနှင့် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကော်မတီ တစ်ခုကို ဖွဲ့စည်းခဲ့သည်။ အပြိုင်အုပ်ချုပ်စီမံမှုစနစ်များ ချမှတ်သည်ကို တွေ့ရှိခဲ့ရသည့် မြန်မာနိုင်ငံတွင် လုပ်ဆောင်ချက်များအနက်မှ ပထမဆုံးတစ်ခုမှာ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာနမှတဆင့် အစိုးရအဖွဲ့သို့ အစီရင်ခံရန်မလိုဘဲ၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသို့ တိုက်ရိုက်သတင်းပေးပို့စေခဲ့သည်။ `အုပ်ချုပ်ရေးတစ်ခုအတွင်းရှိ အုပ်ချုပ်ရေး’ တစ်ခုကို ဖန်တီး ခဲ့ပါသည်။ တပ်မတော်အရာရှိများ ဦးဆောင်ပြီး အရပ်ဘက် အထွေထွေအုပ်ချုပ်ရေးမှ ပံ့ပိုးသည့် ပြည်နယ်နှင့်တိုင်းကော်မတီများက အစိုးရ၏ မူဝါဒများကို အကောင်အထည်ဖော်ပြီး၊ အစိုးရဌာနများအကြား ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

တော်လှန်ရေးကောင်စီသည် ပြည်သူ့ရေးရာအုပ်ချုပ်ရေးတွင် တပ်မတော်၏ အခန်းကဏ္ဍကို သိသာစွာ တိုးချဲ့ခဲ့ပါသည်။ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီများမှတဆင့်၊ ယခုအခါ ပြည်သူ့ရေးရာအုပ်ချုပ်ရေးတွင် တပ်မတော်မှ တိုက်ရိုက်အခန်းကဏ္ဍ တစ်ခု ရှိနေခဲ့ပြီ ဖြစ်သည်။ သုံးသပ်လေ့လာသူတစ်ဦးက `အုပ်ချုပ်ရေးပုံစံများကို အလုံးစုံပြင်ဆင်ဖွဲ့စည်းခြင်းနှင့်အတူ အစိုးရရာထူးများကို တပ်မတော်အရာရှိများကို ခွဲဝေပေးခြင်းက နေဝင်းအစိုးရနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်အပေါ်တွင် ကြီးမားသည့် အကျိုးသက်ရောက်မှုကို ဖြစ်စေခဲ့ပါသည်။ တပ်မတော်ကို အစိုးရ၏အုပ်ချုပ်ရေးယန္တရားတွင် ထိုးဖေါက်ဝင်ရောက်ခွင့်ပေးခဲ့သည်။ (နာကာနိရှိ ၂၀၁၃၊ စာမျက်နှာ ၁၆၇).[4]

တော်လှန်ရေးကောင်စီသည် ဒီမိုကရေစီအစိုးရများ၏ ပြည်သူပိုင်သိမ်းခြင်းကို ဆက်လက်ချဲ့ထွင် လုပ်ဆောင်လျက်၊ စီးပွားရေးကို နိုင်ငံတော်ထိန်းချုပ်မှုရရှိစေရန် အလျင်အမြန် လုပ်ဆောင်ခဲ့ပါသည်။ (ပုံစံကွက်-၆) အစိုးရသစ်သည် ဘဏ်လုပ်ငန်းတစ်ခုလုံးကို ချက်ခြင်းပြည်သူပိုင်သိမ်းလိုက်ပြီးနောက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းနှင့် လက်လီ/လက္ကား ကဏ္ဍတို့ကိုလည်း နိုင်ငံပိုင်ပြုလုပ်ခဲ့သည်။ ၁၉၆၀ခုနှစ်များတွင် တော်လှန်ရေးကောင်စီက ချည်ထည်စက်ရုံများ၊ သစ်စက်များ၊ ဓာတုဗေဒလုပ်ငန်းများနှင့် စားသောက်ကုန် စက်ရုံများကိုလည်း ပြည်သူပိုင်သိမ်းခဲ့သည်။ ၁၉၇၀ ခုနှစ် အစောပိုင်း ကာလများအတွင်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်သူမှာ လုပ်သား အင်အား စုစုပေါင်း၏ ၁၀% ရှိပြီး၊ နိုင်ငံပိုင်ကဏ္ဍမှ ဂျီဒီပီ၏ ၄၀% ကိုလည်း ရရှိစေခဲ့သည်ဟု တေလာက ခန့်မှန်းခဲ့ပါသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ တိုက်ရိုက်စည်းမျဉ်း စည်းကမ်းချမှတ်ခဲ့ခြင်း၊ အကြီးစား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကြမ်းပစ္စည်းများအတွက် အသုံးပြုသော နိုင်ငံခြားငွေကို နိုင်ငံတော်အစိုးရမှ စီမံခန့်ခွဲခြင်းတို့ဖြင့် စီးပွားရေး အပေါ် နိုင်ငံတော်အစိုးရ၏ ထိန်းချုပ်မှုကို ပိုမိုလုပ်ဆောင်ခဲ့ပါသည်။

### ပုံစံကွက် - ၆ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ၏ အတွေ့အကြုံ

၁၉၄၈ခုနှစ်ပြီးနောက်၊ လွတ်လပ်ရေးရပြီးနောက် အစိုးရသစ်သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းမြောက်များစွာကို အုပ်ချုပ်စီမံခန့်ခွဲရန် ကော်ပိုရေးရှင်းများနှင့် ဘုတ်အဖွဲ့များနှင့်စနစ်တစ်ခုကို လျင်မြန်စွာတည်ထောင်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြောင့် ပျက်စီးယိုယွင်းမှု များဖြစ်ပြီး စီးပွားရေးလုပ်ငန်း ပြန်လည်ကောင်းမွန်လာစေရန် ဗြိတိသျှစစ်တပ် အုပ်ချုပ်ရေး၏ လက်တွေ့လုပ်ဆောင်ချက်များကို တစိတ်တပိုင်းမျှ ဆက်လက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေးများ၊ စီးပွားကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရပိုင်ဆိုင်မှုသည် နိုင်ငံခြားအရင်းအနှီးကို စီးပွားရေးထိန်းချုပ်မှုရရှိနိုင်စေရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု မြန်မာ့အမျိုးသားရေးဝါဒီများ၏ အမြင်လည်း ထင်ဟပ်နေပါသည်။ ဆိုရှယ်လစ်ဝါဒနှင့်ပတ်သက်သည့် ပြောဆိုရေးသားမှုကလည်း ယင်းအမျိုးသားရေးဝါဒီများ၏ စိတ်ကူးခံစားချက်ကို ထင်ဟပ် ဖော်ပြနေပါသည်။

စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း၊ သတ္တုတူးဖေါ်ရေး ကော်ပိုရေးရှင်း၊ နိုင်ငံတော်သစ်လုပ်ငန်းဘုတ်အဖွဲ့၊ နိုင်ငံတော် လယ်ယာ စိုက်ပျိုးရေး ထွက်ကုန် ရောင်းဝယ်ရေးဘုတ်အဖွဲ့၊ အစိုးရ ချည်မျှင်နှင့် အထည်စက်ရုံဘုတ်အဖွဲ့၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဘုတ်အဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံ မီးရထားဘုတ်အဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောလုပ်ငန်း ဘုတ်အဖွဲ့၊ ရန်ကုန်ဆိပ်ကမ်း စီမံခန့်ခွဲမှု ဘုတ်အဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံ အာမခံဘုတ်အဖွဲ့၊ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကူးသန်း ရောင်းဝယ်ရေးဘဏ် တို့သည် ပို၍အရေးပါသော ဘုတ် အဖွဲ့များနှင့် ကော်ပိုရေးရှင်းများ ဖြစ်ကြသည်။

ဤအဖွဲ့အစည်းများကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကဲ့သို့သော မူများအပေါ် အခြေခံလျက် လုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ကိုင်ခွင့် ပြုထားပြီး နိုင်ငံ့ဝန်ထမ်းအဖွဲ့များအတွက် လိုအပ်ချက် (စည်းမျဉ်းစည်းကမ်း)များကို များသောအားဖြင့် လိုက်နာရန်မလိုအပ်ဘဲ၊ အစိုးရဌာနများထက် ပိုပြီးလွတ်လပ်စွာလုပ်ပိုင်ခွင့် ရရှိကြပါသည်။ နှစ်စဉ်နှစ်တိုင်း လွှတ်တော်မှ ရင်းနှီးမြှုပ်နှံရန်နှင့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ရာ တွင် အသုံးပြုရန် လျာထားငွေကို ယင်းအဖွဲ့အစည်းများအတွက် မဲခွဲဆုံးဖြတ်သည်။ ထို့အပြင် နောက်နှစ်လျာထားငွေကို အတည်မပြုသေးမီ၊ နှစ်စဉ် တိုးတက်မှု အစီရင်ခံစာနှင့်အတူ လွှတ်တော်သို့ ပေးပို့သည့် နှစ်ပတ်လည်ငွေစာရင်းရှင်းတမ်းများကို စာရင်း စစ်ချုပ်မှ စစ်ဆေးပေးရပါသည်။ ပြည်သူ့ရေးရာ ငွေစာရင်းနှင့်ပတ်သက်သည့် ဦးဆောင်ကော်မတီက ငွေစာရင်းရှင်းတမ်း၊ စာရင်းစစ်ချုပ်၏ အစီရင်ခံစာနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ နှစ်စဉ် အစီရင်ခံစာများကို ပြန်လည်သုံးသပ်ပါသည်။ ထိုအချိန်က ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများကို သက်ဆိုင်ရာဝန်ကြီးက ခန့်အပ်ပြီး၊ အစိုးရအဖွဲ့ဝင်များနှင့် အခြားအရာရှိများလည်း ဖြစ်နိုင်ပါသည်။ ဘုတ်အဖွဲ့၏ ဖွဲ့စည်းပုံ ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်တွင် ပုံမှန်အားဖြင့် နေ့စဉ်စီမံခန့်ခွဲရေးနှင့် အဖွဲ့အစည်း လည်ပတ်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များကို တာဝန်ပေးထားပြီး မြန်မာလူမျိုးပညာရှင်များမရှိသဖြင့် ၁၉၅၀ ခုနှစ်များအတွင်းက ယင်းပညာ ရှင်များမှာ နိုင်ငံခြားသားများဖြစ်ခဲ့ကြပါသည်။

[4] နာကာနိရှိက `အကျိုးဆက်အားဖြင့် အဖွဲ့အစည်းတွင်သာမက၊ လူ့အရင်းအမြစ်များတွင်ပါ မတိုးတက် မဖွံ့ဖြိုးတော့သည့် အစိုးရ အုပ်ချုပ် ရေးစနစ်တစ်ခုဖြစ်ရုံမျှမက၊ နိုင်ငံ၏ ရပ်တန့်နေသည့် နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအကြောင်းရင်းလည်း ဖြစ်သည်...`ဟုလည်း ဆက်လက်အားဖြည့် ထောက်ပြပြောဆိုခဲ့ပါသည်။

ဥပမာ သတ္တုတူးဖော်မှု ဖွံ့ဖြိုးရေးဘုတ်အဖွဲ့သည် ကျောက်မီးသွေး၊ ကြေးနီ၊ သံမဏိနှင့် သွပ် သတ္တုတွင်းများကို စီမံခန့်ခွဲခဲ့သည်။ ဘုတ်အဖွဲ့ဝင်များ တွင် အနည်းဆုံး လေးဦးသည် စက်ရုံ၊ စျေးကွက် ရှာဖွေခြင်း၊ ဘဏ္ဍာရေး၊ စီးပွားရေး သို့မဟုတ် စီမံခန့်ခွဲမှု ဗဟုသုတများနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူများဖြစ်ရမည်ဟု ဘုတ်၏ ဖွဲ့စည်းပုံအက်ဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။ လက်တွေ့တွင် ဘုတ်အဖွဲ့ဝင်များမှာ သတ္တုတွင်းဝန်ကြီးသည် ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေး၊ စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးများ၊ အစိုးရ၏ အတွင်းဝန် သုံးဦး၊ ကုန်သွယ်ရေး၏ ဘဏ္ဍာရေး ဆိုင်ရာ ကော်မရှင်နာ၊ ပြည်ထောင်စုဘဏ်နှင့် နိုင်ငံတော်အစိုးရ ကူးသန်းရောင်းဝယ်ရေးဘဏ် ဥက္ကဋ္ဌနှင့် အစိုးရ အရာရှိကြီးတစ်ဦးသည် အမှုဆောင်အရာရှိချုပ်တစ်ဦးအဖြစ်ဖြင့် ဖွဲ့စည်းထားခဲ့ပါသည်။

ဆိုရှယ်လစ်ခေတ်တွင် ကိုယ်ပိုင်လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရခဲ့သည့် အဖွဲ့အစည်းများ၏ စနစ်ပြီးဆုံးခဲ့ပြီး နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများကို မိခင်ဝန်ကြီးဌာနအတွင်းရှိ ဌာနများအဖြစ်သို့ ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော် အစိုးရပိုင်လုပ်ငန်းများတွင် လုပ်ကိုင်သည့် ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအကြား ခွဲခြားမှုကို အဓိကအားဖြင့် ဖျက်သိမ်းခဲ့သည်။ နိုင်ငံတော်ပိုင် ဘုတ်အဖွဲ့ အက်ဥပဒေများတွင် ချမှတ်ထားသည့် ကော်ပိုရေးရှင်းဆိုင်ရာ အုပ်ချုပ်စီမံမှုစံနှုန်းများကို တဖြည်းဖြည်းနှင့် အသုံးမပြုတော့သည့် အဖြစ်သို့ ရောက်ခဲ့ရသည်။

ကိုးကား၊ J.S. Furnivall ၏ *The Governance of Modern Burma*

တော်လှန်ရေးကောင်စီသည် ပြည်သူလူထုဘဝ၏ နေရာအမျိုးမျိုး၌ အစိုးရ၏ပါဝင်မှုကို အလွန်အမင်းချဲ့ထွင် နေရာယူခဲ့သည်။ အစိုးရသည် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များ၏ လွတ်လပ်သော တက္ကသိုလ်ကောင်စီများကို ၁၉၆၂ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။ သတင်းမီဒီယာများအား တဖြည်းဖြည်း ထိန်းချုပ်မှုများစတင်ပြုလုပ်ခဲ့ပြီး တစတစဖြင့် ပုဂ္ဂလိက သတင်းစာများစွာကို ပြည်သူပိုင် သိမ်းခြင်း၊ တိုက်ပိတ်ခြင်းများ လုပ်လာခဲ့ပါသည်။ သံဃာ့အဖွဲ့အစည်း (ဗုဒ္ဓဘာသာ အဖွဲ့အစည်း) ကိုလည်း နိုင်ငံတော်မှထိန်းချုပ်ခဲ့ပြီး၊ ဗုဒ္ဓသာသနာ့ သံဃာ့အဖွဲ့အစည်းတစ်ခုကို ၁၉၆၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

## အပိုင်း - ၃ မြန်မာ့ဆိုရှယ်လစ်စနစ် စီမံကိန်းနှစ်များ (၁၉၇၄ - ၁၉၈၈)

မြန်မာ့ဆိုရှယ်လစ်စနစ် စီမံကိန်းကာလကို `ဆိုရှယ်လစ်သမ္မတနိုင်ငံ’ တစ်ခုအဖြစ် ကြေညာပြီး၊ အရပ်သားအစိုးရ ပြန်လည်အုပ်ချုပ်ခြင်းအဖြစ် သတ်မှတ်၍ ၁၉၇၄ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် စတင်ခဲ့ပါသည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးကို `ပြည်သူ့ဒီမိုကရေစီ`ပုံစံယူခဲ့ပြီး နိုင်ငံတော်နှင့် ပါတီကို တထပ်တည်းဖြစ်အောင် အတူပေါင်းစပ်ခဲ့မှုသည် ထူးခြားမှတ်သားဖွယ် လက္ခဏာ တစ်ရပ်ပင်ဖြစ်သည်။ ၁၉၆၀ခုနှစ်များအတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီးနောက်၊ အစိုးရသည် စီးပွားရေးနှင့် အရပ်ဘက်နယ်ပယ်များ၏ ဗဟိုချက်နေရာတွင် ရောက်ရှိလာခဲ့ပြီး၊ ပြည်သူ့ရေးရာကဏ္ဍသည် လူ့အဖွဲ့အစည်းနှင့် တထပ်တည်း နီးပါးဖြစ်လာခဲ့သည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက မြန်မာနိုင်ငံကို ဆိုရှယ်လစ်သမ္မတနိုင်ငံတစ်ခုအဖြစ် ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော်ကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်နေရာများတွင် အစားထိုးခဲ့သည်။ လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်ကောင်စီက ဥက္ကဋ္ဌနှင့် ဝန်ကြီးအဖွဲ့များကို ခန့်ထားသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် တရားဝင်နိုင်ငံတော်ပါတီ ဖြစ်လာခဲ့သည်။ ပါတီကော်မတီများသည် တစတစဖြင့် နိုင်ငံတော်အဖွဲ့အစည်းများထက် မပိုခဲ့လျှင်ပင်၊ မလျော့သည်အထိ အရေးပါလာခဲ့ပါသည်။

လွတ်လပ်ရေးရသည့်အချိန်က မြန်မာနိုင်ငံအနေဖြင့် အမွေရရှိခဲ့သည့် ပြည်သူ့ဝန်ထမ်းဖွဲ့စည်းပုံစနစ်ကို အပြီးအပိုင် ဖျက်သိမ်းခဲ့သည်ကို မြင်ခဲ့ရပါသည်။ အကြောင်းကြားစာအမှတ် ၉၇၊ တော်လှန်ရေးကောင်စီ အမိန့်ညွှန်ကြားချက်ဖြင့် စစ်ကြိုခေတ်နှင့် လွတ်လပ်ရေးရပြီးကာလ ဒီမိုကရေစီအစိုးရ၏ ပြည်သူ့ဝန်ထမ်းအဖွဲ့များ၏ ဗဟိုအုပ်ချုပ်ရေးဆိုင်ရာ ကိရိယာတစ်ခုဖြစ်ခဲ့သည့် အထွေထွေအုပ်ချုပ်ရေးနှင့် အတွင်းဝန်ရာထူးစနစ်ကို တရားဝင်ရပ်စဲခဲ့သည်။ ဗျူရိုကရေစီစနစ်ကို ဖျက်သိမ်းလိုသည့်ဆန္ဒကို ကြေညာလျက် အစိုးရသည် မြန်မာနိုင်ငံတွင် ပြည်သူ့အုပ်ချုပ်ရေး၏ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်း စံနှုန်းများကို စနစ်တကျပြဋ္ဌာန်းထားသည့် အတွင်းဝန်လက်စွဲစာအုပ်ကိုလည်း ဖျက်သိမ်းခဲ့သည်။

မဆလပါတီကို ‘လူထုပါတီ’ အဖြစ် ပြုပြင်ပြောင်းလဲလျက် ပြည်သူ့အုပ်ချုပ်ရေး၏ ဖွဲ့စည်းပုံများနှင့်အပြိုင် ပါတီဖွဲ့စည်းပုံ အသစ်ကို ဖွဲ့စည်းခဲ့သည်။ အလုပ်သမားကောင်စီများနှင့် လယ်သမားကောင်စီများကို ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်အဆင့်အထိ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပြည်သူ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမှာ တဖြည်းဖြည်းနည်းပါးလာခဲ့ပါသည်။ ဥပမာ ပြည်သူ့ရေးရာမူဝါဒ ချမှတ်ခြင်းသည်  မဆလ ပါတီဗဟိုကော်မတီကဲ့သို့သော ပါတီအစိတ်အပိုင်းများ၏ တာဝန်ဝတ္တရားသာ ဖြစ်လာခဲ့ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်က ပြည်ထောင်စုအောက်အဆင့်တွင် ပြည်နယ် ခုနစ်ခုနှင့် တိုင်းခုနစ်ခုကို ဖွဲ့စည်းခွင့်ပြုခဲ့သော်လည်း အုပ်ချုပ်စီမံမှုပုံစံတွင် ခွဲခြားထားခြင်းကို အဆုံးသတ်ခဲ့သည်။ ပြည်နယ်နှင့် တိုင်းများကို ယခင်ကပေးအပ်ခဲ့သည့် ကိုယ်ပိုင်အုပ်ချုပ် ဆုံးဖြတ်ပိုင်ခွင့် အသင့်အတင့် ရရှိခဲ့သည်များကိုလည်း ပယ်ဖျက်ခဲ့သည်။ ပြည်နယ်နှင့်တိုင်းအဆင့်တွင် အစိုးရ၊ ဥပဒေပြုကောင်စီ၊ အတွင်းဝန်များမရှိတော့ချေ။ ယင်းနေရာတွင် တော်လှန်ရေးကောင်စီခေတ်မှ လုံခြုံရေးနှင့် အုပ်ချုပ်ရေး ကော်မတီများကို ပြည်သူ့ကောင်စီအက်ဥပဒေဖြင့် တိုင်းနှင့်ပြည်နယ် ပြည်သူ့ကောင်စီများအဖြစ် တရားဝင်အသိအမှတ်ပြု ဖွဲ့စည်းခဲ့ပြီး ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချခြင်းကို စီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံ၏ စမ်းသပ်လုပ်ကိုင်မှုများအနက် နောက်ထပ်တစ်ဆင့်ဟု မှတ်ယူနိုင်ပါသည်။ (ပုံစံကွက် - ၇ တွင်ကြည့်ရန်)

**ပုံစံကွက် - ၇ ဗဟိုဦးစီးချုပ်ကိုင်မှုလျှော့ချသည့် မြန်မာနိုင်ငံ၏ အတွေ့အကြုံ**

မြန်မာနိုင်ငံတွင် ဗဟိုဦးစီးချုပ်ကိုင်မှုမြင့်မားလာသည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံကို ကိုလိုနီခေတ်မှ ဒီမိုကရေစီ၊ ဆိုရှယ်လစ်နှင့် စစ်အစိုးရခေတ် များ တစ်လျှောက်လုံးရှိ ပြည်သူ့ရေးရာအုပ်ချုပ်ရေး၏ ထူးထူးခြားခြား စွဲမြဲနေသည့် စရိုက်လက္ခဏာ ပုံစံတစ်ခုအဖြစ် တွေ့ရှိခဲ့ရပါသည်။ ကိုလိုနီခေတ်လွန် ကာလတွင် ပြုပြင်ပြောင်းလဲရန် ကြိုးစားခဲ့ပုံများနှင့် ဗိုလ်ချုပ်နေဝင်းနှင့် သမ္မတဦးသိန်းစိန်တို့၏ ပြုပြင်ပြောင်းလဲမှု ကြိုးပမ်းခဲ့ကြပုံများကို နှိုင်းယှဉ် တင်ပြရန်မှာ စိတ်ဝင်စားစရာကောင်းလှပါသည်။

၁၉၅၁ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက်၊ ဦးနုအစိုးရသစ်သည် ပြည်တော်သာ ညီလာခံကိုကျင်းပပြီး အဆိုပြု တင်ပြခဲ့သည့် ကိစ္စရပ်များ အနက် အုပ်ချုပ်ရေးအာဏာများကို ခွဲဝေပေးခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးတွင် ဒီမိုကရေစီ စနစ်ကျင့်သုံးရန် အစီအစဉ်များ ပါဝင်ခဲ့သည်။ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများကို ထပ်မံခွဲဝေပေးရန် ဦးနုအစိုးရသည် မြို့နယ်အရာရှိ ကြီးမှူးသည့် မြို့နယ်သာယာရေးကော်မတီ တစ်ခုကို မြို့နယ်တိုင်းတွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မတီဝင်များတွင် ရဲဝန်ထမ်း၊ လမ်းနှင့်တံတား လုပ်ငန်းများ၊ သမဝါယမများ၊ စိုက်ပျိုးရေး၊ မြေယာများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ဖဆပလခန့်အပ်ရန် အဆိုပြုထားသည့် လူထုအတွင်းမှ အဖွဲ့ဝင်လေးဦး တို့ပါဝင်ပါသည်။

ခရိုင်နှင့် တိုင်းအစီအစဉ်များ ရေးဆွဲပြင်ဆင်ရာတွင် ထည့်သွင်းနိုင်ရန် မြို့နယ်ပြည်တော်သာကော်မတီအား ငွေစာရင်း လျာထားချက်နှင့် လုပ်ငန်း အစီအစဉ်ကို တင်သွင်းရန် ဖိတ်ခေါ်သည်။ ထို့နောက် နိုင်ငံတော်ဘတ်ဂျက်တွင် ထည့်သွင်း စဉ်းစားရန်အတွက် အစိုးရအဖွဲ့သို့ တင်ပြရပါသည်။ လွှတ်တော်မှ ငွေစာရင်းလျာထားချက်ကို သဘောတူလက်ခံခဲ့ပြီးလျှင်၊ တိုင်းကော်မတီများအား လွတ်လပ်စွာ အသုံးပြုနိုင်သည့် ဘတ်ဂျက်များ ချပေးပြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထပ်မံညှိနှိုင်းစရာမလိုဘဲ မြို့နယ်သာယာရေး ကော်မတီများသို့ ရန်ပုံငွေများ ထပ်မံပေးအပ်ပါသည်။

တိုင်းသာယာရေးကော်မတီက လုပ်ငန်းများအကောင်ထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲပြီး အသုံးစရိတ်များအတွက် တာဝန်ခံရပါသည်။ ဗဟိုအစိုးရမှ ဌာနအကြီးအကဲများက လုပ်ငန်းတိုးတက်မှုနှင့် ပတ်သက်ပြီး ကြည့်ရှုစစ်ဆေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ မြို့နယ်ပြည်တော်သာကော်မတီများက စီမံချက်များအတွက် ငွေကြေး၊ ပစ္စည်းနှင့် လုပ်အားတို့ကို ပေးမည်ဟု မျှော်လင့်ပါသည်။

တော်လှန်ရေးကောင်စီလက်ထက်တွင်၊ ဤပြုပြင်ပြောင်းလဲမှုများကို နောက်ပြန်လှည့်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီအတွက် အဓိက အရေးကြီးသည့်ကိစ္စမှာ ပြည်တွင်းလုံခြုံရေးပင်ဖြစ်သည်။ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီများကို ပြည်နယ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုအသီးသီးတွင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီများကို တပ်မတော်အရာရှိများက ဦးဆောင်ပြီး၊ ဗဟိုဦးစီး ချုပ်ကိုင်မှုများပြီး နိုင်ငံတော်၏ ထိန်းချုပ်မှုကို အားဖြည့်ရန်အတွက် အဓိကထားခဲ့သည်။

ပြည်သူ့ကောင်စီခေတ်တွင် လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီများကို ပြည်သူ့ကောင်စီများအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ တပ်မတော် အရာရှိများအား ဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ထားရှိသော်လည်း ပြည်သူ့ကောင်စီ အက်ဥပဒေက အလုပ်သမားကောင်စီများနှင့် လယ်သမား ကောင်စီများကိုလည်း ပါဝင်ခွင့်ပြုခဲ့သည်။ ဤအချက်က အောက်ခြေမှ ပြည်သူလူထုပါဝင်မှုကို အတိုင်းအတာတစ်ခုအထိ ခွင့်ပြုခဲ့ ပါသည်။

၁၉၈၈ခုနှစ်တွင် တပ်မတော်အာဏာသိမ်းပြီးနောက်၊ ပြည်သူ့ကောင်စီများကို ဖျက်သိမ်းပြီး ပထမပိုင်းတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့များဖြင့်လည်းကောင်း၊ နောက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများဖြင့်လည်းကောင်း အစားထိုးဖွဲ့ခဲ့သည်။ ဤဖွဲ့စည်းပုံအသစ်များက တော်လှန်ရေးကောင်စီပုံစံသို့ တပတ်ပြန်လည်စေခဲ့ပါသည်။ လူထုပါဝင်မှုကို ပိတ်ပင်တားဆီးခဲ့သည်။ တပ်မတော်အရာရှိများက ကောင်စီများကို ဦးဆောင်ခဲ့ပြီး၊ ရဲအရာရှိများနှင့် အထွေထွေ အုပ်ချုပ်ရေးဌာန အရာရှိများက အဖွဲ့ဝင်များဖြစ်လာခဲ့သည်။

ကိုးကား၊ J.S. Furnivall ၏ *The Governance of Modern Burma နှင့်* R.H Taylor ၏ *The State in Myanmar*

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းအဖွဲ့ ဖွဲ့စည်းပုံနှင့် တထပ်တည်း ရောစပ်ပူးပေါင်းခဲ့သည်။ နိုင်ငံတော် စီးပွားရေးဘုတ်အဖွဲ့များ၏ ကော်ပိုရေးရှင်းများတွင် ကျင့်သုံးသည့် အုပ်ချုပ်စီမံမှုပုံစံကို ကျောခိုင်းခဲ့သည်။ နိုင်ငံတော်ပိုင် လုပ်ငန်းများ၏ အစိုးရဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအကြား ကွာခြားချက်ကို အဆုံးသတ်ခဲ့သည်။ နိုင်ငံတော်ပိုင် လုပ်ငန်းများ သည် မိခင် ဝန်ကြီးဌာနအတွင်းရှိ ဌာနတစ်ခုအသွင်ပင် ရိုးရှင်းစွာ လုပ်ကိုင်နေကြရတော့သည်။

မဆလပါတီခေတ်၏ အမွေအနှစ်များသည် ယနေ့အထိ ဆက်လက်ရှိနေဆဲပင်ဖြစ်သည်။ ဤကာလမှ အရေးပါသည့် ဖွဲ့စည်းပုံများစွာမှာ ယခုအထိ ကျန်ရှိနေဆဲပင်ဖြစ်သည်။ အားလုံးအနက် အရေးကြီးဆုံးအချက်မှာ နောက်အနှစ် ၄၀ ကာလတွင် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာအုပ်ချုပ်ရေး၌ ပါတီနှင့် နိုင်ငံတော်အစိုးရ ရောယှက်နေခြင်းနှင့် စစ်တပ်နှင့်နိုင်ငံတော်အစိုးရ ရောထွေးနေခြင်းဟု မှတ်ယူနိုင်ပါသည်။

နောက်ပိုင်းတွင် အရပ်ဘက်အုပ်ချုပ်ရေး၏ ဥပဒေပိုင်းဆိုင်ရာအခြေခံများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ပအရေးပေါ်အခြေအနေအောက်တွင် တဖြည်းဖြည်း မှေးမှိန်သွားခဲ့ပြီး၊ အထက်မှ ညွှန်ကြားချက်များဖြင့် အစားထိုးခဲ့သည့် တပ်မတော်အစိုးရခေတ် ၁၉၈၈ ခုနှစ်မှ ၂၀၁၁ခုနှစ် အထိကို လေ့လာကြမည် ဖြစ်ပါသည်။

## အပိုင်း - ၄ တပ်မတော်အစိုးရ (၁၉၈၈ - ၂၀၁၁)

၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် အာဏာယူခဲ့သည့် တပ်မတော်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ အုပ်ချုပ်ရေးတွင် ကြီးမားသည့် အကျိုးဆက်တစ်ခုကို ဖြစ်စေခဲ့ပါသည်။ ၁၉၈၈မှ ၂၀၁၁ခုနှစ် ကာလအတွင်း တပ်မတော်အုပ်ချုပ်ရေး၏ ထူးခြားထင်ရှားမှုမှာ တပ်မတော်က နိုင်ငံတော်အစိုးရအဖြစ် အစားထိုးဝင်ရောက်နိုင်မှု အတိုင်းအတာပင် ဖြစ်သည်။ အရပ်သားအဖွဲ့အစည်းများ၏ အားနည်းချက်ကို အတန်အသင့် အားကောင်းသည့် တပ်မတော်ဖြင့် အစားထိုးခဲ့ပြီး ပြည်သူ့ဘဏ္ဍာငွေအသုံးစရိတ် စုစုပေါင်း၏ ၄၀% အထိ ရောက်ရှိခဲ့ပါသည်။ ကမ္ဘာ့ဈေးကွက်သို့ မြန်မာစီးပွားရေးကို ဖွင့်လှစ်လိုက်ခြင်းက နိုင်ငံတော်ပိုင် လုပ်ငန်းများ၏ အခန်းကဏ္ဍကို လျော့နည်းသွားစေပြီး ပြည်သူ့ရေးရာကဏ္ဍကိုလည်း စတင်အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် နိုင်ငံရေးစနစ်ကို ကာကွယ်စောင့်ရှောက်ပေးသူများအဖြစ် တပ်မတော်၏ အခန်းကဏ္ဍကို ဆက်လက်ထားရှိပေးနိုင်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တစ်ခုကို တပ်မတော်အစိုးရက ချမှတ်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အရပ်ဘက်အုပ်ချုပ်ရေးအနေဖြင့် ခက်ခဲသောအခြေအနေအတွင်း ကျရောက်နေသည်ဟု သုံးသပ်ကာ တပ်မတော်၏အထဲတွင် အစိုးရတစ်ရပ်ကို ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်၏ အမြင်သဘောထားမှာ၊ မဆလပါတီအစိုးရအား ဖြုတ်ချခဲ့သည့် နိုင်ငံတဝှမ်းလုံးမှ ဆန္ဒပြမှုများနှင့် ၁၉၈၈ခုနှစ် အရေးအခင်းတွင် နိုင်ငံတော်ပျက်စီးယိုယွင်းခဲ့ရသည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အရပ်ဘက် အုပ်ချုပ်ရေးစနစ်သည် ကျရှုံးခဲ့ပြီဖြစ်ပြီး၊ တပ်မတော်ကသာလျှင် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးနိုင်ခဲ့သည်ဟု ယုံကြည်ခဲ့ပါသည်။ တပ်မတော်အစိုးရ၏ နောက်ဆက်တွဲလုပ်ဆောင်ချက်များကို ယင်းရှုထောင့်ဖြင့် ကြည့်မှသာလျှင် နားလည်သဘောပေါက်နိုင်ပါသည်။

အာဏာသိမ်းပြီးနောက်တွင်၊ တပ်မတော်အစိုးရ၏ ပထမဆုံးလုပ်ဆောင်ချက်များမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုဖျက်သိမ်းပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး လုပ်ပိုင်ခွင့်အာဏာများကို ယူခဲ့သည်။ နောင်လာမည့် နှစ်၂၀ အတွင်း၊ စစ်အုပ်ချုပ်ရေးက စိုးမိုးခဲ့ပါသည်။ အကြီးတန်းစစ်အရာရှိ ၁၉ ဦးပါရှိသည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) က အမိန့်ကြေငြာချက်များဖြင့် အုပ်ချုပ်ခဲ့သည်။ ခြုံ၍ပြောရမည်ဆိုလျှင်၊ ဥပဒေဖြင့် အုပ်ချုပ်စီမံမှုမျိုးမဟုတ်ဘဲ၊ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာအုပ်ချုပ်မှု၏ လက္ခဏာအပေါ်တွင် အကျိုးဆက်တစ်ခု သိသာစွာဖြစ်စေခဲ့ပြီး ယနေ့ထက်တိုင်လည်း ရှိနေဆဲဖြစ်သည်။

တပ်မတော်အစိုးရသည် ကိုလိုနီခေတ်မှ အုပ်ချုပ်ရေးစနစ်မျိုးကို ပြန်လည်ဖန်တီးခဲ့ပြီး၊ နိုင်ငံအတွင်းရှိ ဗဟိုမှ ကျေးရွာအသီးသီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။ တပ်မတော်အရာရှိများဦးဆောင်သည့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ပြည်နယ်၊ တိုင်း၊ ခရိုင် ၊မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် အဆင့်ဆင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပြန်လည် ဖွဲ့စည်းခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၊ နောင်တွင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကို ပံ့ပိုးရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးတွဲထားရှိခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းအဖွဲ့တွင် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု ဆက်လက်ရှိနေခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးပါတီများတွင် ပါဝင်မှုကို တရားဝင်ပိတ်ပင်ထားသော်လည်း၊ အစိုးရဝန်ထမ်းများအား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွင် ပါဝင်ရန် မျှော်လင့်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဆန္ဒပြပွဲများအပြီးတွင်၊ အစိုးရဝန်ထမ်းများကို နိုင်ငံရေးအမြင်များကို ဖော်ပြစေသည့် ပုံစံများကို ဖြည့်စွက်စေခဲ့ပြီး၊ တပ်မတော်သည် ဤသတင်းအချက်အလက်များကို အသုံးပြုပြီး၊ ဆန့်ကျင်သူများဟု ထင်မြင်ရသူများအား နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့သည်။ အစိုးရဝန်ထမ်းများအားလုံး တက်ရောက်ရသည့် နိုင်ငံ့ဝန်ထမ်း လေ့ကျင့်သင်ကြားရေးကျောင်းများမှ သင်တန်းများတွင် သဘောတရားရေးရာများ ပိုမို ထည့်သွင်းလာခဲ့ပါသည်။

ပြည်သူ့ရေးရာ အုပ်ချုပ်ရေးတွင် ထပ်မံထိုးဖေါက်ရန် ပြည်သူ့ရေးရာဝန်ထမ်းအဖွဲ့၏ အဆင့်မြင့်နေရာ အဆင့်ဆင့်သို့ တပ်မတော် အရာရှိအမြောက်အမြားအား အဆက်မပြတ် ပြောင်းရွှေ့တာဝန်ထမ်း ဆောင်စေခဲ့ပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနအများစုတွင် ယခင်တပ်မတော်အရာရှိများက ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးရာထူး၏ ၅၀%နှင့် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ရာထူးအားလုံးနီးပါးကို ရရှိထားကြပါသည်။[5] အကျိုးဆက်အနေဖြင့် ယခင် တပ်မတော် အသိုင်းအဝိုင်းနှင့် အဆက်အသွယ်ရှိခြင်းက နိုင်ငံ့ဝန်ထမ်းအဖွဲ့တွင် အလုပ်ဖြစ်နိုင်စေရန် အရေးပါသည့်နည်းလမ်းတစ်ခုဖြစ်ပြီး၊ နိုင်ငံ့ဝန်ထမ်း၏ တပ်မတော်အတွင်း ရာထူးအဆင့်သည် အရပ်ဘက်တွင် ရရှိသည့် နေရာထက် ပို၍ အရေးကြီးသည်ဟုလည်း မြင်ကြလေသည်။ `ဆရာသမား ၏ တန်ခိုးသြဇာအရှိန်အဝါ အဆက်အသွယ်ဖြင့် ရာထူးရရှိလာမှုများသည် အရည်အချင်းဖြင့် ခန့်ထားခြင်း၊ ရာထူး တိုးမြှင့်ခြင်းစနစ်အတွက် အဓိကအဟန့်အတားတစ်ခုဟုလည်း လူအများက ထင်မြင်ယူဆကြပါသည်။

ယခင်ကဖော်ပြခဲ့သည့်အတိုင်းပင်၊ ကမ္ဘာ့ဈေးကွက်တွင် မြန်မာနိုင်ငံဝင်ရောက်လာခြင်း၏ အကျိုးဆက်အဖြစ်ဖြင့်၊ နိုင်ငံပိုင် လုပ်ငန်းများ၏ အရေးပါမှုမှာ အတန်အသင့် လျော့ကျခဲ့ပါသည်။ ၁၉၈၈ ခုနှစ် မှ ၂၀၀၈ခုနှစ်အတွင်း၊ နိုင်ငံတော်ပိုင်လုပ်ငန်းများ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုမှ ရရှိငွေမှာ ၂၀% မှ ၇%အထိ လျော့ကျခဲ့ပါသည်။ သို့ရာတွင်၊ နိုင်ငံတော်အစိုးရမှ လမ်းညွှန် မှုဖြင့် လုပ်ကိုင်သည့် စီးပွားရေးမှ ပုဂ္ဂလိကစီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းရာတွင် နိုင်ငံတော်အနေဖြင့် ပိုမို ဆန်းပြားရှုပ်ထွေး သည့် စည်းမျဉ်းအသစ်များချမှတ်နိုင်ရန် လိုအပ်လာပြီး၊ ထိုသို့ချမှတ်နိုင်ရန်အတွက် အစိုးရအနေဖြင့် ကြိုးပမ်းလုပ်ဆောင်လျက် ရှိပါသည်။ ယင်းအချက်ကို အခွန်ကြောင့်ရရှိသည့် ဘဏ္ဍာငွေမှာ ဂျီဒီပီ၏ ၃% သို့မဟုတ် ၄% အထိသာရှိသည့်၊ အခွန်ငွေ ကောက်ခံသည့် နယ်ပယ်ထက် ပိုမိုသိသာထင်ရှားသည့် နေရာမရှိတော့ချေ။

နှစ် ၂၀ မျှ အုပ်ချုပ်ခဲ့ပြီးနောက် တပ်မတော်အစိုးရသည် နောက်ဆုံး ၂၀၀၈ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထုတ်ပြန်ကြေညာပြီး ဥပဒေအရ အုပ်ချုပ်စီမံမှုသို့ပြောင်းလဲရန် ပြင်ဆင်ခဲ့သည်။ သို့ရာတွင်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှ တဆင့် တပ်မတော်သည် `လမ်းညွှန်မှုပေးသည့် သို့မဟုတ် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်`တစ်ခုကို တည်ထောင်ရန် ကြိုး ပမ်းခဲ့သည်။ ယင်းစနစ်အရ တပ်မတော်သည် လွှတ်တော်နေရာ ၂၅%တွင်ရှိပြီး နိုင်ငံရေးစနစ်အတွက် အရေးပါသည့် အခန်းကဏ္ဍ ကို ဆက်လက်ထိန်းသိမ်း ရယူထားပါသည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ၂၀၀၃ ခုနှစ် သြဂုတ်လက ကြေညာ ခဲ့သည့် အဆင့် ၇ ဆင့်ပါ လမ်းပြမြေပုံ၏ အဓိကအဆင့်ဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် အုပ်ချုပ်သည့် အစိုးရလက်သို့ တပ်မတော်မှ အာဏာ ပြန်လည်အပ်နှင်းနိုင်ရန်အတွက် အရေးပါပါသည်။

[5] ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ယခင်နှင့် လက်ရှိ အစိုးရအရာကြီးများနှင့် တွေ့ဆုံမေးမြန်းချက်များမှ အခြေခံသည်။

## အခန်း - ၂ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ ကဏ္ဍ (အုပ်ချုပ်ရေးကဏ္ဍ)

ဤအခန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် `ပြည်သူ့ရေးရာကဏ္ဍ` ဆိုသည်မှာ မည်သည့် အဓိပ္ပါယ်ရှိသည်ကို ရှင်းလင်းတင်ပြရန်ဖြစ်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပါရှိသည့်အတိုင်း မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ဖွဲ့စည်းပုံကို ဖေါ်ပြပြီး ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဖြင့် စတင်ပါမည်။ ဤအခန်း၏ ကျန်သည့်အပိုင်းတွင် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍကို စီမံခန့်ခွဲသည့် အပိုင်းသုံးပိုင်းဖြစ်သော မူဝါဒလုပ်ငန်းစဉ်ကို စီမံခန့်ခွဲခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲမှုနှင့် နိုင်ငံ့ဝန်ထမ်းများကို စီမံခန့်ခွဲမှုများကို အကျဉ်းချုပ်ဆွေးနွေးတင်ပြထားပါသည်။

**မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ အဓိပ္ပါယ်ဖွင့်ဆိုချက် အကျဉ်းချုပ်**

မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ (အုပ်ချုပ်ရေးယန္တရား) တွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများနှင့် ပြည်ထောင်စုနယ်မြေများပါဝင်ပါသည်။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော်မှ ၅၀% နှင့် အထက်ပိုင်ဆိုင်သည့် ပိုင်ဆိုင်မှုများ၊လုပ်ငန်းများလည်း ပါဝင်ပါသည်။

### အပိုင်း - ၁ မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ၏ ဖွဲ့စည်းပုံ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် မြန်မာနိုင်ငံ၏အစိုးရစနစ်ကို ဖေါ်ပြရေးသားထားပါသည်။ ၁၉၄၈ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရသည့်အချိန်မှစပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟူ၍ သုံးခု ရှိခဲ့ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်ထောင်စု၏ အချုပ်အခြာအာဏာ ခွဲဝေသုံးစွဲကျင့်သုံးပုံကို အောက်ပါအတိုင်း ဖေါ်ပြထားပါသည်။

- **ဥပဒေပြုရေးအာဏာ၊** ပြည်ထောင်စုလွှတ်တော် နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များကို အပ်နှင်းထားပါသည်။
- **အုပ်ချုပ်ရေးအာဏာ၊** အစိုးရ၏ အကြီးအကဲရာထူးကို သမ္မတအားပေးအပ်ထားသည်။ ပြည်ထောင်စု အစိုးရတွင် သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ရှေ့နေချုပ်တို့ ပါဝင်ပါသည်။
- **တရားစီရင်ရေးအာဏာ၊** ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများကို ပေးအပ်ထားပါသည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ဖယ်ဒရယ်စနစ်တစ်ခုကို ချမှတ်ထားသည်။ အာဏာကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး ၁၄ခုအကြား ခွဲဝေထားပြီး တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး အခွင့်အာဏာခွဲဝေမှုကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ဇယား ၁ နှင့် ၂ တို့ဖြင့်ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်ထောင်စု၏ အုပ်ချုပ်ရေး ဖွဲ့စည်းပုံကို အောက်ပါအတိုင်း ဖေါ်ပြထားသည်။

**ပုံ - ၁ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံစနစ်**




ကိုးကား၊ ချစ်စောနှင့် အာနိး (၂၀၁၄) - စာရေးသူများမှ ခရိုင်အရေအတွက်အား ပြင်ဆင်ဖြည့်စွက်သည်။ (၂၀၁၅)

၂၀၁၅ ခုနှစ် နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းပုံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု ပါရှိပါသည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ပျမ်းမျှခရိုင် ၄ ခု သို့မဟုတ် ၅ ခုခန့်ဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်မှု စုစုပေါင်း ခရိုင် ၇၄ ခုရှိပါသည်။ ခရိုင်များတွင် ပျမ်းမျှမြို့နယ်၄ခု သို့မဟုတ် ၅ ခု ပါရှိပြီး စုစုပေါင်းမြို့နယ် ၃၃၀ ရှိပါသည်။ မြို့နယ်များတွင် မြို့ပြဒေသများ၌ ရပ်ကွက်များနှင့် ကျေးလက်ဒေသများတွင် ကျေးရွာအုပ်စုများ အသီးသီး ပါရှိပါသည်။

ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများသည် မြို့တော်ဖြစ်သည့် နေပြည်တော်၏ ပြင်ပရှိ မိမိတို့၏ ဝန်ကြီးဌာနများကို ဤအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းထားပါသည်။ ဥပမာ - ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဌာနသည် ရုံးချုပ်မှာ နေပြည်တော်တွင်ရှိပြီး ပြည်နယ်များ၊ တိုင်းဒေသကြီးများ၊ ခရိုင်များနှင့် မြို့နယ်များတွင် ရုံးများထားရှိပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများအဆင့်အောက်တွင် ရွေးကောက်တင်မြှောက်ခံရသည့် ဒေသန္တရ အစိုးရများ မရှိချေ။ အစိုးရ၏ တတိယအဆင့်သည် မြို့နယ်အဆင့်တွင်သာ ပေါ်ပေါက်လာနိုင်ခြေ အရှိဆုံးဖြစ်ပါသည်။ လက်ရှိအချိန်တွင် ကျေးရွာအုပ်စုအဆင့်တွင်သာ သွယ်ဝိုက်ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များရှိပါသည်။ မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်များတွင် မြို့တော်စည်ပင်သာယာရေး ကော်ပိုရေးရှင်းများက စည်ပင်သာယာရေး လုပ်ငန်းများကို လုပ်ကိုင်ပေးနေပြီး၊ မကြာသေးမီက စတင်ပြီး လူတစ်ဦးချင်းကမဟုတ်ဘဲ အိမ်ထောင်စုအလိုက် မဲပေးသည့်စနစ်ဖြင့် ရွေးကောက် တင်မြှောက်ခြင်းကို စတင်လုပ်ကိုင်ခဲ့ပါသည်။ သို့သော်မြို့နယ်များမှာမူ ယခုအချိန်ထိ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အုပ်ချုပ်ခံယူနစ်များသာ ဖြစ်ပါသည်။

ယခင်ကာလများနှင့် ယခုမြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံကို နှိုင်းယှဉ်ကြည့်ရန် အတွက်၊ အချပ်ပို - ၁ ပါ ဇယားများကို ကြည့်ရှုပါ။

## *ပြည်ထောင်စု အစိုးရ*

ပြည်ထောင်စုအစိုးရတွင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ ပါဝင်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုအစိုးရကို သမ္မတ၊ ဒုတိယ သမ္မတနှစ်ဦး၊ သမ္မတရုံး ဝန်ကြီး ၆ ဦးနှင့် ဝန်ကြီးဌာန ဝန်ကြီး ၃၀ ဦး၊ ရှေ့နေချုပ်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌတို့က ဦးဆောင်နေပါသည်။

ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဌာန်းထားပြီး၊ အခြေခံဥပဒေ၏ ပုဒ်မ ၉၆တွင် ပြည်ထောင်စုလွှတ်တော်ကို အကြောင်းအရာများစွာနှင့် ပတ်သက်ပြီး ဥပဒေပြဌာန်းခွင့်ပေးထားပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ဇယား (၁) ဥပဒေပြုဆိုင်ရာ စာရင်းတွင် ကာကွယ်ရေးနှင့် လုံခြုံရေးမှ ဘဏ္ဍာရေးနှင့်စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေးတို့ပါ ပါဝင်ပါသည်။ နှိုင်းစာမည်ဆိုပါက၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ ဥပဒေပြုမှုဆိုင်ရာ စာရင်းတွင် အကန့်အသတ်ပိုရှိပါသည်။

ပြည်ထောင်စု အစိုးရရုံးများနှင့် ဝန်ကြီးဌာနများအား အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

၁။ သမ္မတရုံး

၂။ ပြည်ထောင်စု ရှေ့နေချုပ်ရုံး

၃။ ပြည်ထောင်စု ရာထူးဝန်အဖွဲ့

၄။ ဘဏ္ဍာရေးဝန်ကြီးဌာန

၅။ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

၆။ ပြည်ထဲရေး ဝန်ကြီးဌာန

၇။ နယ်စပ်ရေးရာ ဝန်ကြီးဌာန

၈။ ကာကွယ်ရေး ဝန်ကြီးဌာန

၉။ နိုင်ငံခြားရေး ဝန်ကြီးဌာန

၁၀။ ပြန်ကြားရေး ဝန်ကြီးဌာန

၁၁။ ပညာရေး ဝန်ကြီးဌာန

၁၂။ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန

၁၃။ သာသနာရေးဝန်ကြီး

၁၄။ ယဉ်ကျေးမှု ဝန်ကြီးဌာန

၁၅။ အားကစား ဝန်ကြီးဌာန

၁၆။ ကျန်းမာရေး ဝန်ကြီးဌာန

၁၇။ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

၁၈။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၁၉။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန

၂၀။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

၂၁။ သမဝါယမ ဝန်ကြီးဌာန

၂၂။ စက်မှု ဝန်ကြီးဌာန

၂၃။ ဆောက်လုပ်ရေး ဝန်ကြီးဌာန

၂၄။ သတ္တုတွင်း ဝန်ကြီးဌာန

၂၅။ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန

၂၆။ စွမ်းအင် ဝန်ကြီးဌာန

၂၇၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန

၂၈၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန

၂၉၊ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

၃၀၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန

၃၁၊ ပို့ဆောင်ရေး ဝန်ကြီးဌာန

၃၂၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန

၃၃၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ကြီးဌာန

အစိုးရ၏ အကြီးအကဲဖြစ်သော သမ္မတသည် အစိုးရ ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များအတွက် အဓိကတာဝန်ယူရသူ ဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ ဝန်ကြီးဌာနသုံးခုသည် သမ္မတအစား ကာကွယ်ရေးဦးစီးချုပ်အား အစီရင်ခံပါသည်။ ယင်းဝန်ကြီးဌာနများမှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ဖြစ်ပါသည်။

ဝန်ကြီးဌာနအသီးသီးကို ဝန်ကြီးတစ်ဦးနှင့် အတွေ့အကြုံရှိ၍ကျွမ်းကျင်မှုရှိသူများအား ခန့်ထားတတ်သည့်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ဒုဝန်ကြီးများကဦးဆောင်ပါသည်။

ဝန်ကြီးဌာနများတွင် ဦးစီးဌာနများရှိပြီး၊ ဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုစီအတွက် တာဝန်ရှိသည့် ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်ပါသည်။ ပညာရေးဝန်ကြီးဌာနကဲ့သို့ ကြီးသည့် ဝန်ကြီးဌာနမျိုးတွင်မူ မူလတန်း၊ အလယ်တန်းနှင့် အဆင့်မြင့်ပညာ ဦးစီးဌာနများရှိပါသည်။ မြန်မာနိုင်ငံတွင် ဦးစီးဌာနများကို ဌာနများ၊ ဌာနခွဲများနှင့် ဌာနစိတ်များ အဖြစ်ထပ်မံခွဲခြားထားပါသည်။

မြန်မာနိုင်ငံရှိ အစိုးရဝန်ကြီးဌာနများကို ပုံမှန်အားဖြင့် လုပ်ဆောင်ရန်လိုအပ်သည့်ကိစ္စများ အပေါ်တွင် အခြေခံပြီး ဘဏ္ဍာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကာကွယ်ရေး စသဖြင့် ဖွဲ့စည်းတည်ထောင်ကြပါသည်။ ကမ္ဘာပေါ်ရှိ အစိုးရများအများစု ကျင့်သုံးလေ့ရှိသည့် လုပ်ထုံးလုပ်နည်းမျိုးပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးတွင် အကျယ်ပြန့်ဆုံး ဖွဲ့စည်းပုံရှိပြီး အစိုးရ၏ အုပ်ချုပ်မှုအတွက် ခိုင်မာသောကျောရိုးအဖြစ်ဖြင့် အရေးကြီးသည့်ကဏ္ဍတွင် ဆက်လက်ရှိနေပါသည်။ ယင်း၏ အထွေထွေအုပ်ချုပ်ရေးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများတွင် ရုံးများရှိပါသည်။

ပြည်ထောင်စုဝန်ကြီးဌာန အရေအတွက် များပြားနေခြင်းသည် မြန်မာနိုင်ငံ၏ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး ဆက်လက်ရှိနေဆဲ ကိစ္စတစ်ခုပင်ဖြစ်သည်။ ဝန်ကြီးဌာနပေါင်း ၃၀ ခု ရှိပြီး နိုင်ငံတကာတွင် ပျမ်းမျှထားရှိသည့် အရေအတွက်မှာ ၁၆ ခုမျှသာရှိသဖြင့် နှစ်ဆနီးပါး ဖြစ်နေပါသည်။ ပြဿနာတစ်ခုအနေဖြင့် မြင်ရန်မလိုသော်လည်း ပူးပေါင်း လုပ်ဆောင်မှု

တိုးတက်စေရန်၊ လုပ်ဆောင်ချက်များမထပ်နေစေရန်နှင့် အကုန်အကျများ အနည်းဆုံးဖြစ်နိုင်စေရန် လုပ်ကိုင်နိုင်ခြင်း ရှိ/မရှိကို ကြည့်ရှုရန် ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံကို အစိုးရအနေဖြင့် မကြာခဏ သုံးသပ်စစ်ဆေးသင့်ပါသည်။

## *ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ*

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့်ပင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများကိုလည်း ပြဋ္ဌာန်းထားပါသည်။ အသုံးအနှုန်းကွဲပြားနေမှုမှာ တိုင်းရင်းသားလူနည်းစုနေထိုင်သည့် ပြည်နယ်များနှင့် ဗမာအများစု နေထိုင်သည့် တိုင်းဒေသကြီးများအကြား ကွဲပြားစေရန် ခွဲခြားထားခြင်းသက်သက်သာဖြစ်ပါသည်။

| **ပြည်နယ်များ** | **တိုင်းဒေသကြီးများ** |
|---|---|
| ၁. ကချင်ပြည်နယ် | ၈. စစ်ကိုင်းတိုင်းဒေသကြီး |
| ၂. ကယားပြည်နယ် | ၉. တနင်္သာရီတိုင်းဒေသကြီး |
| ၃. ကရင်ပြည်နယ် | ၁၀. ပဲခူးတိုင်းဒေသကြီး |
| ၄. ချင်းပြည်နယ် | ၁၁. မကွေးတိုင်းဒေသကြီး |
| ၅. မွန်ပြည်နယ် | ၁၂. မန္တလေးတိုင်းဒေသကြီး |
| ၆. ရခိုင်ပြည်နယ် | ၁၃. ရန်ကုန်တိုင်းဒေသကြီး |
| ၇. ရှမ်းပြည်နယ် | ၁၄. ဧရာဝတီတိုင်းဒေသကြီး |

မြန်မာနိုင်ငံတွင် ပြည်နယ် ၇ခုနှင့် တိုင်းဒေသကြီး ၇ခုတို့မှာ -

နိုင်ငံတော်သမ္မတက ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၏ ဝန်ကြီးချုပ်များကို ခန့်ထားပြီး အရေးပါသည့် ရာထူးတစ်ခုဖြစ်သည်။ သမ္မတနှင့် တိုင်ပင်ဆွေးနွေးလျှက်၊ ဝန်ကြီးချုပ်သည် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများကို လျာထားပြီး၊ ဝန်ကြီးဌာန အသီးသီးအတွက် တာဝန်ခွဲဝေ ချထားပေးပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဝန်ကြီး ၁၀ ဦးရှိပြီး၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသ ကြီးလွှတ်တော်သို့ တာဝန်ခံရပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို ဖေါ်ပြပေးထားပါသည်။ ယင်းတို့အနက် အရေးပါဆုံးမှာ -

- ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများကို သတ်မှတ်ပေးထားသောကိစ္စရပ်များအတွက် ဥပဒေ ပြဋ္ဌာန်းပိုင်ခွင့် အာဏာ ပေးထားသည့် ပုဒ်မ ၁၈၈ နှင့် ဤလုပ်ပိုင်ခွင့် အာဏာများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ရသုံးမှန်းခြေ ငွေစာရင်း (ဘတ်ဂျက်) ဒေသဆိုင်ရာလမ်းများ၊ တံတားများ၊ ဆိပ်ကမ်းများနှင့် ဆိပ်ခံတံတားများနှင့် ဒေသအတွင်း စီးပွားရေး လုပ်ငန်းများကို စီမံခန့်ခွဲခွင့်ကို သတ်မှတ်ပေးထားသည့် ဇယား (၂)

- ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများအား အခွန်အခများကို ကောက်ခံခွင့် ပေးထားသည့် ပုဒ်မ ၂၅၄နှင့် မြေခွန်၊ ယစ်မျိုးခွန်၊ ဘီးခွန်နှင့် ဆားခွန်များမှရရှိသည့် အခွန်အခများကို သတ်မှတ်ပေးထားသည့် ဇယား (၅)

- ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများအား ပြည်သူ့ဝန်ထမ်းအဖွဲ့ ဖွဲ့စည်းခွင့် အာဏာ ပေးထားသော ပုဒ်မ ၂၅၇ - ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ မကျင့်သုံးရသေးသည့် အလွန်အရေးကြီးသည့် လုပ်ပိုင်ခွင့်အာဏာ

> **ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ ပုံမှန်ဖွဲ့စည်းပုံ -**
>
> ၁။ ဝန်ကြီးချုပ်
> ၂။ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး
> ၃။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး
> ၄။ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး
> ၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး
> ၆။ သစ်တောနှင့် သတ္တုတွင်း ဝန်ကြီး
> ၇။ ပို့ဆောင်ရေး ဝန်ကြီး
> ၈။ လျှပ်စစ်နှင့် စက်မှုဝန်ကြီး
> ၉။ လူမှုရေး ဝန်ကြီး
> ၁၀။ စည်ပင်သာယာရေးဝန်ကြီး

သို့ရာတွင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ကိုယ်ပိုင်နိုင်ငံ့ ဝန်ထမ်းအဖွဲ့များ မရှိချေ။ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၏ အရေးကြီးသည့် အခန်းကဏ္ဍမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ရုံးရှိသည့် အခြားပြည်ထောင်စုဝန်ကြီးဌာန၏ လုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ရန် သို့မဟုတ် အကြံဉာဏ်များ အဓိကပေးရန်ဖြစ်သည်။ ဥပမာအားဖြင့် ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပြည်ထောင်စုဝန်ကြီးဌာန၏ စီမံကိန်းများနှင့် လုပ်ငန်းများအတွက် အကြံဉာဏ်များ၊ သတင်းအချက်အလက်များပေးပြီး နောက်ဆုံး ဆုံးဖြတ်ချက်များကိုမူ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနမှ ချမှတ်ပါသည်။ ဝန်ကြီးချုပ်၏ အုပ်ချုပ်ရေးဆိုင်ရာရုံးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်၏ ဥပဒေပြုမှုရုံး နှစ်ခုစလုံးအတွက် ပံ့ပိုးကူညီမှုလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ အစိုးရရုံး ဟုခေါ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ဆောင်ပေးပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ ဖွဲ့စည်းမှုသည် ၁၉၆၂ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း အဓိက အပြောင်းအလဲတစ်ခုဖြစ်ပြီး၊ ကျေးရွာအဆင့်အထိ အဆင့်ဆင့်ဝန်ထမ်းများကို ခန့်ထားပြီး နိုင်ငံကို ဗဟိုအစိုးရမှ ထိန်းချုပ်ခဲ့ပါသည်။ ၂၀၀၈ခုနှစ်မှ စတင်ပြီး၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်၊ တိုင်း၊ ဒေသကြီး အစိုးရများအကြား လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေပေးခဲ့ပါသည်။ သို့ရာတွင်

အထက်တွင် ဖေါ်ပြသည့်အတိုင်းနှင့် အာရှဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေး နှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့တို့မှ ၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် *မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အုပ်ချုပ်မှု စနစ်* သုတေသနလေ့လာချက်တွင် ဖေါ်ပြပါရှိထားသည့်အတိုင်း ပြည်ထောင်စုနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် အကြား လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှုအတွက် စီစဉ်မှုသည် အကန့်အသတ်များ ရှိနေဆဲဖြစ်ပြီး၊ ဖြည်းဖြည်းချင်း ပြောင်းလဲနေပါသည်။

မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် အရေးကြီးဆုံးမေးခွန်းများအနက် တစ်ခုမှာ ပြည်ထောင်စုနှင့် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရများအကြား မည်သို့သောနည်းဖြင့် လုပ်ငန်းဆောင်တာများကို အကောင်းဆုံးခွဲဝေကြမည်ဆိုသည့် အချက်ဖြစ်သည်။ ပြည်ထောင်စု အစိုးရ၏ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လုပ်ပိုင်ခွင့် အာဏာ အချို့ကို ခွဲဝေပေးရန် ဆုံးဖြတ်ထားရှိခြင်းသည် အပြုသဘောဆောင်သည့် ပထမခြေလှမ်းပင် ဖြစ်သည်။ ပြည်ထောင်စု လွှတ်တော်၏ ဖွဲ့စည်းအုပ်ချုပ်ရေးအခြေခံဥပဒေပြင်ဆင်ရေး ပူးတွဲကော်မတီသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်း ထားသည့် လုပ်ငန်းတာဝန်များ ခွဲဝေမှုကို ပြန်လည်သုံးသပ်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာရှိပါသည်။ ပြည်ထောင်စုလွှတ်တော်သည် တဖြည်းဖြည်း အခြေခံပညာကျောင်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို စီမံခန့်ခွဲမှုများ အပါအဝင် ပြည်သူ့ရေးရာဝန်ဆောင်မှု လုပ်ငန်းများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးသို့ လုပ်ပိုင်ခွင့် အာဏာများ ခွဲဝေပေးရန်အတွက် လက်ခံအတည်ပြုသည်ကို တွေ့မြင်လာနိုင်ပါသည်။

သို့ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် လက်ရှိတွင် အခွန်ဘဏ္ဍာ ကောက်ခံရရှိနိုင်မှု အတိုင်းအတာမှာ အလွန်နည်းလှပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စု၏ လုပ်ငန်း တာဝန်များနှင့် ဝန်ဆောင်မှုများကို ပိုမိုတာဝန်ယူ လုပ်ဆောင်ပေးနိုင်ရန်မှာ ပြည်ထောင်စု ဘဏ္ဍာငွေကြေးဆိုင်ရာ ကော်မရှင်ထံမှ လက်ရှိရရှိနေသည်နှင့် ကောက်ခံခွင့်ပေးထားသည့် အခွန်အခ အချို့တို့ထက် ရန်ပုံငွေများစွာ ပို၍လိုအပ်မည် ဖြစ်ပါသည်။

ပြည်ထောင်စု အစိုးရသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရသို့ ဘဏ္ဍာငွေချထားပေးနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဟု  စိတ်ပိုင်းဖြတ်ထားသော်လည်း ယခုအချိန်အထိ ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချရေးအတွက် ချဉ်းကပ်ပုံမှာ  ဟိုတစ်စ၊ သည်တစ်စနှင့် အစီအစဉ်တကျ မရှိလှချေ။  အာရှဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့တို့မှ ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် *မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း* သုတေသနလေ့လာချက်အရ၊ အုပ်ချုပ်စီမံမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး လုပ်ဆောင်ချက်များ တိုးတက်လာစေရန်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အစိတ်အပိုင်းများအားလုံး ပေါင်းစပ်ထားသည့် ပြီးပြည့်စုံသည့် မဟာဗျူဟာတစ်ခု ရေးဆွဲရန် လိုအပ်ပါသည်။

## *နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ*

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ၏ အလွန်အရေးပါသည့် အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း ၄၄ခုရှိပြီး သစ်လုပ်ငန်းမှ ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍများအထိ လုပ်ကိုင်လျှက်ရှိပါသည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အချက်အလက်များအရ၊ ဂျီဒီပီ၏ ၇% မျှ အစိုးရ၏ အခွန်ဘဏ္ဍာ၏ သုံးပုံနှစ်ပုံမျှရရှိနေပြီး နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများသည် မြန်မာ့စီးပွားရေးတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ အရေးကြီးသည့် အလုပ်ရှင်များလည်းဖြစ်ပါသည်။ ဥပမာ -  မြန်မာ့ သစ်ထုတ်လုပ်ရေး လုပ်ငန်းတွင် ဝန်ထမ်း ၂၀၀၀၀ (နှစ်သောင်း) ခန့်ရှိပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် ယေဘုယျအားဖြင့် အစိုးရဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံအောက်တွင် အပြည့်အဝ ထည့်သွင်းထားရှိပြီးဖြစ်ပါသည်။ ဥပမာအားဖြင့် မြန်မာ့သစ်လုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဦးစီးဌာနအဖြစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။  ဝန်ကြီးဌာနရှိ ဝန်ထမ်း အရေအတွက်၏ ထက်ဝက်ကျော်ခန့်သည် သစ်လုပ်ငန်းဦးစီးဌာနအတွက် လုပ်ကိုင်နေကြပြီး ဝန်ကြီးဌာနတစ်ခုလုံး လည်ပတ်ရန်အတွက် အရေးအကြီးဆုံး အစိတ်အပိုင်းများ ဖြစ်သည့် မူဝါဒချမှတ်ခြင်း သို့မဟုတ် ပစ္စည်းဝယ်ယူရေးကဲ့သို့သော လုပ်ငန်းဆောင်တာများကိုလည်း လုပ်ဆောင်လေ့ရှိပါသည်။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းအက်ဥပဒေသည် နိုင်ငံ့ဝန်ထမ်းများသာမက၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည့် အစိုးရဝန်ထမ်းများနှင့်လည်း  သက်ဆိုင်ပါသည်။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများနှင့် တန်းတူလစာနှင့် အခြားခံစားခွင့်များရရှိပြီး လိုက်နာရမည့် စည်းမျဉ်း၊စည်းကမ်းများကိုလည်း လိုက်နာကြရသည်။ ယင်းအချက် သည် အခြားနိုင်ငံများတွင် ကျင့်သုံးကြသည့် နိုင်ငံ့ဝန်ထမ်းများအဖြစ်ဖြင့် ဝန်ကြီးဌာနများတွင် လုပ်ကိုင်ကြသူများနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၊ ရဲဝန်ထမ်း သို့မဟုတ် နိုင်ငံတော် စီးပွားရေးလုပ်ငန်းများကဲ့သို့သော ကျယ်ပြန့်သောပြည်သူ့ရေးရာကဏ္ဍ၏

အစိတ်အပိုင်းအဖြစ် သတ်မှတ်သည့် လုပ်ငန်းများတွင် လုပ်ကိုင်သူများအား ခွဲခြားထားတတ်သည့် အလေ့အကျင့်နှင့် ကွာခြားနေပါသည်။ ထိုသို့ ခွဲခြားရခြင်းမှာ နိုင်ငံ့ဝန်ထမ်းများသည် အာဏာရလာသည့် အစိုးရတစ်ခု၏ ဝန်ထမ်းများသာ မဟုတ်ကြဘဲ၊ အချိန်တိုင်းတွင် နိုင်ငံတော် အဖွဲ့အစည်းများကို လေးစားတန်ဖိုးထား ထိန်းသိမ်းကြမည့်သူများဟု မျှော်လင့်သည့်အတွက်ကြောင့် ဖြစ်ပါသည်။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်သူများမှာမူ ယေဘုယျအားဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေထက် အခြားဥပဒေ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍနှင့် ပိုမိုသက်ဆိုင်သည့် အလုပ်သမားဥပဒေမျိုးနှင့် ပိုမိုသက်ဆိုင်ပါသည်။

အင်အားကြီးသည့် ဦးပိုင်ကုမ္ပဏီများမှတဆင့် တပ်မတော်မှ ထိန်းချုပ်လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများလည်း များစွာ ရှိပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် တရားဝင် မသတ်မှတ်ထားသော်လည်း၊ တပ်မတော်ပိုင် မြန်မာ့စီးပွားရေး ဦးပိုင်လုပ်ငန်းများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းသည် စီးပွားရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ မကြာသေးမီကာလအထိ၊ ယင်းတပ်မတော်ပိုင် ကုမ္ပဏီများသည် မြန်မာ့ဈေးကွက်စီးပွားရေးစနစ်တွင် အထူးအခွင့်အရေးကို ရရှိပြီး အခွန်အခများကို လွတ်ငြိမ်းခွင့်ရပါသည်။ ယင်းအချက်က နိုင်ငံခြားကုမ္ပဏီများအား ယင်းတို့နှင့် တွဲဖက်ပြီး စီးပွားရေးလုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ရန် ပုဂ္ဂလိက ကုမ္ပဏီများထက် ပိုပြီး ဆွဲဆောင်မှု ရှိစေခဲ့ပါသည်။

မြန်မာ့စီးပွားရေး ဦးပိုင်လုပ်ငန်းသည် ကျောက်မျက်တူးဖော်ရေး၊ အထည်ချုပ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေး၊ လွှစက်များ၊ ပရိဘောဂစက်ရုံ၊ အစားအစာနှင့် အဖျော်ယမကာတင်သွင်းမှုများ၊ စူပါမားကက်များ၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်များ၊ သယ်ယူပို့ဆောင်ရေး၊ အိမ်ခြံမြေလုပ်ငန်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် သံမဏိနှင့် ဘိလပ်မြေစက်ရုံများစသဖြင့် ကဏ္ဍများစွာတွင် စီးပွားရေးနှင့်ဆိုင်သည့် အကျိုးစီးပွားများရှိနေပါသည်။ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းက သံမဏိ၊ ဘိလပ်မြေ၊ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းနှင့် အခြားကဏ္ဍများနှင့် ပတ်သက်ပါသည်။ ယင်း ဦးပိုင်ကုမ္ပဏီများသည် တပ်မတော်အား ငွေကြေးပံ့ပိုးရေးအတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိနေပြီး၊ လွှတ်တော်သို့တာဝန်ခံခြင်း မရှိသကဲ့သို့၊ ပြည်ထောင်စုဘဏ္ဍာငွေ ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်) တွင်လည်း ထည့်သွင်းဖော်ပြခြင်းမရှိချေ။

နိုင်ငံတော် စီးပွားရေးလုပ်ငန်းများကို အကောင်းဆုံး မည်သို့စီမံခန့်ခွဲမည်နည်း ဆိုသည့်အချက်သည် မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍတွင် မကြာသေးမီက ပြုလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံသည် အခြားကဏ္ဍများအတွက် စဉ်းစားစရာ နမူနာကောင်းတစ်ခုနှင့် ရှေ့ပြေးအစဉ်အလာတစ်ခုပင်ပါသည်။ နိုင်ငံတကာ တယ်လီဖုန်းကုမ္ပဏီများ လာရောက် ရင်းနှီးမြှုပ်နှံမှုက အပြိုင်အဆိုင်ဈေးနှုန်းသတ်မှတ်ခြင်းနှင့် ဝန်ဆောင်မှု ပိုမိုကောင်းမွန်လာစေပြီး ပြည်သူလူထုအတွက် အကျိုးအမြတ်များစွာကို ဆောင်ကြဉ်း ပေးခဲ့ပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနရှိ ဌာနတစ်ခုအဖြစ် ရပ်တည်နေခဲ့သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကော်ပိုရေးရှင်းများတွင် ကျင့်သုံးသည့် အုပ်ချုပ်စီမံမှုစနစ် (corporate governance) ကို ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဆိုသည့်အချက်ကိုလည်း မီးမောင်းထိုးပြခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ပြန်လည်ဖွဲ့စည်းခြင်းသည် ဝန်ကြီးဌာနအတွက် အရေးကြီးပြီး စိန်ခေါ်မှု ရှိသည့်လုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။

## အပိုင်း - ၂ မူဝါဒလုပ်ငန်းစဉ်ကို စီမံခန့်ခွဲခြင်း

ဆက်လက်ဆွေးနွေးမည့် အပိုင်းသုံးပိုင်းတွင် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှု၏ အရေးကြီးသည့် အစိတ်အပိုင်း သုံးခုဖြစ်သော မူဝါဒလုပ်ငန်းစဉ် စီမံခန့်ခွဲမှု၊ ပြည်သူ့ဘဏ္ဍာငွေကြေးများ စီမံခန့်ခွဲမှုနှင့် နိုင်ငံ့ဝန်ထမ်းများအား စီမံခန့်ခွဲမှုတို့အား ဆွေးနွေးတင်ပြထားပါသည်။

အစိုးရ၏ အရေးကြီးဆုံး လုပ်ငန်းတာဝန်များအနက်တစ်ခုမှာ မိမိတို့လိုလားသည့် အကျိုးရလဒ်များ ရရှိအောင်မြင်စေရန် အစိုးရအနေဖြင့် မည်သို့သော လုပ်ငန်းအစီအစဉ်များကို လုပ်ကိုင်မည် ဆိုသည်ကို ဆုံးဖြတ်သော ပြည်သူ့ရေးရာ မူဝါဒချမှတ်ခြင်း ပင်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် နိုင်ငံရေးနှင့် ပတ်သက်သည့်ရွေးချယ်မှုများ ပါဝင်နေလေ့ရှိပါသည်။ အစိုးရ၏ မူဝါဒချမှတ်ပုံတွင် ပုံမှန်အားဖြင့် ဝန်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အခြားသူများ ပါဝင်ပတ်သက်သော တဆင့်ပြီးတဆင့် လုပ်ဆောင်သည့် လုပ်ငန်းစဉ်ပင်ဖြစ်သည်။

၁၉၇၄ မှ ၁၉၈၈ ခုနှစ်အထိ နိုင်ငံကို အုပ်ချုပ်ခဲ့သည့် ဆိုရှယ်လစ်အစိုးရနှင့် ၁၉၈၈ မှ ၂၀၁၁ ခုနှစ်အထိ အုပ်ချုပ်ခဲ့သည့် တပ်မတော်အစိုးရနှစ်ခုစလုံး၏ အမွေအဖြစ် မြန်မာနိုင်ငံ၏ မူဝါဒလုပ်ငန်းစဉ်သည် အခြားနိုင်ငံများ လုပ်ဆောင်ပုံနှင့် အတန်ပင်ကွာခြားပါသည်။ နှစ်ပေါင်းမြောက်များစွာ မူဝါဒများကို ဗိုလ်ချုပ်မှူးကြီးတစ်စုက ချမှတ်ပြီး၊ ဝန်ကြီးဌာနများသည် မူဝါဒချမှတ်ခြင်း သို့မဟုတ် မူဝါဒသုံးသပ်မှုများတွင် ပါဝင်ခွင့်မရဘဲ အဓိကအားဖြင့် မူဝါဒများကို အကောင်အထည် ဖော်ကြရပါသည်။ ထိုကဲ့သို့အခြေအနေတွင် ဝန်ကြီးဌာနများ၏ မူဝါဒရေးရာ စွမ်းဆောင်နိုင်ရည်မှာ နှစ်ကြာလာသည်နှင့်အမျှ ပျက်စီးကျဆင်းခဲ့ပါသည်။

သမ္မတဦးသိန်းစိန်၏ သမ္မတသက်တမ်းစတင်ခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်သူ့ရေးရာ မူဝါဒကိုချမှတ်ရာတွင် သိသာထင်ရှားဆုံးမှာ ရာထူးအမြင့်ဆုံးအဆင့်၊ အဓိကအားဖြင့် သမ္မတနှင့် အစိုးရအဖွဲ့ဝန်ကြီးများက ပြည်သူ့ရေးရာမူဝါဒ ချမှတ်ခြင်းပင် ဖြစ်သည်။ ယေဘုယျအားဖြင့် ပြည်သူ့ရေးရာ မူဝါဒချမှတ်ရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ကြီးများကို အကြံပြုခြင်း၊ ပံ့ပိုးကူညီခြင်းတို့အတွက် ပါဝင်လုပ်ဆောင်ရခြင်း မရှိချေ။ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ အတွေ့အကြုံများအပေါ် တန်ဖိုးထားမှုနှင့် ယုံကြည်မှုတည်ဆောက်ခြင်းတို့ကို  ပြန်လည် လုပ်ဆောင်လာသည်နှင့်အမျှ ပြည်သူ့ရေးရာမူဝါဒများနှင့် ပတ်သက်သည့် အကြံဉာဏ်အတွက် အရေးကြီးသည့် အရင်းအမြစ်တစ်ခု ဖြစ်လာရန် မျှော်လင့်မိပါသည်။

မူဝါဒရေးရာ စွမ်းဆောင်နိုင်ရည် အားနည်းချက်များကို အားဖြည့်နိုင်ရန်၊ ပြည်ထောင်စုအစိုးရအနေဖြင့် အမျိုးသား စီးပွားရေးနှင့် လူမှုရေး အကြံပေးကော်မတီဝင်များ အပါအဝင် အကြံပေးပုဂ္ဂိုလ်များထံမှ မူဝါဒဆိုင်ရာ အကြံဉာဏ်များ ရရှိခဲ့ပါသည်။ ယင်းအကြံပေးပုဂ္ဂိုလ်များထဲတွင် နှစ်ကာလများစွာ နိုင်ငံပြင်ပတွင် နေထိုင်ခဲ့ပြီး ပညာသင်ကြားခဲ့ကြသည့် ထင်ရှားသော မြန်မာနိုင်ငံသားများလည်း ပါဝင်ပါသည်။ အချို့ကော်မတီအဖွဲ့ဝင်များသည် ယခင်က ပြည်ပအခြေစိုက် ဒီမိုကရေစီအရေး လှုပ်ရှားခဲ့သူများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ကြသူများဖြစ်သည်။ အစိုးရ၏ ကဏ္ဍမျိုးစုံမှ လိုအပ်ချက် များပြားလွန်းသည့် အခြေအနေတွင် အကြံပေးပုဂ္ဂိုလ်များနှင့် အကြံပေးကော်မတီများမှာလည်း များပြားနေသဖြင့်၊ နည်းပညာအကြံဉာဏ်နှင့် မူဝါဒရှုထောင့် အမြင်များတွင် ရှုပ်ထွေးခြင်းနှင့် တစ်ခုနှင့်တစ်ခု မထပ်စေရန်အတွက် ထိရောက်သည့် စီမံခန့်ခွဲမှုနှင့် ပူးပေါင်းလုပ်ဆောင်သည့် နည်းစနစ်များ လိုအပ်ပါသည်။ အစိုးရအနေဖြင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအတွင်းသာမက၊ ရေရှည်တွင် တက္ကသိုလ်နှင့် ပညာရှင်အဖွဲ့များ (think tanks) ကဲ့သို့သော အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများတွင်လည်း လုပ်ရည်ကိုင်ရည်ရှိသည့် ပညာရှင်များ ပံ့ပိုးပေးရန် လိုအပ်ပါသည်။

အစိုးရသည် ပြုပြင်ပြောင်းလဲလိုစိတ်ရှိသည့် ဒုဝန်ကြီးများကို ထိထိရောက်ရောက်အသုံးပြုခဲ့ပြီး အချို့သည် မိမိတို့လုပ်ငန်းနယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံသာမက လုပ်ငန်းကျွမ်းကျင်မှုလည်း ရှိကြပါသည်။ ဥပမာအားဖြင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနသည် နည်းပညာကျွမ်းကျင်ရုံမျှမက ပုဂ္ဂလိကကဏ္ဍ အတွေ့အကြုံပါ ရှိပြီး၊ နိုင်ငံတကာ နည်းပညာ ကျွမ်းကျင်မှုများနှင့်ပါ အဆက်အသွယ်ရှိသည့် ဒုဝန်ကြီးများ ခန့်ထားခြင်း၏ အကျိုးကျေးဇူးများကို ခံစားရခဲ့ပါသည်။ နိုင်ငံတကာ ကုမ္ပဏီများ၏ ဝန်ဆောင်မှုများသည်  လိုအပ်သည့် ဥပဒေများချမှတ်ခြင်းနှင့် တယ်လီဖုန်းဆက်သွယ်ရေး ဆိုင်ရာ လိုင်စင်များအတွက် ယုံကြည်လက်ခံစရာကောင်းသည့် နိုင်ငံတကာ ဈေးပြိုင်စနစ်ဖြင့် ခေါ်ယူသည့် လုပ်ငန်းစဉ်တို့အပါအဝင် တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍကို ပြန်လည် ပြောင်းလဲပြင်ဆင်ရာတွင် အလွန်ပင်အရေးကြီးပါသည်။ ယင်းက တယ်လီဖုန်းဆက်သွယ်စရိတ်ကို များစွာကျဆင်း သွားစေပြီး သတင်းအချက်အလက်များကို လူအများရရှိနိုင်မှု အလွန်ပင်တိုးတက်လာကာ မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ကိုင်ရာတွင် ကုန်ကျစရိတ်များ သိသာစွာ လျှော့ချနိုင်ခဲ့ပါသည်။

ပြည်သူ့ရေးရာ မူဝါဒကို ယေဘုယျအားဖြင့် ပြဿနာကို အဓိပ္ပါယ်ဖွင့်ဆိုရန် ကြိုးပမ်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်သူများ၏ ရည်ရွယ်ချက်များဖော်ပြခြင်း၊ လိုအပ်သည့်အရင်းအမြစ်များနှင့် အချိန်ကာလကဲ့သို့သော သတ်မှတ်ချက်များ ချမှတ်ခြင်း၊ ရည်ရွယ်ချက်များ ရရှိအောင်မြင်စေရန်အတွက် လုပ်ဆောင်ရာတွင် ရွေးချယ်နိုင်သည့် နည်းလမ်းအသွယ်သွယ်ကို တင်ပြခြင်း၊ ရင်းနှီးရမည့် အရင်းအနှီးနှင့် ရရှိမည့်အကျိုးကျေးဇူးများကို ချိန်ထိုး စဉ်းစားခြင်းနှင့် ဖြေရှင်းချက်များကို အဆိုပြုခြင်း စသည့် မူဝါဒဆိုင်ရာ လေ့လာဆန်းစစ်ချက်ဖြင့် ရှင်းလင်းဖော်ပြလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာ မူဝါဒလုပ်ငန်းစဉ်ပြင်ဆင်ချက်တစ်ခုသည် မည်သည့်ပုံစံမျိုးရှိနိုင်သည်ဆိုသည်ကို ဖော်ပြသည့် ပညာရေး ပြုပြင်ပြောင်းလဲမှု တစ်ခုနှင့်ပတ်သက်သည့်  အဆိုပြုနမူနာ တစ်ခုအား အောက်တွင် လေ့လာကြည့်ရှုပါ။

**ပုံစံကွက် - ၈   မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာ မူဝါဒပြုပြင်ပြောင်းလဲရေးကို မည်သို့လုပ်ဆောင်နိုင်သည်နှင့် ပတ်သက်သည့် နမူနာ အဖြစ်အပျက်လေ့လာချက်**

သမ္မတတစ်ဦးက ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ အခြေခံပညာကျောင်းများကို စီမံခန့်ခွဲမှုတွင် ဗဟိုဦးစီး ချုပ်ကိုင်မှုကို လျှော့ချရန် အစီအစဉ်ရှိကြောင်း ကြေညာခဲ့မည်ဆိုပါက အောက်ပါမူဝါဒချမှတ်လုပ်ဆောင်ခြင်း အဆင့်များ ဖြစ်ပေါ်နိုင်ပါသည်။ ပထမအဆင့်အနေဖြင့် သမ္မတရုံးရှိ အဆင့်မြင့်ဝန်ကြီးတစ်ဦးက ဌာနများအကြား ပူးပေါင်းလုပ်ဆောင်မှု ကော်မတီတစ်ခုကို ပညာရေးဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်ပူးတွဲခန့်ထား၍ ပြည်ထောင်စုအစိုးရမှ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများအား အခြေခံပညာကျောင်းများ စီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များကိုတွင် အကောင်းဆုံးမည်သို့တာဝန်ပေး အပ်မည် ဆိုသည်ကို ဆန်းစစ်လေ့လာသည့် မူဝါဒစာတမ်းတစ်စောင်ကို ပြင်ဆင်ရေးသားနိုင်ရန် ဖွဲ့စည်းရပါမည်။

မူဝါဒရေးရာ လေ့လာဆန်းစစ်ချက်ကို မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များ၏ ပံ့ပိုးမှုများ ပါကောင်း ပါဝင်နိုင်သည့်၊ ပညာရေးဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများက ပြုလုပ်ရပါမည်။ ပညာရေးဝန်ကြီးဌာနသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရလုပ်ပိုင်ခွင့်အာဏာများနှင့် ယင်းလုပ်ငန်းကို ငွေကြေး အထောက်အပံ့ပေးရန် အစိုးရဌာနများအကြား ငွေကြေးဆိုင်ရာ ကိစ္စရပ်များ၊

လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်ပြီး အကြံဉာဏ်များ ပေးနိုင်သည့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

အဆိုမူကြမ်းကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများမှ ဝန်ကြီးများ၊ လွှတ်တော် ပညာရေးကော်မတီ၊ ဆရာများသမဂ္ဂနှင့် ပြည်သူလူထုများအား တင်ပြ၍ ညှိနှိုင်းဆွေးနွေးပါမည်။ ယင်းတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် အဆင့်မြင့်ဝန်ကြီးက ရွေးချယ်စရာနည်းလမ်းများနှင့်ပတ်သက်ပြီး ဆွေးနွေးငြင်းခုန်ကြပြီး၊ မည်သည့်နည်းကို ရွေးချယ်လက်ခံမည်ကို ဆုံးဖြတ်ကြမည့် ပြည်ထောင်စုအစိုးရအစည်းအဝေးတွင် မူဝါဒစာတမ်းကို တင်ပြပေးပါမည်။

ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်အပြီးတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအား ပြည်ထောင်စု လွှတ်တော်တွင် မဲပေး ဆုံးဖြတ်ရန်အတွက် ဥပဒေကြမ်းရေးဆွဲပေးစေနိုင်ပါသည်။ ပြည်ထောင်စုအစိုးရက ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အခြေခံပညာရေး စီမံခန့်ခွဲမှုကို ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ဥပဒေကို အတည်ပြုခဲ့လျှင် ဘဏ္ဍာရေးဝန်ကြီးက နောင်လာမည့်နှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)လွှဲပြောင်း ငွေတွင် ထည့်သွင်း ပြီး မူဝါဒအသစ်ကို အကောင်အထည်ဖော်နိုင်ကြလိမ့်မည်ဖြစ်သည်။

အစိုးရ၏ လုပ်ငန်းဆောင်တာများမှာ သဘာဝအားဖြင့် ရှုပ်ထွေးလှပါသည်။ တခါတရံတွင် ဝန်ကြီးများ အကြား နိုင်ငံရေးပိုင်းဆိုင်ရာ ကွဲပြားခြားနားချက်များ ရှိနေပြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ကွဲပြားခြားနားသည့် လုပ်ငန်းစဉ်များရှိနေနိုင်ပြီး၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ရှုပ်ထွေးမှုများကို ဖြစ်စေနိုင်သည့် အဖွဲ့အစည်းပိုင်းအကြား တစ်ခုနှင့်တစ်ခုအကြား လုပ်ငန်းများ ထပ်နေသည်များလည်း ရှိတတ်ပါသည်။

သမ္မတ ဦးသိန်းစိန်လက်အောက်တွင်၊ မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှုကို သမ္မတရုံးမှ ဦးဆောင်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကဲ့သို့သော အရေးကြီးသည့်ကိစ္စများကို ဦးဆောင်ရန်နှင့် အစိုးရ၏ လုပ်ငန်းဆောင်တာများကို ပူးပေါင်းလုပ်ဆောင်ပေးရာတွင် ကူညီပံ့ပိုးရန်အတွက် သမ္မတသည် အဆင့်မြင့်ဝန်ကြီးခြောက်ဦးကို ခန့်ထားပါသည်။

သမ္မတဦးစီးသည့် အဆင့်မြင့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် ဒုသမ္မတများနှင့် အဆင့်မြင့် ဝန်ကြီး ခြောက်ဦးအနက် လေးဦး ပါဝင်ပါသည်။ ပြုပြင်ပြောင်းလဲမှု ဦးဆောင်ကော်မတီသည် `အစိုးရအဖွဲ့အတွင်းရှိ အစိုးရအဖွဲ့ငယ်ပုံစံ'ရှိပြီး၊ ထိုသို့ လုပ်ဆောင်ရန်လည်းလိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရဝန်ကြီးအဖွဲ့တစ်ခုလုံး ပါဝင်မည်ဆိုပါက ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သည့် နိုင်ငံရေးဆိုင်ရာ အမြင်များနှင့် ချဉ်းကပ်ပုံများ ကွဲပြား မှုရှိသည့် ၃၀ ဦး ထက်ပိုသော ဝန်ကြီးများပါဝင်သည့်အတွက် ပူးပေါင်းပါဝင်မှုစနစ်တစ်ခုကို စီမံခန့်ခွဲရန် ခက်ပေလိမ့်မည်။

သမ္မတ၊ ဒုသမ္မတများနှင့် အဆင့်မြင့်ဝန်ကြီးများအနက်မှ သုံးဦးသည် အစိုးရ၏ လုပ်ငန်း ဆောင်တာများကို ပူးပေါင်းဆောင်ရွက်ရန် အစိုးရအဖွဲ့ကော်မတီ ခြောက်ခုကို ဦးဆောင်ပါသည်။ ယင်းကော်မတီများမှာ နိုင်ငံခြားရေး၊ စီးပွားရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးနှင့် တိုင်းရင်းသားရေးရာ၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးတို့ဖြစ်ပါသည်။

**ပုံစံကွက် - ၉ `အစိုးရ၏ ဗဟိုချက်' - အစိုးရ ဝန်ကြီးအဖွဲ့နှင့် သမ္မတရုံး**

သမ္မတဦးသိန်းစိန်၏ အစိုးရဝန်ကြီးအဖွဲ့သည် အစိုးရ၏ လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲပြီး ပြုပြင် ပြောင်းလဲမှု များအတွက် မဟာဗျူဟာမြောက် ကြီးကြပ်ကွပ်ကဲသည်။ အစိုးရဝန်ကြီးအဖွဲ့နှင့် သက်ဆိုင်သည့် ဖွဲ့စည်းပုံတွင် အစိုးရ ဝန်ကြီးအဖွဲ့၊ အစိုးရအဖွဲ့၏ ကော်မတီများနှင့် အစိုးရအဖွဲ့ ကော်မတီခွဲများ ပါဝင်ပါသည်။

အစိုးရဝန်ကြီးအဖွဲ့ကို သမ္မတမှ ဦးဆောင်ပြီး အစိုးရအဖွဲ့ဝန်ကြီး ၃၇ဦးလုံးပါဝင်သည်။ အဓိကအခန်းကဏ္ဍမှာ အစိုးရ၏ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်ပြီး၊ အစိုးရဝန်ကြီးများအားလုံးကို သတင်းအချက်အလက်များ မျှဝေပေးရန် ဖြစ်ပါသည်။ ဆက်လက်လုပ်ဆောင်ရန် လိုအပ်သည့် ကိစ္စများနှင့် မူဝါဒဆိုင်ရာကိစ္စရပ်များကို အစိုးရအဖွဲ့ကော်မတီ ခြောက်ခုက ကိုင်တွယ်လေ့ရှိပါသည်။

အစိုးရဝန်ကြီးအဖွဲ့ ကော်မတီများကို သမ္မတ သို့မဟုတ် ဒုတိယသမ္မတတစ်ဦး သို့မဟုတ် သမ္မတရုံးဝန်ကြီး တစ်ဦးဦးမှ သဘာပတိအဖြစ် ဆောင်ရွက်ပါသည်။ ယင်းအစိုးရဝန်ကြီးအဖွဲ့ ကော်မတီများသည် အစိုးရ၏ မူဝါဒများကို ချမှတ်၊ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ အစိုးရအဖွဲ့ ကော်မတီများသည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ချမှတ်၊ အကောင် အထည်ဖော်မှုကို မဟာဗျူဟာမြောက် ကြီးကြပ်ကွပ်ကဲမှု များပေးကြပါသည်။

အစိုးရဝန်ကြီးအဖွဲ့ ကော်မတီများမှာ

၁. သမ္မတ သဘာပတိအဖြစ်ဆောင်ရွက်သည့် နိုင်ငံခြားရေး ကော်မတီ

၂. အဆင့်မြင့် ဝန်ကြီး အမှတ် - ၁ မှဦးဆောင်သည့် စီးပွားရေးကော်မတီ

၃. အဆင့်မြင့် ဝန်ကြီး အမှတ် - ၅ မှ ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး ကော်မတီ

၄. အဆင့်မြင့် ဝန်ကြီး အမှတ် - ၆ ဦးဆောင်သည့် ပြည်သူ့ရေးရာအုပ်ချုပ်ရေးနှင့် တိုင်းရင်းသားရေးရာ ကော်မတီ

၅. လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ

၆. ဒုသမ္မတ တစ်ဦး သဘာပတိအဖြစ်ဆောက်ရွက်သည့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကော်မတီ

၇. အဓိက အစိုးရဝန်ကြီးအဖွဲ့ကဲ့သို့ ဖွဲ့စည်းထားသည့် ပြုပြင်ပြောင်းလဲရေး လမ်းညွှန်ကော်မတီ၊ ယင်းကော်မတီကို သမ္မတမှ ဦးဆောင်ပြီး၊ အဖွဲ့ဝင်များမှာ ဒုသမ္မတများနှင့် သမ္မတရုံးမှ အဆင့်မြင့် ဝန်ကြီးများ ဖြစ်ကြပါသည်။

အစိုးရဝန်ကြီးအဖွဲ့ ကော်မတီခွဲများ များစွာရှိပါသည်။ လိုအပ်ချက်များအပေါ် မူတည်ပြီး ဖွဲ့စည်းပါသည်။ ၂၀၁၃ခုနှစ် ဩဂုတ်လတွင် သမ္မတက ကော်မတီခွဲ ၂၈ ခုသည် ပြည်သူလူထုနှင့် တိုက်ရိုက် တိုင်ပင်ဆွေးနွေးပြီး ပြုပြင်ပြောင်းလဲရာတွင် ချဉ်းကပ်ပုံအသစ်တစ်ခုဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်း သမ္မတမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းကော်မတီခွဲများအား `လုပ်ငန်းဆောင်ရွက်မှု ဌာနများ' (Delivery Units) ဟု ခေါ်ဝေါ်ပြီး၊ ဒုဝန်ကြီးများက ဦးဆောင်လေ့ရှိပါသည်။

အစိုးရဝန်ကြီးအဖွဲ့ အတွင်းဝန်ကို အစိုးရရုံးတွင် ထားရှိပြီး သမ္မတရုံး၏ အစိတ်အပိုင်းလည်းဖြစ်ပါသည်။ အစိုးရ ဝန်ကြီးအဖွဲ့ အတွင်းဝန်၏ လုပ်ငန်းတာဝန်မှာ အစိုးရဝန်ကြီးအဖွဲ့၏ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရန်၊ အစိုးရဝန်ကြီးအဖွဲ့၏ မှတ်တမ်းများကို စီမံခန့်ခွဲရန်နှင့် အစိုးရဝန်ကြီး အဖွဲ့၏ လုပ်ငန်းလည်ပတ်မှုကို လမ်းညွှန်ပေးသည့် စည်းမျဉ်းများကို ချမှတ်ရန်တို့ဖြစ်ပါသည်။

နိုင်ငံများစွာတွင်၊ သီးခြားကိစ္စရပ်များကို ဝန်ကြီးဌာနများအတွင်း ပူးပေါင်းလုပ်ဆောင်နိုင်စေရန်အတွက် ဦးဆောင် အဖွဲ့အစည်းများအဖြစ်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက လုပ်ဆောင်ပါသည်။ ဥပမာ ဘဏ္ဍာရေးအတွက် တာဝန်ရှိသော ဝန်ကြီးဌာနနှင့် စီမံကိန်းအတွက် တာဝန်ရှိသော ဝန်ကြီးဌာနတို့က စီးပွားရေးမူဝါဒတွင် ဦးဆောင်ပြီး၊ ပြည်သူ့ဝန်ဆောင်မှုတွင် တာဝန်ရှိသော ဝန်ကြီးဌာနသို့မဟုတ် နိုင်ငံ့ဝန်ထမ်းကော်မရှင်က နိုင်ငံ့ဝန်ထမ်းအဖွဲ့ ပြုပြင်ပြောင်းလဲရေးတွင် ဦးဆောင်ပါသည်။

မြန်မာနိုင်ငံတွင် သမ္မတရုံးပြီးလျှင် ပူးပေါင်းဆောင်ရွက်မှု အားအကောင်းဆုံး အရေးကြီးသည့် ဝန်ကြီးဌာနမှာ ပြည်ထဲရေး ဝန်ကြီးဌာနဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ပူးပေါင်းဆောင်ရွက်သည့် အခန်းကဏ္ဍကို ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အသီးသီးတွင် အစိုးရရုံးများ ဖွင့်လှစ်ထားရှိလုပ်ဆောင်လျှက် ရှိခြင်းကြောင့်ဖြစ်သည်။

## အပိုင်း - ၃ ပြည်သူ့ဘဏ္ဍာငွေကြေးများ စီမံခန့်ခွဲခြင်း

ပြည်သူ့ဘဏ္ဍာငွေကြေးများ စီမံခန့်ခွဲခြင်းသည် အစိုးရ၏ အရေးအကြီးဆုံးလုပ်ငန်း ဆောင်ရွက်ချက်များအနက်မှ တစ်ခုဖြစ်ပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးသို့ အရင်းအမြစ်များ ခွဲဝေသုံးစွဲရာတွင် အစိုးရ၏ ဦးစားပေးအစီအစဉ်များကို ဖော်ပြသည့်အတွက် အမျိုးသား ရသုံးမှန်းခြေစာရင်း (national budget) သည် အစိုးရ၏ အရေးကြီးဆုံး ပြည်သူ့ရေးရာ မူဝါဒ ကြေညာချက်ဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရ၏ ပြည်သူ့ရေးရာဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို အကာအကွယ်ပေးသူလည်း ဖြစ်ပါသည်။ ဤစနစ်က အစိုးရအနေဖြင့် ဘဏ္ဍာငွေကြေးကို အခွန်များမှတဆင့် ရှာဖွေပုံနှင့် ငွေကြေးများကို အသုံးပြုပုံကို စီမံခန့်ခွဲပါသည်။ တာဝန်ခံမှုနှင့် မှန်ကန်မှုတွင် မြင့်မားသည့် စံနှုန်းများဖြစ်စေရေးအတွက် ကြိုးပမ်းရာတွင် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပါသည်။

မြန်မာနိုင်ငံတွင် အခွန်နှင့်သက်ဆိုင်သည့်ကိစ္စရပ်များအတွက် သီးခြားဥပဒေများ ချမှတ်ထားပါသည်။ ဥပမာ - ဝင်ငွေခွန်ဥပဒေများ (၁၉၇၄)၊ အမြတ်ခွန် (၁၉၇၆)၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများ (၁၉၇၆)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁၉၈၈) နှင့် ကုးသန်းရောင်းဝယ်ရေးခွန် (၁၉၉၀) တို့ဖြစ်ပါသည်။ ဘဏ္ဍာ ငွေကြေးဆိုင်ရာ ညွှန်ကြားချက်များကဲ့သို့သော သက်ဆိုင်ရာစည်းမျဉ်းများ (၁၉၈၆) ကလည်း နိုင်ငံ့ဝန်ထမ်းများအား ပြည်သူ့ဘဏ္ဍာငွေကြေးများကို မည်သို့ စီမံခန့်ခွဲပုံနှင့် ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို မည်သို့ ဝယ်ယူမည်ကို လမ်းညွှန်ပေးသည်။

အစိုးရသည် မကြာသေးမီက ပြည်သူ့ဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို ဆန်းစစ်လေ့လာခဲ့ပြီး အကြီးစား ပြုပြင်ပြောင်းလဲမှု လိုအပ်သည်ဟု ဆုံးဖြတ်ခဲ့ကြပါသည်။ ခေတ်သစ် ပြည်သူ့ဘဏ္ဍာ ငွေကြေးစနစ်များကို အဆုံးအဖြတ်ပေးသည့် ပင်မ ရသုံးမှန်းခြေစာရင်း ဥပဒေ (organic budget law) နှင့် ပစ္စည်းဝယ်ယူရေး ဥပဒေကဲ့သို့သော အရေးကြီးပြီး အခြေခံကျသည့် ဥပဒေများကို မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားခြင်း မရှိသေးပါ။ ရသုံးမှန်းခြေစာရင်းတွင် ပါဝင်သည့် သတင်းအချက်အလက်များသည် လွှတ်တော်မှ ကြီးကြပ်ကွပ်ကဲသည့် အခန်းကဏ္ဍကို ထိရောက်စွာ လုပ်ဆောင်ခွင့်ရနိုင်ရန် လုံလောက် မှုမရှိချေ။ (ပုံစံကွက်-၁၀ ကို ကြည့်ပါ။)

**ပုံစံကွက် - ၁၀ ပြည်သူ့ဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ဆောင်ချက် အစီရင်ခံစာ**

| |
|---|
| ၂၀၁၃ခုနှစ်တွင်၊ ဘဏ္ဍာရေးဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်၏ ကူညီပံ့ပိုးမှုဖြင့် ပထမဆုံး ပြည်သူ့ဘဏ္ဍာ ငွေကြေး ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ဆောင်ချက် အစီရင်ခံစာကို ထုတ်ဝေခဲ့ပါသည်။ အစီရင်ခံစာက မြန်မာနိုင်ငံအစိုးရ၏ ပြည်သူ့ဘဏ္ဍာ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်၏ ထိရောက်မှုကို ဆန်းစစ်လေ့လာပြီး၊ အစိုးရမှ အခွန်ဘဏ္ဍာများ ကောက်ယူရရှိမှု၊ ငွေကြေးသုံးစွဲမှု နည်းလမ်းများကို မည်သို့တိုးတက်အောင် ပြုလုပ်နိုင်မည် ဆိုသည်ကို ထောက်ပြပါသည်။ ဘဏ္ဍာရေး ဝန်ကြီးသည် ဤအစီရင်ခံစာ၏ တွေ့ရှိချက်များကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါသည်။ အစီရင်ခံစာကို www.pefa.org/fr/assessment/files/1129/rpt/8131တွင်ဖတ်ရှုနိုင်ပါသည်။ |

အစိုးရအနေဖြင့် ဝင်ငွေနှင့် သုံးငွေကို မည်သို့ရှာဖွေ သုံးစွဲသည်ကို ကြည့်လျှင်၊ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ၏ လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး သိရှိခန့်မှန်းနိုင်ပါသည်။ အစိုးရ၏ အရွယ်အစား၊လုပ်ငန်းနယ်ပယ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း ဖော်ပြနေပါသည်။

ဇယား (၃) က ၅ နှစ်တာကာလအတွင်း အစိုးရ၏ အသုံးစရိတ်ကို ဖော်ပြနေပါသည်။ ဤဇယားသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အုပ်ချုပ်မှု၏ နောက်ဆုံးသက်တမ်း ၂ နှစ်နှင့် သမ္မတ ဦးသိန်းစိန် ၏ ပထမ ၃ နှစ်ကို ဖော်ပြထားသည့်အတွက် အထူးပင် စိတ်ဝင်စားစရာကောင်းပါသည်။

**ဇယား - ၃ ပြည်ထောင်စု မြန်မာ အသုံးစရိတ် ၂၀၁၁ - ၂၀၁၅**

| | ၂၀၁၀/၁၁ | ၂၀၁၁/၁၂ | ၂၀၁၂/၁၃ | ၂၀၁၃/၁၄ | ၂၀၁၄/၁၅ |
|---|---|---|---|---|---|
| အသုံးစရိတ် စုစုပေါင်း | ၁၆.၉ | ၁၆.၆ | ၂၅.၀ | ၂၆.၅ | ၂၈.၇ |
| *ကျန်းမာရေး* | ၀.၂ | ၀.၂ | ၁.၅ | ၁.၁ | ၁.၃ |
| *ပညာရေး* | ၀.၈ | ၀.၈ | ၁.၆ | ၁.၈ | ၂.၀ |
| *ကာကွယ်ရေး* | ၃.၃ | ၂.၉ | ၄.၄ | ၄.၁ | ၃.၈ |
| *လုပ်ခလစာများ* | ၁.၁ | ၁.၂ | ၁.၉ | ၂.၁ | ၂.၁ |

ကိုးကား၊ International Monetary Fund (IMF) Article IV 2014

မြန်မာနိုင်ငံ၏ ငွေကြေးအသုံးစရိတ်တွင် သိသာအထင်ရှားဆုံးအချက်မှာ မကြာသေးမီနှစ်များအတွင်း ဂျီဒီပီ၏ ၂၉% နီးပါးအထိ လျင်မြန်စွာ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ယခု မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍသည် ဒေသတွင်းရှိ တရုတ်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ နှင့် ကမ္ဘောဒီးယားနိုင်ငံတို့နှင့် အရွယ်အစားအားဖြင့် နှိုင်းယှဉ်နိုင်သည့် အခြေအနေတွင် ရှိနေပြီဖြစ်ပါသည်။ မကြာသေးမီကာလအထိ၊ အာဆီယံ အရှေ့တောင်အာရှ နိုင်ငံများအသင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်း (OECD) ဝင် နိုင်ငံများ၏ အစိုးရအရွယ်အစားမှာ ဂျီဒီပီ၏ ၄၀% မျှဖြစ်၍ မြန်မာနိုင်ငံအစိုးရ၏ အရွယ်အစားသည် ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) ၏ ၁၅% မျှသာဖြစ်ပြီး၊ အသင်းဝင်နိုင်ငံအားလုံးနီးပါး၏ အောက်တွင် ရှိခဲ့ပါသည်။

အစိုးရအသုံးစရိတ်တွင် ဦးစားပေးသည့်ကဏ္ဍများသည် မကြာသေးမီကာလများအတွင်း သိသာစွာ ပြောင်းလဲလာခဲ့ပါသည်။ ပညာရေးနှင့် ကျန်းမာရေးသုံးစွဲမှုမှာ နည်းပါးနေသေးသည်ဟု ဆိုနိုင်သေးသော်လည်း၊ ဘဏ္ဍာရေးနှစ် ၂၀၁၀ - ၂၀၁၁ နှင့် ၂၀၁၄ - ၂၀၁၅ ခုနှစ်များအတွင်းတွင် များစွာမြင့်တက်လာခဲ့သည်။ ကျန်းမာရေးအတွက် ဝေစုသည် ခြောက်ဆခွဲမျှတက်လာပြီး ၁.၃% နှင့် ပညာရေးကဏ္ဍအတွက် နှစ်ဆခွဲအထိ ၂.၀% တိုးမြှင့်အသုံးပြုလာခဲ့ပါသည်။ တချိန်တည်းမှာပင် ကာကွယ်ရေးအတွက် အသုံးစရိတ် ငါးပုံတစ်ပုံတက်လာခဲ့ပြီး ၃.၅%အထိ ရှိလာခဲ့ပါသည်။ သို့သော် ပညာရေးအတွက် အသုံးစရိတ်မှာ နိုင်ငံတကာစံနှုန်းများအရ အလွန်ဝင် နည်းပါးနေပါသေးသည်။

အစိုးရသည် ဘတ်ဂျက်၏ အစိတ်အပိုင်းအတော်များများ၊ ၄၀% မျှလောက်အထိပင် အရင်းအနှီးကြီးသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည့် လမ်းဆောက်ခြင်းနှင့် အခြားအခြေခံ အဆောက်အအုံများအတွက် သတ်မှတ်ခွဲဝေပေးထားပါသည် (Government of Myanmar 2013b)။ လုပ်ခလစာများအတွက် အသုံးစရိတ်ငွေမှာ ဆန့်ကျင်ဖက်အားဖြင့် ၇.၅% မျှသာရှိပြီး အလွန်ပင်နည်းလှပါသည်။ နိုင်ငံတကာအနေဖြင့်၊ ဝင်ငွေနည်းသည့်နိုင်ငံများတွင် အရင်းအနှီးကြီးသည့် ရင်းနှီးမြှုပ်နှံမှုမျိုးအတွက် ၁၉% နှင့် လုပ်ခလစာများအတွက် ၂၅% တို့အသုံးပြုလေ့ရှိကြပြီး၊ ဝင်ငွေများသည့်နိုင်ငံများတွင်မူ ၃၁% နှင့် ၆% အသီးသီး အသုံးပြုကြပါသည်။

မြန်မာနိုင်ငံတွင် ငွေကြေးအသုံးအများဆုံးကဏ္ဍများမှာ စွမ်းအင် (၂၁%)၊ ကာကွယ်ရေး (၁၈%)၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါး လုပ်ငန်း (၇%)၊ ဆောက်လုပ်ရေး (၆%)နှင့် စက်မှု (၅%) တို့ဖြစ်ပါသည်။ (World Bank 2013)

ဇယား ၄ က ပြီးခဲ့သည့် ၅နှစ်တာကာလအတွင်း အစိုးရ၏ ဝင်ငွေကို ဖော်ပြထားပါသည်။

**ဇယား - ၄ မြန်မာနိုင်ငံအစိုးရ၏ ဝင်ငွေ ၂၀၁၁ - ၂၀၁၅**

| | ၂၀၁၀/၁၁ | ၂၀၁၁/၁၂ | ၂၀၁၂/၁၃ | ၂၀၁၃/၁၄ | ၂၀၁၄/၁၅ |
|---|---|---|---|---|---|
| ဝင်ငွေစုစုပေါင်း | ၁၁.၄ | ၁၂. ၀ | ၂၃.၃ | ၂၄.၈ | ၂၄.၂ |
| ပြည်ထောင်စု အစိုးရ | ၆.၃ | ၆.၅ | ၉.၅ | ၁၁.၄ | ၁၀.၄ |
| အခွန်အခရငွေ | ၃.၃ | ၃.၉ | ၇.၁ | ၇.၂ | ၇.၄ |
| နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဝင်ငွေ | ၇. ၀ | ၇.၈ | ၁၅.၃ | ၁၄.၇ | ၁၄.၃ |
| ထောက်ပံ့ကြေးရရှိငွေ | ၀. ၀ | ၀. ၀ | ၀.၁ | ၀.၂ | ၀.၄ |

ကိုးကား၊ IMF Article IV 2014

မြန်မာနိုင်ငံ၏ ပြည်သူ့အခွန်ဘဏ္ဍာငွေတွင် မှတ်သားစရာအကောင်းဆုံးအချက်မှာ ၂၀၁၀ နှင့် ၂၀၁၂ အကြားတွင် ဂျီဒီပီ ၁၁.၄% မှ ၂၃.၃%သို့နှစ်ဆတိုးမြှင့်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ယင်းမှာ ရေနံ လုပ်ငန်းအသစ်မှ ရရှိသည့်ဝင်ငွေများကြောင့်ဟု အပြည့်အဝနီးပါး ဆိုနိုင်ပါသည်။ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် ငွေကြေးထောက်ပံ့ရန် အသုံးပြုနိုင်သည့်အတွက် ရေနံမှရရှိငွေ သည် ယေဘုယျအားဖြင့် အမြတ်တစ်ခုပင်ဖြစ်ပါသည်။ အချို့နိုင်ငံများတွင် ရေနံနှင့်ဓါတ်ငွေ့များကို ထုတ်လုပ်ခြင်းကြောင့် `သယံဇာတ ကျိန်စာ' ဟု ခေါ်နိုင်သည့် အဖြစ်မျိုးသို့ ရောက်ရှိခဲ့ကြရပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းအဖြစ်မျိုးမှ ရှောင်ကြဉ်ရန် ခြေလှမ်းများ ပြင်ဆင်ရန်လိုအပ်ပါသည်။ (ပုံစံကွက်-၁၁ ကိုကြည့်ပါ။)

နိုင်ငံတကာ ငွေကြေးရန်ပုံငွေ အဖွဲ့ (IMF)၏ အဆိုအရ (ဇယား-၄ ကိုကြည့်ပါ။)၊ အစိုးရ၏ အခွန်ကောက်ခံရရှိငွေမှာ ဂျီဒီပီ၏ ၃.၃ မှ ၇.၄% အထိ အလွန်နည်းပါးလှသဖြင့် အာရှတိုက်တွင် အခွန်ကောက်ခံရရှိငွေ အနည်းဆုံးဖြစ်ပါသည်။ ထိုကဲ့သို့ အခွန်ရရှိငွေ ရာခိုင်နှုန်းပမာဏ နည်းပါးခြင်းက ထိုနိုင်ငံတွင် အခွန်စည်းကြပ်နိုင်မှုစွမ်းရည် မရှိခြင်းနှင့်/သို့မဟုတ် အဂတိလိုက်စားမှုကဲ့သို့သော နိုင်ငံ့ဝန်ထမ်းပြဿနာများရှိနေကြောင်း ညွှန်ပြနေလေ့ပါသည်။ အချို့နိုင်ငံများတွင် အခွန်အခငွေက ဂျီဒီပီနှင့် အချိုးအစားတွင် နည်း နေခြင်းသည် အစိုးရအပေါ် မယုံကြည်သည့်အတွက် နိုင်ငံသားများက အခွန်အခပေးရန် ရှောင်ကြည်နေတတ်သော အစိုးရအပေါ် လက်ခံယုံကြည် မှုမရှိသည့် ပြဿနာကိုလည်း ညွှန်ပြနေတတ်ပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံတွင် အစိုးရသည် ပြည်သူ့ဘဏ္ဍာဝင်ငွေ၏ သုံးပုံနှစ်ပုံမျှအထိ ရှိခဲ့သည့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များအပေါ် များစွာမှီခိုနေခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် ကြိုးပမ်းမှုများတွင် အလွန်သတိထား ဆက်လက်လုပ်ကိုင်ကြရန် လိုအပ်ပါသည်။

**ပုံစံကွက် - ၁၁ သယံဇာတ ကျိန်စာ**

သယံဇာတကျိန်စာဆိုသည်မှာ ရေနံနှင့်ဓါတ်ငွေ့ကဲ့သို့သော သဘာဝ သယံဇာတပေါများသည့် နိုင်ငံများသည် သဘာဝ သယံဇာတနည်းပါးသည့် နိုင်ငံများထက် ဆိုးရွားသည့် အခြေအနေမျိုးနှင့်ကြုံနေရသည့် ဝိရောဓိအဖြစ်အပျက်မျိုးကို ဆိုလိုပါသည်။

ထိုသို့ဖြစ်ရသည့် အကြောင်းရင်းများစွာ ရှိပါသည်။ ရေနံနှင့် ဓါတ်ငွေ့မြောက်များစွာ ထွက်ရှိမှုက ငွေလဲဈေးနှုန်းကို အပြောင်းအလဲဖြစ်စေကာ၊ သမရိုးကျ(စီးပွားရေး) ကဏ္ဍများကို ကျဆင်းလာစေပြီး စီးပွားရေးကို ကမောက်ကမ ဖြစ်စေနိုင်ပါသည်။ ကုန်ပစ္စည်းဈေးနှုန်းများသည်လည်း အလွန်လျင်မြန်စွာ အတက် အကျဖြစ်နိုင်ပါသည်။ ရုတ်တရက် ငွေကြေးနေ ဥစ္စာများ ဒလဟောဝင်ရောက်လာခြင်းကလည်း တခါတရံတွင် အဂတိ လိုက်စားမှု၊ လူမှုရေးဆိုင်ရာ မညီမျှမှုနှင့် နိုင်ငံရေး မတည်ငြိမ်မှုများအထိ ပြဿနာများကို ဦးတည်စေနိုင်ပါသည်။

ယင်းအကြောင်းများကြောင့်၊ သဘာဝသယံဇာများကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထိရောက်သည့် အုပ်ချုပ်စီမံ ခန့်ခွဲမှုစနစ်တစ်ခု ချမှတ်ရန် အလွန်ပင် အရေးကြီးလှပါသည်။ မြန်မာနိုင်ငံအစိုးရ၏ သယံဇာတ ထုတ်ယူသည့်ကဏ္ဍတွင် ပွင့်လင်းမြင်သာအောင် လုပ်ဆောင်မှု (Extractive Industry Transparency Initiative) ၏ အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုမှု (accredition) ရရှိအောင် လုပ်ဆောင်မည်ဟု ဆုံးဖြတ်ချက်မှာ မှန်ကန်သည့် လမ်းကြောင်းပေါ်မှ ခြေလှမ်းတစ်လှမ်းပင်ဖြစ်ပါသည်။

## အပိုင်း - ၄ နိုင်ငံ့ဝန်ထမ်းများကို စီမံခန့်ခွဲခြင်း

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းများကို စီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီး လေ့လာပါမည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် အသက်မွေးကျောင်းလုပ်ကိုင်မည့်သူများအတွက် ကောင်းမွန်သည့် အုပ်ချုပ်စီမံမှုသည် လိုအပ်သည့် အရည်အသွေး တစ်ခုပင်ဖြစ်ပါသည်။ အစိုးရများအနေဖြင့် ပွင့်လင်းမြင်သာပြီး ထိရောက်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လိုအပ်သည့် ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် ခံယူချက်သဘောထားများရှိသည့်လူများကို ခန့်အပ်လေ့ကျင့် ထားရှိရန် လိုအပ်ပါသည်။

အစိုးရသည် နိုင်ငံ့ဝန်ထမ်းများကို စီမံခန့်ခွဲရန် တာဝန်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများအက်ဥပဒေအရ၊ အစိုးရဝန်ကြီးအဖွဲ့သည် မူဝါဒကို ဆုံးဖြတ်၍ ဖွဲ့စည်းပုံများကို အတည်ပြုပေးကာ၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာသတ်မှတ်ချက်များကို သဘောတူ ပေးပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခြင်းနှင့် လေ့ကျင့်ပေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းများ ချမှတ်ခြင်းတို့ ပြုလုပ်ရန်အတွက် ပြည်ထောင်စု ရာထူးဝန် အဖွဲ့၏ တာဝန်ဝတ္တရား ၏များကို အသိအမှတ်ပြုပါသည်။ ရာထူးဝန်အဖွဲ့၏ ဥက္ကဋ္ဌသည် သမ္မတအား တိုက်ရိုက်တာဝန်ခံပါသည်။ နိုင်ငံ့ဝန်ထမ်းများအား ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အငြိမ်းစားယူခြင်းနှင့် စည်းကမ်းချမှတ်ခြင်းတို့အား ဥပဒေအတိုင်း လုပ်ဆောင်ရမည်ဟု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဖော်ပြပါရှိပါသည်။

အခြားပြည်ထောင်စုဝန်ကြီးများသည်လည်း နိုင်ငံ့ဝန်ထမ်းများအား စီမံခန့်ခွဲရာတွင် ပါဝင်ပတ်သက်နေပါသည်။ သမ္မတရုံးနှင့် ပြည်ထဲရေး ဝန်ကြီးဌာနများသည် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း၏ သမ္မတမူဝါဒကို အကောင်အထည်ဖော်ရာတွင် ဦးဆောင်သည့် ကဏ္ဍမှပါဝင်ပါသည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအနေဖြင့် အစိုးရဝန်ကြီးအဖွဲ့အား ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံများနှင့် လိုအပ်သည့် ဝန်ထမ်းများနှင့် ပတ်သက်ပြီး အကြံဉာဏ်ပေးပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာက လစာများနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် အစိုးရအဖွဲ့အား အကြံပြုပေးပါသည်။

နိုင်ငံတကာအဆင့်အတန်းများအရကြည့်လျှင်၊ ရာထူးဝန်အဖွဲ့တွင် လုပ်ပိုင်ခွင့်အကန့် အသတ်ရှိနေပြီး၊ ၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်အတွင်း ဒီမိုကရေစီခေတ်မှစတင်ပြီး ရာထူးဝန်အဖွဲ့၏ အခန်းကဏ္ဍမှာ သိသိသာသာ ပြောင်းလဲခဲ့ပါသည်။ (ပုံစံကွက်-၁၂ ကို ကြည့်ပါ။)

### ပုံစံကွက် - ၁၂ ရာထူးဝန်အဖွဲ့ (Public Service Commission) မှ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ (Union Civil Service Board)

၁၉၄၇ ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက `ပြည်ထောင်စု၏ နိုင်ငံ့ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့် ယင်းဝန်ထမ်းများအား စည်းမျဉ်းစည်းကမ်းများ ချမှတ်ရာတွင် အကြံဉာဏ်ပေးခြင်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရအား ပံ့ပိုးကူညီရန် `ရာထူးဝန်အဖွဲ့`ကို ဖွဲ့စည်းရန် လွှတ်တော်အတွက် ဥပဒေဆိုင်ရာ အခြေခံများကို ပြဋ္ဌာန်းခဲ့ပါသည်။ ရာထူးဝန်အဖွဲ့၏ အဓိကတာဝန်မှာ အစိုးရလုပ်ငန်းများတွင် ပြန်တမ်းဝင်အရာရှိများ ခန့်ထားရန်နှင့် ရာထူးတိုးမြှင့်ခြင်းနှင့် ပတ်သက်ပြီး အကြံဉာဏ်ပေးရန်ဖြစ်သည်။

၁၉၅၃ခုနှစ်တွင် ရာထူးဝန်အဖွဲ့၏ အခန်းကဏ္ဍတာဝန်သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းဘုတ်အဖွဲ့များ အတွက် ပြန်တမ်းဝင်အရာရှိများ ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းတို့နှင့် ပတ်သက်ပြီး အကြံဉာဏ်ပေးရန် အတွက်ပါ တိုးချဲ့ခဲ့ရပါသည်။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများတွင် မျက်နှာလိုက်ခြင်းနှင့် အဂတိ လိုက်စားခြင်းများ များပြားလာမှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကြိုးပမ်းသည့် ယင်းလုပ်ဆောင်မှုကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အခြားအစိုးရဝန်ထမ်းများအကြား ကွဲပြားခြားနားမှု စတင်ဝေဝါးလာခဲ့ပြီး၊ နိုင်ငံ့ဝန်ထမ်းအလုပ်ကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ဆောင်သူများ၏ အခန်းကဏ္ဍမှာလည်း အချိန်ကြာလာသည်နှင့်အမျှ မှေးမှိန်ကျဆင်းလာစေခဲ့ပါသည်။

၁၉၇၄ခုနှစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ရာထူးဝန်အဖွဲ့ကို ရည်ညွှန်းဖော်ပြမှုမရှိခဲ့ဘဲ၊ တနည်းအားဖြင့် အဆင့်အတန်းကို လျှော့ချစေလိုခဲ့သကဲ့သို့ ဖြစ်ခဲ့ရပါသည်။ ၁၉၇၂ ခုနှစ်တွင် `ဗျူရိုကရေစီ ယန္တရား(အုပ်ချုပ်ရေးယန္တရား)` ကို အစိုးရ၏ ပိုမိုကြီးမားသည့် တိုက်ခိုက်ချေမှုန်းမှုအဖြစ်ဖြင့် ကော်မရှင်ကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိခဲ့ပြီး၊ ဗဟိုဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့အဖြစ် အမည်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ ထိုအချိန်က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဝင်ဖြစ်ရန်မှာ ဝန်ထမ်းအဖြစ်ရွေးချယ်ခံရရန်အတွက် အရေးကြီးသည့်အချက် (စံနှုန်း) တစ်ခုဖြစ်ခဲ့ပြီး၊ တခါတရံတွင် လုပ်ငန်းကျွမ်းကျင်မှုထက်ပင် ပိုအရေးပါနေခဲ့ပါသည်။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများသည် အစိုးရဝန်ကြီးဌာနများလက်အောက်တွင် လုံးဝရောက်ရှိနေခဲ့ပြီး အစိုးရသည် နိုင်ငံ့ဝန်ထမ်းများနှင့် အခြားအစိုးရ ဝန်ထမ်းများအကြား ကွဲပြားခြားနားမှုကို အပြီးအပိုင် ဖျက်သိမ်းခဲ့ပါသည်။ ပြည်သူ့ဝန်ထမ်းကျောင်းများတွင် သဘောတရားရေးရာပိုင်းနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များကို တိုးမြှင့်ခဲ့ပြီး မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ကို လေ့လာရန် အချိန်များစွာပေးခဲ့ပါသည်။ ၁၉၇၇ခုနှစ် တွင် ဗဟိုဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကို ပြည်သူ့ဝန်ထမ်းရွေးချယ်လေကျင့်ရေးအဖွဲ့သို့ ပြောင်းလဲခဲ့ပြီး နိုင်ငံတော် ကောင်စီသို့ တိုက်ရိုက်အစီရင်ခံရပါသည်။

၁၉၈၈ခုနှစ်တွင် တပ်မတော်အာဏာသိမ်းပြီးနောက်၊ ပြည်သူ့ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့ပါသည်။ ယင်းအချက်က နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးဆိုင်ရာ ထိန်းချုပ်မှုများ ဆက်လက်ရှိနေဆဲဖြစ်ကြောင်းကို များစွာ ထင်ဟပ်စေပါသည်။ နိုင်ငံ့ဝန်ထမ်း ထောင်ပေါင်းများစွာကို အလုပ်မှထုတ်ပယ်ခဲ့ပြီး၊ သင်တန်းကျောင်း များတွင်လည်း

အစိုးရအပေါ် သဘောတရားရေးရာ ယုံကြည်မှုနှင့် ပတ်သက်ပြီး ပိုမိုအလေးထားသင်ကြားခဲ့သည်။ အဖွဲ့အစည်း၏ အမည်ကိုပြောင်းလဲခဲ့ပြီး ယခုတဖန် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဟု ခေါ်တွင်ခဲ့ပါသည်။

ကိုးကား၊ J.S. Furnivall ၏ *The Governance of Modern Burma* နှင့် M.W. Charney ၏ *A History of Modern Burma*

၂၀၁၃ခုနှစ်တွင် အစိုးရသည် နိုင်ငံ့ဝန်ထမ်းများကို စီမံခန့်ခွဲရန်အတွက်နှင့် ခွင့်နှင့် အငြိမ်းစားယူခြင်းကဲ့သို့သော အလုပ်ခန့်ထားခြင်းနှင့် ပတ်သက်သည့် သီးခြားစည်းကမ်း၊ သတ်မှတ်ချက်များကို ဖော်ပြသည် အထွေထွေမူဘောင်ကို ချမှတ်ပေးသည့် နိုင်ငံ့ဝန်ထမ်း အက်ဥပဒေအသစ်ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအက်ဥပဒေက လူမျိုး၊ မွေးဖွားရာဒေသ၊ ဘာသာနှင့် ကျား၊မ ကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုမျိုး မရှိသည့် အရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုအပေါ် အခြေခံသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုအဖြစ် အာမခံချက်ပေးထားပါသည်။ ဘက်မလိုက်မှုသည် ဖျူရီုကရေစီစနစ် (အုပ်ချုပ်ရေးယန္တရား)ကို ဆက်လက်တန်ဖိုးထားမှု ရှိစေရန်အတွက် အရေးပါလှသည် ဆိုသည့်အချက်ကို အသိအမှတ်ပြုလျှက်၊ အက်ဥပဒေက `နိုင်ငံ့ဝန်ထမ်း များသည် ပါတီနိုင်ငံရေး ကင်းရှင်းစေရမည်`ဟု သီးခြားဖော်ပြထားပါသည်။ ယင်းအချက်ကို မည်သို့သက်ဝင်အောင် လက်တွေ့တွင် လုပ်ဆောင်သည်ဆိုသည့်အချက်မှာမူ မရှင်းလင်းလှချေ။

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းအက်ဥပဒေ၏ စိတ်ဝင်စားစရာအချက်တစ်ခုမှာ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များမှတပါး အစိုးရဝန်ထမ်းများအားလုံးအတွက် အကြုံးဝင်ပါသည်။ နိုင်ငံများစွာတွင်မူ နိုင်ငံ့ဝန်ထမ်းအက်ဥပဒေသည် လွတ်လပ်အမှီခိုကင်းသည့် သဘောသဘာဝအရ တရားစီရင်ရေး အဖွဲ့ဝင် များ၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများနှင့် ဥယျာဉ်မှူးများနှင့် သန့်ရှင်းရေးဝန်ထမ်း များကဲ့သို့သော အုပ်ချုပ်ရေးမှမဟုတ်သည့် နိုင်ငံ့ ဝန်ထမ်းများအတွက်လည်း ယင်းဥပဒေမှာ အကြုံး မဝင်ချေ။

မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစုစုပေါင်းဦးရေမှာ ၉၀၀၀၀၀ ခန့်ရှိပါသည်[6]။ အထူးသဖြင့် `အစိုးရ ဝန်ထမ်းများ`ဟု အခြားနေရာ များတွင် မသတ်မှတ်သည့် ဝန်ထမ်းများစွာကိုပါ ထည့်သွင်းပြီး၊ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဟူ၍ ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတွက် နိုင်ငံတကာအဆင့်အတန်းဖြင့်မူ လူဦးရေ ၅၂သန်းအတွက် နိုင်ငံ့ဝန်ထမ်းဦးရေ စုစုပေါင်းမှာ မများလှချေ။

ပညာရေးဝန်ကြီးဌာနသည် အခြေခံအားဖြင့် ဆရာ၊ ဆရာမ ဦးရေ ၃၃၆၆၀၀ (နိုင်ငံ့ဝန်ထမ်း အရေအတွက်၏ ၃၈%)ဖြင့် အကြီးဆုံးဝန်ကြီးဌာနဖြစ်ကြောင်း ဇယား ၁ တွင် ဖော်ပြထားပါသည်။ ဒုတိယအကြီးဆုံး ဝန်ကြီးဌာနမှာ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းအပါအဝင် ဝန်ထမ်းအရေအတွက် ၉၅၉၈၀ ဦး (၁၀%)ရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာန ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းများပါဝင်သည့် ဝန်ကြီးဌာနသုံးခုတွင် ဝန်ထမ်းဦးရေ ၁၀၇၉၈၀ ဦး (၁၂%) ရှိပြီး နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ ဝန်ထမ်းများနှင့် ကွင်းဆင်းဝန်ထမ်းများမှာ အများစုဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနတွင် ကျန်းမာရေးဝန်ထမ်း ၅၈၁၁၀ ဦး (၇%) ရှိပြီး အဓိကအားဖြင့် ကျန်းမာရေးဝန်ထမ်းများ ဖြစ်ကြပါသည်။ ယင်းကဏ္ဍလေးခုတွင် နိုင်ငံ့ဝန်ထမ်းအရေအတွက်၏ ၇၀% နီးပါးရှိပါသည်။

## ပုံ - ၂ ကဏ္ဍအလိုက် နိုင်ငံ့ဝန်ထမ်းများ




အမျိုးသမီးများသည် နိုင်ငံ့ဝန်ထမ်းဦးရေစုစုပေါင်း၏ ၅၁% ရှိပါသည် (Government of Myanmar 2010)။ အဆင့်မြင့် ရာထူးများတွင် အမျိုးသမီးအရေအတွက် အချိုးအစားမှာ ၃၂.၅% ရှိခြင်းက မများလှသော်လည်း၊ အရည်အချင်း အပေါ်အခြေခံပြီး အလုပ်ခန့်ထားခြင်းနှင့် ရာထူးတိုးပေးသည့်စနစ်တစ်ခုကို တည်ဆောက်ရန်မူတောင့်တင်းခိုင်မာသည့် အုတ်မြစ်တစ်ခုကို ကိုယ်စားပြုပါသည်။ အမျိုးသမီးများသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန (၄၈%) ကဲ့သို့သော စီးပွားရေး

[6] MNPED Project Appraisal and Performance Review Department - ဝန်ထမ်းဦးရေကို နိုင်ငံ့ဝန်ထမ်း အက်ဥပဒေအောက်တွင် အကြုံးဝင်သည့် အစိုးရဝန်ထမ်းများကို ရည်ညွှန်းပါသည်။

မူဝါဒနှင့် ပညာရေး (၆၉.၇%) နှင့် ကျန်းမာရေး (၄၉.၂%) ကဲ့သို့သော လူမှုရေးမူဝါဒများတွင် အဆင့်မြင့်ရာထူးများ၌ ကိုယ်စားပြုမှုကောင်းစွာရှိပြီး၊ ပြည်ထဲရေး (၁.၂%) ကဲ့သို့သော လုံခြုံရေးကို ဦးတည်သည့်ဌာနများတွင်မူ ကိုယ်စားပြုမှု နည်းပါးလှပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဌာနသည် နိုင်ငံ၏ မြို့နယ်စုစုပေါင်း ၃၃၀ ခုတွင် အုပ်ချုပ်ရေးအရာရှိများ ခန့်ထားရန် တာဝန်ရှိပြီး လက်ရှိတွင် မြို့နယ် ၃၀၀မြို့နယ်ရှိ အုပ်ချုပ်ရေးမှူးများမှာ အမျိုးသားများ ဖြစ်ပါသည် (Chit Saw and Arnold 2014a, p.17)။

နိုင်ငံ့ဝန်ထမ်းများ၏ လူမျိုးနှင့် ကိုးကွယ်မှုဘာသာနှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ပြန်ဖော်ပြထားခြင်း မရှိသေးချေ။ ထို့ကြောင့် ယင်းနယ်ပယ်တွင် ခွဲခြားဆက်ဆံမှုမှ ကင်းလွတ်မှုနှင့် အရည်အချင်းအပေါ် အခြေခံသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့တစ်ခု အဖြစ်သို့ ရောက်ရှိရန် ရည်မှန်းချက် အောင်မြင်မှုရှိမရှိကို အကဲဖြတ်ရန်မှာ ခက်ခဲပါသည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွင် ဗမာ၊ ဗုဒ္ဓဘာသာလူမျိုးများကိုသာ အများအပြားခန့်ထားသည်ဟု အထူးသဖြင့် တိုင်းရင်းသား လူနည်းစုများအတွင်း ယုံကြည်လျှက်ရှိကြပါသည်။

မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများကို ပြန်တမ်းဝင်အရာရှိများနှင့် ပြန်တမ်းဝင်မဟုတ်သည့် အုပ်ချုပ်ရေး ဝန်ထမ်းများအဖြစ် အုပ်စုနှစ်စု ခွဲခြားထားပါသည်။ ပြန်တမ်းဝင်အရာရှိအုပ်စုများတွင် အဆင့်အမြင့်ဆုံး နိုင်ငံ့ဝန်ထမ်းများကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးများဟု ခေါ်ပြီး ပုံမှန်အားဖြင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် အစိုးရဝန်ကြီးဌာန တစ်ခုအတွင်းရှိ ဌာနတစ်ခု ၏ အကြီးအကဲများဖြစ်ကြပါသည်။

ပြန်တမ်းဝင်အရာရှိများတွင် အဆင့် ခြောက်ဆင့်ရှိပါသည်။ ညွှန်ကြားရေးမှူးချုပ်များ (နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်ညွှန်ကြားရေးမှူးများ)၏ အောက်တွင် ဒုတိယ ညွှန်ကြားရေး မှူးချုပ်များ (အထွေထွေမန်နေဂျာများ)၊ ညွှန်ကြားရေးမှူးများ (ဒု အထွေထွေ မန်နေဂျာ)၊ ဒုညွှန်ကြားရေးမှူးများ (လက်ထောက် အထွေထွေ မန်နေဂျာများ)၊ လက်ထောက်ညွှန်ကြားရေးမှူးများ (မန်နေဂျာများ) နှင့် ဝန်ထမ်းအရာရှိများ (လက်ထောက်မန်နေဂျာများ) ရှိကြပါသည်။

အရာရှိအဆင့်များကို ပြန်တမ်းဝင်မဟုတ်သည့် အုပ်ချုပ်ရေး ဝန်ထမ်းအဆင့် ခြောက်ဆင့်မှ ပံ့ပိုးကူညီပေးပါသည်။ အဆင့်အမြင့်ဆုံး ရာထူးမှာ ရုံးအုပ် (ကြီးကြပ်ရေးမှူး)၊ ထို့နောက် ဌာနခွဲစာရေး (လက်ထောက်ကြီးကြပ်ရေးမှူး)၊ အထက်တန်းစာရေး (အကြီးတန်း-ကျွမ်းကျင်)၊ အောက်တန်းစာရေး (အငယ်တန်း ကျွမ်းကျင်)၊ အကြီးတန်း လက်ထောက်နှင့် အငယ်တန်း လက်ထောက် တို့ဖြစ်ပါသည်။

အစိုးရအနေဖြင့် အရည်အချင်းရှိသည့် ဝန်ထမ်းများကို ခန့်ထားပြီး၊ လုပ်ငန်းခွင်တွင် ပျော်မွေ့၍ ဆက်လက်လုပ်ကိုင် နေစေရန် နိုင်ငံ့ဝန်ထမ်းများနှင့် အခြားဝန်ထမ်းများကို လုပ်ခ၊လစာများနှင့် ခံစားခွင့်များပေးနိုင်ရန်လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများနှင့် အခြား အစိုးရ ဝန်ထမ်းများသည် လစာနှင့် အများစုသည် အခြား လစာမဟုတ်သည့် ခံစားခွင့်များဖြစ်သည့် အိမ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အငြိမ်းစားလစာများကို ရရှိခံစားကြရပါသည်။ (ဇယား ၅ ကို ကြည့်ပါ။)

လုပ်သားဈေးကွက်တွင် အထူးသဖြင့် စီးပွားရေးချပ်ကိုင်မှု လျော့ချပြီး ပုဂ္ဂလိကကဏ္ဍအား ကြီးမားသည့် အခန်းကဏ္ဍတွင် ပါဝင်ခွင့်ပေးခဲ့ချိန်မှစ၍ ယင်းရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရန်အတွက် လုပ်ခ၊ လစာများနှင့် ခံစားခွင့်များပေးရန် အစိုးရအနေဖြင့် အတော်ပင် ရုန်းကန်နေရသည့် လက္ခဏာများကိုလည်းတွေ့ရှိရပါသည်။  ဥပမာအားဖြင့် နှစ် ၃၀ ခန့် လုပ်သက်အတွေ့အကြုံရှိသည့် ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ အမြင့်ဆုံးလစာသည် ၃လမျှသာ အတွေ့အကြုံရှိသေးသည့် အငယ်တန်းလက်ထောက်တစ်ဦး၏ အနိမ့်ဆုံးလစာ၏ လေးဆမျှသာ ရှိနေပါသည်။ လစာများ၏ ဤမျှလောက်သာကွာခြားချက်မှာ နိုင်ငံတကာ အဆင့်အတန်းများအရဆိုလျှင်၊ အလွန်ပင်ကွာဟမှု နည်းနေသည်ဟု ဆိုရပါမည်[7]။ အလားတူပင်၊ မြန်မာ့ ရေနံနှင့်ဓါတ်ငွေ့ လုပ်ငန်းကဲ့သို့သော နိုင်ငံပိုင်လုပ်ငန်းတစ်ခုမှ ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦးသည် တစ်လလျှင် အမေရိကန် ဒေါ်လာငွေ ၂၄၀ ခန့်နှင့် (ညီမျှသော) လစာရရှိပါသည်။ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကရေနံနှင့် ဓါတ်ငွေ့ ကုမ္ပဏီများတွင် လုပ်ကိုင်နေသည့် အကြီးတန်း မန်နေဂျာများရရှိသည့်လစာ၏ တစိတ်တဒေသမျှသာ ဖြစ်ပါသည်။

ယင်းနမူနာများမှာ နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ခ၊ လစာနှင့်ခံစားခွင့်များအတွက် မဟာဗျူဟာ ရေးဆွဲချမှတ်ရာတွင် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့အနေဖြင့် ထည့်သွင်းစဉ်းစားရမည့် မူဝါဒဆိုင်ရာ ကိစ္စရပ်များ အနက်မှ အချို့

[7] ဆန့်ကျင်ဘက်အားဖြင့်၊ ဝန်ကြီးများနှင့်ဒုတိယဝန်ကြီးများ၏ လစာများမှာ အမေရိကန် ဒေါ်လာ ၃၀၀၀ နှင့် အမေရိကန် ဒေါ်လာ ၂၀၀၀ ဖြစ်သဖြင့် အတန်အသင့် မြင့်မားပါသည်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ပြီး၊ လွှတ်တော်အမတ်များ၏ လစာများကို အမေရိကန် ဒေါ်လာ ၁၀၀၀ အထိ တိုးမြှင့်ပေးပါမည်။

ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာမှာ နည်းပါးနေခြင်းကို အသိအမှတ်ပြုလျှက်၊ ၂၀၁၅ခုနှစ် မတ်လတွင် အစိုးရမှ နိုင်ငံ့ဝန်ထမ်းများ ၏လစာကို သိသိသာသာတိုးမြှင့်ပေးခဲ့ပါသည်။

**ဇယား - ၅ နိုင်ငံ့ဝန်ထမ်းများ၏ လစာဖွဲ့စည်းပုံ - ၂၀၁၅[8]**

| အဆင့် | လစဉ် ရရှိသည့်လစာငွေ (ကျပ်, '၀၀၀) | |
|---|---|---|
| | ၂၀၁၅ မတ်လ မတိုင်မီ လစာ | ၂၀၁၅ မတ်လ နောက်ပိုင်း လစာ |
| ၁၃ | ၂၅၀ - ၂၆၀ | ၅၀၀ |
| ၁၂ | ၂၂၀ - ၂၃၀ | ၃၈၀ - ၄၀၀ |
| ၁၁ | ၂၀၀ - ၂၁၀ | ၃၄၀ - ၃၆၀ |
| ၁၀ | ၁၈၀ - ၁၉၀ | ၃၁၀ - ၃၃၀ |
| ၀၉ | ၁၆၀ - ၁၇၀ | ၂၈၀ - ၃၀၀ |
| ၀၈ | ၁၄၀ - ၁၅၀ | ၂၅၀ - ၂၇၀ |
| ၀၇ | ၁၁၀- ၁၁၆ | ၂၁၀ - ၂၂၀ |
| ၀၆ | ၁၀၅ - ၁၁၀ | ၁၉၅ - ၂၀၅ |
| ၀၅ | ၉၉ - ၁၀၄ | ၁၈၀ - ၁၉၀ |
| ၀၄ | ၉၃ - ၉၈ | ၁၆၅ - ၁၇၅ |
| ၀၃ | ၈၇ - ၉၂ | ၁၅၀ - ၁၆၀ |
| ၀၂ | ၈၁ - ၈၆ | ၁၃၅ - ၁၄၅ |
| ၀၁ | ၇၅ - ၈၀ | ၁၂၀ - ၁၃၀ |

ကိုးကား - မြန်မာ့အလင်း မတ်လ ၂၇ ရက် ၂၀၁၅

ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည် ပြန်တမ်းဝင်အရာရှိများ နှင့် ပြန်တမ်းဝင်မဟုတ်သည့် အရာရှိများ (အဆင့် ၇ နှင့် အဆင့် ၁) များအား အလုပ်စတင်ဝင်နိုင်ရန်ခန့်ထားရာတွင် တာဝန်ရှိပါသည်။ စတင်အမှုထမ်းသည့်အဆင့်မှ အထက်တွင်၊ အစိုးရဝန်ကြီးဌာန များသည် ပြန်တမ်းဝင်နှင့် ပြန်တမ်းဝင် မဟုတ်သည့်အဆင့်များအတွက် အစိုးရဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ခြင်းကို ဝန်ကြီးဌာနအတွင်း တွင်ပင် စီမံခန့်ခွဲပါသည်။ အစိုးရဝန်ကြီးဌာနများက ဒုတိယ ညွှန်ကြားရေးမှူးချုပ်အဆင့်နှင့် ညွှန်ကြားရေး မှူးချုပ်အဆင့်များ(အဆင့် ၁၂နှင့် အဆင့် ၁၁) ခန့်ထားခြင်းကို ယေဘုယျအားဖြင့် အစိုးရဝန်ကြီးအဖွဲ့၏ အတည်ပြုချက်ရရှိရန် တင်ပြရပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်း ခန့်ထားရေးစနစ်မျိုးသည် ပြင်ပမှ လျှောက်ထားသူများကို စတင်အမှုထမ်းသည့် အဆင့်မှလွဲပြီး ခွင့်မပြုသည့်အတွက် `တံခါးပိတ်စနစ်`ဟုခေါ်ကြပါသည်။

နိုင်ငံ့ဝန်ထမ်းခန့်ထားခြင်းသည် အရည်အချင်းနှင့် အတွေ့အကြုံကျွမ်းကျင်မှုအပေါ် အခြေခံပြီး၊ ပွင့်လင်းမြင်သာမှုရှိသည်ဟု မြန်မာနိုင်ငံရှိ လူများစွာက မယုံကြည်ကြချေ။ အစိုးရဝန်ကြီးဌာန အများစုတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူး ရာထူးများကို ယခင်တပ်မတော် အရာရှိများရယူထားခြင်းကို သက်သေသာဓကအဖြစ် ထောက်ပြပြီး ဝေဖန်သူများက ပြောဆိုကြ ပါသည်။

နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားရေးနှင့် ပတ်သက်ပြီး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည် ဦးဆောင်မှုအခန်းကဏ္ဍတွင် ရှိပါ သည်။ အခြေခံနှင့် အဆင့်မြင့် စီမံခန့်ခွဲမှု စီမံကိန်းအစီအစဉ်များရှိသည့် ဖောင်ကြီးနှင့် မန္တလေးမြို့လေ့ကျင့်ရေး သင်တန်းကျောင်း များကို စီမံခန့်ခွဲရပါသည်။

သို့ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်း ဖွံ့ဖြိုးတိုးတက်မှု အုပ်ချုပ်ရေးကျောင်းဟုခေါ်သည့် ကိုယ်ပိုင် လေ့ကျင့်ရေး သင်တန်းကျောင်းရှိပြီး၊ အခြားဝန်ကြီးဌာနများတွင်လည်း ကိုယ်ပိုင်သင်တန်းကျောင်းများထားရှိပြီး ဆိုင်ရာဝန်ကြီးဌာနနှင့်

[8] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော အချက်အလက်များတွင် ဖော်ပြထားချက်အရ အဆင့် ၁ မှ ၆ ရာထူးရှိသူများသည် ပြန်တမ်းဝင်အဆင့် မဟုတ်ပဲ အထွေထွေစီမံခန့်ခွဲရေးနှင့် ပတ်သက်သောကိစ္စများကို အထောက်အပံ့ပေးရသူများဖြစ်သည်။ အဆင့် ၇ မှ ၁၂ ရာထူးရှိသူများသည် ပြည်သူ့ရေးရာ ဝန်ဆောင်မှုကဏ္ဍ အဆင့်ဆင့်မှ ပြန်တမ်းဝင် အရာရှိများဖြစ်ကြပြီး ဒုတိယညွှန်ကြာရေးမှူးချုပ်က အဆင့် ၁၁ ရှိပြီး ညွှန်ကြားရေးမှူးချုပ်က အဆင့် ၁၂ ဟုသတ်မှတ်သည်ဟု ဆိုထားသည်။ သို့သော် ယခုကိုးကားထားသည့် မြန်မာ့အလင်း သတင်းစာပါ အချက်အလက်များတွင် အဆင့် ၁၃ အထိ ထည့်သွင်းဖော်ပြထားကြောင်းတွေ့ရသည်။ ၄င်းအဆင့်မှာ မကြာသေးမီကာလများအတွင်းက ဖော်ထုတ်လိုက်သော အမြဲတမ်းအတွင်းဝန်ရာထူးကို ရည်ညွှန်းထားခြင်းဖြစ်နိုင်ပါသည်။ ပြည်သူ့ရေးရာကဏ္ဍတည်ဆောက်ပုံနှင့် ၄င်း၏လစာနှုန်းထားများနှင့်ပတ်သက်သော သတင်းအချက်အလက်များမှာ ရယူရန်ခက်ခဲသဖြင့် မတူညီသော သတင်းရင်းမြစ်မှ ရရှိထားသည့် အချက်အလက်များသည်လည်း တစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိနိုင်ပါသည်။

သက်ဆိုင်သည့် သင်ရိုးညွှန်းတမ်းများရှိပါသည်။ ဥပမာ၊ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု အကယ်ဒမီရှိပြီး၊ အမျိုးသား စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနသည် ပြည်သူ့ရေးရာအုပ်ချုပ်မှု အတွက် ဘွဲ့လွန်သင်တန်းကျောင်းတစ်ခုကို ဖွင့်လှစ်ထားရှိပါသည်။ မူဝါဒနှင့် သုတေသနကို ဦးစားပေးလုပ်ဆောင်သည့် ကိုရီးယား ဖွံ့ဖြိုးရေးသိပ္ပံကို နမူနာယူလျှက်၊ မြန်မာဖွံ့ဖြိုးရေးသိပ္ပံကို တည်ထောင်ခဲ့ပါသည်။

## အခန်း - ၃   ပြည်သူ့ရေးရာကဏ္ဍကို ပြုပြင်ပြောင်းလဲခြင်း

ဤအခန်းတွင် မြန်မာနိုင်ငံတွင် အဘယ်ကြောင့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် ပြောဆိုနေကြသည် ဆိုသည့် အကြောင်းများ၊ လုပ်ဆောင်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုအချို့နှင့် အနာဂတ် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် တည်ရှိနေသည့် အားသာချက်များကို ဆွေးနွေးတင်ပြ ထားပါသည်။

မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် အုပ်စုအသီးသီးမှ တောင်းဆိုမှုများကို ပြုလုပ်ကြပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လယ်သမားအုပ်စုများ၊ အလုပ်သမားသမဂ္ဂများနှင့် ကျောင်းသားအုပ်စုများသာမက မြို့နေပြည်သူ လူထုမှလည်း ဆန္ဒပြ ချီတက်ပြီး အစိုးရအနေဖြင့် ပညာရေး လွတ်လပ်ခွင့်မှသည် မြေယာသိမ်းယူမှု ပြဿနာများနှင့် မကြာခဏ မီးပျက်သည့် ကိစ္စများအထိ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြပါသည်။ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်း လဲမှုများကြောင့် လွတ်လပ်သည့်သတင်းမီဒီယာများ၏ အသံများနှင့် လယ်သမားအစည်းအရုံးများနှင့် အလုပ်သမားသမဂ္ဂများ ကဲ့သို့သော လူမှုအဖွဲ့အစည်းအသစ်များကို ခွင့်ပြုခဲ့သည့်အတွက် အစိုးရအပေါ် ပြည်သူများ၏ မျှော်လင့်ချက်များမှာ ပိုမိုမြင့်မား လာခဲ့ပါသည်။

ပြည်သူ့ရေးရာကဏ္ဍကို ပွင့်ပွင့်လင်းလင်း ဝေဖန်ချက်များအနက် အချို့သည် မထင်မှတ်သည့်နေရာ  အချို့မှဖြစ်နေခဲ့ပါသည်။ သမ္မတဦးသိန်းစိန်နှင့် သူ၏ အဆင့်မြင့်ဝန်ကြီးများက အစိုးရအရာရှိကြီးများ၏ အတွေးအမြင်၊ အမူအကျင့်၊ လုပ်ပုံလုပ်နည်းများကို ပြုပြင်ပြောင်းလဲကြရန် အလေးအနက်ထား ပြောကြားသည့် မိန့်ခွန်းများကိုလည်း အကြိမ်ကြိမ်မိန့်ကြားခဲ့ပါသည်။

ဆက်လက်တင်ပြမည်မှာ သမ္မတ၏ အနီးစပ်ဆုံး အသိုင်းအဝန်းမှ အယူအဆအမြင်အချို့ပင် ဖြစ်ပါသည်။

### အပိုင်း - ၁   သမ္မတ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပန်ကြားချက်

၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ `တတိယလှိုင်း` ပြုပြင်ပြောင်းလဲမှုကို စတင်သည့် မှတ်တမ်းဝင်မိန့်ခွန်းတစ်ခုတွင် သမ္မတက အစိုးရအရာရှိကြီးများ၏ မာန်မာနထောင်လွှားခြင်း၊ အဂတိလိုက်စားမှုနှင့် မကျွမ်းကျင်ခြင်းတို့အား ပွင့်လင်းစွာ ဝေဖန်ပြောဆိုခဲ့ပါသည်။[9] သမ္မတသည် နိုင်ငံသားများ၏ ခံစားချက်များကို ရောင်ပြန်ဟပ်လျှက်၊ အစိုးရအရာရှိကြီးများကို ယခင် အစိုးရလက်ထက်မှ အကျင့်စရိုက်များကို ပြုပြင်ပြီး၊ `ပြည်သူ့ဝန်ကိုထမ်းရွက်သော ပြည်သူ့ဝန်ထမ်းများအဖြစ်သို့’ ပြောင်းလဲ လုပ်ဆောင်ကြရန် တိုက်တွန်းနိုးဆော်ခဲ့ပါသည်။

သမ္မတသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေလိုသည့် ပြည်သူများ၏ ဆန္ဒကို တုံ့ပြန်လျှက် `ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး`ရည်မှန်းချက်ကို တင်ပြခဲ့ပါသည်။ အစိုးရအနေဖြင့် လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ ဆည်မြောင်းနှင့် နိုင်ငံခြား ခရီးသွားလုပ်ငန်းအတွက် အဆောက်အအုံများကဲ့သို့သော အဓိကဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်အောင် လုပ်ဆောင်ပေး မည်ဟုလည်း ပြောကြားခဲ့ပါသည်။

သမ္မတက ဗဟိုဦးစီးချုပ်ကိုင်မှုကိုလည်း ထပ်မံလျှော့ချပေးမည်ဟုလည်း ကတိပြုခဲ့ပါသည်။ တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့် ပြည်နယ်များအပါအဝင် လူအများအပြား၏ အရေးကြီးသည့် အဆုံးအဖြတ်များကို နေပြည်တော်ရှိ ပြည်ထောင်စု အစိုးရကသာ ချမှတ်နေသည်ဆိုသည့် ကာလကြာမြင့်စွာ ပြောဆိုဝေဖန်နေမှုကို တုံ့ပြန်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ အနာဂတ်ကာလ တွင် မြို့နယ် ကော်မတီအသစ်များသည် ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူထုကို ပါဝင်စေမည်ဖြစ်ပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် အချို့သောပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို စတင်စီမံခန့်ခွဲ ပါလိမ့်မည်ဟုလည်း သမ္မတက ပြောကြားခဲ့ပါသည်။

သမ္မတသည် မြန်မာနိုင်ငံသည် နိုင်ငံတကာ၏ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်စံနှုန်းများနှင့် တိုင်းတာလျှင် မပြည့်မီကြောင်း’ ကိုလည်း အသိအမှတ်ပြုပြောကြားခဲ့ပါသည်။ အစိုးရအရာရှိများ၏ `ပြည်သူလူထု၏ အသံကို နားမထောင်ဘဲ၊ မတိုင်ပင်ဘဲ`၊ `အစိုးရ၏ စည်းမျဉ်း၊ စည်းကမ်းများကို မလိုက်နာဘဲ`နှင့် `လိုအပ်သည့် စီမံခန့်ခွဲမှုစွမ်းဆောင်နိုင်ရည်များမရှိဘဲ` လုပ်ငန်းများ

[9] သမ္မတသည် `တတိယလှိုင်း` ဖြစ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် အစိုးရ၏ မူဝါဒဦးစားပေးမှုများကို အကြမ်းဖျဉ်းဖေါ်ပြသော ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့နှင့် ၂၀၁၃ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တို့တွင် ပြည်ထောင်စုဝန်ကြီးများအား ပြောဆိုသည့်မိန့်ခွန်းများအပါအဝင် အရေးကြီးသော မိန့်ခွန်းများစွာကို ပြောကြားခဲ့ပါသည်။ ဒုတိယလှိုင်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် စတုတ္ထလှိုင်း ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့် အစိုးရ၏ မူဝါဒဆိုင်ရာ စာတမ်းများတွင် ဆက်သွယ်ရေးလုပ်ငန်းများ၊ စည်းမျဉ်းစည်းကမ်းများ လျှော့ချ ပေးခြင်းနှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကဲ့သို့သော အရေးကြီးသည့် ဖေါ်ပြချက်များ ပါဝင်ပါသည်။

ဆောင်ရွက်နေမှု၏ ပြဿနာကိုလည်း အလေးအနက်ဝေဖန်ခဲ့ပါသည်။ အရာရှိများ၏ `လာဘ်ပေးလာဘ်ယူမှုများ`နှင့် အချိန်ဆွဲ၊ နှောင့်နှေးကြန့်ကြာမှုများဖြစ်အောင် လုပ်နေမှုများ`ကိုလည်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ဆယ်စုနှစ်များစွာပင်၊ မြန်မာနိုင်ငံအစိုးရသည် `တရားဝင်မှု ပြဿနာ`ဟု ခေါ်ကြသည့် ယုံကြည်မှု မရရှိခြင်းကို ပိုမိုပြီး ခံစားခဲ့ကြရခဲ့ပါသည်။ ၂၀၁၄ခုနှစ်က အာရှဖောင်ဒေးရှင်းက နိုင်ငံသားများ၏ ဗဟုသုတနှင့် တန်ဖိုးထားမှုကို လေ့လာရန် တနိုင်ငံလုံးစစ်တမ်းကောက်ယူခဲ့ရာတွင်၊ နိုင်ငံသားများသည် အစိုးရနှင့် ဝေးကွာလွန်းနေပြီး၊ လွှတ်တော်နှင့် အစိုးရအဆင့်အဆင့်၏ လုပ်ငန်းဆောင်တာများအပါအဝင် အဓိကအစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး မသိသလောက် နည်းလှပါသည်။ ခြုံ၍ပြောရလျှင် ပြည်သူလူထုသည် စစ်တမ်းကိုဖြေဆိုသူများက အားကိုးယုံကြည်မှု အဆင့်အနိမ့်ဆုံးဟု အမှတ်ပေးခဲ့ကြသည့် တရားရုံးများ သို့မဟုတ် ရဲစခန်းများသို့ သွားမည့်အစား ပြဿနာများကို မိမိတို့ဘာသာ ဖြေရှင်းယူရန် ကြိုးပမ်းကြပါသည်။

ထို့ကြောင့်၊ အစိုးရ၏ အရေးကြီးသည့် ရည်မှန်းချက်တစ်ခုမှာ အစိုးရအဖွဲ့အစည်းများအပေါ် လက်ခံအသိအမှတ်ပြုမှုကို ပြန်လည်ရယူပြီး ယုံကြည်မှုပြန်လည်တည်ဆောက်ရန်ဖြစ်သည်။ ယင်းသို့ ကြိုးပမ်းရာတွင် အောက်ခြေဒေသအဆင့်၌ ပြည်သူလူထုနှင့် အစိုးရအကြား ဆက်ဆံမှုအရှိဆုံး ဖြစ်သည့် မြို့နယ်များနှင့် ကျေးရွာများကို အဓိကထားပါသည်။ သမ္မတသည် ဒေသန္တရအဆင့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်တွင် ပြည်သူလူထုကို ပါဝင်စေခြင်းဖြင့် ပြည်သူလူထု၏ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းသည့် ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ကြေညာခဲ့ပါသည်။ (တစ်ဦးချင်းအစား အိမ်ထောင်ဦးစီးများမှ) ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို သွယ်ဝိုက်ရွေးကောက်တင်မြှောက်မှုသည် မြို့နယ်ကော်မတီများတွင် နိုင်ငံသားများကို ပါဝင်ခွင့်ပေးရန် ကတိကဝတ်ပြုမှုနှင့်အတူ ကြိုးပမ်းအားထုတ်မှုတစ်ခုပင်ဖြစ်သည်။ (ပုံစံကွက်-၁၃ ကိုကြည့်ပါ။)

### ပုံစံကွက် - ၁၃ မြို့နယ်အုပ်ချုပ်ရေးတွင် ပြုပြင်ပြောင်းလဲမှုများ

ပြည်သူလူထုအား ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ပေးသည့် မြို့နယ်ကော်မတီများကို ၂၀၁၂ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များတွင် ဖွဲ့စည်းပြီး ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းတို့မှာ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီများ ဖြစ်ပါသည်။ မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များကို အဓိကလုပ်ကိုင်ပြီး၊ လယ်သမားများ၊ အလုပ်သမားများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ပါသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီကို မြူနီစီပယ်ရုံးများ အဖြစ်လူသိများပြီး၊ မြူနီစီပယ်နှင့်ဆိုင်သည့် ကိစ္စရပ်များအပေါ် အဓိကထားလုပ်ကိုင်ပါသည်။ အဖွဲ့ဝင်များမှာ လူမှုရေး၊ စီးပွားရေးနှင့် ကျွမ်းကျင်မှုနယ်ပယ်များမှ ကိုယ်စားလှယ်များဖြစ်ကြပါသည်။ ယင်းမြို့နယ်ကော်မတီများ၏ ထိရောက်စွာ လုပ်ဆောင် နိုင်မှုကို အဆုံးအဖြတ် မပြုရသေးသော်လည်း၊ ဆယ်စုနှစ်များအတွင်း မြို့နယ်၏ ကိစ္စရပ်များတွင် နိုင်ငံသားများကို တရားဝင်ပါဝင်ခွင့်ပြုခဲ့ပါသည်။

## အပိုင်း - ၂ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သော အသံများ

အောက်တွင် ဖေါ်ပြထားသကဲ့သို့ပင်၊ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ၏ အားနည်းချက်များအပေါ် သမ္မတနှင့် နီးစပ်သည့် အသိုင်းအဝိုင်းမှ ဝေဖန်ထောက်ပြသည့်အချက်များမှာ နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၏ သုံးသပ်ချက်များဖြင့် ထပ်တူပင်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍနှင့် ပတ်သက်သည့် သဘောထားအမြင်များကို တိုင်းတာ ရာတွင် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ အသုံးပြုသည့် အဓိကတိုင်းတာမှု ညွှန်ကိန်းများကို မဖေါ်ပြမီ၊ ဤအခန်းတွင် အာရှဖောင်ဒေးရှင်း မှ မေးမြန်းခဲ့သည့် `ပြည်သူ့ရေးရာ မူဝါဒပြုပြင်ပြောင်းလဲမှုဆိုသည်မှာ မည်သို့အဓိပ္ပါယ် ဆောင်သနည်း` ဟူသည့် မေးခွန်းကို ဖြေကြားခဲ့သည့် အဖြေအချို့ကို တင်ပြမည် ဖြစ်ပါသည်။

**အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊** *မြန်မာဆိုရှယ်လစ်စနစ်ကာလမတိုင်ခင်က လုပ်ကိုင်ခဲ့တဲ့ နည်းလမ်းတွေကို လေ့လာဖို့လိုတယ်။ ဥပဒေတွေလဲရှိပါတယ်။ ဝန်ကြီးဌာနတိုင်းမှာ အားလုံးလိုက်နာ လုပ်ဆောင်ကြရတဲ့ လုပ်ထုံးလုပ်နည်းတွေ (Standard operating procedures) တွေရှိကြတယ်။ ဝန်ကြီးဌာနက အတွင်းဝန်တွေက အရမ်းတော်တယ်။ ပြည်သူ့ရေးရာ မူဝါဒကို နားလည်ကြတယ်။ ကျွန်တော်အမြင်တော့ ၁၉၈၈ နောက်ပိုင်းမှာ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းတွေ ပျက်စီးယိုယွင်း လာတာဘဲ။ အထက်ကလာတဲ့ အမိန့်တွေ၊ အာဏာတွေနဲ့ အားလုံးကို လုပ်ကြတာ။ ရေရှည်အတွက် အစီအစဉ်ဆွဲတာ၊ ရေရှည်အတွက် စဉ်းစားတာမရှိဘူး။ စစ်တပ်က စစ်တန်းလျားကို ပြန်မယ်လို့ ပြောတာဘဲ။ (ဒါပေမဲ့လဲ မပြန်ပါဘူး။) စစ်တပ်ကအရာရှိတွေကို အစိုးရရာထူးကြီးတွေမှာ ခန့်တယ်။ တချို့က အရည်အချင်းရှိကြပါတယ်။ အများစုကမရှိကြဘူး။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တခြားဝန်ကြီးဌာနတွေနဲ့ယှဉ်ရင် လုပ်ပိုင်ခွင့်ဘာမှမရှိဘူး။ ဝန်ထမ်းလုပ်ဖို့က ကျွမ်းကျင်ပညာရှင်တွေအတွက် ဘာမှမှ စိတ်ဝင်စားစရာမရှိတာ။ လက်ထောက်ညွှန်မှူးအဆင့်ရောက်မယ်။ ဒုညွှန်မှူး လောက်ဖြစ်ရင်ဖြစ်မယ်။ ဒါပေမဲ့ ညွှန်ချုပ်တော့ မဖြစ်တာသေချာတယ်။*

**တိုင်းရင်းသား နိုင်ငံရေးသမား၊** အခုက စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီရနေတာလေ။ ကျွန်တော်တို့ လိုချင်တာ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်။ အထွေထွေအုပ်ချုပ်ရေးဌာန အရာရှိတွေက ပဒေသရာဇ်မင်းတွေလိုဘဲ။ စစ်တပ်က အဆင့်မြင့်အရာရှိ တိုင်းက ဗမာလူမျိုးတွေ။ အစိုးရဝန်ကြီးတွေအားလုံး ကြည့်လိုက်။ ဘယ်သူမှ တိုင်းရင်းသား လူနည်းစုကမဟုတ်ကြဘူး။ ပြည်နယ်တွေမှာ တကဲ့လုပ်ပိုင်ခွင့်တွေရစေချင်တယ်။ ကျန်းမာရေးနဲ့ ပညာရေးကို စပြီး ပေးသင့်တယ်။ ပြည်နယ်တွေမှာ ငွေကို ပိုပြီး သုံးဖို့ လိုတယ်။ ကျန်းမာရေး၊ ပညာရေး၊ လမ်းအစရှိသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေက ပြည်ပမှာလို မကောင်းဘူး။ ကျွန်ုပ်တို့ အနေဖြင့် ဝန်ထမ်း ကိုယ့်ဘာသာ ခန့်ထားနိုင်ဖို့လိုတယ်။ (တိုင်းရင်းသား) ဘာသာစကားပြောတတ်တဲ့ ကောင်းကောင်း လေ့ကျင့် သင်ကြားပေးထားတဲ့ ဝန်ထမ်းတွေလိုတယ်။ အခုက လေ့ကျင့်ရေးသင်တန်းကျောင်းတွေက ဝါဒဖြန့်နေတာဘဲရှိတယ်။

**လွှတ်တော်ကော်မတီဝင်၊** ပထမဆုံး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ရမယ်။ ပြုပြင်ပြောင်းလဲရေးကို တပ်မတော်က ပုဒ်မ ၄၃၆သုံးပြီးတော့ တားဆီးနေတာ[10] ။ ဥပမာပြောရရင် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို လုပ်ပိုင်ခွင့် အာဏာတွေပေးရမှာ။ အဲဒါဖြစ်လာဖို့က ဇယား (၁) နှင့် (၂) ကို ပြင်ရမယ်။[11] ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးကော အန်န်အယ်လ်ဒီကော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဖို့ကို အားလုံးသဘောတူတယ်။ ပြည်သူ့ရေးရာကဏ္ဍ (public sector) ရင်ဆိုင်နေရတဲ့ တကယ့် ပြဿနာက တကယ်ပြင်ချင်တဲ့စိတ် (political will) မရှိတာဘဲ! တပ်မတော်အရာရှိတွေ အများကြီးကို ပုံမှန် ရွေးချယ်တဲ့လုပ်ငန်း စဉ်တွေကို ကျော်ပြီးတော့ နိုင်ငံ့ဝန်ထမ်းရာထူးတွေကို ပြောင်းရွှေ့ပေးလိုက်တယ်။ သူတို့က အမိန့်ပေးတာနဲ့ ညွှန်ကြားချက်ကို နာခံ ဖို့ဘဲသိကြတာ။ ပေါ်လစီမူဝါဒတွေနဲ့ပတ်သက်တဲ့ကိစ္စတွေကို ဘယ်လိုဆွေးနွေးရမယ်ဆိုတာ မသိသလို ဘာတွေစလုပ်ရမယ် ဆိုတာလဲ မသိကြဘူး။ ပုဂ္ဂလိကပိုင်လုပ်တာကို ထောက်ခံပါတယ်။ ဒါပေမဲ့ သေချာလုပ်ဖို့လိုတယ်။ အရင်တုံးက ပြည်သူပိုင် ပစ္စည်းတွေကို မတရားသိမ်းယူလိုက်သလိုဘဲ။ အကောင်းဆုံး ပြည်သူပိုင်ပစ္စည်းတွေကို ခရိုနီတွေကို ရောင်းလိုက်တာ။

**လွတ်လပ်စွာ ဖွဲ့စည်းထားသည့် အလုပ်သမား သမဂ္ဂ ခေါင်းဆောင်၊** အခုတော့ဖွဲ့စည်းခွင့်ရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အခွင့်အရေးတွေကို ဘယ်တော့မှ အသိအမှတ်မပြုဘူး။ လုပ်ခနည်းလို့၊ အငြင်းပွားစရာတွေရှိလို့ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်း အလုပ် သမားဆန္ဒပြပွဲတွေ အများကြီးလုပ်ခဲ့ကြသည်။ ဥပဒေကို သက်ဝင်ကျင့်သုံးလာအောင် ဘယ်တော့မှ မလုပ်ခဲ့ကြဘူး။ အလုပ်ရှင် တွေက ဥပဒေကို ဘယ်တော့မှ ဂရုမစိုက်ဘူး။ အစိုးရက သမဂ္ဂခေါင်းဆောင်တွေနောက်လိုက်ဖို့ အထူးရဲတွေကို လွှတ်တုံး။ တရား ဥပဒေစိုးမိုးဖို့လိုတယ်။ အစိုးရက စက်ရုံတွေ ရောင်းပစ်နေတာကိုလဲ စိတ်ပူမိတယ်။ အလုပ်သမားတွေ အလုပ်ကော၊ အိမ်ကော၊ သူတို့ရမဲ့ ပင်စင်လစာကော အားလုံးဆုံးရှုံးကုန်မှာ။ အထည်ချုပ် လုပ်သားတွေက အထူးသဖြင့် လုပ်ခရတာနည်းကြတယ်။ အနည်းဆုံးလုပ်ခလစာ ကျပ်၂၀၀၀၀၀ [အမေရိကန် ဒေါ်လာ ၂၀၀ လောက်] လောက်ရဖို့လိုတယ်။ နေထိုင်စရိတ်က တော်တော်ကို တက်လာပြီလေ။

**လူမှုရေးတက်ကြွလှုပ်ရှားသူ၊** အစိုးရထဲမှာ တပ်မတော်သားတွေက နေရာတိုင်း၊ ဝန်ကြီးတွေရော၊ အရာရှိကြီးတွေရော။ ဒီမိုကရေစီမှာ အရပ်သားအစိုးရဖြစ်ရမှာ။ ပြုပြင်ပြောင်းလဲရေးဆိုတာလဲ အတုအယောင်တွေဘဲ။ လယ်သမားတွေလဲ အခုထဲ လယ်သိမ်းခံနေရတုံး။ အစိုးရက ဘာမှမလုပ်ဘူး။ ခရိုနီတွေပြောတာဘဲ လိုက်လုပ်နေတာ။ လယ်သမားတွေအကျိုးဖြစ်ထွန်းဖို့ ပြုပြင် ပြောင်းလဲမှုဆိုတာ ရုပ်ပြတွေဘဲ။ အမှန်တော့ ကျေးလက်ဒေသကလူတွေအခြေအနေက ပိုပိုဆိုးလာတာ။ မြို့နယ်ဖွံ့ဖြိုးရေး ကော်မတီတွေမှာလဲ ကြံ့ခိုင်ရေးကလူတွေ၊ အစိုးရအရာရှိဟောင်းတွေချည်းဘဲ။

**သတင်းစာ အယ်ဒီတာ၊** အစိုးရရဲ့ လုပ်ရပ်တွေကို အရင်က သတင်းရေးဖို့ခက်တယ်။ လွှတ်တော်က ရတဲ့ စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာအကြောင်း ရေးတာဖြစ်ဖြစ်။ အစိုးရဟိုတယ်တွေလို နိုင်ငံတော်ပိုင် ပစ္စည်းတွေကို ခရိုနီတွေယူလိုက်တာကို အစီရင်ခံစာ ရေးရုံနဲ့ကို သတင်းရေးတာ အပိတ်ခံရတာမျိုး ရှိနိုင်တယ်။ အခုတော့ အစိုးရဝန်ကြီးဌာနတစ်ခုက ခင်ဗျားကို တရားစွဲချင်စွဲမယ်။ ဒါပေမဲ့ သူတို့နိုင်ချင်မှ နိုင်မယ်။ ပြန်ကြားရေးဝန်ကြီးဌာနကကို အရင်ထက်စာရင် တော်တော်လေးကောင်း လာတယ်။ သတင်းတွေ ဆို နိုင်ငံပိုင်သတင်းဌာနတွေကို အမြဲတမ်းအရင်ပေးတယ်။ အခုတော့ ဖြစ်နေတာတွေကို သတင်းရေး လာတယ်။ ဆန္ဒပြတာမျိုး တောင် သတင်းထဲထည့်လာတယ်။ အစိုးရရဲ့တချို့လုပ်ထုံး လုပ်နည်းတွေ တိုးတက်လာတယ်။ နိုင်ငံကူးလက်မှတ် ထုတ်ပေး တာမျိုးဆို ပိုမြန်လာတယ်။ ကားဝယ်ခွင့်ပါမစ်တွေရလာတယ်။ မိုဘိုင်းဖုန်းဝယ်လာနိုင်တယ်။ ဆင်းမ်ကတ်ဒ်တစ်ခုက အခုဆိုရင် ကျပ် ၂၀၀၀ လောက်ဘဲရှိတော့တယ်။ အရင်က တပတ်ရစ်ကားတစင်းစာ လောက်ပေးရတာ။ ဒါပေမဲ့ မြန်မာ့နိုင်ငံရေးကတော့

10 ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆တွင် ပြင်ဆင်ချက်ပြုလုပ်ရန်အတွက် အမတ်ဦးရေ၏ ၇၅%ကျော်၏ ထောက်ခံမှုရရှိရန် လိုအပ်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက လွှတ်တော်အမတ်ဦးရေ၏ ၂၅%ကို တပ်မတော်သား အမတ်များအတွက် ချန်လှပ်ထားပါသည်။

11 ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ဇယား တစ်က ပြည်ထောင်စုအစိုးရ၏ ဥပဒေပြုမှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကို ပြဋ္ဌာန်းထားပြီး၊ ဇယား နှစ်က ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ ဥပဒေပြုမှုအာဏာကို ဖေါ်ပြထားပါသည်။

*တော်တော်ကို အစွန်းရောက်လာတယ်။ အစိုးရကို ပုတ်ခတ်ပြောဆိုတာက အမျိုးသား အားကစား တစ်ခုဘဲ။ လူတွေက အစိုးရ ဘာလုပ်လုပ် မချီးကျူးချင်ကြဘူး။*

ဤတွေ့ဆုံမေးမြန်းချက်များက ညွှန်ပြနေသကဲ့သို့ပင်၊ ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲမှု ဆိုသည်မှာ လူအမျိုးမျိုးအတွက် အဓိပ္ပါယ်အမျိုးမျိုးရှိကြပါသည်။ သို့ရာတွင် ယင်းအင်တာဗျူးများမှ အဓိက အကြောင်းအချက်များ ပေါ်ထွက်လာခဲ့ပါသည်။ ယင်းအဓိကအချက်များမှာ ဥပဒေနှင့်အညီ ပြည်သူ့ရေးရာအုပ်ချုပ်ရေး၊ စစ်တပ်မှချုပ်ကိုင်မှုကို လျှော့ချရေး၊ နိုင်ငံ့ဝန်ထမ်းများအား အတွေ့အကြုံ ကျွမ်းကျင်မှုပေါ်အခြေခံသည့် အသက်မွေးဝမ်းကျောင်းတစ်ခုပုံစံမြင်လာစေရေး၊ ပြည်ထောင်စု၏ လုပ်ငန်းဆောင်တာများကို ပြည်နယ်/တိုင်း ဒေသကြီးအစိုးရများသို့ ထိထိရောက်ရောက် လွှဲပြောင်းပေးရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားများကို ရှေးရှု၍ နိုင်ငံတော်ပိုင် လုပ်ငန်းများကို ပြုပြင်ပြောင်းလဲရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးရေးတို့ဖြစ်ပြီး အသေးစိတ်ကို အောက်တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ပါသည်။

တနိုင်ငံလုံးရှိ လ္ဘက်ရည်ဆိုင်များ၊ ရုံးများတွင်၊ ပြည်သူလူထုအများစုသုံးနှုန်းသည့် စကားလုံးဖြင့် အနှစ်ချုပ်ပြောရလျှင် `စိတ်ဓါတ် အတွေးအခေါ် အယူအဆပြောင်းလဲမှု`ရှိကြရန် အားလုံးက တောင်းဆိုနေပါသည်။ အရာရှိများက လူတွေကို အထက်စီးမှ ကြည့်တတ်ပြီး၊ မိမိတို့အကျိုးစီးပွားအတွက် လူတစ်စုအတွက်သာ စိတ်ဝင်စားပြီး နိုင်ငံအတွက်လုပ်ကိုင်နေခြင်းမဟုတ်ဟု ပြည်သူလူထု အများစုက ထင်မြင်သဘောထားနေသည်ကိုလည်း ထင်ဟပ်နေပါသည်။ ထို့ကြောင့် အရေးကြီးဆုံးအချက်မှာ ပြည်သူ့ရေးရာကဏ္ဍ ထိထိရောက်ရောက်ပြုပြင်ပြောင်းလဲမှုတွင် အစိုးရနှင့် နိုင်ငံသားများအကြား ယုံကြည်မှု ပြန်လည်တည် ဆောက်နိုင်ရန် လိုအပ်ပါသည်။ ယင်းလုပ်ငန်းစဉ်က လူမှုအသိုင်းအဝိုင်းများအတွင်းရှိ လူများအနေဖြင့် သီးခြားအုပ်စုများအဖြစ် မိမိတို့ကိုမိမိတို့ မမြင်တော့ဘဲ နိုင်ငံတစ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ယုံကြည်မှုရလာစေရန် အထောက်အကူ ဖြစ်စေ နိုင်ပါသည်။

နှစ်ပေါင်းများစွာ၊ စစ်အုပ်ချုပ်ရေးအောက်တွင် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးအောင် ပြုလုပ်ခံခဲ့ရခြင်းမှ ဒီမိုကရေစီစနစ်တစ်ခုသို့ အသွင်ကူးပြောင်းရာတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး စိတ်ရှုပ်ထွေးမှုနှင့် သံသယများစွာ ပိုမိုဖြစ်ထွန်းစေနိုင်ပါသည်။ ပုံစံကွက်-၁၄ တွင် ဆွေးနွေးပါရှိသည့် ၂၀၁၄ခုနှစ် အာရှဖောင်ဒေးရှင်း၏ လေ့လာချက်[12] အရ၊ လူထုသည် အနာဂတ်နှင့်ပတ်သက်ပြီး သတိထား၍ အပြုသဘောရှုမြင်ကြပါသည်။ သို့သော် အစိုးရနှင့် ထိစပ်မှုမရှိဟု ခံစားကြရပြီး၊ လူအချင်းချင်း ယုံကြည်မှုနည်းပါး၍ နိုင်ငံရေးဆိုင်ရာ သဘောထားအမြင်ကွဲလွဲမှုမှာလည်း အစွန်းရောက်လွန်းလှပါသည်။

**ပုံစံကွက် - ၁၄ မြန်မာနိုင်ငံ ၂၀၁၄ - ပြောင်းလဲနေသည့် လူ့အဖွဲ့အစည်းအတွင်းတွင် နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ**

၂၀၁၃ခုနှစ်တွင် အာရှဖောင်ဒေးရှင်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄၌ လူပေါင်း ၃၀၀၀ကို မေးမြန်းပြီး နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများနှင့် ပတ်သက်သည့် စစ်တမ်း တစ်ခုကောက်ယူခဲ့ပါသည်။ အဓိကတွေ့ရှိချက် အချို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

- အစိုးရနှင့် ပတ်သက်သည့် ဗဟုသုတအလွန်နည်းပါးပါသည်။ ဖြေဆိုသူများ၏ ၈၂%သည် အစိုးရ၏ မည်သည့် အစိတ်အပိုင်းအမည်ကိုမျှ မပြောပြနိုင်ပါ။ (အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေး)

- မည်သည့်အစိုးရအဆင့်၏ ဆုံးဖြတ်ချက်က သူတို့၏ဘဝများအပေါ် အကျိုးသက်ရောက်မှုရှိစေသနည်းဟု မေးမြန်းသောအခါ၊ နိုင်ငံတော်အဆင့် (၂၉%)၊ ကျေးရွာအဆင့် (၂၀%)နှင့် ပြည်နယ်/တိုင်းဒေသကြီး (၃%) သို့မဟုတ် မြို့နယ်အဆင့် (၂%) မှမဟုတ်ဟု အလေးထားဖြေကြားခဲ့သည်။ ၁၄% က မည်သည့်အစိုးရဆုံးဖြတ် ချက်များကမှ သူတို့၏ဘဝကို အကျိုးသက်ရောက်မှုမရှိပါဟု ဖြေကြားခဲ့ကြပါသည်။

- လူအချင်းချင်း ယုံကြည်မှု အဆင့်မှာလည်း နည်းပါသည်။ လူအများစုသည် ယုံကြည်နိုင်ပါသလားဆိုသည့် မေးခွန်းကို ၇၇% က မယုံကြည်ဟု ဖြေဆိုကြပါသည်။

- နိုင်ငံရေးဆိုင်ရာ အစွန်းရောက်မှုတွင်လည်း ဒီဂရီ(ရေချိန်)အလွန်မြင့်ပါသည်။ ပြည်သူအများစု မကြိုက်နှစ်သက် သည့် ပါတီတစ်ခုကို သူငယ်ချင်းတစ်ဦးက ထောက်ခံလျှင် ထိုသူငယ်ချင်းကို အဆက်အသွယ်ဖြတ်မည်လား ဆိုသည့်မေးခွန်းကို ၄၁% မှ ဖြတ်ပါမည်ဟု ဖြေကြားခဲ့ပါသည်။

[12] အာရှဖောင်ဒေးရှင်း ၂၀၁၄ *မြန်မာနိုင်ငံ ၂၀၁၄၊ ပြောင်းလဲနေသည့် လူ့အဖွဲ့အစည်းအတွင်းတွင် နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ* http://asiafoundation.org/publications/pdf/1449

- ဖြေဆိုသူစုစုပေါင်း၏ ၆၂%က မြန်မာနိုင်ငံသည် လမ်းမှန်ပေါ်သို့ ရောက်နေပြီဟု ယုံကြည်ကြသော်လည်း ယင်းကိန်းဂဏန်းမှာ တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့် ပြည်နယ်များတွင် သိသာစွာကျဆင်းပြီး မသိပါဟု ဖြေကြားသူများပြီး မသေချာ၊မရေမရာ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

- နိုင်ငံသည် လမ်းမှန်ပေါ်သို့ ရောက်နေပြီဟု ဖြေကြားသူများက လမ်းဖေါက်ခြင်း၊ ကျောင်းဆောက်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အလေးထားပြောကြားကြပါသည်။ နိုင်ငံ၏ ဦးတည်ချက်နှင့် ပတ်သက်ပြီး အဆိုးမြင်ကြသူများက ပဋိပက္ခများ၊ စီးပွားရေးမကောင်းခြင်းနှင့် အစိုးရ မကောင်းခြင်း ဆိုသည့်အချက်များကို အဓိကပြောကြားကြပါသည်။

ကိုးကား၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၄ မြန်မာ၂၀၁၄၊ ပြောင်းလဲနေသည့် လူ့အဖွဲ့အစည်းအတွင်း နိုင်ငံသားများအသိပညာနှင့် တန်ဖိုးထားမှုများ http://asiafoundation.org/publications/pdf/1449

## အပိုင်း - ၃ ပြည်သူ့ရေးရာကဏ္ဍ စံညွှန်းကိန်းများ

ကမ္ဘာ့ဘဏ်နှင့် အခြားနိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများက နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ၏ လုပ်ဆောင်ချက်များကို တိုင်းတာရန်အတွက် ညွှန်ကိန်းများကို ချမှတ်ခဲ့ပါသည်။ အချို့သော ညွှန်ကိန်းများမှာ ရှုပ်ထွေးလွန်းလှသဖြင့် ယင်းတို့၏ အသုံးဝင်မှုကို ဝေဖန်သူများက မေးခွန်းထုတ်ကြသော်လည်း၊ ညွှန်ကိန်းများက ပြည်သူ့ရေးရာကဏ္ဍ၏ အားသာချက်များနှင့် အားနည်းချက်များကို ဆွေးနွေးရာတွင်နှင့် ပြုပြင်ပြောင်းလဲမှုတွင် ဦးစားပေးလုပ်ဆောင်ရန် အချက်များကို ဖေါ်ထုတ်နိုင်ရန်အတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

နိုင်ငံတကာ အသိအမှတ်ပြုထားသည့် ညွှန်ကိန်းများကို အခြေခံပြီး ပုံစံကွက်-၁၅ တွင် မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍ၏ အားသာချက်များ၊ အားနည်းချက်များကို ဆန်းစစ်လေ့လာ သုံးသပ်ထားသည့် သုတေသန၊ လေ့လာချက်များကို စာရင်းပြုစုထားပါသည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများကို အကောင်အထည်ဖေါ် လုပ်ဆောင်နိုင်စေရန်အတွက် ပြည်သူ့ရေးရာကဏ္ဍအဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရန် အရေးကြီးကြောင်းဖြင့် နိဂုံးချုပ်ထားကြပါသည်။

### ပုံစံကွက် - ၁၅ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍနှင့်ပတ်သက်သည် နိုင်ငံတကာ အစီရင်ခံစာများ

မကြာသေးမီကထွက်ရှိခဲ့သည့် အောက်ပါနိုင်ငံတကာအစီရင်ခံစာများက မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍကို ပြုပြင် ပြောင်းလဲရန် လိုအပ်ကြောင်းနှင့် ထိုသို့ပြောင်းလဲခြင်းဖြင့် နိုင်ငံအနေဖြင့် အခြား အရှေ့တောင်အာရှနိုင်ငံများကဲ့သို့ သာယာ ဝပြောမှုရှိလာနိုင်ကြောင်း သဘောထားအမြင်များ တူညီနေကြပါသည်။

"အဖွဲ့အစည်းဆိုင်ရာ အရင်းအမြစ်နည်းပါးမှုသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မလွှဲရှောင်နိုင်သည့် အကန့် အသတ် တစ်ခုပင်ဖြစ်သည်။"

- OECD. 2013. *Myanmar Multidimensional Study*, 2013

"အဓိက စည်းမျဉ်းစည်းကမ်းဆိုင်ရာ အကန့်အသတ်များကို ဖယ်ရှားနိုင်လျှင် လင်းလက်သည့် အနာဂတ်ရှိပါသည်။ "

- IMF.2013. *Article IV Mission*

"မြန်မာ့ပြည်သူ့ရေးရာကဏ္ဍသည် အလွန်ကျယ်ပြန့်လွန်းနေသည်။ အဖွဲ့အစည်းနှင့် အုပ်ချုပ်စီမံမှု ဖွဲ့စည်းပုံမှာ အားနည်း နေသည်။ ဆုံးဖြတ်ချက်ချရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုမရှိချေ။"

- ADB, *Myanmar in Transition*, 2012

"မြန်မာနိုင်ငံသည် အစိုးရအပေါ် ယုံကြည်မှုအသစ်တဖန် တည်ဆောက်ခြင်း၏ အစောပိုင်းအဆင့်များတွင် ရှိနေပါသည်။ "

- McKinsey & Company. 2013. *Myanmar's moment*: *Unique opportunities, major challenges*.

ပြည်သူ့ရေးရာကဏ္ဍ၏ လုပ်ဆောင်ချက်များကို ဆန်းစစ်ရာတွင် ပြည်သူများက `ရလဒ် ညွှန်ကိန်းများ`ဖြစ်သည့် ကျောင်းများ၊ ဆေးရုံများ သို့မဟုတ် လမ်းများကဲ့သို့သော ၄င်းတို့အတွက်အရေးပါသည့်အကျိုးရလဒ်များအပေါ် အရေးပြုကာ တိုင်းတာကြပါသည်။ သို့ရာတွင်၊ မကောင်းသောရလဒ်တိုင်းအား အစိုးရ၏ ဆောင်ရွက်ချက်များကြောင့်ဟု အမြဲတစေ လက်ညှိုးထိုးရန်ခက်လှပါသည်။ ဥပမာ - ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိနိုင်မှုက ပြည်သူများ၏ အသက်ရှင် နေထိုင်မှုသက်တမ်းအတွက် အရေးကြီးသည့် အချက် တစ်ခုဖြစ်ပြီး၊ အာဟာရရှိသည့် အစားအစာများစားသုံးနိုင်ခြင်း၊ သန့်ရှင်းသောရေရရှိခြင်းနှင့် လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ညီမျှမှုများရှိခြင်းတို့ကလည်း အရေးကြီးသည့်အချက်များပင် ဖြစ်ပါသည်။

ဤအချက်များကို မူတည်ပြီး ကုလသမဂ္ဂ[13]နှင့် ကမ္ဘာ့ဘဏ်[14]တို့မှ ထုတ်ဝေသည့် အစီရင်ခံစာများမှ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ညွှန်ကိန်းများကို လေ့လာပါမည်။ ယနေ့ခေတ် အစိုးရအနေဖြင့် နေထိုင်မှုအဆင့်အတန်းများ တိုးမြှင့်ပေးရမည်ဟု ပြည်သူလူထုအနေဖြင့် မျှော်လင့်ထားလျှင် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ မှတ်တမ်းသည် အကောင်း၊ အဆိုး ရောထွေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ တစ်ဦးချင်းဝင်ငွေပမာဏသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်နိုင်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂ၏ လူစွမ်းအား ဖွံ့ဖြိုးတိုးတက်မှု အညွှန်းတွင်မူ နိုင်ငံသည် အိမ်နီးချင်းနိုင်ငံ များထက် အဆင့်နိမ့်ကျလျက်ရှိပါသည်။

(ဇယား-၆ ကို ကြည့်ပါ။)

**ဇယား - ၆ အစိုးရ၏လုပ်ဆောင်ချက်ကို ရလဒ်ညွှန်ကိန်းများအသုံးပြုတိုင်းတာခြင်း**

| ရည်ညွှန်းကိန်း | မြန်မာ | အိမ်နီးချင်းနိုင်ငံများ |
|---|---|---|
| **ဝင်ငွေ**<br>လူတစ်ဦးချင်းစီ၏ အသားတင်ဝင်ငွေ (အမေရိကန်ဒေါ်လာဖြင့် ဝယ်လိုအားမျှခြေ) | ၃၉၉၈ | ထိုင်းနိုင်ငံ ၁၃၃၆၄<br>ဗီယက်နမ်နိုင်ငံ ၄၈၉၂<br>လာအိုနိုင်ငံ ၄၃၅၁<br>ကမ္ဘောဒီးယား ၂၈၀၅<br>ဘင်္ဂလားဒေ့ရှ် ၂၇၁၃ |
| **လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှု**<br>ကမ္ဘာ့ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်မှ ထုတ်ပြန်သည့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှု အညွှန်း Human Development Index (၁၈၇နိုင်ငံကို အဆင့်သတ်မှတ် ရာတွင် ) | ၁၅၀ | ထိုင်းနိုင်ငံ ၈၉<br>ဗီယက်နမ်နိုင်ငံ ၁၂၁<br>ကမ္ဘောဒီးယား ၁၃၆<br>လာအိုနိုင်ငံ ၁၃၉<br>ဘင်္ဂလားဒေ့ရှ် ၁၄ |

ကိုးကား - *UNDP Human Development Report 2014*

*စီးပွားရေးဆိုင်ရာ ရလဒ်များ-* `ယနေ့မြန်မာသည် အရှေ့တောင်အာရှတွင် အဆင်းရဲဆုံး နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ လူဦးရေ ၅၁.၄သန်းရှိပြီး ဂျီဒီပီအရ လူတစ်ဦးချင်းစီ၏ ပျမ်းမျှဝင်ငွေမှာ ၁၁၀၅ ဒေါ်လာရှိပြီး ဒေသအတွင်း အမြင့်ဆုံးဖြစ်သည့် ဆင်းရဲမှုနှုန်းမှာ ၃၇.၅% ရှိပါသည်။..... လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်ခန့်က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံတို့နှင့် ရင်ဘောင်တန်းနိုင်ခဲ့ပြီး၊ ယနေ့ခေတ်တွင် များစွာကျဆင်းခဲ့ကာ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့နှင့် နှိုင်းယှဉ်၍ လာခဲ့ရပါသည်။`

*လူမှုရေးဆိုင်ရာ ညီမျှမှု ရလဒ်များ-* မြန်မာနိုင်ငံတွင် မညီမျှမှုနည်းပါးပါသည်။ မညီမျှမှုကို တိုင်းတာရာတွင် ကျယ်ကျယ် ပြန့်ပြန့်အသုံးပြုသည့် နိုင်ငံသားများ၏ ဝင်ငွေကွာဟချက်ကိုတိုင်းတာမှု (Gini co-efficient) မှာ ၃၀ အောက်ဖြင့် ဒေသအတွင်း လူမှုရေးမညီမျှမှုတွင် ယခုအချိန်အထိ အကောင်းဆုံးရလဒ်ကို ရရှိထားပါသည်။ အဆိုးဆုံးနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် ဖိလစ်ပိုင်နိုင်ငံ တို့ဖြစ်ပြီး ၄၅ နီးပါးရှိပါသည်။

*ကျန်းမာရေး ရလဒ်များ-* မြန်မာနိုင်ငံ၏ ကျန်းမာရေးရလဒ်များမှာ အကောင်းအဆိုး ရောထွေးလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ဆယ်စုနှစ်နှစ်ခုအတွင်းတွင် မိခင်များကျန်းမာရေးတွင် သိသိသာသာတိုးတက်မှု ရှိလာခဲ့ပြီး မိခင်သေဆုံးနှုန်းမှာ ဒေသတွင်း နိုင်ငံများစွာ၏ အောက်တွင် ရှိနေခဲ့ပြီဖြစ်သည်။ သို့သော် ကလေးများသေဆုံးနှုန်း၊ အာဟာရချို့တဲ့မှုနှင့် အဆုတ်ရောဂါ ဖြစ်ပွားသည့်နှုန်းမှာ အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် နှိုင်းစာလျှင် မြင့်မားနေပါသည်။ မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်ကို မကြာသေးမီက ဂျီဒီပီ၏ ၁.၃% ထိ ၇ ဆတိုးမြှင့်ခဲ့ပြီး ဝင်ငွေနည်းသည့် နိုင်ငံများ၏ ပျမ်းမျှအသုံးစရိတ် ၀.၈% ၏အထက်တွင် ရှိလာခဲ့ပါသည်။

*ပညာရေး ရလဒ်များ-* မြန်မာနိုင်ငံ၏ ပညာရေးရလဒ်များတွင် ဆုံးခန်းတိုင် ပညာသင်ကြားနိုင်သည့်နှုန်းမှာ နိမ့်ကျပြီး၊ အရည်အသွေးကို ပြဿနာအဖြစ် ရှုမြင်နိုင်သော်လည်း ဒေသတွင်း အခြား နိုင်ငံများနှင့် အချို့နေရာများတွင် နှိုင်းယှဉ်နိုင်ပါသည်။ အလယ်တန်းအဆင့် ကျောင်းအပ်သည့်နှုန်းမှာ ဒေသတွင်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်နိုင်ပါသည်။ မကြာသေးမီက ပညာရေး

[13] United Nations Development Programme. 2014. *2014 Human Development Report—Sustaining Human Progress: Reducing Vulnerabilities and Building Resilience.* New York: United Nations.

[14] World Bank. 2014. *Myanmar: Ending Poverty and Boosting Prosperity in a Time of Transition*. Washington, DC: World Bank.

အသုံးစရိတ်ကို နှစ်ဆတိုးမြှင့်ခဲ့ပြီး ဂျီဒီပီ၏ ၁.၆% ဖြစ်လာခဲ့သော်လည်း ဝင်ငွေနည်းသည့် အခြားနိုင်ငံများ၏ ပျမ်းမျှအသုံးစရိတ် ၃.၃% ထက် များစွာနည်းနေပါသေးသည်။

*လမ်းများ ရလဒ်-* ပြီးခဲ့သည့် နှစ်ပေါင်း ၂ဝအတွင်း မြန်မာနိုင်ငံတွင် ကျေးလက်ဒေသတွင် လမ်းများ ဖေါက်လုပ်နိုင်မှုမှာ သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ၁၉၈၈နှင့် ၂ဝ၁၁ခုနှစ်များအတွင်း ကျေးလက်ဒေသလမ်းများ ဆက်သွယ်မှုကို ၇၈၅ဝ မှ ၅၇၇ဝဝ ကီလိုမီတာအထိ တိုးမြှင့် ချိတ်ဆက်ပေးနိုင်ခဲ့သည်။ ကျေးလက်ဒေသတွင် တံတားများကိုလည်း ဖေါက်လုပ်ပေးနိုင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ ကျေးလက်ဒေသများသို့ ရောက်ရှိသွားလာနိုင်ရန် ခက်ခဲနေသေးပြီး၊ မုတ်သုန် ရာသီတွင် လမ်းများစွာမှာ အသုံးမပြုနိုင်တော့ချေ။ အတိအကျပြောနိုင်သည်မှာ မြန်မာနိုင်ငံတွင် ကုန်းတွင်းဒေသများအတွင်း လမ်းပန်း ဆက်သွယ်မှု အချိုးအစား (road density)မှာ နည်းပါး နေပါသေးသည်။

*လျှပ်စစ်စွမ်းအင် ရလဒ်များ-* မြန်မာနိုင်ငံတွင် လျှပ်စစ်မီးရရှိမှုမှာ ပြည့်စုံလုံလောက်မှုမရှိသေးချေ။ လူဦးရေ၏ ၃ဝ%မျှသာ လျှပ်စစ်ဓါတ်အားလိုင်းများမှ ရရှိကြပြီး၊ ကျန် ၁၉%မှာ လျှပ်စစ်မီးကို အခြားအရင်းအမြစ်များမှ ရရှိကြပါသည်။ ယင်းက မြန်မာနိုင်ငံ သည် ၄၉%ဖြင့် ကမ္ဘောဒီးယား (၃၁%)၊ ဘင်္ဂလားဒေ့ရှ် (၄၆%)တို့ထက် ရှေ့သို့ရောက်နေပြီး လာအိုပြည်သူ့သမ္မတနိုင်ငံ (၆၃%)၊ အင်ဒိုနီးရှား (၇၃%)၊ အိန္ဒိယ (၇၅%)နှင့် ဗီယက်နမ် (၉၇%) တို့၏ နောက်တွင် ရှိနေပါသည်။

ရလဒ်ညွှန်းကိန်းများအပြင်၊ ဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားရေးပညာရှင်များကလည်း ဖြစ်စဉ် ညွှန်ကိန်းများကို အသုံးပြုတတ်ကြပါသည်။ အစိုးရများသည် မည်သည့်ကိစ္စရပ်များကို လုပ်ဆောင်သည်ဆိုသည်ကို ကြည့်မည့်အစား မည်သို့လုပ်ဆောင်သည်ဆိုသည်ကို တိုင်းတာကြပါသည်။

ကမ္ဘာ့ဘဏ်က နိုင်ငံများအားလုံး၏ အုပ်ချုပ်စီမံမှု ညွှန်ကိန်းများ[15] တစ်ကမ္ဘာလုံးအတွက် သတင်းအချက်အလက်များ ကောက်ယူ စုဆောင်းတင်ပြခဲ့ပါသည်။ ယင်းညွှန်ကိန်းများက တရားဥပဒေစိုးမိုးမှု၊ သတင်းမီဒီယာလွပ်လပ်ခွင့်၊ ပြည်သူ့ရေးရာ အုပ်ချုပ်ရေး၊ ပြည်သူ့ဘဏ္ဍာငွေကြေး ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အဂတိလိုက်စားခြင်းတို့အပါအဝင် ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်စီမံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုများကို လိုက်လံကြည့်ရှုပါသည်။ မြန်မာနိုင်ငံ၏လုပ်ဆောင်ချက် များသည် အရှေ့တောင်အာရှရှိ အခြားနိုင်ငံများ၊ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် နိမ့်ကျနေပါသည်။ တရားဥပဒေ စိုးမိုးရေးနှင့် ပတ်သက်ပြီး၊ မြန်မာနိုင်ငံသည် အနိမ့်ဆုံးအဆင့်တွင်ရှိနေခဲ့ပါသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် ပြုပြင်ပြောင်းလဲ မှုများကြောင့် အချို့နေရာများတွင် မြန်မာ၏ရမှတ်များ တက်လာခဲ့ပါသည်။ သတင်းမီဒီယာလွတ်လပ်ခွင့်မှာ နမူနာတစ်ခုပင် ဖြစ်သည်။ (ဇယား-၇ တွင် ကြည့်ပါ။)

**ဇယား - ၇ အုပ်ချုပ်စီမံမှု တစေ့တစောင်း၊ ကမ္ဘာ့ဘဏ်၏ ကမ္ဘာ့အုပ်ချုပ်စီမံမှု သတင်းအချက် အလက်များ စုစည်းမှု**

| | မြန်မာ | အရှေ့အာရှ |
|---|---|---|
| တရားဥပဒေစိုးမိုးမှု | ၁.၀ | ၃.၈ |
| နိုင်ငံတော်အစိုးရ၏ တရားဝင်ဖြစ်မှု | ၀.၅ | ၂.၃ |
| သတင်းမီဒီယာလွတ်လပ်ခွင့် | ၄.၅ | ၄.၅ |

ကိုးကား၊ World Bank global database of governance indicators. www.agidata.org`

ကမ္ဘာ့ဘဏ်သည် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှု၏ အရည်အသွေးကို အကဲဖြတ် ရာတွင် အသုံးပြုရန်အတွက် နည်းပညာရပ်ဆိုင်ရာတိုင်းတာသည့် ညွှန်ကိန်း ငါးခုပါသည့် အတွဲတစ်ခု ကို ချမှတ်ခဲ့ပါသည်။ (နိုင်ငံမူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်လေ့လာချက် - CPIA) ယင်းညွှန်ကိန်းများမှာ ၁) ပိုင်ဆိုင်ခွင့်များနှင့် စည်းမျဉ်းစည်းကမ်းအခြေပြု အုပ်ချုပ်စီမံမှု ၂) ရသုံး မှန်းခြေစာရင်းနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု အရည်အသွေး ၃) ဘဏ္ဍာဝင်ငွေများကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မှု ၄) ပြည်သူ့ရေးရာ အုပ်ချုပ်မှုအရည်အသွေးနှင့် ၅) ပြည်သူ့ရေးရာကဏ္ဍတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စား ခြင်း[16] တို့ဖြစ်ပါသည်။

15 World Bank global database of governance indicators. www.agidata.org.

16 World Bank Group. 2015. Global database of governance indicators. www.agidata.org

ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံ၌ ၂၀၁၃ခုနှစ်က CPIA အကဲဖြတ်လေ့လာချက်ကို ပြုလုပ်ခဲ့ပါသည်။[17] အောက်ဖော်ပြပါ ဇယားတွင် CPIA ၏ စံညွှန်းကိန်း ၅ခုကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ပြည်သူ့ ရေးရာကဏ္ဍအကဲဖြတ်လေ့လာချက်ကို တင်ပြထားပါသည်။ ၁ (နိမ့်) မှ ၆ (မြင့်) အထိ အမှတ်ပေးထားပါသည်။

**ဇယား - ၈ မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍစီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်းများ၏ အရည်အသွေး**

| | |
|---|---|
| *၁. ပိုင်ဆိုင်ခွင့်များနှင့် စည်းမျဉ်းစည်းကမ်းအခြေပြု အုပ်ချုပ်စီမံမှု* | |
| ကမ္ဘာ့ဘဏ်၏ စံနှုန်းနှင့် အမှတ်ပေးစည်းမျဉ်း | TAF-CESD သုတေသနအဖွဲ့မှ ထပ်မံဖြည့်စွက်သည့် အကဲဖြတ်လေ့လာချက် |
| သတ်မှတ်စည်းမျဉ်း၊ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများကို ထိရောက်သည့် ဥပဒေစနစ်၊ စည်းမျဉ်းစည်းကမ်းပေါ် အခြေခံသည့် အုပ်ချုပ်စီမံမှု ဖွဲ့စည်းပုံနှင့် ယင်းပိုင်ဆိုင်မှုနှင့် ကန်ထရိုက်စာချုပ်ပါအခွင့်အရေးများကို လေးစားလိုက်နာပြီး လုပ်ကိုင် ဆောင်ရွက်သည်။<br><br>**ရမှတ်၊ ၂.၅** | တရားစီရင်ရေးစနစ်၏ ချို့ယွင်းအားနည်းချက်ကြောင့် မြန်မာနိုင်ငံတွင် ယင်းတိုင်းတာချက်နှင့် ပတ်သက်သည့် လုပ်ဆောင် ချက်မှာအားနည်းလှသည်။ ကုမ္ပဏီများသည် ကန်ထရိုက်စာချုပ်များ သက်ဝင်စေရန် အလွတ်သဘော နည်းလမ်းများကို လည်း လုပ်ဆောင်ကြရပြီး နိုင်ငံတကာစီးပွားရေးလုပ်ငန်းများသည် ကန်ထရိုက်စာချုပ်များ တရားဝင်ဖြစ်စေသည့် နည်းလမ်း များအတွက် စကာ်ပူကဲ့သို့သော အခြားနိုင်ငံများ၏ တရားစီရင်မှုစနစ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ကြရသည်။ |
| *၂. ရသုံးမှန်းခြေစာရင်းနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု အရည်အသွေး* | |
| သတ်မှတ်ချက်စည်းမျဉ်း၊ မူဝါဒပိုင်းဆိုင်ရာ ဦးစားပေးမှုများနှင့် ဆက်စပ်နေသည့် ပြီးပြည့်စုံပြီး ယုံကြည်လက်ခံလောက်သည့် ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်)ရှိမှု အတိုင်းအတာ။ ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်)ကို စနစ်တကျ၊ ကြိုတင်ခန့်မှန်းတွက်ချက် သည့်နည်းလမ်းဖြင့် ရည်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော်စေရန် အတွက် ထိရောက်သည့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု စနစ်များနှင့် စာရင်းစစ်ထားသည့် ပြည်သူ့စာရင်းအင်းများနှင့် ဆက်လက်လုပ်ဆောင်ရန်အတွက် ထိရောက်သည့် စီမံခန့်ခွဲမှုများ အပါအဝင် အချိန်မှန်၊ တိကျမှန်ကန်သည့် စာရင်းအင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံတင်ပြခြင်း<br><br>**ရမှတ်။ ၃.၀** | မြန်မာနိုင်ငံသည် ဤသတ်မှတ်ချက် စည်းမျဉ်းကို ကောင်းစွာ မလုပ်ဆောင်နိုင်ရသည့် အကြောင်းရင်းများစွာရှိပါသည်။ ဗဟိုစီးပွားရေး အဖွဲ့အစည်းများမှ ချပေးသည့် မူဝါဒလမ်းညွှန် အကန့်အသတ်အနည်းငယ်မျှဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်)ကို ပြင်ဆင်ရပါသည်။ အမှန်တကယ်အသုံးစရိတ်များသည် ချပေးသည့်ဘတ်ဂျက်များ မှ (၂၀+%) မျှအထိ အသုံးပြုမည်ဟု ခန့်မှန်းသည့် အမျိုးအမည်တွင်သာမက၊ ငွေကြေး ပမာဏတွင်ပါ ကွာဟမှုရှိ နပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများတွင် မပါဝင်သည့် ဘတ်ဂျက်ပြင်ပမှ အသုံးစရိတ် ကိန်းဂဏန်း မှာလည်း မြင့်မားလှပါသည်။ စာရင်းစစ်ချုပ်ရုံးသည် အလေအလွင့်နှင့် စီမံအုပ်ချုပ်မှုညံ့ဖျင်းခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိပြီး၊ လွှတ်တော်အနေဖြင့်မူ ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အကျိုးရှိမှုကို အကဲဖြတ်ရန် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံမရှိချေ။ |
| ၃. အခွန်*ဘဏ္ဍာဝင်ငွေများ ထိရောက်စွာ စုစည်းနိုင်မှု* | |
| သတ်မှတ်စည်းမျဉ်း၊ "ပြဋ္ဌာန်းထားရှိသည့် အခွန်ဖွဲ့စည်းပုံသာမက၊ ဘက်ပေါင်းစုံမှ အမှန်တကယ် ကောက်ခံရရှိသည့် ဝင်ငွေများအားလုံး၏ အခွန်ဘဏ္ဍာစုစည်းနိုင်မှုကို အကဲဖြတ်ခြင်း။<br><br>**ရမှတ်၊ ၃.၀** | မြန်မာနိုင်ငံ၏ ဤသတ်မှတ်စည်းမျဉ်းနှင့် ပတ်သက်သည့် စွမ်းဆောင်နိုင်မှုမှာ ကမ္ဘာ့ဘဏ်အကဲဖြတ်ချက်ထက် နိမ့်ကျနေ ပါသည်။ အခွန်ကောက်ခံရရှိငွေမှာ နည်းပါးပြီး ဝင်ငွေခွန်မှ ရရှိသည့် အခွန်မှာလည်း နည်းပါးလှပါသည်။ အခွန်စည်းကြပ်မှု အားနည်းလှပြီး အခွန်နှင့် အကောက်ခွန် ဝန်ထမ်း များမှာလည်း အလွန်ပင် အဂတိလိုက်စားကြသည်ဟု သဘောထား ယူဆချက်ဖြင့် အခွန်အခပေးဆောင်ရာတွင် မပေးလိုကြချေ။ အခွန်ကောက်ခံခြင်းဆိုင်ရာ ဥပဒေအခြေခံတွင်တိုးတက်မှု အချို့ ရှိသော်လည်း ခေတ်မီဥပဒေများနှင့် စည်းမျဉ်း စည်းကမ်း များရှိသည့် စနစ်တစ်ခုပေါ်ပေါက်ရန် လိုအပ်သေးသည်။ |

[17]World Bank Group. 2015. Country Policy and Institutional Assessment Database
http://data.worldbank.org/indicator/IQ.CPA.PUBS.XQ

<table>
<tr><td colspan="2">၄. ပြည်သူ့ရေးရာ အုပ်ချုပ်မှုအရည်အသွေး</td></tr>
<tr><td>သတ်မှတ်စည်းမျဉ်း - ဆရာ/ဆရာမ၊ ကျန်းမာရေးဝန်ထမ်း၊ ရဲစသည့် ဗဟိုအစိုးရဝန်ထမ်းများအနေဖြင့် အစိုးရမူဝါဒများနှင့် ပြည်သူ့ဝန်ဆောင်မှုများကို ထိထိရောက်ရောက်ဖော်ဆောင်နိုင်မှုအပေါ် အကဲဖြတ်ခြင်း။<br><br>မူဝါဒပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်နိုင်စွမ်း၊ ဝန်ဆောင်မှုပေးရာတွင် ထိရောက်မြန်ဆန်ခြင်း၊ အရည်အသွေးနှင့် ကိုယ်ကျင့်တရား၊ လုပ်ခလစာလုံလောက်ခြင်းနှင့် လစာစာရင်းစီမံခန့်ခွဲမှုတို့အား အဓိကထား အကဲဖြတ်ပါသည်။<br><br>ရမှတ်၊ ၂.၅</td>
<td>ဤသတ်မှတ်ချက်စည်းမျဉ်းတွင် ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခြင်းမရှိချေ။ ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် လိုအပ်ပါသည်။ အပြုသဘော အနေဖြင့် နိုင်ငံ့ဝန်ထမ်း လုပ်ခလစာ ဥပဒေကြမ်းမှာ civil service wage bill ရေရှည်တည်တံ့နိုင်ပြီး ထပ်မံတိုးနိုင်သည့် အနေအထားရှိပါသည်။ ကျွမ်းကျင် ပညာရှင်များကို ရရှိနိုင်ရန် ခက်ခဲသော်လည်း လုပ်ခလစာ အဆင့်များနှင့်အတူ လစာမဟုတ်သည့် အခြားခံစားခွင့်များကိုလည်း ထည့်သွင်းစဉ်းစားခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်လာရန် ဆွဲဆောင်နိုင်ပါသည်။ မူဝါဒဆိုင်ရာ ညှိနှိုင်း ဆောင်ရွက်သည့် လုပ်ငန်းစဉ်များမှာ မဖွံ့ဖြိုး မတိုးတက်လှသေးဘဲ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၏ သီးခြား လွတ်လပ်စွာ ရပ်တည်နေမှုကို ကျော်လွှားရန် လုံလောက်သည့် အင်အား မရှိချေ။<br><br>အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံများမှာလည်း တကွဲတစ်ပြားစီ ဖြစ်နေပြီး လုပ်ငန်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် အဆင့်များ များပြားလှပြီး အချို့သော အသေးအဖွဲ ဆုံးဖြတ်ချက်မျိုးများမှအစ အစိုးရဝန်ကြီးအဖွဲ့အထိ တင်ပြတတ်လေ သည်။ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းနှင့် ရာထူး တိုးမြှင့်ခြင်းတို့သည် ပုံမှန်အားဖြင့် အရည်အချင်း၊ လုပ်သက်များအပေါ် အခြေခံသော်လည်း အစိုးရ၏ အချို့သော အစိတ်အပိုင်းများတွင် ဆရာမွေး၊ တပည့်မွေးပုံစံများရှိနေကြောင်းလဲ ကြားသိရပါသည်။ ဝန်ကြီးဌာနအားလုံးနီးပါးရှိ နိုင်ငံ့ဝန်ထမ်းအဆင့်မြင့်ရာထူး အားလုံးနီးပါးကို ယခင် တပ်မတော် အရာရှိများက နေရာယူထားပါသည်။</td></tr>
<tr><td colspan="2">၅. ပြည်သူ့ ရေးရာကဏ္ဍတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားခြင်း</td></tr>
<tr><td>သတ်မှတ်ချက်စည်းကမ်း၊ အုပ်ချုပ်ရေးအဖွဲ့မှ ယင်းတို့၏ ရန်ပုံငွေသုံးစွဲမှုနှင့် အရေးယူလုပ်ဆောင်ချက်များ၏ အကျိုး ရလဒ်ကို မဲဆန္ဒရှင် ပြည်သူများ၊ လွှတ်တော်နှင့် တရားစီရင်ရေးအဖွဲ့များသို့ တာဝန်ခံမှု အတိုင်းအတာ။ အုပ်ချုပ်ရေးအဖွဲ့၏ အဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲ ခြင်းအပေါ် တာဝန်ခံမှုနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ် ဆောင်မှုအပေါ် တာဝန်ခံမှု၊ အရပ်ဘက်အဖွဲ့အစည်း များအနေဖြင့် ပြည်သူ့ရေးရာကိစ္စများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိနိုင်ခြင်း၊ ကိုယ်ကျိုးရှာ အကျိုးစီးပွားအုပ်စုများမှ နိုင်ငံတော် အဖွဲ့အစည်းများကို ချုပ်ကိုင်ထားမှု<br><br>ရမှတ်၊ ၂.၅</td>
<td>မြန်မာသည် ယင်းသတ်မှတ်ချက်တွင်လည်း ကောင်းစွာလုပ်ဆောင်နိုင်ခြင်း မရှိချေ။ အဂတိလိုက်စားမှုသည် နေရာတိုင်းတွင် ဖြစ်နေပြီး ခရိုနီများသည် အစိုးရနှင့် ဆက်စပ်မှုများမှ အကျိုးကျေးဇူးများရရှိခံစားနေသည်ဟု ပြည်သူ လူထုအများစုက ထင်မြင်နေပါသည်။ တပ်မတော်သည် အစိုးရ၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် ဆက်လက်ပါရှိနေပါသည်။ မကြာသေးမီက အခြေအနေများ များစွာတိုးတက်လာခဲ့ပါသည်။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုနှင့် အဂတိလိုက်စားမှု အမြင်အကဲဖြတ်ချက် (Transparency International Corruption Perception Index) တွင် ၁၇၇နိုင်ငံအနက် ၁၅၇နိုင်ငံသို့ ရောက်ရှိလာခဲ့သဖြင့် ၂၀နေရာခန့် တက်လာခဲ့ပြီဖြစ်ပါသည်။ တရားဝင် ပြင်ပတာဝန်ခံမှုစနစ်များရှိနေပြီး ယင်းတို့တွင် စာရင်းချုပ်ရုံးနှင့် လွှတ်တော်ကော်မတီများလည်း ပါဝင်ပါသည်။ သို့သော် ယင်းကဏ္ဍမှာ အသစ် ဖြစ်နေပြီး ယင်းအခန်းကဏ္ဍများတွင် ထိရောက်စွာ လုပ်ဆောင်နိုင်ရန် လိုအပ် သည့် သတင်းအချက်အလက်များလည်း မရှိဖြစ်နေတတ်ပါသည်။ အစိုးရ အဖွဲ့အစည်းများသည် သူတို့၏ လုပ်ဆောင်ချက်များကို အကဲဖြတ်ရန်အတွက် ပြည်သူလူထု လိုအပ်သည့် အခြေခံသတင်းအချက် အလက်များကို တင်းကြပ်စွာ ထိန်းသိမ်းထားပါသည်။ သို့ရာတွင် လွတ်လပ်သည့် သတင်းဌာနများသည် အစိုးရ၏ လုပ်ဆောင်ချက်များကို စုံစမ်းဖေါ် ထုတ်ရန်အတွက် တက်ကြွစွာ လုပ်ဆောင်လျှက်ရှိပါသည်။</td></tr>
<tr><td colspan="2">ပျမ်းမျှ ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှုနှင့် စည်းမျဉ်းစည်းကမ်းများ စံနှုန်း<br><br>ရမှတ်၊ ၂.၇</td></tr>
</table>

ခြုံ၍ပြောရလျှင် မြန်မာနိုင်ငံသည် ၂၀၁၃ခုနှစ် CPIA ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှု ညွှန်ကိန်းများနှင့် ဆန်းစစ်ရာတွင် ပျမ်းမျှ ရမှတ်မှာ ၂.၇ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယား ၂.၈၊ ဘင်္ဂလားဒေ့ရှ် ၂.၉၊ လာအိုနိုင်ငံ ၃.၁နှင့် ဗီယက်နမ် ၃.၅ စသဖြင့် ကမ္ဘာ့ဘဏ်၏ ရမှတ်အသီးသီးရှိကြပါသည်။[18]

ယင်းအချက်က မြန်မာနိုင်ငံသည် `ထိရှပျက်စီးလွယ်သည့် နိုင်ငံများ`နှင့် အလားတူအဆင့်ဖြစ်နေပြီး ယင်းအသုံး အနှုန်းမှာ နိုင်ငံတော်အစိုးရ၏ စွမ်းဆောင်နိုင်ရည် ကျဆင်းနေသည့် ဝင်ငွေနည်းနိုင်ငံများကို ရည်ညွှန်းခြင်းဖြစ်သည်။ (ပုံစံကွက်-၁၆ ကို ကြည့်ပါ။)

### ပုံစံကွက် - ၁၆ မြန်မာနိုင်ငံ၏ ဝိရောဓိ - အင်အားကြီး နိုင်ငံတော်လား သို့မဟုတ် ထိရှပျက်စီးလွယ် နိုင်ငံတော်လား

မြန်မာနိုင်ငံသည် စစ်တပ်ကြီးစိုးသည့် နိုင်ငံတစ်ခုဖြစ်သည်။ သို့ရာတွင် ဆန့်ကျင်ဘက်အားဖြင့် အင်အားကြီးသည့် နိုင်ငံတစ်နိုင်ငံ မဟုတ်ချေ။ ဘက်ပေါင်းစုံမှကြည့်လျှင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအဝန်းအဝိုင်းအတွင်းသို့ စစ်တပ်မှ ဝင်ရောက်ထိုးဖောက်ခဲ့သည့် နှစ်များစွာ သည် နိုင်ငံတော်၏ အားနည်းချက် လက္ခဏာတစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရသည် တောင်ကိုရီးယားနိုင်ငံနှင့် စင်္ကာပူနိုင်ငံများကဲ့သို့သော အခြားဖွံ့ဖြိုးပြီး အာရှနိုင်ငံများ ကဲ့သို့မဟုတ်ဘဲ စီးပွားရေးနှင့် လူမှုရေးမူဝါဒကို ခိုင်မာစွာ ဦးဆောင်လမ်းညွှန်ခဲ့ခြင်းမရှိချေ။ ဇယား ၇ တွင် ဖော်ပြထားသည့်အတိုင်း ဘတ်ဂျက်သည် လွှတ်တော်မှ ချမှတ်ပေး ထားသည့် ဘတ်ဂျက်နှင့် အသုံးစရိတ်အမျိုးအစားနှင့် ပမာဏမှာ ကိုက်ညီမှုမရှိသည့် အားနည်းသည့် မူဝါဒစနစ်တစ်ခု ဖြစ်နေပါသည်။ ဥပဒေများနှင့် စည်းမျဉ်းများမှာ အားနည်းပြီး၊ အရာရှိများအား လုပ်ပိုင်ခွင့် ပြုထားပါသည်။ ဤနည်းလမ်းအားဖြင့် ကမ္ဘာ့ဘဏ်၏ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု အဓိက ရှုထောင့် ၅ခုဖြင့် သုံးသပ်ရာတွင် မြန်မာနိုင်ငံသည် ထိရှပျက်စီးလွယ်သည့် နိုင်ငံတစ်ခု၏ သွင်ပြင်လက္ခဏာများရှိနေကြောင်း ညွှန်ပြနေပါသည်။

အခွန်အခများတွင်ထက် အစိုးရ၏ အားနည်းချက်ကို ပိုမိုထင်သာမြင်သာသော နေရာမရှိတော့ချေ။ အခွန်ကောက်ခံခြင်းသည် အစိုးရ၏ အခြေခံ တာဝန်ပင်ဖြစ်သောကြောင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီးပွားရေးပညာရှင်များက နိုင်ငံတော်အစိုးရ၏ စွမ်းဆောင်ရည်ကို ကိုယ်စားပြုမှုတစ်ခုအဖြစ် အခွန်အခမှရရှိငွေကို အသုံးပြုလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် အခွန်အခနှင့် ဂျီဒီပီအချိုးအစားမှာ ကမ္ဘာပေါ်တွင် အနိမ့်ဆုံးများအနက်တစ်နိုင်ငံဖြစ်ပြီး ၃% မှ ၄%အထိသာ ရရှိပါသည်။ တစ်ခါတစ်ရံတွင် အစိုးရများက ထိရောက်မှုမရှိသည့်အပြင် အတင်းအဓမ္မဆန်နိုင်သည့် "အခွန်"ပုံစံ များဖြင့် ပြည်သူလူထုအပေါ် ကောက်ခံခဲ့ကြပါသည်။ ဥပမာ - ဒေသတွင်း လမ်း၊ တံတားများ ဆောက်လုပ်ရာတွင် တစ်အိမ်တစ်ယောက်နှုန်းဖြင့် လုပ်အားပေးရန် အုပ်ချုပ်ရေးမှူးမှ တောင်းဆိုမှုများ။

သို့ရာတွင် မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်သည့် အရည်အချင်းရှိကြောင်းလည်း ပြသနိုင်ခဲ့ပါသည်။ အစိုးရမှ အရေးယူ ဆောင်ရွက်မှုများကို လုပ်ဆောင်မည်ဟု စိတ်ပိုင်းဖြတ်ထားလျှင် တနည်းမဟုတ်တနည်းဖြင့် လုပ်ဆောင်မည်သာဖြစ်သည်။ ယင်းအရည်အသွေးမှာ နိုင်ငံတကာအသိုင်းအဝိုင်းမှ ခေါ်ဆိုနေသည့် ထိရှပျက်စီးလွယ်သည့် နိုင်ငံများနှင့် ကွာခြားနေသည့်အချက်ပင်ဖြစ်ပါသည်။

## အပိုင်း - ၄ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲရေး၏ အားသာချက်များ

အထက်ဖော်ပြပါ ပြည်သူ့ရေးရာကဏ္ဍ ညွှန်ကိန်းများက မြန်မာနိုင်ငံသည် ဒေသအတွင်း အခြားနိုင်ငံများ၏ အောက်သို့ ရောက်ရှိနေသော်လည်း၊ ၂၀၁၁ ခုနှစ်မှစတင်၍ နိုင်ငံ၏ များစွာသော အပြောင်းအလဲများက အခြားနိုင်ငံများ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု ကြိုးပမ်းချက်များကို ဖြတ်ကျော်သွားနိုင်သည့် အလားအလာများနှင့် ပြုပြင်ပြောင်းလဲမှုများမှတဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံသားများ၏ ဘဝကို ဖွံ့ဖြိုးတိုးတက်စေနိုင်ကြောင်း ပြသနေပါသည်။ အချို့နေရာများတွင် ပြည်သူ့ရေးရာ ကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး အစိုးရ၏ လုပ်ဆောင်ချက်မှတ်တမ်းများမှာ အားတက်စရာကောင်းပါသည်။ ပြည်သူ့ရေးရာ ကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့် နိုင်ငံတကာအတွေ့အကြုံများမှ အချို့သောကဏ္ဍများတွင် အောင်မြင်စွာ ပြုပြင် ပြောင်းလဲနိုင်မှုများသည် နောက်ထပ်ပြုပြင် ပြောင်းလဲမှုများအတွက် အုတ်မြစ်ချပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ အရေးကြီးဆုံး ပြည်သူ့ရေးရာ ပြုပြင်ပြောင်းလဲမှုများအနက် တစ်ခုမှာ ဆက်သွယ်ရေးလုပ်ငန်းတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ တစ်ဦးတည်းချုပ်ကိုင်ထားမှုကို အဆုံးသတ်ခဲ့ခြင်း ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါ စနစ်ဖြင့်ခေါ်ယူပြီး ပုဂ္ဂလိက တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီနှစ်ခုကို မြန်မာနိုင်ငံတွင် ဝန်ဆောင်မှု ပေးစေနိုင်ခဲ့ပါသည်။ ယင်းပြုပြင်ပြောင်းလဲမှုက မိုဘိုင်းဖုန်းများ၏ ဈေးနှုန်းနှင့် ဖုန်းခေါ်ဆိုခများကို သိသိသာသာ လျှော့ချပေးနိုင်ခဲ့ပြီး သန်းပေါင်းများစွာ သော ပြည်သူလူထုကို မိုဘိုင်းဖုန်းများ အသုံးပြုနိုင်စေခဲ့ပါသည်။ (အသေးစိတ်အချက်အလက်များကို ပုံစံကွက် ၁၇ တွင် ကြည့်ပါ။)

[18]World Bank Group. 2014. CPIA database. http://data.worldbank.org/indicator/IQ.CPA.PUBS.XQ

အစိုးရသည် `စီးပွားရေးလုပ်ငန်းစဉ်များ`ကို ပြန်လည်ပြုပြင်ခြင်းဖြင့် `ကြိုးနီစနစ်`များကို စတင်ဖြတ်တောက်ခဲ့ပါသည်။ ဥပမာအားဖြင့် ၂၀၁၄ခုနှစ်တွင် အစိုးရမှ နိုင်ငံကူးလက်မှတ်များကို ထုတ်ပေးရန်ကြာမြင့်ချိန်ကို ၂၁ရက်မှ ၁၀ရက်အထိ လျှော့ချခဲ့ပြီး နိုင်ငံကူး လက်မှတ်ခကိုလဲ ဒေါ်လာ ၅၀ မှ ၂၅ ဒေါ်လာအထိ တဝက်မျှ လျှော့ချခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး ၁၅ ရုံးကို ထပ်မံဖွင့်လှစ်ပေးခဲ့သည့်အတွက် ယခင်ကကဲ့သို့ နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် ရုံးနှစ်ရုံးသာရှိသည့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ လာရောက်ရန် မလိုတော့ချေ။[19] နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုသည် နိုင်ငံသားများ၏ သွားလာမှုကို ဆယ်စုနှစ်များစွာ တင်းကြပ်ပိတ်ဆို့ထားခြင်းကို အဆုံးသတ်လိုက်ခြင်းဖြစ်ပြီး၊ နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင် ခြင်းနှင့် စာသင်ကြားရန် အခွင့်အရေးများလည်း လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

အခြားအရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုမှာ နိုင်ငံတော်သမ္မတ ခေါ်ဆိုနေသည့် `ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု`၏ အစိတ်အပိုင်းအဖြစ် ဗဟိုချုပ်ကိုင်မှုများကို လျှော့ချပြီး ပြည်ထောင်စုအဆင့်မှ မြို့နယ်အဆင့်သို့ ဆုံးဖြတ်ချက် ချမှတ်ခွင့်ပေးခဲ့ ခြင်းဖြစ်သည်။ ယခင်ကဆွေးနွေးခဲ့သကဲ့သို့ပင်၊ မြို့နယ် ကော်မတီများကို နိုင်ငံသားများ ပါဝင်မှုဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို ရေးဆွဲရာတွင် ပြည်သူလူထု၏ အမြင်များကို သိရှိရပါသည်။

**ပုံစံကွက် - ၁၇ ပြုပြင်ပြောင်းလဲမှု၏ နိုင်ငံရေး၊ ဆက်သွယ်ရေးလုပ်ငန်းများကို ဖြေလျှော့ပေးခြင်း**

၂၀၁၄ခုနှစ်နှောင်းပိုင်းတွင် နိုင်ငံတကာ တယ်လီဖုန်းကုမ္ပဏီနှစ်ခုဖြစ်သည့် ကာတာ၏ အော်ရီဒူးနှင့် နော်ဝေးနိုင်ငံမှ တယ်လီနောတို့က မိုဘိုင်းဖုန်းအသစ်နှင့် သရီးဂျီအင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် စတင်ခဲ့ပါသည်။ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည်ဟု လူအများက ချီးကျူးကြသည်။ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ ယှဉ်ပြိုင်သည့် တင်ဒါစနစ်ဖြင့် ကုမ္ပဏီနှစ်ခုကို လုပ်ကိုင်ခွင့်လိုင်စင်များအား ပေးအပ်ခဲ့သည်။ တယ်လီဖုန်းဆက်သွယ်ရေးတွင် ဝန်ကြီးဌာန၏ တစ်ဦးတည်း ချုပ်ကိုင်မှုကို အဆုံးသတ်ခဲ့ခြင်းက ဆဲလ်ဖုန်းဝန်ဆောင်မှုကို ပို၍ဈေးသက်သာစေခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာနိုင်ခဲ့သည်။ အစိုးရသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရန် စိတ်ပိုင်းဖြတ်ထားသည်ကို ပြသနေခြင်းဖြစ်ပါသည်။

သို့ရာတွင် ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ခြင်းက အစိုးရအတွက် စိန်ခေါ်မှုများကို ဖြစ်စေပါသည်။ မြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းသည် နှစ်ပေါင်းများစွာ ဩဇာအာဏာရှိသူများအတွက် အမြတ်ငွေများကို ပေးခဲ့ပြီး လူအများစုအတွက် ထိုက်တန်သည့် ဝန်ဆောင်မှုကို ပေးရန် ငြင်းဆန်ခဲ့ပါသည်။ ၂၀၁၁ခုနှစ်မတိုင်မီက ဆင်းမ်ကတ်တစ်ခုကို အမေရိကန်ဒေါ်လာ ၅၀၀၀ မျှပေးခဲ့ရပြီး၊ ဆင်းမ်ကတ် ရရှိရန်လည်း အရာရှိများကို လာဘ်ထိုးရတတ်ပါသည်။

သမ္မတဦးသိန်းစိန်ခန့်ထားခဲ့သည့် ပြုပြင်ပြောင်းလဲလိုသည့် တတ်သိပညာရှင်များ အဝန်းအဝိုင်းက မြောက်ကိုရီးယား ပြီးလျှင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တယ်လီဖုန်းနှင့် အင်တာနက်အသုံးပြုမှုနှုန်း အနည်းဆုံးဖြစ်နေခဲ့သောကြောင့် ဆက်သွယ်ရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် အကြံပြုခဲ့ပါသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ အကြံပေးပုဂ္ဂိုလ်များက ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် အရေးကြီးသည့် စီးပွားရေးနှင့် လူမှုရေး အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေခဲ့သည့် နိုင်ငံတကာအတွေ့အကြုံများကိုလည်း တင်ပြခဲ့ပါသည်။ သို့ရာတွင် လုပ်ပိုင်ခွင့် လိုင်စင်များကို လေလံပစ်ခြင်းဖြင့် အစိုးရအနေဖြင့် ဝင်ငွေပိုရနိုင်မည်ဟု ထောက်ပြဝေဖန်တုံ့ပြန်ကြသူများနှင့် ရင်ဆိုင်ခဲ့ ရပါသည်။

ပုဂ္ဂလိက ကုမ္ပဏီများကို မြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ယှဉ်ပြိုင်ခွင့်ပေးခဲ့သည့် မူဝါဒ၏ အစိတ်အပိုင်းအဖြစ်ဖြင့်၊ နိုင်ငံတော် သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များက ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနသည် စည်းမျဉ်းစည်းကမ်းချမှတ်ပေးသည့် အဖွဲ့အစည်းတစ်ခုအဖြစ်လုပ်ကိုင်ပြီး၊ တဖြည်းဖြည်း မြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေး လုပ်ငန်းကို ပုဂ္ဂလိကပုံစံဖြင့် စီမံခန့်ခွဲလုပ်ကိုင်ရန် အဆိုပြုခဲ့ပါသည်။ ကမ္ဘာ့ဘဏ်မှ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ ပံ့ပိုးမှုဖြင့်၊ ၁၈၈၅ခုနှစ်ကပြဋ္ဌာန်းခဲ့သည့် ဆက်သွယ်ရေးလုပ်ငန်းများအား ချမှတ်ခဲ့သည့်ဥပဒေကို ဥပဒေကြမ်းနှင့် စည်းမျဉ်းစည်းကမ်းအသစ်များကို ပြန်လည်ပြင်ဆင် ဖြည့်စွက်ရေးဆွဲခဲ့သည်။ တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်တွင် လုပ်ဆောင်ပေးရန် နိုင်ငံတကာ အတိုင်ပင်ခံ ကုမ္ပဏီ Roland Berger နှင့် ဆက်သွယ်ခဲ့ပါသည်။

၂၀၁၂ခုနှစ် အောက်တိုဘာလတွင် ဆက်သွယ်ရေးဥပဒေကြမ်းကို အတည်ပြုပေးရန်အတွက် လွှတ်တော်သို့တင်ပြခဲ့ရာ တွင် အတိုက်အခံများက ဆက်သွယ်ရေး ဥပဒေမူကြမ်းကို ကန့်ကွက်ရန် ကြိုးစားခဲ့ပါသည်။ ၂၀၁၃ခုနှစ် ဖွန်လတွင် ဆက်သွယ်ရေးလုပ်ငန်း လိုင်စင်များအတွက် အိတ်ဖွင့်တင်ဒါအောင်သူများကို မကြေညာမီ တစ်ရက်အလိုတွင်၊ လွှတ်တော်မှ အတိုက်အခံများက လိုင်စင်ရသူများကို ပိတ်ပင်ရန် အရေးပေါ် လှုပ်ရှားမှုများကို စတင်ခဲ့ပါသည်။ ၁၈လကြာ ကြိုးစားလုပ်ဆောင်ခဲ့သည့် အလုပ်များမှာ ကျဆုံးလုနီးပါးအခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

တုံ့ပြန်မှုအနေဖြင့်၊ အသစ်ပေါ်ထွက်လာခဲ့သော လွတ်လပ်သည့် သတင်းမီဒီယာများက ကန့်ကွက်ဆန့်ကျင်ခဲ့သည့် လွှတ်တော်အမတ်များအား အားလုံးအသုံးပြုနိုင်သည့် မိုဘိုင်းဖုန်း ဝန်ဆောင်မှုများကို စိတ်အားထက်သန်စွာ စောင့်နေကြ သည့် နိုင်ငံသားများကို မကြည့်ဘဲ ခရိုနီများ၏ အကျိုးစီးပွားကို ပံ့ပိုးကြသူများအဖြစ် စွပ်စွဲခဲ့ကြပါသည်။ ပြဿနာကို ဖြေရှင်းသည့်အနေဖြင့် သမ္မတက ပြုပြင်ပြောင်းလဲရေးသမားများအား

[19] http://www.mmbiztoday.com/articles/myanmar-govt-opens-15-new-passport-issuing-offices

ထောက်ခံပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံ သူများ၏ လေးစားယုံကြည်မှုကို ထိခိုက်နိုင်သည်ဟု လွှတ်တော်အမတ်များအား ပြောကြားခဲ့ပါသည်။ လူအများစု၏ ထောက်ခံမှုဖြင့် နောက်တနေ့တွင် ဥပဒေအသစ်ကို အတည်ပြုပေးနိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးလုပ်ငန်း ပြုပြင်ပြောင်းလဲမှုကို မမျှော်လင့်သောနေရာမှ တိုက်ခိုက်ခြင်းကိုလည်း ခံခဲ့ရပါသည်။ နိုင်ငံခြား သံရုံးများက သမ္မတရုံးနှင့် ဝန်ကြီးဌာနတို့အား တင်ဒါပေးသည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောင်းလဲပြီး ယင်းတို့နိုင်ငံများမှ ကုမ္ပဏီများကို မျက်နှာသာပေးရန် အရေးဆိုကြပါသည်။ သမ္မတနှင့် ဝန်ကြီးများက ငြင်းဆန်ခဲ့ရပြန်ပါသည်။ နိုင်ငံတကာကျွမ်းကျင်သူများက နိုင်ငံတကာ ပစ္စည်းဝယ်ယူရေး နှင့်ပတ်သက်ပြီး လိုအပ်ချက်များပြည့်မီစေရန် တင်ဒါစနစ် ကို ပြင်ဆင်ထားပြီးဖြစ်ကြောင်းရှင်းပြပြီး မြန်မာပြည်သူလူထုအတွက် အကောင်းဆုံးရလဒ်များ ရရှိစေရန် ရည်ရွယ်ထား ကြောင်း ရှင်းပြခဲ့ရပါသည်။

တင်ဒါအောင်သည့် ကုမ္ပဏီနှစ်ခုဖြစ်သည့် တယ်လီနောနှင့် အော်ရီဒူးတို့မှ ဝန်ဆောင်မှုများ စတင်ပေးခဲ့ချိန်၊ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို နောက် ၁၀ နှစ်တာအတွင်း ဆူမီတိုမို ကော်ပိုရေးရှင်းမှ ပံ့ပိုးပေးမည့် ဂျပန် ကုမ္ပဏီ KDDI က မိုဘိုင်းဆက်သွယ်ချိတ်ဆက်မှုများကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးရန်အတွက် ဒေါ်လာ ၂ ဘီလျံ ပံ့ပိုးထောက်ပံ့မည်ဖြစ်ပါသည်။

၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်နှင့် နေပြည်တော်တွင် တွေ့ဆုံမေးမြန်းခဲ့ချက်များကို အခြေခံလျှက်

အစိုးရသည် နေ့စဉ်လုပ်ငန်းဆောင်တာများကို တိုးတက်မှုရှိစေရန် ရည်ရွယ်၍ လူသိမများလှသည့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအမျိုးမျိုးကိုလည်း စတင်ခဲ့ပါသည်။

ယင်းပြုပြင်ပြောင်းလဲမှုများမှာ အစိုးရအဖွဲ့လုပ်ငန်းစဉ်များကို တိုးတက်ကောင်းမွန်လာအောင် လုပ်ကိုင်ခြင်း၊ နိုင်ငံ့ဝန်ထမ်း သင်တန်း သင်ရိုးညွှန်းတမ်း၊ နိုင်ငံတကာ အကူအညီ ပူးပေါင်းညှိနှိုင်းရေးစနစ် (aid coordination mechanism) တို့ပါဝင်ပါသည်။ ပြည်သူ့ရေးရာ ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှု မဟာဗျူဟာအသစ်တစ်ခုကို ချမှတ်ခဲ့ပြီး၊ နိုင်ငံ့ဝန်ထမ်း အက်ဥပဒေမှ အဂတိလိုက်စားမှု ပပျောက်ရေး အက်ဥပဒေအထိ ပြည်သူ့ရေးရာကဏ္ဍနှင့် ဆက်စပ်သည့် ဥပဒေအသစ် သို့မဟုတ် ပြောင်းလဲ ပြင်ဆင်သည့် ဥပဒေများ သက်ဝင်လာစေခဲ့ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ပုဒ်မများကို မှန်ကန်စွာ အကောင်အထည်ဖော်ခဲ့လျှင် ပြည်သူ့ရေးရာကဏ္ဍကို ပြုပြင်ပြောင်းလဲရန် အခွင့်အလမ်းဖြစ်စေနိုင်ပါသည်။ ဥပမာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက အစိုးရ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး လုပ်ငန်းဆောင်တာများကို တရားဝင်ခွဲခြားထားသဖြင့် ပြည်သူ့ရေးရာ အုပ်ချုပ်ရေးအတွက် ဒီမိုကရေစီမူဘောင်တစ်ခုကိုလည်း လမ်းညွှန်ပေးပြီး ယင်းတွင် နိုင်ငံ့ဝန်ထမ်းများလုပ်ကိုင် ဆောင်ရွက်ပုံနှင့် ပတ်သက်သည့် အဓိကပြုပြင်ပြောင်းလဲမှုလိုအပ်နေပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက အုပ်ချုပ်ရေးအဖွဲ့ကို ပါလီမန်သို့တာဝန်ခံစေပါသည်။ ဆိုလိုသည်မှာ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့် မည်သည့် အစိုးရကိုမဆို ယင်းတို့၏ ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လွှတ်တော်ကော်မတီများကို ရှင်းလင်းတင်ပြရန် ပြင်ဆင်ရပါမည်။ နိုင်ငံ့ဝန်ထမ်းများက မူဝါဒများနှင့် ပတ်သက်ပြီး ဘက်လိုက်မှု ကင်းကင်း ပညာရှင်ဆန်ဆန် အကြံဉာဏ်များပေးရမည်။ နိုင်ငံ့ဝန်ထမ်းများသည် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရပါမည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရသစ်များအကြား အာဏာခွဲဝေပေးသော ဖက်ဒရယ်ပုံစံအစိုးရတစ်ခုကို ချမှတ်ပေးပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူ့ရေးရာကဏ္ဍအတွက် ယင်းပြုပြင်ပြောင်းလဲမှုက အလွန်သိသာထင်ရှားသည့် အကျိုးဆက်များကို ဖြစ်စေခဲ့ပါသည်။ မှန်ကန်စွာ လုပ်ဆောင်မည်ဆိုပါက၊ ဖက်ဒရယ်စနစ်အရ ပြည်ထောင်စု အစိုးရမှ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသို့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရန် တာဝန်ခွဲဝေပေးစေရန်လိုအပ်ပါသည်။ ဖက်ဒရယ်စနစ်က မြန်မာနိုင်ငံ၏ ပဋိပက္ခ၏ အဓိက အကြောင်းရင်းများအနက်မှ တစ်ခုဖြစ်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အရင်းအမြစ်များကို ထိန်းချုပ်ထားသည့် ဗဟိုအစိုးရ၏ လွှမ်းမိုးချုပ်ကိုင်မှုကို ပြန်လည်တုံ့ပြန်ပေးနိုင်ပါသည်။

# အခန်း - ၄ မြန်မာနိုင်ငံ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့် ရွေးချယ်စရာ နည်းလမ်းများ

ယခုနောက်ဆုံးအခန်းတွင် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး စဉ်းစားနိုင်သည့် ရွေးချယ်စရာနည်းလမ်းများကို တင်ပြပေးပါမည်။ ပထမမေးခွန်းမှာ ပြည်သူ့ရေးရာ ကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို မည်သို့စတင်လုပ်ဆောင်မည်ဆိုသည်နှင့် ပတ်သက်ပါသည်။ နောက်ထပ် ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် သို့မဟုတ် ထို့ထက်ပိုပြီး ရှေ့အနာဂတ်ကို စဉ်းစားရန် လိုအပ်သည့်အချက်သည် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို စတင်သည့် မည်သည့်အစိုးရ အတွက်မဆို စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ တနိုင်ငံလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံသားများအတွက် အခြေခံဝန်ဆောင်မှုများ တိုးတက်အောင် လုပ်ကိုင်ပေးခြင်း၊ လိုအပ်ချက်များကို တုန့်ပြန်နိုင်သည့် ကျွမ်းကျင်မှုရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကို ပြန်လည်တည်ဆောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းနှင့် ဒေသတွင်း သာမကနိုင်ငံတကာနှင့် ပြန်လည်ပေါင်းစည်းခြင်းအပါအဝင် အရေးတကြီးလုပ်ဆောင်ရမည့်ကိစ္စများ အလွန်များသည့် မြန်မာနိုင်ငံအတွက်မူ စိန်ခေါ်မှု ပို၍ပင်များပြားလေသည်။

ဤအခန်းက ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို မည်သို့ အကောင်းဆုံးဖြစ်အောင် စဉ်းစားမည် ဆိုသည်ကို ရှင်းလင်းဖေါ်ပြရန်ရည်ရွယ်၍ ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲမှုများကို မည်သို့အဆင့်ဆင့်လုပ်ဆောင်မည်ဆိုသည်ကို တတ်သိပညာရှင်များထံမှ လေ့လာသိရှိနိုင်သည့်အချက်များကို စဉ်းစားပါမည်။ အစိုးရများအနေဖြင့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ရာတွင်၊ နိုင်ငံရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို စဉ်းစားခြင်းဖြင့် စတင်ရပါမည်။ ယင်းဦးစားပေးမှုများမှာ လွတ်လပ်ရေးရစဉ်ကာလမှစတင်ပြီး ဆယ်စုနှစ်များအတွင် တစ်ခုပြီးတစ်ခု ပြောင်းလဲခဲ့သော်လည်း အတိတ်ကာလမှစပြီး၊ နောင်တက်လာမည့် အစိုးရများအားလုံးပါ ကြုံတွေ့ရမည့် စိန်ခေါ်မှုများမှာ အံ့သြစရာ ကောင်းလောက်အောင် ဆက်စပ်မှု ရှိနေပါသည်။

## အပိုင်း - ၁ ပြည်သူ့ရေးရာ ကဏ္ဍ ပြုပြင်ပြောင်းလဲမှု

ယခုစာတမ်းတွင် ဖေါ်ပြပါရှိသည့်အတိုင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှစတင်ပြီး လုပ်ငန်းမျိုးစုံအတွက် ဝန်ထမ်း ခန့်ထားခြင်းအထိ များပြားလှသော လုပ်ငန်းဆောင်ရွက်မှုများကို လုပ်ဆောင်နေသည့် လူတစ်သန်းနီးပါးမျှ ပါဝင်သည့် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍမှာ အလွန်ပင် ရှုပ်ထွေးလှပါသည်။ ယင်းလုပ်ငန်းဆောင်ရွက်ချက်များသည် လူပေါင်းများစွာ၏ ဘဝများအပေါ် အကျိုးသက်ရောက်မှုရှိပါသည်။

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကိုစဉ်းစားမည်ဆိုလျှင်၊ နိုင်ငံတော်၏ ပြည်သူ့ရေးရာ အုပ်ချုပ်မှုတွင် အခြေခံကျပြီး ဆက်လက်တိုးတက်ကောင်းမွန်မှုများ ဖြစ်ထွန်းစေရန် ရည်ရွယ်သည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏ တာဝန်နှင့် လုပ်ငန်းဆောင်တာများနှင့် အဓိကနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ထိရောက်မှုနှင့် လုပ်ဆောင်နိုင်မှုစွမ်းရည်တို့အပေါ် အဓိက အာရုံစိုက်သင့်ပါသည်။

ပြည်သူ့ရေးရာအုပ်ချုပ်မှုတွင် *အခြေခံကျပြီး ဆက်လက်* တိုးတက်ကောင်းမွန်မှုများကို အာရုံစိုက်ပြီး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဆက်ဆံရေးတွင် နိုင်ငံတော်၏ဆီလျော်သည့် အခန်းကဏ္ဍကို စဉ်းစားရန် တိုက်တွန်း၍၊ နောက်ဆုံးတွင် *အဖွဲ့အစည်းများ*၏ ပြုပြင်ပြောင်းလဲမှုများကို စဉ်းစားစေသည့်အတွက် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး အသုံးဝင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုဖြစ်သည်ဟု ယုံကြည်ပါသည်။

| |
|---|
| **ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲရေး - ဆီလျော်သည့် အဓိပ္ပါယ်ဖွင့်ဆိုချက်** |
| ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် နိုင်ငံတော်၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် အဓိကနိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ၏ ထိရောက်မှုနှင့် လုပ်ဆောင်နိုင်မှု စွမ်းရည်တို့ အခြေခံကျပြီး ဆက်လက်တိုးတက်ကောင်းမွန်မှုများ ဖြစ်ထွန်းလာစေနိုင်သော ပြည်သူ့ရေးရာအုပ်ချုပ်မှု လုပ်ငန်းဆောင်ရွက်ချက်များနှင့် သက်ဆိုင်ပါသည်။ |

မကြာသေးမီနှစ်များက ကမ္ဘာပေါ်ရှိ နိုင်ငံများစွာရှိ အစိုးရများသည် နိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍများ ပိုမိုထိရောက်စွာ လုပ်ဆောင်လာနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံတော်သည် မည်သို့သောအခန်းကဏ္ဍမျိုးတွင်ရှိရမည်။ မည်သည့် လုပ်ငန်းဆောင်တာများကို အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ သမဝါယများ သို့မဟုတ် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက အကောင်းဆုံး လုပ်ဆောင်နိုင်မည်။ ပြည်သူတို့အား တာဝန်ခံမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများကို မည်သို့ တိုးတက်အောင် လုပ်ဆောင်နိုင်မည်။ နိုင်ငံ့ဝန်ထမ်းများကို ပို၍ ထိထိရောက်ရောက် မည်သို့စီမံခန့်ခွဲမည် ဆိုသည်တို့နှင့် ပတ်သက်သည့် မေးခွန်းများကို မေးမြန်းခဲ့ခြင်းပင်ဖြစ်သည်။ (ပုံစံကွက်-၁၈ ကိုကြည့်ပါ။)

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင် ပါဝင်လေ့ရှိသည့် ရည်မှန်းချက်အချို့မှာ -

- ပြည်သူ့ကဏ္ဍ အသုံးစရိတ်များကို လျော့ညီအောင် သုံးစွဲရန်။
- ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်ကောင်းမွန်လာစေရန်။
- အချိန်တိုအကျိုးများခြင်းနှင့် သုံးစွဲရသည့်ငွေကြေးပမာဏနှင့် ကိုက်ညီသည့်ရလဒ်ရရှိနိုင်မှုကို မြှင့်တင်ပေးရန်
- ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု မြှင့်တင်ရန်။
- အစိုးရ၏ နည်းဗျူဟာကျသည့် စီမံခန့်ခွဲမှုအရည်အသွေးများတိုးမြှင့်ရန်။
- ဒေသဆိုင်ရာအစိုးရများအား တာဝန်ဝတ္တရားများ ခွဲဝေပေးရန်။
- ပြည်သူ့ရေးရာကဏ္ဍ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရန်။
- ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရန်။

**ပုံစံကွက် - ၁၈ ဈေးကွက် စီးပွားရေး၏ အားနည်းချက်များ (သို့) ဈေးကွက်ပျက်ပြားမှု**

အစိုးရ၏အခန်းကဏ္ဍသည် မည်သည့်အကြောင်းကြောင့် လူ့အဖွဲ့အစည်းအတွက် အရေးပါသည်ဆိုသည်ကို ခိုင်လုံစွာ ထောက်ပြသည့် အကြောင်းပြချက်တစ်ခုအား ဘောဂဗေဒပညာရပ်တွင် တွေ့ရှိရသည်။ ဘောဂဗေဒ သီအိုရီက ဈေးကွက်စီးပွါးရေး လုပ်ငန်းများသည် ပြည်သူများ၏ အကျိုးစီးပွါးကို အကောင်းဆုံး ဖြစ်ထွန်းစေနိုင်သည်ဟုဆိုပါသည်။ သို့ရာတွင် ဈေးကွက်သည် အကြောင်းအမျိုးမျိုးကြောင့် အမြင့်မားဆုံးသော ရလဒ်များကို မပေးနိုင်သည့် အခြေအနေ မျိုးများလည်း ရှိပါသည်။

ဥပမာ - ကုမ္ပဏီတစ်ခုတည်းကသာ ဈေးကွက်အတွင်း လုပ်ကိုင်နေလျှင်၊ အပြိုင်အဆိုင်မရှိ ဖြစ်သွားတတ်ပါသည်။ ထိုအတွက်ကြောင့် နိုင်ငံများစွာတွင် ရထားပို့ဆောင်ရေးလုပ်ငန်းကဲ့သို့ အရင်းအနှီး အလွန်အမင်းကြီးမားသဖြင့် ပုဂ္ဂလိကကို လုပ်ပိုင်ခွင့်ပေးထားလျှင်ပင်၊ ပြိုင်ဆိုင်မည့်သူမရှိ `ကုမ္ပဏီ တစ်ခုတည်းက အလိုအလျောက် လက်ဂါးကြီးအုပ်ထားနိုင်သည့် လုပ်ငန်းများ` ကို နိုင်ငံတော်ပိုင် ပြုလုပ်ကြခြင်းဖြစ်သည်။

'အများပြည်သူ (အတွက် မရှိမဖြစ်) အဓိက လိုအပ်သည့် အရာများ (public goods)' နှင့် 'ဘေးထွက်အကျိုးရလဒ်များ (externalities)' နှစ်ခုလုံးသည်လည်း အစိုးရအခန်းကဏ္ဍ အရေးပါမှုကို ထင်ရှားစေသည်။ တရားဥပဒေစိုးမိုးရေးကို အများပြည်သူအတွက် (မရှိမဖြစ်) အဓိကလိုအပ်သည့် အရာအဖြစ် သုံးစွဲခြင်းသည် စံနမူနာ ဥပမာတစ်ခုဖြစ်သည်။ လေထုညစ်ညမ်းမှုသည် ဘေးထွက်အကျိုးရလဒ် တစ်ခု၏ နမူနာပင်ဖြစ်သည်။ ဆာနစ်ကိုလပ်စ် စတန်း (Sir Nicholas Stern) က ကာဗွန်များအသုံးပြုမှုများလာပြီး ညစ်ညမ်းမှုက ကမ္ဘာကြီး ပူနွေးလာမှုသည် အကြီးမားဆုံးသော ဈေးကွက်စီးပွါးရေး၏ အားနည်းချက် (သို့) ဈေးကွက်ပျက်ပြားမှုတစ်ခုဟု ခေါ်ထားပါသည်။

ဈေးကွက်စီးပွါးရေး၏ အားနည်းချက် (သို့) ဈေးကွက်ပျက်ပြားမှုကြောင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အားနည်းချက်များနှင့် သတင်းအချက်အလက်များမရရှိခြင်းတို့ဖြစ်ကာ ၂၀၀၈ခုနှစ် ကမ္ဘာ့ဘဏ်လုပ်ငန်း အကျပ်အတည်းနှင့် လူအများအပြားကို အလုပ်လက်မဲ့ ဖြစ်စေခဲ့သည့်အခြေအနေမျိုးများတွင် အစိုးရမှ ဝင်ရောက်ထိန်းညှိပေးရန် လိုအပ်ပါသည်။ တခါတရံ ဈေးကွက်စီးပွါးရေး လုပ်ငန်းများ ထိရောက်စွာ လုပ်ဆောင်လည်ပတ်နေသော်လည်း လူအများအပြား စားစရာမရှိ ဖြစ်နေသည့် အခြေအနေမျိုးလည်း ရှိပါသည်။ ဆင်းရဲမွဲတေမှုနှင့် ဝင်ငွေမညီမျှမှုသည်တို့သည်လည်း ဈေးကွက်ပျက်မှု၏ အခြားနမူနာများဖြစ်ပြီး ဝင်ငွေနှင့် ဥစ္စာနေမှုများကို ပြန်လည်ဝေမျှပေးရာတွင် အစိုးရအနေဖြင့် ဝင်ရောက်လုပ်ကိုင် ပေးရပါသည်။[20]

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့် စာပေများကို ရေးသားကြရာတွင်ချမ်းသာသည့် OECD နိုင်ငံများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို အဓိကထားပြီး ရေးသားခဲ့ကြသည်။ ၁၉၈၀ခုနှစ်များတွင် အမေရိကန်၊ အင်္ဂလန်နိုင်ငံ၊ ကနေဒါ၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ကဲ့သို့သော အင်္ဂလိပ်စကားပြောသည့် နိုင်ငံများသည် ခေတ်သစ် လစ်ဘရယ်ဝါဒ[21]၏ အတွေးအခေါ်အယူအဆများဖြင့် ပြဿနာများကို ရှုမြင်ပြီး၊ အစိုးရ၏ ကြပ်မတ်ကွပ်ကဲမှုနှင့် အရွယ်အစားကို လျှော့ချရန် ပြင်ဆင်

[20] ဤကိစ္စရပ်များနှင့် ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးချက်များအတွက် Joseph Stiglitz. 2000. *Economics of the Public Sector* ကိုကြည့်ပါ။

[21] The neo-liberal New Public Management school အတွက် အလွန်လေးစားအထင်ကြီးစရာကောင်းသည့် ဉာဏ်အမြော်အမြင်ရှိလှသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည့် President Ronald Reagan က ၁၉၈၀ခုနှစ်များအတွင်းက ပြောကြားခဲ့ပါသည်။ `အစိုးရသည် ပြဿနာ၏ အဖြေမဟုတ်ဘဲ အစိုးရကိုယ်တိုင်က ပြဿနာဖြစ်နေတတ်ပါသည်။

လုပ်ဆောင်ခဲ့ပါသည်။ သို့ရာတွင် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာငွေကြေးဆိုင်ရာ ပြဿနာဖြစ်ခဲ့ပြီးနောက် အစိုးရ၏ စည်းမျဉ်း ဥပဒေ များ ချမှတ်မှုမရှိခြင်းအပေါ် အချို့က အပြစ်တင်ကြပြီး ယုံကြည်မှုကို စတင်ပြောင်းလဲလာခဲ့ကြပါသည်။[22]

မြန်မာနိုင်ငံ၏ ပြဿနာများမှာ မြန်မာနိုင်ငံအတွက် သီးသန့်ထူးခြားသည့် ကိစ္စရပ်များဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးကာစ နှစ်များအတွင်း အစိုးရ၏ အဓိက စိန်ခေါ်မှုမှာ အချုပ်အခြာအာဏာကို ကျင့်သုံးရန်ဖြစ်သည်။ ပြည်သူ့ရေးရာကဏ္ဍကို ချဲ့ထွင်ရာတွင် စီးပွားရေးကို မြန်မာလူမျိုးများကထိန်းချုပ်လိုစိတ်နှင့် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့်ရရှိခဲ့သည့် ကိုလိုနီခေတ်အမွေကိုကျော်ဖြတ်ပြီး တိုးတက်သာယာသည့် နိုင်ငံတော်တစ်ခုကို တည်ထောင်လိုစိတ်များက ဦးဆောင်ခဲ့ပါသည်။

မည်သည့်ပြုပြင်ပြောင်းလဲမှုများသည် ယနေ့အတွက် အရေးအကြီးဆုံးဆိုသည့်ဆုံးဖြတ်ချက်များသည် အများပြည်သူ အားလုံး ပါဝင်ဆွေးနွေးညှိနှိုင်းခြင်းမှတဆင့် ဆုံးဖြတ်ရန်မှာ မြန်မာနိုင်ငံသားများ၏ ကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ပြည်သူများ ပါဝင် ဆွေးနွေးခြင်းတွင် အထောက်အကူဖြစ်စေနိုင်ရန် လာမည့်အပိုင်းတွင် ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များထံမှ ပြုပြင်ပြောင်း လဲရေးလုပ်ငန်းများကို မည်သို့အဆင့်ဆင့် လုပ်ဆောင်သင့်သည်နှင့် ပတ်သက်သည့် အကြံဉာဏ်များကို အကျဉ်းချုပ် ဖေါ်ပြထား ပါသည်။

## အပိုင်း - ၂ ပြုပြင်ပြောင်းလဲမှုများကို အဆင့်ဆင့်လုပ်ဆောင်ခြင်း

မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေးတွင် အရေးပေါ်ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းများစွာ ရှိပါသည်။ ထို့အတွက် စိန်ခေါ်မှုမှာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို မည်သို့လုပ်ငန်းမှစတင်ပြီး အဆင့်ဆင့် လုပ်ဆောင်မည်ကို ဆုံးဖြတ်ရခြင်းပင်ဖြစ်ပါသည်။ မည်သည့် ပြုပြင်ပြောင်းလဲမှုကို ယခုစတင်ရန်လိုအပ်ပြီး မည်သည့်ပြောင်းလဲမှုက နောက်ကျမှ လုပ်ဆောင်ရန် စောင့်ဆိုင်းနိုင်ပါသနည်း။

တတ်သိပညာရှင်များက အစိုးရနှင့် နိုင်ငံသားများကို မည်သည့်ပြုပြင်ပြောင်းလဲမှုများကို ချက်ခြင်း စတင်ရန်လိုအပ်သည်ကို ဆုံးဖြတ်ချက်ချရာတွင် အထောက်အကူဖြစ်စေနိုင်သည့် အကြံဉာဏ်များ ပေးနိုင်ပါသည်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်အစောပိုင်းက အကြံပေးပုဂ္ဂိုလ်တစ်စုသည် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ကူညီပံ့ပိုးပေးလိုသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေး အသိုင်းအဝိုင်းအား လမ်းညွှန်ပေးနိုင်မည်ဟု မျှော်လင့်ချက်ဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းရေး မူဘောင်တစ်ခုကို ရေးဆွဲခဲ့ပါသည်။[23]

ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များအတွက် ပထမဦးစားပေးလုပ်ငန်းမှာ ပြည်သူ့ဘဏ္ဍာ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်လာစေရန် အရေးယူဆောင်ရွက်ရန် ဖြစ်လေ့ရှိပါသည်။ *မြန်မာ့စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်* တွင် မက်ခရို (တနိုင်ငံလုံး၏) စီးပွားရေး ပြုပြင်ပြောင်းလဲခြင်း နှင့် ပြည်သူ့ဘဏ္ဍာငွေ များကို စီမံခန့်ခွဲမှု ပြုလုပ်ခြင်းကို ပထမဦးစားပေးအဖြစ် လုပ်ဆောင်ရန် အဆိုပြုထားခြင်းနှင့်လည်း ကိုက်ညီမှုရှိနေပါသည်။

အစိုးရတစ်ရပ်သည် ပြည်သူ့ဘဏ္ဍာငွေကြေးများကို စီမံခန့်ခွဲခြင်း၊ အလိုအပ်ဆုံးနေရာများတွင် ငွေကြေးများကို ပြန်လည်ခွဲဝေ သုံးစွဲခြင်းနှင့် အခွန်ငွေကောက်ခံမှုကို တိုးတက်မှုရှိအောင် လုပ်ဆောင်ခြင်းတို့ဖြင့် `လျင်မြန်သော အောင်မြင်မှုများ`ကို ရရှိစေနိုင်ပါသည်ဟု ကျွမ်းကျင်သူများက အကြံဉာဏ်ပေးခဲ့ကြပါသည်။ မြန်မာနိုင်ငံ ကျွမ်းကျင်သူများက အစိုးရ၏ ဘဏ္ဍာငွေကြေး များမှ အလေအလွင့်များကို လျော့နည်းစေရန် ပွင့်လင်းမြင်သာပြီး ဈေးပြိုင်စနစ်ဖြင့် ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ဝယ်ယူလုပ် ကိုင်ရန်နှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို စာရင်းစစ်ရန် ဝန်ကြီးဌာနများကို အကြံပေးခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ဘဏ္ဍာရေး ဝန်ကြီးဌာနက ပြည်သူ့ဘဏ္ဍာငွေများ စီမံခန့်ခွဲမှု တိုးတက်လာစေရန် နည်းဗျူဟာတစ်ခုကို အကောင်အထည်ဖေါ်ပြီး အခွန်စီမံ ခန့်ခွဲခြင်း ကဲ့သို့သော ကိစ္စရပ်များတွင် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့များနှင့်အတူ လက်တွဲ လုပ်ကိုင်နေပါ သည်။

ဒုတိယဦးစားပေးရမည့် ပြုပြင်ပြောင်းလဲရေးမှာ `အစိုးရ၏ ဗဟိုချက် (သမ္မတရုံး)`ကို အင်အား ကောင်းမွန်လာအောင် လုပ်ဆောင် ပေးရန်ဖြစ်သည်။ မူဝါဒဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်း၊ မူဝါဒ ရေးဆွဲခြင်းနှင့် (မူဝါဒနှင့် ပတ်သက်ပြီး) တိုင်ပင်ဆွေးနွေးတင်ပြခြင်းနှင့်

---

[22] ဘောဂဗေဒပညာရှင်များက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ အတွေးအခေါ်သစ်များ၏ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဆီလျော်မှုကို ၂၀၀၈ခုနှစ်ငွေကြေးအကြပ်အတည်းမဖြစ်ခင်ကပင် စတင်မေးခွန်းထုတ်နေခဲ့ပါသည်။ (Schick 1998).

[23] စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူဘောင် ၂၀၁၃

ttp://www.themimu.info/sites/themimu.info/files/documents/Ref%20Doc_FrameworkForEconomicAndSocialReform2012-15_Govt_2013%20.pdf

ပြုပြင်ပြောင်းလဲနေမှု ပြုလုပ်စဉ်ကာလအတွင်း ကြုံတွေ့ရသည့် ပြဿနာများကို ကိုင်တွယ်ခြင်းတို့အတွက် ဦးဆောင်မှု ပေးနေသည့် သမ္မတရုံးသည် ဤနေရာတွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုတွင် ရှိနေပါသည်။

ပြုပြင်ပြောင်းလဲရေးများအောင်မြင်စေရန်အတွက် ခေါင်းဆောင်မှုမှာ အမြဲလိုအပ်ပါသည်။ သမ္မတကဲ့သို့သော အစိုးရ ခေါင်းဆောင်များက ပြည်သူလူထုအား အပြောင်းအလဲများကို ရှင်းလင်း ပြောပြပေးရန် နှင့် ပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှုနှင့် ပတ်သက်ပြီး လူထု၏ ပြောဆိုချက်များကို သေချာစွာ နားထောင်ရန်လည်း လိုအပ်ပါသည်။ အတားအဆီးများ ပေါ်ပေါက်လာနိုင်သကဲ့သို့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်မှာလည်း စီစဉ်ထားသကဲ့သို့ မဖြစ်လာသည်မျိုးလည်း ရှိနိုင်ပါသည်။ ဤသို့ဖြစ်လာခဲ့လျှင် သမ္မတ အနေဖြင့် အထက်ပါ ပုံစံကွက်-၁၈ တွင် တင်ပြထားသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များမှ ဆက်သွယ်ရေးလုပ်ငန်း ပြုပြင်ပြောင်းလဲရေးကို ရပ်တန့်စေရန် ကြိုးပမ်းစဉ်က ဝင်ရောက်ဖြေရှင်းပေးခဲ့သကဲ့သို့ပင် လုပ်ဆောင်သင့်ပါသည်။

ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်နိုင်စေရန် သမ္မတသည် ဒုဝန်ကြီးများအား နိုင်ငံတဝှမ်းလုံးတွင် ပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှုအခြေအနေကို ဆွေးနွေးတိုင်ပင်ပေးသည့် ‘delivery units’ များကို ဦးဆောင်စေခဲ့ပါသည်။ အစိုးရဝန်ကြီးအဖွဲ့ ကော်မတီသစ်များကို စီးပွားရေး၊ မြေယာနှင့် ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများ ကဲ့သို့သော အဓိကကိစ္စရပ်များတွင် မူဝါဒရေးရာ ပြုပြင်ပြောင်းလဲမှုများ ညှိနှိုင်းလုပ်ဆောင်ရန်အတွက် ဖွဲ့စည်းခဲ့ပါသည်။ ဤကဲ့သို့သော အခြေခံကျသည့် ပြောင်းလဲမှုများကို အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းပါးမှုက တခါတရံတွင် အကောင်းအဆိုး ရောထွေးနေသည့် ရလဒ်များကို ဖြစ်စေပြီး ပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကလည်း အစိုးရအတွက် အလေ့အကျင့် အသစ်တစ်ခု ဖြစ်နေသည့်အတွက်၊ မူဝါဒအသစ်များကို ရေးဆွဲချမှတ်ခြင်းနှင့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖေါ်ရာတွင် ပြည်သူလူထု နှင့် ဆက်စပ်လုပ်ဆောင်ရန် အားထုတ်မှုကို အသိအမှတ်ပြုပေးရန် အရေးကြီးပါသည်။

ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များ သဘောတူလက်ခံသည့် တတိယဦးစားပေးလုပ်ငန်းတစ်ခုမှာ အတွင်း၌ အုပ်စုကွဲနေခြင်းကို ကျော်လွှားနိုင်ရန် နိုင်ငံများကို ကူညီခြင်းပင်ဖြစ်သည်။ ယင်းအချက်မှာ မြန်မာနိုင်ငံနှင့် အထူးတိုက်ဆိုင်လှပါသည်။ မကြာသေးမီက ကမ္ဘာ့ဘဏ်မှ လေ့လာချက်များတွင် ဖေါ်ပြထားသကဲ့သို့ မပြီးသေးသည့် ပဋိပက္ခများက နိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို နှစ်ပေါင်းများစွာ နောက်ချန်ရစ်စေခဲ့ပါသည်။ (ပုံစံကွက် ၁၉ ကိုကြည့်ပါ။)

### ပုံစံကွက် - ၁၉ ပဋိပက္ခအတွက် ပေးဆပ်ရမှုနှင့် နိုင်ငံရေးဆွေးနွေးအဖြေရှာမှုတစ်ခုလိုအပ်ခြင်း

ကမ္ဘာ့ဘဏ်၏ ၂၀၁၁ခုနှစ်အတွက် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာတွင် ပဋိပက္ခက ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်ပြီး အပျက်သဘော အကျိုး ဆက်ဖြစ်စေခြင်းအကြောင်းများကို အဖြစ်အပျက်၊အချက် အလက်များဖြင့် တင်ပြပေးခဲ့ပါသည်။ လေ့လာချက်တွင် ထည့်သွင်းထားသည့် ကာလ အတန်ကြာအောင် ကြီးမားသည့် အကြမ်းဖက်မှုများ (စစ်မက်ပဋိပက္ခ)နှင့် ကြုံတွေ့ခဲ့ရသည့် နိုင်ငံများ (၁၉၈၁ - ၂၀၀၅) သည် ထိုကာလအတွင်း အကြမ်းဖက်မှုများ မကြုံတွေ့ခဲ့ရသည့်နိုင်ငံများထက် အံ့သြလောက်စရာ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၁ရာခိုင်နှုန်း ပိုမြင့်နေခဲ့ပါသည်။ ပဋိပက္ခကို အဆုံးသတ်ခြင်းနှင့် `အားလုံးပါဝင်ခွင့်ရရှိသည့်`နိုင်ငံရေးအရ ညှိနှိုင်းအဖြေရှာမှုကို အောင်မြင်အောင်လုပ်ဆောင်ခြင်းတို့ကို ပဋိပက္ခနှင့် ပဋိပက္ခ အလွန် အခြေအနေများရှိနိုင်ငံများအား အခြားမည်သည့်လုပ်ဆောင်ချက်များကိုမျှ မလုပ်ဆောင်မီ အရင်ဆုံး ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြား၍ အစီရင်ခံစာကို နိဂုံးချုပ်ထားပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ခုနှစ်ကတည်းက ဆက်တိုက်နီးပါးပင် ပြည်တွင်းစစ် ဖြစ်ပွားနေခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဤနိုင်ငံတွင် စစ်အတွက် ပေးဆပ်ရမှုမှာ စစ်ဖြစ်ပွားမှုကြောင့် သေဆုံးသွားသူများ၊ ဒဏ်ရာရသူများသာမကဘဲ လူသိန်းပေါင်းများစွာမှာလည်း အိုးမဲ့အိမ်မဲ့ဖြစ် ရပါသည်။ ပြည်တွင်းစစ်ဖြစ်ခဲ့သည့် နှစ်ပေါင်း ၄၀ကျော်အတွင်းတွင် လူပေါင်း ၅၀၀၀၀၀ (၅သိန်း) ကျော် သေဆုံးခဲ့ပြီး ဖြစ်သည်ဟု ခန့်မှန်းကြပါသည် (Smith, 1999)။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့် တပ်မတော်သား အရေအတွက်မှာလည်း အနည်းဆုံး ၅၀၀၀၀ (၅သောင်း) ကျော်ခန့်ဟု အချို့ကလည်း ခန့်မှန်း ကြပါသည် (Callahan, 2005)။ နယ်စပ်ပြည်နယ်များရှိ ရွာများမှာ မကြာခဏပင် တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းကြရသည်။ အခြားတနေရာသို့ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါသည်။

စစ်မက်ပဋိပက္ခက မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး၏ ဦးစားပေးမှုများကိုလည်း သွေဖီစေခဲ့သည်။ ဥပမာ - ၁၉၆၀နှင့် ၁၉၇၀ခုနှစ်များတစ်လျှောက်လုံးတွင် နိုင်ငံတော်အသုံးစရိတ် ၄၀% မှ ၆၀% အထိမျှ ရောက်သည်အထိပင် စစ်အသုံးစရိတ်ပမာဏမှာ ရှိခဲ့ပါသည်။ ၂၀၁၁ခုနှစ်တွင်ပင် စစ်အသုံးစရိတ်သည် ၂၃.၅% အထိရှိသေးပြီး မြင့်လွန်းနေပါသေးသည်။ ဆန့်ကျင်ဖက်အနေဖြင့် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အသုံးစရိတ်မှာ နိုင်ငံတော်အသုံးစရိတ်၏ ၅.၄% အထိသာ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဆက်တိုက်ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်က ဖွံ့ဖြိုးတိုးတက်မှုအပေါ် အဆိုးရွားဆုံးသောအကျိုးသက်ရောက်စေမှုမှာ ၁၉၄၈ ခုနှစ်ပြီးနောက် ပေါက်ဖွားလာခဲ့သည့် နိုင်ငံတော်၏ ပုံသဏ္ဍာန်ကို အခြေခံကျကျ ဖျက်ဆီးခဲ့ခြင်းပင်ဖြစ်ပါသည်။ တိုင်းရင်းသား လူနည်းစုများနှင့် နှစ် ၆၀ စစ်ပွဲ၏ နိုင်ငံတည်ဆောက်ရေးအပေါ် အကျိုးသက်ရောက်မှုကို မေရီကလဟန် (Mary Callahan) ၏ သုတေသနလေ့လာချက်တွင် `နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဆက်ဆံရေးတွင် တပ်မတော်၏ ပါဝင်မှုက အဆုံးစွန်အထိ ရောက်ရှိခဲ့ခြင်း`ဟု ဖေါ်ပြခဲ့ပါသည်။ `နှစ်ဆယ်ရာစု မြန်မာနိုင်ငံသည် စစ်ရေးက အခြေအနေအတော်များများတွင် နိုင်ငံသားများနှင့် နိုင်ငံ၏ ရန်သူများကို မခွဲခြားနိုင်သည့် နိုင်ငံတော်အဖွဲ့အစည်းများကို ဖြစ်စေခဲ့

လေသည်`ဟု သုံးသပ်ထားပါသည်။

၂၀၁၃ခုနှစ်တွင် ညှိနှိုင်းဆွေးနွေးခဲ့သော တနိုင်ငံအပစ်အခတ်ရပ်စဲရေးသည် မရှိမဖြစ်လိုအပ်သည့် အကြမ်းဖက်မှုစက်ဝန်းကို ချိုးဖျက်ရန်အတွက် ပထမဆုံးခြေလှမ်းပင်ဖြစ်ပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အနာဂတ် အလားအလာကောင်းများကို ဖြစ်ထွန်းလာစေနိုင်ပါသည်။

နိုင်ငံတော် သမ္မတဦးသိန်းစိန်က သူ့အစိုးရ၏ ပြုပြင်ပြောင်းလဲမှုကို `အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းခြင်း`ဟု ခေါ်ဆိုခဲ့ပါသည်။ ဤအသွင်ကူးပြောင်းခြင်းတွင် ပြီးခဲ့သည့် နှစ် ၆၀ အတွင်း မြန်မာ့နိုင်ငံရေးတွင် လွှမ်းမိုးနေခဲ့သည် အကြောင်း နှစ်ရပ်ဖြစ်သည့် ယင်းတို့မှာ စစ်ဖက်၊အရပ်ဖက် ဆက်ဆံရေးနှင့် တိုင်းရင်းသား ဗမာလူမျိုးများနှင့် လူဦးရေ၏ သုံးပုံတစ်ပုံရှိသည့် တိုင်းရင်းသား လူနည်းစုများအကြား ဆက်ဆံရေးတို့ကို ကိုင်တွယ်ခြင်းလည်း ပါဝင်ပါသည်။

မကြာသေးမီကာလက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် ယင်းနယ်ပယ်တွင် ရဲတင်းသည့် ခြေလှမ်းများကို စတင် လှမ်းခဲ့ပါသည်။ အရဲရင့်ဆုံးခြေလှမ်းများအနက် တစ်ခုမှာ ပြည်သူများက အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးအရ တောင်းဆိုမှုကို တနည်းအားဖြင့် တုံ့ပြန် ပေးသည့်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရကို ဖွဲ့စည်းပေးခဲ့ခြင်းပင်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်၏ နောက်တဆင့်မှာ အရေးကြီးသည့် လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုမှ ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များသို့ လွှဲပြောင်းပေးရန်ဖြစ်သည်။

ခေတ်မီပြီး လုပ်ငန်းကျွမ်းကျင်မှုရှိသည့် နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းတစ်ခုဖြစ်လာစေလိုသည့် ဆန္ဒကဲ့သို့ ဗဟိုချုပ်ကိုင်မှု လျှော့ချမှု အပေါ် အကျိုးသက်ရောက်မှုရှိစေနိုင်သည့် အခြားပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများလည်း ရှိပါသည်။ နိုင်ငံ့ဝန်ထမ်း ရာထူးများသည် မြန်မာနိုင်ငံသားများ အားလုံးအတွက် ဖြစ်စေရန် လိုအပ်ပြီး၊ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးကျောင်းများသည် ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ဒီမိုကရေစီတန်ဖိုးများကို ထင်ဟပ်သင်ကြားရန်လည်း လိုအပ်ပါသည်။

နိုင်ငံတော် သမ္မတဦးသိန်းစိန်၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အသိပေးပြောကြားရန်အတွက် မြို့နယ်ကော်မတီများ ဖွဲ့စည်းရန် ဆုံးဖြတ် ချက်သည် ပြည်သူ့ရေးရာ အုပ်ချုပ်ရေးတွင် ပို၍ဒီမိုကရေစီ နည်းကျသည့် ချဉ်းကပ်မှုနှင့် ဟန်ချက်ညီနေပါသည်။ အစိုးရ၏ ဗဟိုချုပ်ကိုင်မှုကို လျှော့ချစေနိုင်ပြီး အကြီးမားဆုံး အကျိုးဆက်များကို သက်ရောက်စေနိုင်သော ဒေသန္တရ အဆင့် အုပ်ချုပ်ရေးတွင် လူထု၏အသံများကို ကြားနာစေနိုင်ပါသည်။ ပြုပြင်ပြောင်းလဲမှုများ၏ အောင်မြင်မှုကို လူအများက လျင်မြန်စွာ အကဲဖြတ်နိုင်သည့် အတွက် ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးရာတွင် ပွင့်ပွင့်လင်းလင်းနှင့် ထိရောက်မှုရှိစေရန် အရေးကြီးပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပြုပြင်ပြောင်းလဲရေးသည် ယခင်အာဏာရှင်အစိုးရမှ အဓိကအပြောင်းအလဲ တစ်ခုဖြစ်ပြီး လုပ်ကိုင်ခါစပင်ရှိပါသေးသည်။ တပ်မတော်ပိုင် ဦးပိုင်ကုမ္ပဏီများ၏ အချို့ကဏ္ဍများရှိအခွင့်အရေးများကို ရုတ်သိမ်းခဲ့ပြီး ယခုအခါ အခြားစီးပွားရေးလုပ်ငန်းများကဲ့သို့ပင် လုပ်ကိုင်လာစေခဲ့ပါသည်။ ယခင်က ဆွေးနွေးခဲ့သည့်အတိုင်း၊ ဆက်သွယ်ရေးလိုင်စင် အသစ်များကို အစိုးရမှ ချပေးခဲ့ရာတွင် ခရိုနီများကို မပေးဘဲ၊ ပွင့်လင်းမြင်သာပြီး အပြိုင်အဆိုင်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခဲ့ပါသည်။ ယင်းသည် အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံတစ်ခုဖြစ်ပြီး ဝန်ကြီး ဌာနတစ်ခုနှင့် တစ်ခု လေ့လာဝေမျှသင့်ပါသည်။

အထွေထွေဦးစားပေးလုပ်ငန်းသုံးခုဖြစ်သော အစိုးရ၏ဗဟိုချက်(သမ္မတရုံး)ကို အင်အားကောင်းအောင် လုပ်ဆောင်ပေးခြင်း၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်လာစေခြင်း၊ အားလုံးပါဝင် ခွင့်ရှိသော နိုင်ငံရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုတစ်ခုကို ဖြစ်စေခြင်းတို့အပြင်၊ ပြည်သူ့ရေးရာကဏ္ဍ စီမံခန့်ခွဲမှု ကျွမ်းကျင်သူများက ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရာတွင် နိုင်ငံ၏ စီးပွားရေးနှင့် သမိုင်း နောက်ခံအခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းကို အလေးအနက် သတိပေးထားပါသည်။

အခန်း (၂) တွင် ဆွေးနွေးငြင်းခုန်ခဲ့သကဲ့သို့၊ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာပြုပြင်ပြောင်းလဲမှုကို မည်သို့လုပ်ဆောင်မည် ဆိုသည်နှင့် ပတ်သက်သော သမိုင်းတလျှောက်မေးခဲ့သည့် မေးခွန်းများမှာ ယနေ့အထိ ဆီလျော်နေပါသေးသည်။ `ထိရောက်သည့် နိုင်ငံတော်အဖွဲ့အစည်းများကို မည်သို့ တည်ဆောက်မည်နည်း။ နေပြည်တော်မှ လုပ်ပိုင်ခွင့်အာဏာများ ကို မြို့နယ်အုပ်ချုပ်ရေးသို့ မည်သို့ဗဟို ချုပ်ကိုင်မှု လျှော့ချပေးမည်နည်း။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအကြား အစိုးရ၏ လုပ်ငန်းဆောင်တာများကို ခွဲဝေချမှတ်ပေးမည်နည်း။ ရရှိလာသည့် အကျိုးအမြတ်များကို အားလုံးခံစားနိုင်သည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများဖြစ်အောင် မည်သို့ဖွဲ့စည်း လုပ်ဆောင်မည်နည်း။ ပြည်သူ့ရေးရာ ကဏ္ဍအုပ်ချုပ်စီမံမှုကို အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ မည်သို့ပြုပြင်ပြောင်းလဲကြမည်နည်း။' ဆိုသောမေးခွန်းများဖြစ်ပါသည်။

ယခင်က ဖော်ပြခဲ့သည့်အတိုင်း၊ မြန်မာနိုင်ငံသည် မေ့လျော့နေခဲ့သော မိမိတို့၏ ကိုယ်ပိုင်၊ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု သမိုင်းကြောင်းကို လေ့လာကြည့်ရန်မှာ အလွန်ပင်အရေးကြီးသည်ဟု ယုံကြည်မိပါသည်။ (ပုံစံကွက်-၂၀ ကို ကြည့်ပါ။)

**ပုံစံကွက် - ၂၈ ပြည်သူ့ရေးရာ ကဏ္ဍပြုပြင်ပြောင်းလဲမှု မြန်မာ့သမိုင်းမှ လေ့လာတွေ့ရှိချက်**

<table><tr><td>
ယနေ့အထိ ဆီလျော်နေသေးသော ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့် သမိုင်းတွင် ဖြစ်ပျက်ခဲ့သည့် အတွေ့အကြုံများတွင် -<br><br>
• ၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း အမြဲတမ်းအတွင်းဝန်များ<br>
• ၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ပြည်နယ်အစိုးရများ<br>
• ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း<br>
• ၁၉၄၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ဗဟိုချုပ်ကိုင်မှုလျှော့ချရန် စီမံခန့်ခွဲခြင်း<br>
• ရာထူးဝန်အဖွဲ့ (Civil Service Commission) မှ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ (Union Civil Service Board) တို့ပါဝင်ပါသည်။<br><br>
၁၉၆၂ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး ဖတ်ရှုနိုင်သည့် သုတေသနများမှာ နည်းပါးလှပါသည်။ မကြာသေးမီနှစ်များက ရန်ကုန် စီးပွားရေးတက္ကသိုလ်ကဲ့သို့သော တက္ကသိုလ်များမှ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အစီအစဉ်များ စတင်ဖွင့်လှစ်ခဲ့ပါသည်။ သက်ဆိုင်ရာ သုတေသန လေ့လာချက်များ မကြာမီထွက်ရှိလာမည်ဟုလည်း မျှော်လင့်မိပါသည်။
</td></tr></table>

ဖော်ပြပါရှိခဲ့သည့်အတိုင်း၊ မြန်မာနိုင်ငံသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းခဲ့ရာတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများတွင် (လုပ်ဆောင်သည့်လုပ်ငန်းများကို) အစီအစဉ် ချမှတ်ခြင်းတွင် အခြားနိုင်ငံများမှ အတွေ့အကြုံကို များစွာလေ့လာရနိုင်ပါသည်။ဥပမာအားဖြင့် ဥရောပရှိ ယခင်`ပြည်သူ့ဒီမိုကရေစီနိုင်ငံများ' မှလေ့လာမှုများသည် များစွာတန်ဖိုးရှိနိုင်ပါသည်။ ၁၉၇၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးစနစ်သည် ယင်းနိုင်ငံများ၏ ပုံစံများကို အနီးစပ်ဆုံးယူထားသည့်အတွက် ဖြစ်ပါသည်။ (ပုံစံကွက်-၂၁ ကို ကြည့်ပါ။)

**ပုံစံကွက် -၂၁ အသွင်ကူးပြောင်းရေးမှ ရရှိသည့် သင်ခန်းစာများ - ယခင် `ပြည်သူ့ဒီမိုကရေစီ နိုင်ငံများ`**

<table><tr><td>
၁၉၉၀ခုနှစ်တွင် ယခင် `ပြည်သူ့ဒီမိုကရေစီနိုင်ငံများ`ဖြစ်သည့် လက်ဗီးယား (Latvia)၊ လစ်သူယေးနီးယား (Lithuania)၊ အက်စတိုးနီးယား (Estonia)၊ ပိုလန်နိုင်ငံ (Poland)၊ ချက်ကိုစလို ဗားကီးယား (Czechoslovakia)၊ ဟန်ဂေရီနိုင်ငံ (Hungary)၊ ရိုမေနီးယား (Romania)၊ ဘူလ်ဂေးရီးယား (Bulgaria)၊ ဆားဗီးယား (Serbia)၊ ခရိုအေးရှား (Croatia)၊ စလိုဗားနီးယား (Slovenia)နှင့် ဘော့စနီးယား - ဟာဇီဂိုဗီးနား (Bosnia-Herzegovina) တို့တွင် အစိုးရနှင့် ပြည်သူ့ ရေးရာကဏ္ဍအုပ်ချုပ်ရေးတွင် အဓိက ပြန်လည်ဖွဲ့စည်းပြင်ဆင်ခြင်းများကို လုပ်ကိုင်ခဲ့ပါသည်။<br><br>
အလွန်အရေးကြီးသည့် အပြောင်းအလဲများအနက် အချို့တွင် -<br><br>
• ပိုမိုအားကောင်းသော မူဝါဒ ရေးဆွဲချမှတ်ခြင်း၊ နိုင်ငံရေးစီမံခန့်ခွဲမှုများနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းဆောင်တာများ အပါအဝင် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရသည့် သမ္မတရုံးကို ပို၍ အားကောင်းလာစေခြင်း။<br>
• ယခင်က ပါတီအဖွဲ့အစည်းများမှ မူဝါဒလမ်းညွှန်များရရှိခဲ့သော အဓိကကျသော အစိုးရအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒရေးဆွဲချမှတ်မှုဆိုင်ရာ စွမ်းဆောင်ရည်များကို အားဖြည့်ပေးခြင်း။<br>
• ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကိုသာလုပ်ဆောင်ခဲ့ရာမှ ပြည်သူ့ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှုစနစ် တစ်ခုလုံးတွင် ဦးဆောင်ရသည့် အချက်အချာအဖွဲ့အစည်းအဖြစ် တာဝန်ဝတ္တရားများပြောင်းလဲသွားခဲ့သည့် ဘဏ္ဍာရေးဝန်ကြီးဌာနအား ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း။<br>
• ပြည်တွင်းလုံခြုံရေးမှ ပို၍ ဒီမိုကရေစီနည်းကျသော အုပ်ချုပ်ရေးပုံစံသို့ ပြောင်းလဲတာဝန်ယူရသည့် ပြည်ထဲရေးဝန်ကြီးဌာနများကို ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း။<br>
• နိုင်ငံရေးရှုထောင့်မှကြည့်၍ ရာထူးခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ သင်တန်းများတွင် ဝါဒသဘောတရားရေးရာများကို အဓိက ထားသည့် ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုကျောင်းများကို ပြောင်းလဲဖွဲ့စည်းခြင်း။<br>
• နိုင်ငံတော်မှ ဗဟိုဦးစီးချမှတ်သည့် စီးပွားရေး စီမံကိန်းစနစ်များနှင့် ပို၍ကိုက်ညီသည့် အစိုးရအဖွဲ့အစည်းများအား တဖြည်းဖြည်း ဖျက်သိမ်းခြင်း။<br>
• လွှတ်တော်နှင့် ပြည်သူလူထုကို တာဝန်ခံသော အစိုးရအဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းခြင်း။<br>
• နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင် သို့မဟုတ် စီးပွားရေးလုပ်ငန်းများအသွင် လုပ်ကိုင်ခြင်း တို့ပါဝင်ပါသည်။
</td></tr></table>

ယင်းပြုပြင်ပြောင်းလဲမှုများသည် အစိုးရ၏ ဖွဲ့စည်းပုံကို အဓိကပြောင်းလဲမှုများဖြစ်စေခဲ့ပါသည်။ အဆင့်မြင့် အရာရှိကြီးများစွာကို အစားထိုးခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများစွာသည် နစ်နာကြေးနှင့်အခြား ရပိုင်ခွင့်များကို ရရှိခဲ့သည်။ သို့မဟုတ် အခြားအဖွဲ့အစည်းသစ်များသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ပြည်သူ့ရေးရာအုပ်ချုပ်မှု၏ နည်းလမ်းသစ်များကို ထင်ဟပ်သည့် သင်တန်းအစီအစဉ်သစ်များ ကိုလည်း စတင်ခဲ့ပါသည်။

၁၉၉၀ခုနှစ်များတွင် ဥရောပ သမဂ္ဂပံ့ပိုးကူညီမှုဖြင့် OECD နိုင်ငံများ၏ SIGMA စီမံကိန်း (ယခင်က အရှေ့နှင့် အလယ်ပိုင်း ဥရောပနိုင်ငံများတွင် အုပ်ချုပ်စီမံမှုနှင့် စီမံခန့်ခွဲမှု တိုးတက်လာစေရန် ပံ့ပိုးကူညီမှုဟု လူသိများသည့် Support for Improved Governance and Management in Central and Eastern European Countries) သည် ယခင် `ပြည်သူ့ဒီမိုကရေစီနိုင်ငံများ' အား ပို၍ဒီမိုကရေစီနည်းကျသည့် နိုင်ငံတော်နှင့်သင့်လျော်သော အစိုးရ၊ ပြည်သူ့အုပ်ချုပ်ရေး စနစ်များသို့ ပြောင်းလဲ ရန် အထောက်အကူပေးခဲ့ပါသည်။

OECD နိုင်ငံများ၏ SIGMA Programme မှရရှိသည့်သင်ခန်းစာများကို at: http://www.sigmaweb.org/publications/ တွင် ဖတ်ရှုနိုင်ပါသည်။

## အပိုင်း - ၃ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် ရွေးချယ်စရာလမ်းများ

နောက်ဆုံးအပိုင်းတွင် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် ရွေးချယ်နိုင်သည့်နည်းလမ်းများကို ဆွေးနွေးတင်ပြထားပါသည်။ ပြုပြင်ပြောင်းလဲမှုအတွက်လုပ်ငန်းများကို အဆင့်ဆင့်လုပ်ဆောင်ရန် အစီအစဉ်ချခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာ ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကို တင်ပြပေးထားပြီး နိုင်ငံအတွင်း ပဋိပက္ခများပြေလည်မှုကို ဦးတည် စေသည့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုလိုအပ်ကြောင်းကို အလေးထားဖေါ်ပြထားပါသည်။

ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲမှု ဆွေးနွေးချက်ကို နိုင်ငံတော်သမ္မတဦးသိန်းစိန်သုံးနှုံးခဲ့သည့် `အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေး' က ပုံဖေါ်ပေးခဲ့ပါသည်။ ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း ဤအသွင်ကူးပြောင်းရေးသည် နှစ်ပေါင်း ၆၀ကျော် မြန်မာ့နိုင်ငံရေးကို လွှမ်းမိုးနေခဲ့သည့် အဓိကအချက် နှစ်ချက်ကို ကိုင်တွယ်ဖြေရှင်းရပါမည်။ ပထမတစ်ခုမှာ စစ်ဖက်နှင့် အရပ်ဖက် ဆက်ဆံရေးနှင့် ဒုတိယအချက်မှာ ဗမာလူမျိုးနှင့် ဗမာမဟုတ်သည့် နိုင်ငံသားများ အကြား ဆက်ဆံရေး တို့ဖြစ်သည်။

ယခုသုတေသနလေ့လာချက်အတွက် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ပြုပြင်ပြောင်းလဲရေးအတွက် ဦးစားပေးလုပ်ငန်းများနှင့် ပတ်သက် ပြီး ရှုထောင့်အမြင်အမျိုးမျိုး ရှိကြကြောင်း တွေ့ရှိခဲ့ရပါသည်။ ယင်းဆွေးနွေးမှုကို အထောက်အကူပြုနိုင်စေရန် `အဓိက အကျိုးရလဒ်ရရှိနိုင်သည့်နယ်ပယ်` ခုနစ်ခုတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို စဉ်းစားရန် မူဘောင်တစ်ခုကို ကျွန်ုပ်တို့အနေ ဖြင့် အောက်ပါအတိုင်း တင်ပြပေးလိုပါသည်။

### ၁။ အစိုးရ၏ ဗဟိုချက်ကို အားဖြည့်ပေးခြင်း

နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့သည် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ဦးဆောင်သည့် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ကြသူများ ဖြစ်သည်။ သမ္မတရုံးသည် နိုင်ငံရေးဦးဆောင်မှု၊ မဟာဗျူဟာကျသည့် လမ်းညွှန်မှု၊ မူဝါဒညှိနှိုင်းဆောင်ရွက်မှု၊ ပြည်သူလူထုနှင့် ဆက်ဆံရေးများနှင့် အစိုးရတစ်ခုလုံး၏ ပြုပြင်ပြောင်းလဲရေးကို စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို လုပ်ဆောင်နေပါသည်။

သမ္မတဦးသိန်းစိန်အစိုးရသည် အစိုးရအဖွဲ့သစ်၏ ဖွဲ့စည်းပုံအသစ်ဖြင့်စတင်၍ ယင်းနယ်ပယ်များတွင် ဆန်းသစ်သည့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့ပါသည်။ ယခင်အစိုးရများထက် ပြည်သူလူထုနှင့် ပို၍ထိထိရောက်ရောက် ဆက်ဆံမှု၊ ဆက်သွယ်မှုများကိုလည်း ပြုလုပ်နေပါသည်။ သမ္မတရုံးမှ အဆင့်မြင့် ဝန်ကြီးများဦးဆောင်သည့် ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေသည့်အဖွဲ့အပါအဝင် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအဖွဲ့ပေါင်းများစွာကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ဥပဒေပြုရာတွင် လျင်မြန်မှုရှိစေရန်အတွက် လွှတ်တော်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဆက်စပ်လုပ်ကိုင်မှုများကိုလည်း စတင်ခဲ့ပါသည်။

နောင်လာမည့်အစိုးရများအတွက် ပြီးခဲ့သည့် လေးနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံမှ ရရှိခဲ့သည့် သင်ခန်းစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုအောင်မြင်စေရန် ပြည်သူလူထု၊ လွှတ်တော်နှင့် နိုင်ငံ့ဝန်ထမ်းများအကြား အားကောင်းသည့် ပုံမှန်ဆက်သွယ်မှုလမ်းကြောင်းထားရှိရန် အရေးကြီးပါသည်။ သမ္မတရုံးအတွင်းတွင် သတင်းနှင့် ပြန်ကြားရေးဌာနတစ်ခုကို ချဲ့ထွင်ဖွဲ့စည်းခြင်းဖြင့် သတင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကိုလည်း ပို၍ ပွင့်လင်းမြင်သာမှုရှိစေရန် တိုက်တွန်းအားပေးနိုင်သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပြည်သူများပါဝင်မှုကို ဖြစ်ထွန်းစေပြီး၊ ယုံကြည်မှုရရှိရန်နှင့် သဘောပေါက်နားလည်မှု တိုးတက်စေရန် အထောက်အကူပြုနိုင်ပါသည်။

ဗဟိုမှ ခေါင်းဆောင်မှုနှင့် ညှိနှိုင်းလုပ်ဆောင်မှုသည် ဝန်ကြီးဌာနများစွာပါဝင်ပတ်သက်ပြီး ရှုပ်ထွေးသည့် ပြုပြင်ပြောင်းလဲမှုများနှင့် အကဲဆတ်သောနိုင်ငံရေးအတွက် အရေးကြီးပါသည်။ သမ္မတရုံးတွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအကြား ပညာရေး၊ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုနှင့် အခြားဝန်ဆောင်မှုများ လုပ်ဆောင်ရာတွင် လုပ်ငန်းတာဝန်များကို အကောင်းဆုံး မည်သို့ ခွဲဝေလုပ်ကိုင်မည်ဆိုသည်နှင့် ပတ်သက်ပြီး `အမြန်ဆုံးနည်းလမ်းဖြင့်`မူဝါဒ ရေးဆွဲချမှတ်ခြင်းများ လုပ်ဆောင်ရန် လုပ်ငန်းအဖွဲ့သစ်တစ်ခုကို ဖွဲ့စည်းသင့်ပါသည်။

ပြီးပြည့်စုံပြီး ကောင်းမွန်စွာ ညှိနှိုင်းလုပ်ဆောင်သည့် အစိုးရမူဝါဒ ရေးဆွဲချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း တို့အတွက် ကောင်းမွန်စွာဦးဆောင်နိုင်သည့် အစိုးရအဖွဲ့ကော်မတီ စနစ်တစ်ခု မရှိမဖြစ် လိုအပ်ပါသည်။ ပို၍ အင်အားကောင်းပြီး ပံ့ပိုးပေးနိုင်သော အစိုးရအဖွဲ့ အတွင်းဝန်ရုံးတစ်ခု၏ ပံ့ပိုးကူညီမှုဖြင့် အစိုးရအဖွဲ့ကော်မတီ အသစ်များသည် မူဝါဒလမ်းညွှန်မှုများ ပေးနိုင်ပြီး အကောင်အထည်ဖော်ရာတွင်လည်း ကြီးကြပ် ကွပ်ကဲနိုင်ပါသည်။

ဤကိစ္စရပ်နှင့်ပတ်သက်၍၊ ၁၉၉၀ ခုနှစ် အစောပိုင်းကာလ ဒီမိုကရေစီစနစ်သို့ စတင် အသွင်ကူးပြောင်းခဲ့သည့် အချိန်မှစ၍ သမ္မတတိုင်းသည် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းရေးတွင် ဦးဆောင်သည့် အခန်းကဏ္ဍမှရှိနေခဲ့သည့် တောင်ကိုးရီးယား ကဲ့သို့သော နိုင်ငံများ၏ အတွေ့အကြုံများမှလည်း မြန်မာနိုင်ငံသည် သင်ခန်းစာယူနိုင်ပါသည်။ (ပုံစံကွက်-၂၂ ကို ကြည့်ပါ။)

**ပုံစံကွက် - ၂၂ ကိုရီးယားနိုင်ငံတွင် သမ္မတရုံးမှ ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲမှုများကို မည်သို့ဦးဆောင်ခဲ့သနည်း။**

၁၉၉၀ခုနှစ်များမှ စတင်ပြီး တောင်ကိုရီးယားနိုင်ငံရှိသမ္မတတိုင်းသည် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ပိုင်ခွင့်ရှိသည့် သမ္မတ ကိုယ်တိုင် ဖွဲ့စည်းပေးသည့်ကော်မတီကို စတင်ထားရှိခဲ့ပါသည်။

သမ္မတရိုတေဝူး (၁၉၈၈ - ၁၉၉၃) သည် စစ်တပ်အုပ်ချုပ်ရေးမှ အသွင်ကူးပြောင်းပြီးနောက်တွင် ပြည်သူ့ရေးရာအုပ်ချုပ်ရေးကို ဒီမိုကရေစီ နည်းကျဖြစ်အောင် အာရုံစူးစိုက်လုပ်ဆောင်ခဲ့ပါသည်။ အစိုးရအခန်းကဏ္ဍနှင့်ပတ်သက်၍ မေးခွန်းများစွာကို ထုတ်ခဲ့ပြီး အစိုးရ၏ စည်းမျဉ်း ဥပဒေများကိုလျှော့ချ၍ ဗဟိုချုပ်ကိုင်မှုလျှော့ချခဲ့သည့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့သည်။

သမ္မတကင်ယောင်ဆမ်း (၁၉၉၃ - ၁၉၉၈) လက်ထက်တွင် မူဝါဒညှိနှိုင်းမှုကို တိုးတက်ကောင်းမွန်စေရန် အစိုးရအတွင်း အဓိက ပြင်ဆင် ပြောင်းလ `ဖွဲ့စည်းမှုကို လုပ်ဆောင်ခဲ့ပါသည်။ လုပ်ဆောင်ချက်များကို လျှော့ချရန် အားထုတ်သည့် `အထူးဝန်ကြီးဌာန (super ministry)’ စနစ်တစ်ခုကို အဆိုပြုသည့် အုပ်ချုပ်ရေးဆိုင်ရာ တီထွင်ဆန်းသစ်မှု သမ္မတရေးရာ ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့သည်။ ဥပမာ - ဩဇာကြီးမားလှသည့် စီးပွားရေးစီမံကိန်းအဖွဲ့ကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဘဏ္ဍာရေးနှင့် စီးပွားရေး ဝန်ကြီးဌာနအသစ်ကို ဖွဲ့စည်းခဲ့ပါသည်။

သမ္မတကင်မ်ဒေးဂျုံ (၁၉၉၈ - ၂၀၀၃) လက်ထက်တွင် ပြည်သူရေးရာ စီမံခန့်ခွဲမှုပုံစံအသစ်ပေါ် အခြေခံသည့် အာရှငွေကြေးဆိုင်ရာ အကြပ် အတည်းများအပြီး ပြုပြင်ပြောင်းလဲရေးလှိုင်းတစ်ခုကို မိတ်ဆက်ခဲ့ပါသည်။ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ နိုင်ငံပိုင်လုပ်ငန်း ပြုပြင်ပြောင်းလဲမှု၊ စည်းမျဉ်းစည်းကမ်းများကို လျှော့ချခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့ကို အဓိကထား လုပ်ကိုင်သည့် သမ္မတရေးရာ အစိုးရ ပြုပြင် ပြောင်းလဲမှု မြှင့်တင်သည့် ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ သူ၏ အမှတ်အသားဖြစ်သည့် ပြုပြင်ပြောင်းလဲမှုများမှာ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းတွင် အဆင့်မြင့် ဝန်ထမ်းများကို စတင်မိတ်ဆက်ခဲ့ခြင်းနှင့် ယှဉ်မောင်းလိုင်စင်များ ထုတ်ပေးခြင်းကဲ့သို့သော လက်တွေ့ကျသည့် လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲသည့် ဝန်ဆောင်မှု အဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့ခြင်းတို့ပါဝင်ပါသည်။

သမ္မတရိုမြိုဟွန်း (၂၀၀၃ - ၂၀၀၈) လက်ထက်တွင် ပြည်သူ့လူထုအား ပွင့်လင်းမြင်သာပြီး လိုအပ်ချက်များကို တုန့်ပြန်လုပ်ဆောင်ပေးသည့် အစိုးရဖြစ်စေရန် အလေးထားလုပ်ဆောင်ခဲ့ပါသည်။ အီလက်ထရွန်နစ်နည်းပညာများကို အသုံးပြုသည့် အစိုးရ (e-government)၊ ဝန်ထမ်း စီမံခန့်ခွဲမှုနှင့် ဒေသန္တရအစိုးရတို့တွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို လုပ်ကိုင်သည့် အစိုးရ၏ တီထွင်ဆန်းသစ်ပြီး၊ ဗဟိုချုပ်ကိုင်မှု လျှော့မှုဆိုင်ရာ သမ္မတရေးရာ ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါ သည်။

သမ္မတလီမြောင်ဘတ် (၂၀၀၈ - ၂၀၁၃) ကမူ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်သည့် ယခင် သမ္မတများ၏ အဓိက အာရုံစိုက် လုပ်ဆောင်ချက်များကို ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ စည်းမျဉ်းစည်းကမ်းများ လျှော့ချရေးကို အလေးအနက်ထားသည့် အမျိုးသား ယှဉ်ပြိုင် မှုမြှင့်တင်ရေးဆိုင်ရာ သမ္မတရေးရာ ကောင်စီတစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။

## ၂။ ပြည်သူ့ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကို ဆက်လက်တိုးတက်စေရေး

အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ပြည်သူ့ဘဏ္ဍာငွေကြေးများကို စီမံခန့်ခွဲမှုသည် အလွန်အရေးကြီးသည့် ကဏ္ဍမှ ပါဝင်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေကဲ့သို့သော အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖေါ်ရန် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အနီးကပ်လုပ်ကိုင် ဆောင်ရွက်လျှက်ရှိပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်သူ့ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေး မဟာဗျူဟာတွင် အခွန်စီမံအုပ်ချုပ်မှု၊ ဘဏ္ဍာရေး မူဝါဒနှင့် နိုင်ငံပိုင်လုပ်ငန်း ကြီးကြပ်ကွပ်ကဲ မှုတို့တွင် တိုးတက်ကောင်းမွန်စေရန် ပြုလုပ်ခြင်းများ ပါဝင်ပါသည်။ ဤနယ်ပယ်ရှိ အခြားပြုပြင်ပြောင်းလဲမှုများတွင် အောက်ပါတို့မှ တစ်ခုသို့မဟုတ် ပိုသည့်ကိစ္စရပ်များလည်း ပါဝင်နိုင်ပါသည်။

ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်) သည် အစိုးရ၏ အရေးကြီးဆုံး ပြည်သူ့ရေးရာမူဝါဒ ကြေညာချက် အဖြစ်ပြန်လည်ရောက်ရှိစေရန် လိုအပ်ပါသည်။ လွှတ်တော်နှင့် ပြည်သူလူထုအနေဖြင့် ပြည်သူ့ ဘဏ္ဍာအခွန်ငွေနှင့် အသုံးစရိတ်များနှင့် ပတ်သက်သည့် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်နိုင်ခွင့်ရရှိရန် နှင့် နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ပြည်သူ့အခွန်ဘဏ္ဍာနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်လိုအပ်သည်ဟု ဆိုလိုပါသည်။ (ပုံစံကွက်- ၂၃ ကို ကြည့်ပါ။)

### ပုံစံကွက် - ၂၃ ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်) ပွင့်လင်းမြင်သာမှုရှိရေး လုပ်ဆောင်ချက်

အစိုးရ၏ ရသုံးမှန်းခြေစာရင်းများကို အများပြည်သူသိရှိစေရန် အချက်အလက်များပေးခြင်း နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူလူထုများအား ပါဝင်ခွင့်ပေးခြင်းတို့က မူဝါဒဆိုင်ရာ အကျိုးရလဒ်များကို တိုးတက်ကောင်းမွန်စေနိုင်သည်။ ဆန့်ကျင်ဘက်အနေဖြင့်၊ သတင်းအချက်အလက်များ အမှောင်ချထားခြင်းက အစိုးရများအား လူကြိုက်မများလှသည့်၊ အကျိုးမရှိနှင့် မရိုးသားသည့် အသုံးစရိတ်များကို ဖျောက်ထားရန် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ပြီး၊ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအတွက် အသုံးပြုနိုင်သည့် အရင်းအမြစ်များကို လျော့ကျစေသည်အထိ ဖြစ်နိုင်ပါသည်။

International Budget Partnership အဖွဲ့က နှစ်အနည်းငယ်အကြာတခါ စံနှုန်းသတ်မှတ်ချက် သုံးခုဖြင့် နိုင်ငံပေါင်း ၁၀၀ ကျော်၏ လုပ်ဆောင်ချက်များကို ကြပ်မတ်ကြည့်ရှုသည့် ရသုံးမှန်းခြေစာရင်း ပွင့်လင်းမြင်သာမှု သုတေသနလေ့လာချက် (Open Budget Survey) ကိုထုတ်ပြန်ပါသည်။ ယင်းစံနှုန်း သုံးချက်မှာ ပွင့်လင်းမြင်သာမှုရှိသည့် ရသုံးမှန်းခြေစာရင်း(ဘတ်ဂျက်)၊ (ပြည်သူလူထု) ပါဝင်ခွင့်ရှိသည့် ရသုံးမှန်းခြေစာရင်းနှင့် ဘတ်ဂျက်ကို ကြပ်မတ်ကြည့်ရှုမှု တို့ဖြစ်ပါသည်။ ၂၀၁၂ခုနှစ်တွင် မြန်မာနိုင်ငံသည် အမှတ် ၁၀၀ ပေးရာတွင် ရသုံးမှန်းခြေစာရင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များအားလုံးနီးပါးကို ပြည်သူလူထုအား သိရှိခွင့်မပေးခဲ့သည့်အတွက် သုည သာရရှိခဲ့ပါသည်။ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများအားလုံး၏ လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံထက် များစွာကောင်းမွန်ပါသည်။

ယခုအခါ မြန်မာနိုင်ငံသည် လွှတ်တော်နှင့် လွတ်လပ်သည့် သတင်းမီဒီယာတို့မှ ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်) ရလဒ်များအပေါ် စိတ်ဝင်စားမှုရှိပြီး၊ အစိုးရ၏ ဘတ်ဂျက်များ၊အသုံးစရိတ်များနှင့် ပတ်သက်သည့် သတင်းအချက် အလက်များကို ပို၍တောင်းဆိုမှုများ ရှိလာပါသည်။ ပြည်သူ့ဘဏ္ဍာငွေနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ကောင်းမွန်တိုးတက်မှုရှိလာစေရန် လွှတ်တော်ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးဝန်ကြီးတို့အနေဖြင့် အရေးယူလုပ်ဆောင်ရမည့် လုပ်ငန်းများကို ပွင့်လင်းမြင်သာသည့် ရသုံးမှန်းခြေစာရင်း သုတေသန လေ့လာချက် (Open Budget Survey) မြန်မာနိုင်ငံ အစီရင်ခံစာတွင် ထည့်သွင်းဖေါ်ပြထားပါသည်။ အရေးယူလုပ်ဆောင်ရမည့် လုပ်ငန်းများတွင် -

- ရသုံးမှန်းခြေစာရင်း အဆိုပြုလွှာ၊ အတည်ပြုသည့် ရသုံးမှန်းခြေစာရင်း၊ ဘဏ္ဍာရေးနှစ်အတွင်း အစီရင်ခံစာများ၊ ၆လ (နှစ်လယ်) ဘတ်ဂျက် ဆန်းစစ်သုံးသပ်ချက်၊ နှစ်အဆုံး အစီရင်ခံစာ၊ စာရင်းစစ်ချက် အစီရင်ခံစာတို့ကို ထုတ်ဝေခြင်း၊ လက်ရှိတွင် ယင်းစာရွက်စာတမ်းများမှာ ဌာနတွင်း အသုံး ပြုရန်အတွက်သာ ထုတ်ဝေနေပါသည်။

- အကြို - ရသုံးမှန်းခြေစာရင်း ဖေါ်ပြချက်နှင့် နိုင်ငံသားများအတွက် (လွယ်ကူစွာနားလည်စေနိုင်သော) ဘတ်ဂျက်များ ထုတ်ဝေခြင်း။

- လွှတ်တော်အတွင်းတွင် ရသုံးမှန်းခြေစာရင်း (ဘတ်ဂျက်) ကို ဆန်းစစ်သုံးသပ်နိုင်ပြီး၊ အကြိုဘတ်ဂျက် မူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုန်မှုလုပ်နိုင်သည့် စွမ်းရည်ရှိစေခြင်း၊ ရသုံးမှန်းခြေ စာရင်း (ဘတ်ဂျက်) ဦးစားပေးမှုများနှင့် ပတ်သက်သည့် အစိုးရနှင့်ဆွေးနွေးပိုင်ခွင့်နှင့် ပြင်ဆင်ခွင့်များ တရားဝင်လုပ်ပိုင်ခွင့်ရှိစေခြင်း

The *Open Budget Survey* ၏ အစီရင်ခံစာကို http://internationalbudget.org/wp-content/uploads/OBI2012-MyanmarCS-English.pdf တွင် သွားရောက်ဖတ်ရှုနိုင်ပါသည်။

အာဏာရှင်အစိုးရများ၏ ဦးစားပေးလုပ်ဆောင်ချက်များသည် ဒီမိုကရေစီအစိုးရများနှင့် ကွာခြားမှုများရှိပါသည်။ ဆွေးနွေးခဲ့သည့်အတိုင်း၊ မကြာသေးမီကာလကအထိ အုပ်ချုပ်ခဲ့သည့် စစ်အစိုးရ လက်ထက်တွင် မြန်မာနိုင်ငံသည် ဘတ်ဂျက်၏ အချိုးအဆများစွာကို စစ်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တွင် အသုံးပြုခဲ့ပြီး ပညာရေးဘတ်ဂျက်အချိုးအဆမှာ အလွန် နည်းပါးလှပါသည်။

မြန်မာနိုင်ငံသည် လျှင်မြန်စွာချဲ့ထွင်လုပ်ကိုင်လာသည့် ရေနံနှင့်ဓါတ်ငွေ့ကဏ္ဍမှရရှိသည့် ဘဏ္ဍာငွေကြေးများလည်း ပိုမိုရရှိ လာနေပြီဖြစ်ပါသည်။ ယင်းဘဏ္ဍာငွေကြေးများသည် တိုင်းပြည်အတွက် များစွာအကျိုးဖြစ်ထွန်းစေသင့်ပြီး၊ `သယံဇာတကျိန်စာ` မဖြစ်စေရန် အစိုးရအနေဖြင့် အကာအကွယ် ပေးသင့်ပါသည်။ လွှတ်တော်နှင့် ပြည်သူလူထုအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတများအပေါ် တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ချက်များအပေါ် ယုံကြည်ချက်ရှိနေရန်လည်း အလွန်အရေးကြီးပါသည်။ မြန်မာနိုင်ငံသည် Extractive Industry Transparency Initiative ၏ အဖွဲ့ဝင် ဖြစ်လာခဲ့ခြင်းသည် ယင်းလမ်းပေါ်သို့ရောက်ရှိရန် ပထမခြေလှမ်းပင်ဖြစ်ပါသည်။

## ၃။ ကျွမ်းကျင်မှုရှိသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်ထွန်းလာစေခြင်း

နိုင်ငံ့ဝန်ထမ်းများကို ကျွမ်းကျင်မှုရှိသူများ (professional) ဖြစ်လာစေခြင်းက နိုင်ငံသားများစွာ၏ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ်တွင် မယုံကြည်မှုကို ဖယ်ရှားပေးနိုင်မည် ဖြစ်သည်။

အစိုးရက နိုင်ငံ့ဝန်ထမ်းအက်ဥပဒေတစ်ခုကို ပြဋ္ဌာန်းပြီး ခေတ်မီ လုပ်ငန်းသဘောနားလည်ကျွမ်းကျင်သည့် အားလုံးပါဝင်ခွင့်ရသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ပံ့ပိုးပေးခဲ့ပါသည်။ ဤနယ်ပယ်ရှိ အခြားပြုပြင်ပြောင်းလဲမှုများတွင် -

***နိုင်ငံ့ဝန်ထမ်းရာထူးများကို မြန်မာနိုင်ငံသားများအားလုံးအတွက်ဖြစ်စေရန် လိုအပ်ပါသည်။*** ဤသို့ ဖြစ်စေရန် ဝန်ထမ်းခန့်ထား ရေးနှင့် ရာထူးတိုးမြှင့်ရေးဆိုင်ရာ အလေ့အကျင့်များကို ပြောင်းလဲခြင်းတို့ ပါဝင်ပါသည်။ ယခင်တပ်မတော်အစိုးရ၏ အမွေများ အနက် တစ်ခုမှာ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအများစု၏ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များမှာ ယခင် တပ်မတော် အရာရှိများ ဖြစ်နေခြင်းဖြစ်ပါသည်။ အမျိုးသမီးများနှင့် တိုင်းရင်းသား လူနည်းစုများသည် နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်း များတွင် ဆက်လက်နည်းပါးနေဆဲပင်ဖြစ်သည်။

***နိုင်ငံ့ဝန်ထမ်းလေ့ကျင့်သင်ကြားမှုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ဒီမိုကရေစီဆိုင်ရာ တန်ဖိုးထားမှုများ ထင်ဟပ်မှု ရှိရန်လည်း လိုအပ်ပါသည်။*** ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ဖေါင်ကြီး၊ မန္တလေး လေ့ကျင့်ရေးသင်တန်းကျောင်းနှင့် အထွေထွေ အုပ်ချုပ်ရေးဌာန၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အုပ်ချုပ်ရေး သင်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားရေးနည်းပညာများကို ခေတ်မီအောင် လုပ်ဆောင်ရန်လည်းလိုအပ်ပါသည်။ ယခင်အာဏာရှင်စစ်အစိုးရသည် အခြေခံ နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်သင်ကြားခြင်းကို သဘောတရားရေးရာများ သွတ်သွင်းပို့ချသည့် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့ပါသည်။ ပို၍ ခေတ်မီပြီး၊ အပြန်အလှန် ဆွေးနွေးမှုရှိသည့် သင်ကြားမှုနည်းစနစ်များကို အသုံးပြုသင့်ပြီး၊ ပြန်လည်ပြင်ဆင်သည့် သင်ရိုးညွှန်းတမ်းသည်လည်း ဒီမိုကရေစီဆိုင်ရာ တန်ဖိုးထားမှုများကို ထင်ဟပ်နေသင့်ပါသည်။ သင်တန်းသည် ဈေးကွက်စီးပွားရေးစနစ်နှင့် ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးနှင့် ပေါင်းစည်းရေးတို့ကို မြှင့်တင်ပေးခြင်း ကဲ့သို့သော လုပ်ငန်းတာဝန်ဝတ္တရားအသစ်များအတွက် နိုင်ငံ့ဝန်ထမ်းများအား ပြင်ဆင်ပေးနိုင်သင့်သည်။

***ပြည်သူ့ရေးရာဝန်ဆောင်မှုကို နည်းဗျူဟာကျ စီမံခန့်ခွဲခြင်းအား ပိုမိုတိုးတက်အားကောင်းစေခြင်း။*** နိုင်ငံအတော်များများတွင် နည်းဗျူဟာနှင့် မူဝါဒဆိုင်ရာ အခန်းကဏ္ဍများတွင် အားကောင်းသော ပြည်သူ့ဝန်ဆောင်မှုဝန်ကြီးဌာန သို့မဟုတ် ကော်မရှင်က ပြည်သူ့ရေးရာဝန်ဆောင်မှုများကို စီမံခန့်ခွဲသည်။ မြန်မာနိုင်ငံ၏ အာဏာရှင်အစိုးရများအားလုံးသည် နိုင်ငံ့ဝန်ထမ်းများအား ခန့်ထားရာတွင် နိုင်ငံရေးစွက်ဖက်မှု များရှိပြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို အားနည်းအောင် ပြုလုပ်ခဲ့ကြပါသည်။ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ၏ မဟာဗျူဟာ ကျသော စီမံခန့်ခွဲမှုကို ပြန်လည်သုံးသပ်ခြင်းက ပြုပြင်ပြောင်းလဲမှုအတွက် ရွေးချယ်စရာ နည်းလမ်းများအတွက် အကြံဉာဏ်များ ပေးနိုင်ပါသည်။ ပြည်သူ့ရေးရာကဏ္ဍ၏ ခိုင်မာသောကျောရိုးကဲ့သို့ရှိနေသည့် အထွေထွေ အုပ်ချုပ်ရေးဌာန၏ အရေးပါမှုကြောင့် အထွေထွေအုပ်ချုပ်ရေး၏ မဟာဗျူဟာ စီမံခန့်ခွဲမှုကိုလည်း အလားတူ ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။

**ပုံစံကွက် - ၂၄ အာရှနိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်း စီမံခန့်ခွဲမှု အဖွဲ့အစည်းများ**

သမိုင်းအစဉ်အလာအားဖြင့် အာရှတိုက်ရှိ နိုင်ငံများစွာတွင် ဝန်ထမ်းစီမံခန့်ခွဲမှုနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု အဆင့်အတန်းများကို ထိန်းချုပ်သော ဗဟိုဦးစီးချုပ်ကိုင်သည့် ဝန်ထမ်းစီမံခန့်ခွဲမှု စနစ်များရှိခဲ့ကြပါသည်။ ဗြိတိသျှ အုပ်ချုပ်ရေး အစဉ်အလာတွင် ပြည်သူ့ဝန်ထမ်းကော်မရှင်များကို

ဖွဲ့စည်းပြီး၊ အရည်အချင်းပေါ် အခြေခံသည့် ရွေးချယ်ခန့်ထားမှုနှင့် ရာထူးတိုးပေးသည့်စနစ်များကို ကျင့်သုံးခဲ့ပါသည်။ တခါတရံ ယှဉ်ပြိုင်ရသည့် စာမေးပွဲများနှင့် အခြား ဓမ္မဓိဌာန်ကျကျ ရွေးချယ်မှုနှင့် ရာထူးတိုးပေးသည့် စံနှုန်းများချမှတ်ထားပါသည်။

မလေးရှားနိုင်ငံတွင် ပြည်သူ့ဝန်ထမ်း ဝန်ကြီးဌာနက အဓိကဝန်ထမ်းစီမံခန့်ခွဲမှု လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲပါသည်။ ရဲဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ ရထားဝန်ထမ်းများ၊ ဥပဒေနှင့် တရားစီရင်ရေး ဝန်ထမ်းများကဲ့သို့သော အခြားအစိုးရဝန်ထမ်းများကို ခန့်အပ်ရန်အတွက် သီးခြား ကော်မရှင်များ ရှိပါသည်။

စင်ကာပူနိုင်ငံတွင် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်သူ့ဝန်ထမ်းဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဌာနတို့မှတဆင့် ဝန်ထမ်းများစီမံခန့်ခွဲမှုကို လုပ်ဆောင်ပါသည်။ ပြည်သူ့ဝန်ထမ်းဌာနက မူဝါဒ၊ ညှိနှိုင်း ဆောင်ရွက်မှု၊ လစာနှင့် အဆင့်ဖွဲ့စည်းပုံများ၊ သင်တန်းနှင့် လုပ်ဆောင်နိုင်သည့် စွမ်းရည်တို့ကို စီမံခန့်ခွဲပါသည်။ ရသုံးမှန်းခြေငွေစာရင်းဌာနက အစိုးရ၏ ရာထူးအဆင့်ဆင့်တွင် ပြည်သူ့ဝန်ထမ်းဦးရေ လုံလောက်စွာရှိမှုနှင့် ကျွမ်းကျင်မှုမျိုး စုံရှိသည့် ဝန်ထမ်းများ အချိုးအစားတကျရှိမရှိကို (establishment control) ဖြင့် စီမံခန့်ခွဲပါသည်။ Establishment control ဆိုသည်မှာ အစိုးရက အသုံးအဖြတ်ပေးသည့် နည်းလမ်းများကို ရည်ညွှန်းသည့် အသုံးအနှုန်းတစ်ခုဖြစ်ပါသည်။ အခြား ဝန်ထမ်းစီမံခန့်ခွဲမှုကိစ္စရပ် အများစုကို သက်ဆိုင် ရာဝန်ကြီးဌာနများသို့ တာဝန်ခွဲဝေပေးထားပါသည်။ ပြည်သူ့ဝန်ထမ်းကော်မရှင်က ယခုအခါ အဆင့်မြင့်အရာရှိများ ခန့်ထားရေး၊ စည်းကမ်း ထိန်းသိမ်းရေးနှင့် အယူခံဝင်ခြင်းများကို အဓိကိုင်တွယ်ပါသည်။

အိန္ဒိယနိုင်ငံတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့က အိန္ဒိယအုပ်ချုပ်ရေးအဖွဲ့ (IAS)၊ အိန္ဒိယရဲတပ်ဖွဲ့(IPS)နှင့် အိန္ဒိယ သစ်တောအဖွဲ့များ (IFS) ပါဝင် သည့် အိန္ဒိယတနိုင်ငံလုံးရှိ ပြည်သူ့ဝန်ထမ်းများ အဖွဲ့များအတွက် စာမေးပွဲစနစ်ဖြင့် ရွေးချယ်ခန့်ထားခြင်းကို စီမံခန့်ခွဲပါသည်။ ဝန်ထမ်းများ၊ ပြည်သူ များ၏ နစ်နာမှုများနှင့်ပင်စင်များ ဝန်ကြီးဌာနက အုပ်ချုပ်ရေး၊ ရဲတပ်ဖွဲ့နှင့် သစ်တောအဖွဲ့များအတွက် ဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များကို စီမံ ခန့်ခွဲပေးပါ သည်။ ပြည်နယ် ရာထူးဝန်အဖွဲ့များက အိန္ဒိယရှိ ပြည်နယ်အုပ်ချုပ်ရေး ယန္တရားများအတွက် ပြည်သူ့ဝန်ထမ်းများကို ရွေးချယ်ခန့်ထားပေးသည်။

OECD နိုင်ငံများတွင် မကြာသေးမီနှစ်များက ဝန်ထမ်းစီမံခန့်ခွဲမှုလုပ်ငန်းဆောင်တာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ လွှဲပြောင်းတာဝန်ခွဲပေး နေချိန်တွင်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ဦးစားပေးလုပ်ငန်းများမှာ ကောင်းမွန်စွာ လည်ပတ်နေသည့်၊ အရည်အချင်းအပေါ် အခြေခံသည့် တာဝန်ခံမှု ရှိသည့် ဗဟိုရွေးချယ်ခန့်ထားရေး လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာစေရေးပင်ဖြစ်ပါသည်။ လုပ်ငန်းဆောင်တာများကို ခွဲဝေလုပ်ဆောင်စေခြင်းက အဂတိ လိုက်စားမှုများနှင့် မညီမျှမှုတို့ကို ပိုမိုများပြားစေနိုင်ပြီး၊ အားနည်းသည့် အုပ်ချုပ်မှုစနစ်များ၏ ပြဿနာများကို ပိုမိုဆိုးရွားစေနိုင်ပါသည်။

## ၄။ ထိရောက်မှုရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများကို ဖွဲ့စည်းခြင်း

မြန်မာ့နိုင်ငံရေးသမိုင်းတွင် အရဲရင့်ဆုံး ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအနက် တစ်ခုမှာ ပြည်နယ်နှင့် တိုင်း ဒေသကြီးအစိုးရများကို ဖွဲ့စည်းခဲ့ခြင်းပင်ဖြစ်သည်။ ဗြိတိသျှ အုပ်ချုပ်ခဲ့သည့် အိန္ဒိယမှစတင်ပြီး ဗဟိုချုပ်ကိုင်မှုမြင့်မားလှသည့် ဆုံးဖြတ်ချက်ချမှတ်မှု အစဉ်အလာတစ်ခုကို ပြောင်းပြန်လှန်ခဲ့ခြင်း ဖြစ်ပါသည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင်အစိုးရများ ဖွဲ့စည်းပေးခဲ့ခြင်းဖြင့် ပြည်သူ့ ရေးရာ အုပ်ချုပ်မှုတွင် အဓိကအပြောင်းအလဲတစ်ခုကို စတင်ခဲ့ပါသည်။ သို့ရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ အတွက် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အခြေခံများကိုမူ ချမှတ်နိုင်ခြင်း မရှိသေးချေ။ ထို့ကြောင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ငန်းဆောင်တာများကို ဆီလျော်အောင် ခွဲဝေချမှတ်ရေးအတွက် စဉ်းစားရန်အခြားမူဝါဒ လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်နေပါသည်။

မြန်မာနိုင်ငံသည် ဗဟိုအစိုးရနှင့် ပြည်နယ်ခွဲအစိုးရများအကြား အောင်မြင်စွာ လုပ်ငန်းဆောင်တာများကို ခွဲဝေခဲ့ကြသည့် အိန္ဒိယ၊ မလေးရှားနှင့် ဩစတြေးလျကဲ့သို့နိုင်ငံများ၏ အတွေ့အကြုံများကိုလည်း လေ့လာနိုင်ပါသည်။ အစိုးရသည် ပညာရေးကဲ့သို့သော အရေးကြီးသည့် ကဏ္ဍတစ်ခုကို ရွေးချယ်ပြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုအစိုးရများအကြား တာဝန်ဝတ္တရားအမျိုးမျိုးကို ခွဲဝေချထားခြင်း၏ အကျိုးဆက်များကို မူဝါဒပြန်လည်သုံးသပ်မှုတစ်ခု၏ အစိတ်အပိုင်းအဖြစ်ဖြင့် စဉ်းစားလုပ်ဆောင်နိုင်ပါသည်။

အာရှဖောင်ဒေးရှင်းနှင့် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့ ပူးပေါင်း ပြုလုပ်သည့် လေ့လာဆန်းစစ်မှုသည် ယခုအထိ လုပ်ဆောင်ပြီးသည်ထက် ပိုမိုကောင်းမွန်သည့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး နည်းလမ်း လိုအပ်ကြောင်းကို အလေးထားတင်ပြထားပါသည်။ ယင်းသို့လုပ်ဆောင်ရန် အစိုးရအနေဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး မူဘောင်တစ်ခု ရေးဆွဲချမှတ်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချရေးဆိုင်ရာ မူဝါဒချမှတ်ရန်နှင့် အကောင်အထည်ဖော်မှုများကို ကြီးကြပ် ကွပ်ကဲရန် အဖွဲ့အစည်းတစ်ခုကို တာဝန်ပေးသင့်ပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည် ပြင်ဆင်ရန် သင့်တော်သည့်အချိန်တွင် လွှတ်တော်သို့ အဆိုပြုလွှာတင်ပြနိုင်ရန် အစိုးရကို ပံ့ပိုးကူညီပေးနိုင်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းအုပ်ချုပ်ပုံပါ ဇယား (၂) တွင် ဖော်ပြထားသည်ထက် ပိုမိုပြည့်စုံစွာ ဖော်ပြပေးနိုင်ပါလိမ့်မည်။

## ၅။ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်စေခြင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ `ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှု`တွင် အဓိကအပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ လျှပ်စစ်မီး ကောင်းစွာရရှိရေး၊ သောက်ရေ၊ ဆည်မြောင်းနှင့် အလုပ်အကိုင်ကဲ့သို့သော ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဦးစားပေး ခြင်းနှင့် ပြည်သူများ၏ နေ့စဉ်ဘဝများကို အကျိုးသက်ရောက်စေနိုင်သည့် ဆုံးဖြတ်ချက်များကို ပုံဖော်ရာတွင် တက်ကြွစွာ ပါဝင်နေသည့် မြို့နယ်အဆင့်ကော်မတီများတွင် ပြည်သူများကို ပါဝင်စေခြင်းတို့ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်စတင်ခဲ့ပြီးသည့် ပြုပြင်ပြောင်းလဲမှုများတွင် စီးပွားရေးလုပ်ငန်းစဉ်များကို ရိုးရှင်းစွာလုပ်ဆောင်ရန် `ကြိုးနီစနစ်`ဖြတ်တောက်ခြင်းနှင့် နိုင်ငံကူးလက်မှတ်များကို လွယ်ကူ မြန်ဆန်ပြီး ဈေးနှုန်း သက်သာစွာဖြင့် ရရှိအောင်လုပ်ဆောင် ပေးခြင်းတို့ပါဝင်ပြီး၊ လူများစွာ နိုင်ငံခြားတွင် ပညာသင်ကြား၊ အလုပ်လုပ်ကိုင် လာနိုင်ခဲ့ပါသည်။

ရပ်ရွာအဆင့်ဆုံးဖြတ်ချက်တွင် နိုင်ငံသားများအား ပါဝင်စေရန် မြို့နယ်ကော်မတီများကို ဖွဲ့စည်း ပေးခြင်းနှင့်အတူ မြို့နယ်အဆင့်တွင် ပြည်သူများ၏ မကျေနပ်များကို တိုင်တန်းဖြေရှင်းပေးနိုင်သည့် စနစ်တစ်ခု ရှိသင့်ပါသည်။ လက်ရှိအခြေအနေ တွင်မူ ပြည်သူလူထုသည် ဝန်ထမ်းများ၏ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များကို ပြန်လည်မေးခွန်းထုတ်နိုင်သည့် အခြေအနေမျိုး မရှိလှသေးချေ။ သမ္မတဦးသိန်းစိန်က နိုင်ငံ့ဝန်ထမ်းများ၏ `စိတ်ဓါတ်အမူအကျင့်`ကို ပြောင်းလဲရန် ပြောဆိုခဲ့ပြီး တိုင်တန်းမှုစနစ်သည် ယင်းအချက်ကို လက်တွေ့ဖြစ်စေနိုင်သည့် နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။

### ပုံစံကွက် - ၂၅ မလေးရှားနိုင်ငံ၏ ပြည်သူများ၏ မကျေနပ်မှုတိုင်ကြားသည့် ဗျူရို

"ပြည်သူများ၏တိုင်ကြားချက်များကို ကြားရသည်မှာ နားမချမ်းသာစရာဖြစ်သော်လည်း အစိုးရ အဖွဲ့အစည်းများအနေဖြင့် လျစ်လျူရှု၍မရနိုင်သည့် အဖိုးတန်လှသည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများကို ထပ်မံကောင်းမွန်အောင် လုပ်ဆောင်နိုင်ရန်အတွက် စိတ်ထဲ ရှိသော်လည်း ပြောမထွက်သည့် ကိစ္စရပ်များစွာကို သိရှိခွင့်ရရှိပြီး၊ အသုံးဝင်လှသည့် သဲလွန်စများ ကိုလည်း ပေးလေ့ရှိပါသည်။ အစိုးရအဖွဲ့အစည်း များအနေဖြင့် တိုင်ကြားချက်များကို ကြိုဆိုသင့်ပါသည်။" (ဒေါက်တာ တမ်ဝန်ဝါး၊ ပြည်သူ့မကျေနပ်မှုတိုင်ကြားရေး ဗျူရို၊ ဝန်ကြီးချုပ်ရုံးဌာန၊ မလေးရှား)

၁၉၇၀ခုနှစ်များတွင် မလေးရှားနိုင်ငံက အစိုးရအဖွဲ့အစည်းများကို လူထု၏ ဝေဖန်အကြံပြု တိုင်ကြားချက်များကို သိရှိစေရန်အတွက် ပြည်သူ့ မကျေနပ်မှုတိုင်ကြားရေး ဗျူရိုကို ဖွဲ့စည်းခဲ့ပါသည်။ မကျေနပ်မှုအများဆုံးမှာ ဝန်ဆောင်မှုညံ့ဖျင်းသည့် အစိုးရဝန်ထမ်းများနှင့် ရိုင်းစိုင်းသည့် ဝန်ထမ်းများအပေါ် တိုင်ကြားချက်များဖြစ်ပါသည်။ ပြည်သူလူထုက တရားမျှတမှုမရှိသော၊ ဥပဒေနှင့်မညီသော အုပ်ချုပ်ရေးတွင်မှန်ကန်မှုမရှိသော၊ မမှန်မကန်လုပ်ကိုင်မှုများ ပါရှိသည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ်လည်း တိုင်တန်းကြပါသည်။

ပြည်သူ့မကျေနပ်မှုတိုင်ကြားရေး ဗျူရိုကို ဝန်ကြီးချုပ်ရုံး အာဏာဖြင့် ကျောထောက်နောက်ခံပေးထားပါသည်။ မလေးရှားနိုင်ငံ၏ အမြင့်ဆုံး နိုင်ငံ့ဝန်ထမ်းဖြစ်သည့် အတွင်းရေးမှူးချုပ်က ပြည်သူ့မကျေနပ်ချက်များ တိုင်ကြားရေး အမြဲတမ်းကော်မတီ၏ သဘာပတိအဖြစ် ဆောင်ရွက်ပါ သည်။ ဗျူရိုကို အရေးကြီးသည့် တိုင်တန်းချက်များကို ကိုယ်တိုင်စုံစမ်းစစ်ဆေးနိုင်ရုံမက၊ အစိုးရဝန်ကြီး ဌာနများ၏ အရေးယူဆောင်ရွက်မှုတို့ကို ဆက်လက်ကြည့်ရှုနိုင်သည့် လုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းတစ်ဦးက ပံ့ပိုးဆောင်ရွက်ပေးပါသည်။

ဗျူရိုသည် ဘုတ်အဖွဲ့တစ်ခုလုံး၏ ဝန်ဆောင်မှုများ တိုးတက်လာစေနိုင်သည့် ကြီးမားသည့်အကျိုးဆက်များရှိသည့် ကိစ္စများ သို့မဟုတ် တစ်နိုင်ငံလုံး နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဖော်ထုတ်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။

သမ္မတရုံးသည် မဟာဗျူဟာကျသည့် ဦးစားပေးလုပ်ငန်းများအတွက် ရည်မှန်းချက်များ ချမှတ်ခြင်းနှင့် လုပ်ဆောင်ချက်များကို လိုက်လံကြည့်ရှုအကဲဖြတ်ခြင်းတို့တွင် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ပြုပြင်ပြောင်းလဲရန် ဦးစားပေး လုပ်ငန်း တစ်ခုတွင် လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ သတင်းအချက်အလက်များ၏ အရည်အသွေးနှင့်ပတ်သက်သည့် သတင်းအချက် အလက်များကို အစိုးရအနေဖြင့် ရရှိနိုင်မှုကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းဖြစ်သည်။ သို့မှသာလုပ်ငန်း ဆောင်ရွက် ချက်များကို စောင့်ကြည့်အကဲဖြတ် နိုင်မည်ဖြစ်သည်။ ယခုလက်ရှိတွင် ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပတ်သက်ပြီး အစိုးရ၊ လွှတ်တော် သို့မဟုတ် ပြည်သူလူထုတို့ရရှိနိုင်သည့် သတင်းအချက်အလက်မှာ အလွန်နည်းပါးလှပါသည်။ ကမ္ဘာပေါ်ရှိ ဝန်ဆောင်မှု လုပ်ငန်း တိုးတက်စေခြင်းနှင့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများ၏ အောင်မြင်မှုတို့တွင် စောင့်ကြည့် အကဲဖြတ်မှုအားကောင်းခြင်းက အလွန်ပင်အရေးကြီးကြောင်း ညွှန်ပြလျှက်ရှိပါသည်။

ကျန်းမာရေး၊ လျှပ်စစ်စွမ်းအင်၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းကဲ့သို့သော လုပ်ငန်းများနှင့်ဆက်စပ်သည့် သီးခြားဝန်ကြီးဌာနများမှ တာဝန်ယူလုပ်ကိုင်နိုင်သည့် အခြားတိုးတက်ကောင်းမွန်စေရန် လုပ်ဆောင်နိုင်သည့် ဝန်ဆောင်မှု လုပ်ငန်းများလည်း ရှိပါသည်။

ဤစာတမ်းတွင် ယင်းကိစ္စရပ်များကို အသေးစိတ် မဆွေးနွေးထားဘဲ၊ ကျယ်ပြန့်သည့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှု၏ အစိတ်အပိုင်း တစ်ခုအဖြစ်ထက် သက်ဆိုင်ရာဝန်ကြီးများနှင့် ယင်းတို့၏ အကြံပေးပုဂ္ဂိုလ်များမှ ကိုင်တွယ်သင့်ပါသည်။

## ၆။ သန့်ရှင်းသော အစိုးရနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး

အရေးယူမှုမရှိသည့် အဂတိလိုက်စားမှုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ် ကြီးမားသည့် အကျိုးဆက်တစ်ခုကို ဖြစ်ထွန်းစေနိုင်ပါသည်။ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုနှင့် ပတ်သက်ပြီး ကမ္ဘာပေါ်တွင် အဆင့်အနိမ့်ဆုံးရရှိသည့် နိုင်ငံများအနက် တစ်ခုဖြစ်ပြီး ပြည်သူလူထုအမြင်တွင်လည်း အစိုးရ၏ တရားဝင်ဖြစ်မှုကို များစွာမေးခွန်းထုတ်စေခဲ့သည့် အကြောင်းရပ်တစ်ခု ဖြစ်ပါသည်။

အစိုးရသည် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ရှေ့နေချုပ်တို့ကို အဂတိလိုက်စားမှု လုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်စေခဲ့ပါ သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မတီကို သမ္မတမှ သဘာပတိအဖြစ် ဦးဆောင်ဖွဲ့စည်းခဲ့ပြီး အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအသစ်ကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။

သို့သော်လည်း ပြုပြင်ပြောင်းလဲမှုများကို ထပ်မံလုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ အစိုးရ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာသည် အခြေခံအချက်များကို အာရုံစိုက်ဦးစားပေးသည့်နည်းလမ်းတွင် ပြောင်းလဲရန် လိုအပ်ပါသည်။ အထူးသဖြင့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှုတွင် အခြေခံကျသည့် တိုးတက်ကောင်းမွန် အောင်လုပ်ဆောင်မှုများ ပြုလုပ်ရန် လိုအပ်ပါသေးသည်။

တိုးတက်လာသည့် အခွန်စနစ် ကြီးကြပ်မှုကလည်း အဂတိလိုက်စားမှုကို လျင်မြန်စွာ ဖြတ်တောက်ပေးနိုင်ပါသည်။ လက်ရှိစနစ်တွင် စီးပွားရေးလုပ်ငန်းများသည် ဒေသဆိုင်ရာ အခွန်အရာရှိများနှင့် အခွန်အခပေးဆောင်ရန်ကို ညှိနှိုင်းကြသည်။ တခါတရံတွင် ချမှတ်ထားသည့် အခွန်နှုန်းထားများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို သေချာစွာပင်မသိရှိကြပေ။ ထိုကဲ့သို့သော အမူအကျင့်များက စွဲမြဲသွားခဲ့လျှင် အစိုးရ၏ ဂုဏ်သိက္ခာကိုထိခိုက်စေရုံသာမက ပြည်သူလူထုအကြားတွင်လည်း အကျင့်ပျက် ခြစားသည့် အမူအကျင့်များကို ဖြစ်ထွန်းစေနိုင်ပါသည်။ အစိုးရသည် ကောက်ခံသင့်သည့် အခွန်ဘဏ္ဍာများကို မရရှိသည့်အတွက် နိုင်ငံသားများ၏ အကျိုးစီးပွားများ၊ လုပ်ဆောင်စရာများကို လုပ်သင့်သလောက်မလုပ်ပေးနိုင်ဆိုသည့် အဓိပ္ပါယ်လည်း သက်ရောက်ပါသည်။ အခွန်ကောက်ခံခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းသည့် လမ်းညွှန်ချက်များချမှတ်ပြီး အများပြည်သူ သိရှိစေခြင်းနှင့် အွန်လိုင်းမှပေးချေခြင်းကဲ့သို့သော အခြေခံအဂတိလိုက်စားမှု တိုက်ဖျက်ရေးနည်းလမ်းများကို ခေတ်မီဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနည်းစနစ်များက ဖော်ဆောင်ပေးသည်။

အပြိုင်အဆိုင်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ပြည်သူ့ပစ္စည်း/ဝန်ဆောင်မှုတို့ကို ဝယ်ယူအသုံးပြုသည့်စနစ်ကို လုပ်ဆောင်ခြင်းက အဂတိလိုက်စားမှုကို လျှော့ချစေနိုင်ပြီး ပြည်သူလူထုအတွက် ငွေကြေးနှင့် ထိုက်တန်သည့် ပိုမိုကောင်းမွန်သည့် တန်ဖိုးကို ရရှိစေနိုင်ပါသည်။ သမ္မတက အပြိုင်အဆိုင်စနစ်ဖြင့် တင်ဒါခေါ်ယူခြင်းကို ထောက်ခံကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင် အစိုးရ၌ အခြေခံပစ္စည်းနှင့် ဝန်ဆောင်မှုတို့ကို ဝယ်ယူသည့် (procurement) ဥပဒေ မရှိချေ။ အကျိုးဆက်အနေဖြင့် အစိုးရဝန်ကြီးဌာနများ သည် ပစ္စည်း/ဝန်ဆောင်မှုတို့ကို ဝယ်ယူရာတွင် မိမိတို့ဘာသာ လုပ်ထုံးလုပ်နည်းများ ချမှတ်ပြီး ကျင့်သုံးလုပ်ကိုင်ကြ ပါသည်။

မြန်မာနိုင်ငံတွင် လိုင်စင်ချပေးရာ၌ အထူးသဖြင့် သဘာဝသယံဇာတ အရင်းအမြစ်ကဏ္ဍများသည် အစဉ်အလာအားဖြင့် အဂတိ လိုက်စားမှု၏ အဓိကပင်မအရင်းအမြစ်ပင်ဖြစ်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မတီက သတ္တုတွင်းများ၊ စွမ်းအင် နှင့် သစ်တောကဲ့သို့သော ပင်မအရင်းအမြစ်များနှင့်ဆိုင်သည့် ဝန်ကြီးဌာနများတွင် အဂတိလိုက်စားနိုင်သည့် အခြေအနေများကို ထိရောက်စွာ စီမံထိန်းချုပ်နိုင်သည့် စနစ်များ ချမှတ်ပေးရပါမည်။

**ပုံစံကွက် - ၂၆ ဟောင်ကောင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်**

၁၉၇၀ခုနှစ်များတွင် ဟောင်ကောင်၏ ရဲတပ်ဖွဲ့နှင့် ပြည်သူ့ဝန်ထမ်းများသည် အဂတိလိုက်စားမှုများနှင့် အကျင့်ပျက်ခြစားနေခဲ့ပါသည်။ ဗြိတိသျှအုပ်ချုပ်ရေးမှူးက အဂတိလိုက်စားမှုများကို တိုက်ဖျက်သည့် လွတ်လပ်သော ကော်မရှင် (Independent Commission Against Corruption - ICAC) ကို အစိုးရအတွင်းရှိ အလုံးစုံသော အဂတိလိုက်စားမှုများကို အဆုံးသတ်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်း၍ ဖွဲ့စည်းခဲ့ပါသည်။

အဂတိလိုက်စားမှုများကို တိုက်ဖျက်သည့် လွတ်လပ်သော ကော်မရှင် (ICAC) တွင် ချဉ်းကပ်သည့် နည်းလမ်း ၃ သွယ်ရှိပါသည်။ ပထမမှာ အဂတိလိုက်စားမှုကို ပြည်သူလူထုသိရှိအောင် ပညာပေးသည်။ ဒုတိယမှာ ပိုမိုကောင်းမွန်သည့်စနစ်များဖြင့် အဂတိလိုက်စားမှုကို တားဆီးရန် ကြိုးပမ်းသည်။ တတိယတွင် အဂတိလိုက်စားမှုများကို တိုက်ဖျက်သည့် ဥပဒေများကို သက်ဝင်အောင် လုပ်ဆောင်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်များတွင် ICAC က အာရှတိုက်တွင် အကျင့်ပျက် ခြစားမှုအများဆုံးမှ အရိုးသားဆုံး ဟောင်ကောင်၏ ပြည်သူ့ရေးရာအုပ်ချုပ်ရေးအဖြစ်သို့ ပုံစံပြောင်း ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကော်မရှင် (ICAC) ထံမှ အရေးကြီးသည့် သင်ခန်းစာများကို ရရှိနိုင်ပါသည်။ အောင်မြင်သည့် အဂတိလိုက်စားမှု နည်းဗျူဟာတွင် အသိပညာပေးခြင်း၊ တားဆီးခြင်းနှင့် (ဥပဒေ)ကို သက်ဝင်အောင်လုပ်ဆောင်ခြင်း ဆိုသည့် ၃ ချောင်းထောက်ခုံကဲ့သို့ ဒေါက်သုံးချောင်းဖြင့် ထောက်ထားပါသည်။ အဂတိလိုက်စားမှုကို `သာမန်အပြုအမူ`အဖြစ်ဖြင့် ရှုမြင်လျှင် သို့မဟုတ် အစိုးရ၏ ဘဏ္ဍာငွေကြေး ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များသည် အားနည်းလွန်းလျှင် အဂတိလိုက်စားသည့် အမူအကျင့် ဆိုသည်ကိုပင် ကွဲကွဲပြားပြား ရှင်းရှင်းလင်းလင်းမသိနိုင်သဖြင့် ဥပဒေကို သက်ဝင်အောင် လုပ်ဆောင်ခြင်းတစ်ခုတည်းဖြင့် မည်သို့မျှမအောင်မြင်နိုင်ချေ။

## ၇။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း

မြန်မာ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အချိန်တစ်ခုအထိ အရေးကြီးသည့် အခန်းကဏ္ဍမှ ဆက်လက်ရှိနေနိုင်ပါသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲမှုများသည် ယခင်အာဏာရှင်အစိုးရများနှင့် လမ်းခွဲခဲ့ခြင်းလည်း ဖြစ်ပါသည်။ တပ်မတော်ပိုင် ဦးပိုင်ကုမ္ပဏီများ၏ အထူးအခွင့်အရေးများကို ရုတ်သိမ်းခဲ့ပြီး ယခုအခါတွင် အခြားစီးပွားရေးလုပ်ငန်းများကဲ့သို့ လုပ်ကိုင်စေခဲ့ပါသည်။ အစိုးရ၏ ခရိုနီများအစား ဈေးပြိုင်စနစ်ဖြင့် အကောင်းဆုံးပေးနိုင်သူများကို ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ် တစ်ခုသုံး၍ ဆက်သွယ်ရေးလိုင်စင်များ ချပေးခြင်းသည် အားရစရာနမူနာတစ်ခုပင် ဖြစ်ပါသည်။

ဤနယ်ပယ်ရှိ အခြားပြုပြင်ပြောင်းလဲမှုများတွင် - နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၏ စီးပွားရေးကော်ပိုရှင်းများ အထူးသဖြင့် ရေနံနှင့်ဓါတ်ငွေ့ကဏ္ဍမှ လုပ်ငန်း များတွင် အသုံးပြုသည့် အုပ်ချုပ်စီမံမှုစနစ် (corporate governance) ကို တိုးတက်ကောင်းမွန်လာစေခြင်းမှာ အရေးကြီးပါသည်။ အချို့နိုင်ငံများတွင် နိုင်ငံပိုင်ရေနံကုမ္ပဏီများသည် `နိုင်ငံတော် တစ်ခုအတွင်းမှ နိုင်ငံတော်` တစ်ခုကဲ့သို့ လုပ်ကိုင်နေသည့် သမိုင်းမျိုးလည်း ရှိတတ်ကြပါသည်။ ဘုတ်အဖွဲ့၏စီမံအုပ်ချုပ်မှုများ၊ စာရင်းစစ်ခြင်းနှင့် အစီရင်ခံသည့် လုပ်ထုံးလုပ်နည်းများ ကို တိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ခြင်းသည် ဦးစားပေးအလုပ်များ ဖြစ်ပါသည်။

မိခင်ဝန်ကြီးဌာနများမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ခွဲခြားရန် လိုအပ်သည့်အတွက်ကြောင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအချို့ကို ကော်ပိုရေးရှင်းများအဖြစ်သို့ ပြောင်းလဲခြင်းသည် ရှုပ်ထွေးနိုင်ပါသည်။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများ၏ ငှားရမ်းသည့် အခြေအနေကိုလည်း ပြောင်းလဲရပါမည်။ သို့မှသာ နိုင်ငံ့ဝန်ထမ်းများနှင့် အလားတူ စည်းကမ်းသတ်မှတ်ချက်များနှင့် အခြေအနေများ မရှိတော့ချေ။

### ပုံစံကွက် - ၂၇ စင်္ကာပူနိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

စင်္ကာပူနိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုတွင် အရေးကြီး သည့် ကဏ္ဍတွင် ပါဝင်နေပါသည်။ မကြာသေးမီနှစ်များတွင်ပင် နိုင်ငံပိုင်လုပ်ငန်းများသည် ဂျီဒီပီ၏ ၂၁.၈% အထိရှိပြီး၊ ကမ္ဘာပေါ်တွင် နိုင်ငံပိုင်လုပ်ငန်းကဏ္ဍများတွင် အကြီးမားဆုံးနိုင်ငံများအနက် တစ်ခုဖြစ်ပါသည်။ စင်္ကာပူ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ သည် OECD နိုင်ငံအချို့၏ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကို အခွင့်ကောင်းယူလျှက် မဟာဗျူဟာကျကျ လုပ်ငန်းချဲ့ထွင်ရန် ရင်းနှီးမြှုပ်နှံမှုများလည်းရှိပါသည်။

စင်္ကာပူ၏ နိုင်ငံပိုင်လုပ်ငန်းများသည် ကော်ပိုရေးရှင်းများတွင် အသုံးပြုသည့် အုပ်ချုပ်စီမံမှု (corporate governance) ၏ စိတ်ဝင်စားစရာ ပုံစံများကို ဖေါ်ပြပါသည်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဘုတ်အဖွဲ့၊ အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေး ဘုတ်အဖွဲ့နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဘုတ်အဖွဲ့များ ကဲ့သို့သော အစိုးရမှအက်ဥပဒေပြဋ္ဌာန်းဖွဲ့စည်းထားသည့် ဘုတ်အဖွဲ့များတွင် မိရိုးဖလာ နိုင်ငံပိုင် လုပ်ငန်းဖွဲ့စည်းပုံများ ရှိပါသည်။ ယင်းဘုတ်အဖွဲ့များက လူမှုအဖွဲ့အစည်းတွင် ထူးခြားသည့် လွှမ်းမိုးမှုဩဇာများလည်းရှိပါသည်။ အိုးအိမ်ဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့မှ အိမ်များတွင် လူဦးရေ အားလုံး၏ ၈၀% နေထိုင်ပါသည်။

အစိုးရနှင့်ချိတ်ဆက်ထားသည့် ကုမ္ပဏီများမှာ အစိုးရဦးပိုင်ကုမ္ပဏီကြီးဖြစ်သော တီမားဆက်ခ် ဟိုးလ်ဒင်း၏ လက်အောက်မှလုပ်ငန်းများဖြစ်ပြီး ထိန်းချုပ်နိုင်သည့် အာဏာရှိပါသည်။ စင်္ကာပူလေကြောင်းလိုင်းများ၊ စင်္ကာပူလျှပ်စစ်၊ စင်္ကာပူ ဆက်သွယ်ရေးများ၊ စင်္ကာပူ MRTစနစ်၊ စင်္ကာပူဆိပ်ကမ်းအာဏာပိုင်၊ နက်ပ်ကျွန်း သင်္ဘောလိုင်း၊ လိုင်စင်ရ ဆီမီကွန်ဒတ်တာထုတ်လုပ်ရေး၊ စင်္ကာပူ တက်ခ်နိုလော်ဂျီ အင်ဂျင်နီယာရင်း၊ ဆန်ဘာဝမ် သင်္ဘောကျင်းနှင့် စင်္ကာပူ ဖွံ့ဖြိုးရေးဘဏ် (ယခုဒီဘီအက်စ်) တို့ပါဝင်ပါသည်။

တီမားဆက်ခ်ဟိုးလ်ဒင်းများက စင်္ကာပူနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအာလုံး၏ ၃၀% မျှနှင့် အစုရှယ်ယာတန်ဖိုးငွေ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၂၃ ဘီလျံမျှ ရှိပါသည်။ ယင်း၏ တစ်ဦးတည်း ရှယ်ယာပိုင်ရှင်မှာ ဘဏ္ဍာရေး ဝန်ကြီးဌာန ဖြစ်ပါသည်။ တီမားဆက်ခ်ဟိုးလ်ဒင်းများသည် ကုမ္ပဏီများအက်ဥပဒေဖြင့် စင်္ကာပူနိုင်ငံတွင် ဖွဲ့စည်းထားရှိပြီး ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဦးပိုင်ကုမ္ပဏီတစ်ခုအဖြစ်ဖြင့် လုပ်ကိုင်ပါသည်။ ယင်းသည် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုအဖြစ် လုပ်ကိုင်ဆောင်ရွက်ပြီး နှစ်ပတ်လည် အစီရင်ခံစာ တီမားဆက်ခ် ရီဗျူးကို ထုတ်ဝေပါသည် (temasekreview.com.sg)။

## နိဂုံး

ဤသုတေသနလေ့လာချက်သည် မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အဓိကလေ့လာထားပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံ၏ အာဏာရှင်စနစ်မှ ဒီမိုကရေစနစ်သို့ သမိုင်းဝင် အသွင်ကူးပြောင်းရေးလုပ်ဆောင်ရာတွင် မရှိမဖြစ် အဓိကကျသောအရာ ဖြစ်သောကြောင့် ဖြစ်သည်။ ထိုအတွက်ကြောင့်လည်း စာရေးသူများအနေဖြင့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံသား တစ်ဦးချင်းစီနှင့် သက်ဆိုင်သည့် အရာဟု လေးလေးနက်နက် ယုံကြည်ထားပါသည်။

ဤစာတမ်းကို ရေးသားရာတွင်  ကျွန်ုပ်တို့သည် အစိုးရအဖွဲ့အတွင်းနှင့် အစိုးရအဖွဲ့ပြင်ပမှ ပုဂ္ဂိုလ်အသီးသီးဖြင့် တွေ့ရှိခဲ့ပြီး၊ ယင်းသို့ တွေ့ဆုံခြင်းမှ သိရှိခဲ့ရသည်မှာ မြန်မာနိုင်ငံရှိ နိုင်ငံရေးအုပ်စုအသီးသီးအတွင်း ပါတီနိုင်ငံရေး အစွန်းရောက် ဆွေးနွေး ငြင်းခုန်မှုများနှင့် သတင်းမီဒီယာများတွင် ဖော်ပြသကဲ့သို့  မတူကွဲပြားမှုများရှိသော်လည်း၊ ပြုပြင်ပြောင်းလဲရေးကို ဘုံသဘောထား အမြင်အဖြစ် တွေ့ရပါသည်။ နိုင်ငံရေးအရ ယုံကြည်မှုသည် တန်ဖိုးကြီးသည့်  အရာတစ်ခုဖြစ်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ ကြီးမားသည့် စိန်ခေါ်မှုတစ်ခုမှာ နိုင်ငံတော်နှင့် ပြည်သူလူထုအကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရန် ဖြစ်သည်။

ဤစာတမ်းတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး အဖြေရှာမှုသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြည်သူ့ရေးရာကဏ္ဍ အုပ်ချုပ်စီမံမှုသို့ အသွင်ကူးပြောင်းရာ၌ အရေးကြီးသည့် လိုအပ်ချက်အဖြစ်ဖြင့် တင်ပြထားပါသည်။ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ပြန်လည်တည်ဆောက်ရန်အတွက်  နည်းလမ်းများစွာဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ယုံကြည်မှု ပြန်လည်တည်ဆောက်မှုဆိုရာတွင် စစ်ဘက်-အရပ်ဘက် ဆက်ဆံရေး၊ ဗမာ - တိုင်းရင်းသားလူနည်းစု နှင့် ကိုးကွယ်သည့်ဘာသာ မတူညီသည့် အုပ်စုများအကြား ဆက်ဆံရေးများကို ပုံစံ ပြောင်းလဲမှုအပေါ် အခြေခံထားရပါမည်။

ဇယား - ၉ တွင် မြန်မာ့သမိုင်းနှင့် မကြာခင်က ဆောက်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများမှ သင်ခန်းစာများအပေါ် အခြေခံ၍ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ရွေးချယ်စရာ နည်းလမ်းများကို တင်ပြထားပါသည်။ ရွေးချယ်စရာ နည်းလမ်းများကို အနာဂတ် အစီအစဉ်အဖြစ် ရည်ရွယ်မထားပေ။ ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအနေဖြင့် အာဏာရှင်စနစ်မှ ဒီမိုကရေစီပုံစံ အုပ်ချုပ်စီမံမှုသို့ အောင်မြင်စွာအသွင်ကူးပြောင်းရာတွင် မည်သို့ အထောက်အကူ ဖြစ်စေနိုင်သည် ဆိုသည် ကို ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး နည်းလမ်းအချို့ဖြင့် ဖော်ပြထားခြင်းသာ ဖြစ်သည်။

အကယ်၍ အစိုးရများအနေဖြင့် ယင်းတို့တွင် ပြုပြင်ပြောင်းလဲရေးများကို အဆင့်ဆင့်မည်သို့ လုပ်ဆောင်မည်ကို မဟာအစီအစဉ် ရေးဆွဲချမှတ်ပြီးသည်အထိ ပြုပြင်ပြောင်းလဲရေး အချိန်ကြန့်ကြာနေခဲ့လျှင်၊ ပြုပြင်ပြောင်းလဲရေးအတွက် စောင့်ဆိုင်းနေချိန်များသည် အလွန်ရှည်ကြာမည်ဖြစ်ပြီး ပြည်သူလူထုလည်း ဆက်လက် ထိခိုက်နစ်နာမည် ဖြစ်သည်။ ပြည်သူလူထု၏ မျှော်လင့်ချက်များနှင့် အမှန်တကယ် အစိုးရ ဖြည့်ဆည်းပေးနိုင်မှုအကြား ကွာဟမှုသည်လည်း ဆက်လက် ကြီးထွားနေမည်။ ယင်းအစား ဤစာတမ်း သည် လက်တွေ့ကျသည့်အမြင်ဖြင့် ရှုမြင်သုံးသပ်ထားပြီး၊ အရေးတကြီး ဖြေရှင်းရန်လိုအပ်ပြီး အစိုးရအနေဖြင့်လည်း ဆောင်ရွက် နိုင်သည့် ကိစ္စရပ်များကို အလေးထားဖော်ပြထားပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့်လည်း ပြုပြင်ပြောင်းလဲရေးများကို ကျယ်ပြန့် နက်ရှိုင်းအောင် အချိန်ကြာလာသည်နှင့်အမျှ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံသား တစ်ဦးချင်းစီနှင့် သက်ဆိုင်သည့် အရာဟု လေးလေးနက်နက် ယုံကြည်ထားပြီး၊ မြန်မာနိုင်ငံနှင့် အကျိုးစီးပွါး  ဆက်စပ်ပတ်သက်နေသူအားလုံးသည်လည်း ပူးပေါင်းပါဝင် လိမ့်မည်ဟု မျှော်လင့်ထားပါသည်။ အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက် အဖွဲ့အစည်းများ အားလုံး ပူးပေါင်းပါဝင်ပြီး၊ နိုင်ငံအတွင်း လက်ရှိ လုပ်ဆောင်နေသည့် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေး အပေါ် ဆွေးနွေးမှုများကို ရှေ့သို့ ဆက်လက်သယ်ဆောင်သွားရန် ဤစာတမ်းသည် အထောက်အကူ ဖြစ်လိမ့်မည်ဟုလည်း မျှော်လင့်ထားပါသည်။ အလားတူပင် နိုင်ငံတကာဖွံ့ဖြိုးရေး အဖွဲ့အစည်းများအတွက်လည်း ဤစာတမ်းပါ သုတေသနတွေ့ရှိချက် များနှင့် ဆန်းစစ်သုံးသပ်ချက်များသည်၊ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီပေးရေး အစီအစဉ်များ ရေးဆွဲချမှတ်ရန်တွင် အထောက်အကူ ဖြစ်လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

အနှစ်ချုပ်အားဖြင့် ဤသုတေသန စာတမ်းသည် အာရှဖောင်ဒေးရှင်း၏ ၂၀၁၄ ခုနှစ်က ထုတ်ပြန်ခဲ့သည့် နိုင်ငံသားများ အသိပညာနှင့် တန်ဖိုးထားမှုများ စစ်တမ်းတွင် တွေ့ရှိရသကဲ့သို့ အများပြည်သူ လိုလားတောင့်တနေသည့် ငြိမ်းချမ်း သာယာဝ ပြော၍ တိုင်းရင်းသားပြည်သူအားလုံး ပါဝင်နိုင်သည့် နိုင်ငံပေါ်ထွန်းလာရေးကို အထောက်အကူ ဖြစ်လိမ့်မည်ဟု မျှော်လင့်ထား ပါသည်။

**ဇယား - ၉ မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် ရွေးချယ်စရာနည်းလမ်းများ**

| # | ပြည်သူ့ရေးရာကဏ္ဍပြုပြင်ပြောင်းလဲရေး | အကြောင်းပြချက် | နမူနာ(လုပ်ဆောင်ချက်)များ |
|---|---|---|---|
| ၁. | အစိုးရ၏ ဗဟိုချက်ကို အားကောင်းလာစေရန် လုပ်ဆောင်ပေးခြင်း | ခေါင်းဆောင်ကောင်းများ၏ဦးဆောင်မှုသည် ပြုပြင်ပြောင်းလဲမှုအောင်မြင်ရေးအတွက် လိုအပ်ပါသည်။ သမ္မတရုံးသည် နိုင်ငံရေး ဆိုင်ရာ ဦးဆောင်မှု၊ မဟာဗျူဟာလမ်းညွှန် ချက်၊ မူဝါဒပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့ ဆက်ဆံရေးနှင့် အစိုးရတစ်ခုလုံးတွင် ပြု ပြင်ပြောင်းလဲရေးကို ခြေရာခံခြင်းတို့ကိုပြု လုပ်ပါသည်။ | သမ္မတရုံးတွင် ပြုပြင်ပြောင်းလဲမှု မူဝါဒဌာနတစ်ခုကို တည်ထောင်ပြီး ပြည်သူ့ဝန်ထမ်းများ၏ မူဝါဒပိုင်း ဆိုင်ရာ စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ပေးရန်။<br><br>ပြုပြင်ပြောင်းလဲရေး၏ တိုးတက်မှုဖြစ် စဉ်ကို ပြည်သူလူထုအနေဖြင့် သတင်း အချက်အလက်များပိုမိုရရှိစေရန် သမ္မတရုံး၏ ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကို ချဲ့ထွင်ရန်။ |
| ၂. | ပြည်သူ့ဘဏ္ဍာဆိုင်ရာအရေးကိစ္စများ ပြုပြင်ပြောင်းလဲရေး ဆက်လက် ဖြစ်ပေါ်စေခြင်း | အစိုးရသည် ပြည်သူ့ဘဏ္ဍာဆိုင်ရာအရေး ကိစ္စများကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊ အလိုအပ်ဆုံးနေရာများသို့ ငွေကြေး ဖြည့်ဆည်းပေးခြင်း နှင့် အခွန်ကောက်ခံမှုကို တိုးတက်စေခြင်း တို့ဖြင့် လျင်မြန်စွာအောင်မြင်မှုကို ဖြစ် ထွန်းစေနိုင်ပါသည်။ | ဘတ်ဂျက်လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန် စေခြင်းဖြင့် လွှတ်တော်နှင့် ပြည်သူလူထု သည် သတင်းအချက်အလက်များ ရရှိနိုင်ပြီး ပြည်သူ့ဘဏ္ဍာငွေနှင့် အသုံးစရိတ်များ အပေါ်တွင် အစိုးရ၏ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်နိုင်စေသည်။<br><br>ရသုံးမှန်းခြေငွေစာရင်းများ(ဘတ်ဂျက်များ) နှင့်ပတ်သက်သည့် မူဝါဒဦးတည်ချက် များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအား ချမှတ်ပေးခြင်းဖြင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။ |
| ၃. | ကျွမ်းကျင်တတ်မြောက်သည့် ပြည်သူ့ ဝန်ထမ်းများဖြစ်လာအောင် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း | တိုင်းရင်းသားမျိုးစုံနှင့် ကိုးကွယ်သည့် ဘာသာပေါင်းစုံကို ကိုယ်စားပြုသည့် ခေတ်မီ၊ ကျွမ်းကျင်တတ်မြောက်ပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့ သည် အစိုးရတစ်ရပ်အတွက် လူထုယုံကြည်မှုပြန်လည်ရရှိနိုင်စေရန် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ပင်ဖြစ် သည်။ | အရည်အချင်းအပေါ်အခြေခံပြီး အလုပ်ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ပေးသည့်အလေ့အကျင့်များ တိုးတက်ကျင့်သုံးလာခြင်းဖြင့် မြန်မာနိုင်ငံသားများအားလုံးကို နိုင်ငံ့ဝန်ထမ်းရာထူးများအတွက် လမ်းဖွင့်ပေးရန်။<br><br>ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဒီမိုကရေစီတန်ဖိုးထားမှုများကို ထင်ဟပ်စေပြီး တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးသည့် သင်တန်းများကို ပြည်သူ့ဝန်ထမ်းများအား ပို့ချပေးရန်။<br><br>နိုင်ငံ့ဝန်ထမ်းများ၏လစာများနှင့် ရာထူး အဆင့်သတ်မှတ်ချက်များကို ပြန်လည် သုံးသပ်ရန်။ |

| | | | |
|---|---|---|---|
| ၄. | ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ ကို ပေါင်းစည်းပေးခြင်း။ | ထိရောက်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများကို ဖွဲ့စည်းတည်ထောင်ခြင်းသည် ထိရောက်မှုရှိပြီး လိုအပ်ချက်များကို တုံ့ပြန်ပေးသည့် အုပ်ချုပ်မှုစနစ်နှင့် ရေရှည်တည်တံ့ခိုင်မြဲ သည့် ငြိမ်းချမ်းရေးဖြေရှင်းမှုဖြစ်ထွန်းစေရန် အရေးကြီးသည့် လုပ်ဆောင်ချက်တစ်ခုဖြစ် သည်။ | ပညာရေးကဲ့သို့သော ကဏ္ဍများတွင် ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသ ကြီးအစိုးရများ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်ပြီး အချိန်နှင့်တပြေးညီ အလျင်အမြန်အကောင်အထည်ဖော် နိုင်ရန် သမ္မတရုံးတွင် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်။<br><br>လွှတ်တော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေဆိုင်ရာ ကော်မတီအနေဖြင့် ထည့်သွင်းစဉ်းစားနိုင်ရန် ဇယားတစ်နှင့် နှစ်ပြင်ဆင်သည့်မူကြမ်းကို ရေးဆွဲရန်။ |
| ၅. | ဝန်ဆောင်မှုလုပ်ငန်းများကို ကောင်းမွန် အောင်ပြုလုပ်ခြင်း | အစိုးရအနေဖြင့်ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သည်ဆိုရာတွင် ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် သန့်ရှင်းရေး၊ ဆည်မြောင်းနှင့် လမ်းများကဲ့သောကဏ္ဍများရှိ ပြည်သူ့ဝန်ဆောင်မှုများအား ယခုထက် ပိုမိုကောင်းမွန်အောင်လုပ်ပေးနိုင်သည်ဟု သက်သေပြနိုင်ရန် လိုအပ် ပါသည်။ | နိုင်ငံသားများအနေဖြင့် မြို့နယ်အုပ်ချုပ်ရေး အဆင့်တွင် မကျေနပ်ချက်များအား အများပြည်သူအားလုံးတိုင်ကြားနိုင် သည့်စနစ်တစ်ခုကို မိတ်ဆက်ပေးရန်။<br><br>ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မှုကို ဝန်ကြီးအဖွဲ့အနေဖြင့် စောင့်ကြပ် ကြည့်ရှုနိုင်သည့် အခြေခံလုပ်ဆောင်ချက် နှင့်ပတ်သက်သည့် သတင်းအချက် အလက်များရရှိနိုင်သည့်စနစ်တစ်ခုကို ဖန်တီးပေးထားရန်။ |
| ၆. | သန့်ရှင်းသောအစိုးရတစ်ခုကို ပံ့ပိုး ကူညီပေးခြင်း | နေရာတိုင်းတွင် ဖြစ်နေသည့် အကျင့်ပျက် ခြစားမှုများကို ကျော်လွှားတိုက်ဖျက် နိုင်ခြင်းက ပြည်သူလူထု၏အစိုးရအပေါ် ယုံကြည်မှုနှင့် ဝန်ဆောင်မှု တိုးတက် ကောင်းမွန်လာစေရန်အတွက် အထောက်အကူဖြစ်စေပါသည်။ | အကျင့်ပျက်ခြစားမှုနှင့် အခွန်ရှောင်ရန် ကြိုးပမ်းမှုများအားလုံးကို ဖယ်ရှားနိုင်ရန် အတွက် အခွန်စည်းကြပ်မှုအလေ့အကျင့် များ ကျင့်သုံးရန်။<br><br>အပြိုင်အဆိုင်စနစ်ဖြင့် ဝယ်ယူသည့်၊ လုပ်ကိုင်သည့် အလေ့အကျင့်များကို ဝန်ကြီးဌာနများတွင် ကျင့်သုံးခြင်းဖြင့် အလေ့အလွင့်များကို လျော့ကျစေရန်။ |
| ၇. | နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်း | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် မြန်မာ နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက် မှုကို များစွာအထောက်အကူဖြစ်စေပါသည်။ | ပိုမိုထိရောက်ပြီး တာဝန်ခံမှုရှိလာစေရန် အတွက် ရေနံနှင့် ဓါတ်ငွေ့ကဏ္ဍ၊ စစ်တပ် မှ ထိန်းချုပ်ထားသည့် ကုမ္ပဏီများအပါ အဝင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများတွင် ကော်ပိုရေးရှင်းများတွင်ကျင့်သုံးသည့် အုပ်ချုပ်စီမံမှုအလေ့အကျင့်များတိုးတက် ပြောင်းလဲကျင့်သုံးရန်။ |

## အချပ်ပို - ၁ ယခင် မြန်မာအစိုးရများ အသုံးပြုခဲ့သည့် ဖွဲ့စည်းပုံအမျိုးမျိုး

### ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ဖွဲ့စည်းပုံ

### နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလ (၁၉၈၈ - ၁၉၉၁)




ကိုးကား - Kyaw, *Changes in Territorial Administrative Structures and Role of Public Administrators in Myanmar*. Pg – 89.

## ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရ ဖွဲ့စည်းပုံ

## တော်လှန်ရေးကောင်စီခေတ် (၁၉၆၂ - ၁၉၇၂)




ကိုးကား - Kyaw, *Changes in Territorial Administrative Structures and Role of Public Administrators in Myanmar*. Pg – 85.

**အစိုးရအဆင့်များ**

**တော်လှန်ရေးကောင်စီခေတ် (၁၉၆၂ - ၁၉၇၂)**




ကိုးကား - Ne Tun, *Changes in Administrative System and the Role of General Administration in Myanmar*. Pg – 83.

## ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ဖွဲ့စည်းပုံ

## ပါလီမန်အစိုးရခေတ် (၁၉၄၈ - ၁၉၅၂)




ကိုးကား၊ - Kyaw, *Changes in Territorial Administrative Structures and Role of Public Administrators in Myanmar*. Pg – 81.

## အစိုးရအဆင့်များ

## ပါလီမန်အစိုးရခေတ် (၁၉၄၈ - ၁၉၆၂)




ကိုးကား - Ne Tun, *Changes in Administrative System and the Role of General Administration in Myanmar*. Pg – 80.

# မြန်မာနိုင်ငံတွင် ဗြိတိသျှအစိုးရ စီမံအုပ်ချုပ်ပုံ (၁၉၃၇ - ၁၉၄၂)




ကိုးကား - Ne Tun, *Changes in Administrative System and the Role of General Administration in Myanmar*. Pg – 77.

## ကျမ်းကိုးစာရင်း

Asian Development Bank (ADB). 2012. *Myanmar in Transition*. Manila: ADB.

Callahan, Mary. 2005. *Making Enemies: War and State-Building in Burma*. Ithaca, NY: Cornell University Press.

Charney, Michael W. 2009. *A History of Modern Burma*. Cambridge: Cambridge University Press.

Chit Saw, Kyi Pyar and Matthew Arnold. 2014. *Administering the State in Myanmar: An Overview of the General Administration Department*. Yangon: The Asia Foundation and Myanmar Development Research Institute - Centre for Economic and Social Development.

Collier, Paul. 2007. *The Bottom Billion: Why the Poorest Countries are Failing and What Can Be Done About It*. Oxford: Oxford University Press.

*Framework for Economic and Social Reforms*. 2013. http://www.themimu.info/sites/themimu.info/files/documents/Ref%20Doc_FrameworkForEconomicAndSocialReform2012-15_Govt_2013%20.pdf

Furnivall, J.S. 1960. *The Governance of Modern Burma*. New York: Institute of Pacific Relations.

General Administration Department. *MOHA Panorama*. 15 May 2013.

Government of Burma. 1948. *Manual of Secretariat Procedure*. Rangoon.

———. 1961. *Report on the Public Services Enquiry Commission.* Rangoon.

Government of Myanmar. 2008. *Constitution of the Republic of the Union of Myanmar*. Nay Pyi Taw: Ministry of Information.

———. 2010. *Statistical Profile of Children and Women in Myanmar 2009.* Nay Pyi Taw: Central Statistical Office.

———. 2013a. *Framework for Economic and Social Reform*. Nay Pyi Taw: Office of the President.

———. 2013b. *Public Financial Management Performance Report*. Nay Pyi Taw: Ministry of Finance.

———. 2013c. *Public Service Personnel Act*. : Nay Pyi Taw: Union Civil Service Board.

International Crisis Group (ICG). 2012. *Myanmar: The Politics of Economic Reform*. Brussels: ICG.

———. 2014. *Myanmar's Military: Back to the Barracks?* Brussels: ICG.

International Institute for Democracy and Electoral Assistance and Local Research Centre, 2015. *English-Myanmar Glossary of Democratic Terms.* http://www.democraticglossary.org.mm/

International Monetary Fund (IMF). 2014. *Article IV Consultation*. Washington, DC: IMF.

International Monetary Fund (IMF). 2013. *Article IV Mission.* Washington, DC: IMF.

Kyaw. 2004. *Changes in Territorial Administrative Structures and Role of Public Administrators in Myanmar* (MPA thesis submitted to Yangon Institute of Economics). Yangon.

Lintner, Bertil. 2013. The Military's Still in Charge. *Foreign Policy*. Washington, DC: The FP Group.

Ne Tun. 2010. Changes in Administrative System and the Role of General Administration in Myanmar, June 2010, EMPA thesis submitted to Yangon Institute of Economics (unpublished).

Nixon, Hamish and Cindy Joelene. 2014. *Fiscal Decentralization in Myanmar*. Yangon: The Asia Foundation.

Nixon, Hamish, Cindy Joelene, Kyi Pyar Chit Saw, and Matthew Arnold. 2013. *State and Region Governments in Myanmar*. Yangon: The Asia Foundation and Myanmar Development Resource Institute–Centre for Economic and Social Development.

McKinsey Global Institute. 2013. *Myanmar's moment*: *Unique Opportunities, Major challenges*. http://www.mckinsey.com/insights/asia-pacific/myanmars_moment

Nakanishi, Yoshihiro. 2013. *Strong Soldiers, Failed Revolution: The State and Military in Burma, 1962-88*. Singapore: National University of Singapore Press.

Organisation for Economic Cooperation and Development (OECD). 2013. *Myanmar Multidimensional Study*. Paris: OECD.

Organisation for Economic Cooperation and Development (OECD). http://www.sigmaweb.org/publications/

President U Thein Sein. 2013. *Myanmar's Complex Transformation: Prospects and Challenges*. London: Chatham House.

Scott, James C. 1998. *Seeing Like a State*. New Haven: Yale University Press.

Schick, Allen. 1998. Why Most Developing Countries Should Not Try New Zealand Reforms. *World Bank Research Observer*. Washington, DC: World Bank.

Schiavo-Campo, Salvatore and Hazel M. McFerson. 2014. *Public Management in Global Perspective*. Oxford: Routledge.

Smith, Martin. 1999. *Burma: Insurgency and the Politics of Ethnicity*. London: Zed Books.

Stiglitz, Joseph. 2000. *Economics of the Public Sector*. London: W.W. Norton.

Taylor, Robert H. 2009. *The State in Myanmar*. Honolulu: University of Hawaii.

The Asia Foundation. 2014. *Myanmar: Civic Knowledge and Values in a Changing Society*. Yangon: The Asia Foundation.

United Nations Development Program. 2014. *2014 Human Development Report.* New York: United Nations.

World Bank Group. 2014. Global database of governance indicators. www.agidata.org.

World Bank Group. 2014. Country Policy and Institutional Assessment Database http://data.worldbank.org/indicator/IQ.CPA.PUBS.XQ.

World Bank. 1997. *World Development Report: The State in a Changing World*. Washington, DC: World Bank.

World Bank. 2011. *World Development Report: Conflict, Security and Development*. Washington, DC: World Bank.

World Bank. 2014. *Myanmar: Ending Poverty and Boosting Prosperity in a Time of Transition*. Washington, DC: World Bank.

The Asia Foundation

No.21, Bo Yar Zar Street
14 Ward, Kyauk Kone
Yankin Township
Yangon, Myanmar

Photo by : Nick Freeman